
www.burmeseclassic.com

# လင်းယုန်တောင်မောင်
# တောင်ကုန်းအမှတ်၁၉၂

# INCIDENT ON HILL 192

DANIEL LANG

တတိယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး
"နိုင်ငံတော်ရဲ့ စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**ဆက်လက်ထုတ်ဝေမည့်စာအုပ်များ**

၃။ ရှုဝ်၏ ငါ့သွေး ငါ့ဓား
၄။ မောင်သက်နောင်၏ လျှို့ဝှက်သောသေမင်းနှင့် ဘာသာပြန်ဝတ္ထုတိုများ
၅။ ဖေလင်းသစ်၏ ရယ်လေ ရယ်လေ အသက်ရှည်သည့် မအိုဆေးများ
၆။ မောင်သက်နောင်၏ အိပ်မက်အကျဉ်းသမားများ
၇။ လင်းယုန်မောင်မောင်၏ လိုင်လာခါလက်၏ ၂၅ ရက် ဇာတ်လမ်း

# လင်းယုန်မောင်မောင်

(မြန်မာပြန်)

# တောင်ကုန်းအမှတ် ၁၉၂

Incident On Hill 192
by Daniel Lang

[ ၁၊ ဇန်နဝါရီ၊ ၂၀၀၂ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၁၃၇၈ / ၂၀၀၁ (၁၁) ]
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် [ ၂၁ / ၂၀၀၂ (၁) ]

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – ၁၉၇၂၊ ဇူလိုင်လ
ဒုတိယအကြိမ် – ၁၉၇၄၊ နိုဝင်ဘာ
တတိယအကြိမ် – ၂၀၀၂၊ မှုးပွင့်ဝေဝေစာအုပ်တိုက်

■

**မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ**

ဒေါ်ခင်အေးမြင့် [ ၀၅၉၀၁ ]၊ ရာပြည့်အော့ဖ်စက်
အမှတ် ၁၉၉၊ လမ်း ၅၀ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးလှကြိုင် (၀၂၃၃)၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

■

**အတွင်းဖလင်**

အေဇက်

■

**စာအုပ်ချုပ်**

ကိုမြင့်နှင့် ညီ ဝင်းမြင့်

■

**မျက်နှာဖုံးပန်းချီ**

တင်မောင်မျှင့်

■

**တန်ဖိုး**

၄၅၀ ကျပ်

## မာတိကာ

၁။ ဗိုယက်နမ်မလေး မော် ၇
၂။ ရင်တထိတ်ထိတ် – စိတ်တထင့်ထင့် ၂၀
၃။ 'စိတ်ဓာတ်မြှင့်တင်ရေး' အစီအစဉ်တစ်ခု ၃၆
၄။ 'အလုပ်စဖို့ အချိန်ကျပြီဟေ့' ၄၈
၅။ တောင်ကုန်းပေါ်မှ ငရဲခန်း ၆၈
၆။ တစ်ယောက် တစ်ကမ္ဘာ ၇၉
၇။ 'တိုက်ပွဲတွင် ကျဆုံးသော' သတင်း ၉၄
၈။ သွေးထွက်အောင် မှန်သောစကား ၁၁၄
၁၀။ ဒီပုတ်ထဲက ဒီပဲတွေ ၁၂၈
၁၁။ ဓမ္မဆရာနှင့် တွေ့ဆုံခြင်း ၁၄၄
၁၂။ ကနေဒီအလောင်းကို ခွဲစိတ်ခဲ့ရသူ ၁၅၇
၁၃။ သေသူကို ရှင်သူ တ,ရသောဘဝ ၁၇၀

www.burmeseclassic.com

www.burmeseclassic.com

၁၄။ အမိန့်နှင့် ဆင်ခြင်တုံတရား ၁၈၈

၁၅။ ငွေတစ်ဆယ် ပြန်တောင်းမည့်သူ ၁၉၉

၁၆။ ကွင်းလုံးကျွတ် လွတ်သွားခြင်း ၂၀၀

၁၇။ ဘတ်စ်ကားပေါ်မှ ရုပ်ပုံလွှာ ၂၂၀

– မြန်မာပြန်သူ၏ အမှာ ၂၃၅

– စာဖတ်သူများ၏ အမြင်

(က) စာကြေးမုံ ကြီးမောင် ၂၄၁

(ခ) မြန်မာအလင်း ဟာရိတ ၂၄၂

(ဂ) ဟံသာဝတီ စာအုပ်မှတ်စု ၂၄၃

(ဃ) မခင်စိုးစိုး (အထက– မြေပုံမြို့) ၂၄၄

(င) ကာတွန်း မောင်ကံချွန် (မန္တလေး) ၂၄၅

၁

## ဗီယက်နမ်မလေး "မော်"

ဒီအဖြစ်အပျက်နဲ့ ပတ်သက်လို့ ခင်ဗျားလို သတင်းစာဆရာ၊ စာရေးဆရာ တစ်ယောက်ကို အစအဆုံး တစ်လုံးမကျန် အခုလို ပြန်ပြောခွင့်ရတာဟာ ကျွန်တော့်အတွက် ရောမ အခွင့်အရေးကြီးတစ်ခုပါပဲ။ အထူးသဖြင့် ခင်ဗျားဟာ တာဝန်သိတတ်တဲ့ သတင်းစာဆရာ တစ်ယောက်ပီပီ၊ စာရေးဆရာ တစ်ယောက်ပီပီ၊ အခု ကျွန်တော်ပြောပြမယ့် အဖြစ်အပျက် တစ်ခုလုံး ရဲရဲဝံ့ဝံ့နဲ့ ပွင့်ပွင့်လင်းလင်း တိုင်းပြည်ကို ပြန်ပြီး တင်ပြမယ်ဆိုတာ သိရတဲ့ အတွက် ပိုပြီး ကျေနပ်မိပါတယ်။ ဝမ်းလည်း သာမိပါတယ်။ ဒီလို တာဝန် သိသိ သစ္စာရှိရှိနဲ့ မှန်မြတ်တဲ့ ရည်ရွယ်ချက်ထားပြီး ကျွန်တော်နဲ့ အခုလို တကူးတကန့် အပင်ပန်းခံပြီး လာရောက် တွေ့ဆုံမေးမြန်းတဲ့အတွက်လည်း ခင်ဗျားကို အထူးလေးစားမိပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။

အမှန်စင်စစ် ကျွန်တော်တို့ အမေရိကန်စစ်သားတွေဟာ ကမ္ဘာ အရပ်ရပ်မှာရှိတဲ့ တခြား တိုင်းပြည်နိုင်ငံတွေက စစ်သားတွေလိုပါပဲ၊ စစ်သား မှန်သမျှ ဘယ်တိုင်းပြည် ဘယ်နိုင်ငံကမဆို စစ်မြေပြင်က ပြန်လာတဲ့ စစ်သား တိုင်းဟာ သူ့ဘဝတစ်လျှောက်လုံး မေ့ပျောက်လို့ မရနိုင်တဲ့ အဖြစ်အပျက် တွေကို စစ်မြေပြင်မှာ အနည်းနဲ့အများ ကြုံခဲ့ တွေ့ခဲ့ကြရတာချည်းပါပဲ၊ ကျွန်တော်တို့လို ဗီယက်နမ်စစ်မြေပြင်က ပြန်လာပြီး ရိုးရိုး သာမန် အရပ်



www.burmeseclassic.com

www.burmeseclassic.com



သားဘာဝ ရောက်နေကြတဲ့ အမေရိကန် စစ်ပြန်တွေမှာလည်း ကျွန်တော်တို့ ခေါင်းထဲမှာ ဘဝတစ်လျှောက်လုံး ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တဲ့ အဖြစ်အပျက်တွေ ပါလာကြတာပါပဲ။ စစ်သားဘဝနဲ့ ကျွန်တော်တို့တစ်တွေ တစ်ခါက သက်စွန့်ဆံဖျား တိုက်ခဲ့ ခိုက်ခဲ့ရတဲ့ စစ်မြေပြင်ဟာ မိုင်ပေါင်း ဘယ်လောက်ပဲ ကွာဝေးနေပေမယ့် အဲဒီအချိန်က အဲဒီစစ်မြေပြင်မှာ ကျွန်တော်တို့ ကြုံတွေ့ဖြတ်သန်း လာခဲ့ကြရတဲ့ အတွေ့အကြုံ အဖြစ်အပျက်တွေဟာ ကျွန်တော်တို့ရဲ့ ဘဝသက်တမ်းမှာ တစ်ခန်း တစ်ကဏ္ဍကဖြစ်နဲ့ အမြဲတစေ အမှတ်ရနေကြမှာပါပဲ။

တစ်ခါက ဗီယက်နမ် စစ်မြေပြင်မှာ အမှုထမ်းခဲ့ဖူးတဲ့ အမေရိကန် စစ်သားဟောင်း စစ်ပြန်တစ်ယောက်အနေနဲ့ ကျွန်တော့်မှာလည်း ကျွန်တော့် ဘဝတစ်သက်မှာ ဖျောက်ဖျက်လို့ မရနိုင်တဲ့ အဖြစ်အပျက်တစ်ခုကို ဗီယက်နမ် စစ်မြေပြင်မှာ ကြုံခဲ့တွေ့ခဲ့ရပါတယ်။ အဲဒီအဖြစ်အပျက်ဟာ ကျွန်တော့် ဘဝတစ်လျှောက်လုံး အသက်နဲ့ခန္ဓာကိုယ် မြဲနေသမျှ ဘယ်တော့မှ မေ့ပျောက်လို့လည်း မရ၊ ဖျောက်ဖျက်လို့လည်း မရတဲ့ အဖြစ်အပျက်ပါပဲ။ မေ့ပျောက် ဖျောက်ဖျက်လို့ မရနိုင်လောက်အောင်လည်း စိတ်ထိခိုက်စရာ ကောင်းလှပါတယ်။

ဒါပေမယ့် ဒီနေရာမှာ ခင်ဗျားကို ကျွန်တော် တစ်ခုတော့ ကြိုတင်ပြီး တောင်းပန်ချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ခင်ဗျားက ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး အစကနေ အဆုံးအထိ အသေးစိတ် သိချင်ပါတယ်ဆိုလို့ ကျွန်တော်ကလည်း ကျွန်တော် မှတ်မိသလောက် မခြွင်းမချန်ဘဲ အကုန် ပြောပြပါ့မယ်။ ဒီလို ခရေစေ့တွင်းကျ တစ်လုံးမကျန် ပြန်ပြောပြတဲ့ နေရာမှာ တချို့အဖြစ်အပျက်တွေဟာ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပြီး မျက်မြင် ကိုယ်တွေ့တွေ ဖြစ်ခဲ့သလို တချို့နေရာတွေမှာ ကျွန်တော်ကိုယ်တိုင် မပါဝင်ဘဲ နောက်မှ တစ်ဆင့်စကား တစ်ဆင့်ကြားနဲ့ သိခဲ့ရတဲ့ အဖြစ်အပျက် တွေလည်း ပါပါလိမ့်မယ်။





အဲဒီတော့ ဒီနေရာမှာ ကျွန်တော် တောင်းပန်ချင်တာက အခု ကျွန်တော်ပြောပြမယ့် အဖြစ်အပျက်တစ်ခုလုံးဟာ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့တာတွေရော၊ တစ်ဆင့်စကား တစ်ဆင့်နား ကြားခဲ့ရတာတွေရော အားလုံးဟာ တကယ့်အဖြစ်မှန်တွေပဲ ဆိုတာတော့ လုံးဝ ယုံကြည်စေချင်ပါတယ်။ တကယ်လို့ ကျွန်တော်ပြောတဲ့အထဲမှာ သဘာဝ မကျတာတွေ၊ ယုတ္တိမရှိတာတွေ ရှေ့စကားနဲ့ နောက်စကား တလွဲတချော် ဖြစ်နေတာတွေ များ ပါလာရင် ပါတယ်လို့ ခင်ဗျားစိတ်ထဲမှာ သံသယဝင်လာရင် ကျွန်တော့်ကို ချက်ချင်းထောက်ပြပါ၊ အဲဒီအခါမျိုးကျရင် ပွင့်ပွင့်လင်းလင်း ပြောသာ ပြောပါ၊ ဘာမှ အားမနာပါနဲ့ ဟုတ်လား။

ဘာ့ကြောင့် ကျွန်တော် ဒီလိုပြောရသလဲဆိုတော့ ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး အဓိကဇာတ်ကောင်အဖြစ်နဲ့ ပါခဲ့ရတဲ့ ကျွန်တော်ဟာ အစက နေ အဆုံးအထိ ဒီအဖြစ်အပျက် တစ်ခုလုံးကို မြင်ခဲ့၊ တွေ့ခဲ့၊ ကြားခဲ့၊ သိခဲ့ရလို့ပါပဲ။

ဒီအဖြစ်အပျက်ဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်ပျက်ခဲ့ပေမယ့် ကျွန်တော့်စိတ်ထဲမှာ လွန်ခဲ့တဲ့ သုံးရက်လောက်က ဖြစ်ခဲ့ပျက်ခဲ့တယ်လို့ ထင်ရလောက်အောင် ပူပူနွေးနွေးနဲ့ အားလုံး တစ်ခုမကျန် မှတ်မိနေပါသေးတယ်။ ကျွန်တော့်တစ်သက်မှာ ဒါလောက် ရင်နာစရာ၊ စိတ်ထိခိုက်စရာ ကောင်းတဲ့ အဖြစ်မျိုးနဲ့ မကြုံခဲ့ မတွေ့ခဲ့ရဘူးတာ အမှန်ပါ။ နောင်လည်း ကျွန်တော့် တစ်သက်နဲ့တစ်ကိုယ် ဒီလောက် ရင်နာစရာ စိတ်ထိခိုက်စရာ ကောင်းတဲ့ အဖြစ်မျိုးနဲ့ ကြုံရတွေ့ရလိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ဒါကြောင့်မို့လည်း စိတ်ထိခိုက် လှုပ်ရှားစရာကောင်းတဲ့ ရုပ်ရှင်ကား တစ်ကားကို တစ်ခါ နှစ်ခါမက၊ အခါပေါင်း မရေမတွက်နိုင်အောင် ကြည့်ထားခဲ့လို့ ဇာတ်လမ်း ဇာတ်ကွက်ရော ဇာတ်ဆောင်တဲ့ ဇာတ်ကောင်တွေရဲ့ အမူအရာ တွေရော၊ နောက်ခံအသံ ရှုခင်းတွေပါမကျန် အားလုံး အသေးစိတ် မှတ်မိနေ သလို၊ ကျွန်တော်ဟာ ဗီယက်နမ်စစ်မြေပြင်မှာ ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့

www.burmeseclassic.com



ရင်နာစရာကောင်းတဲ့ အဖြစ်အပျက် ဇာတ်လမ်းတစ်ခုလုံးကို အစအဆုံး မှတ်မိနေတာပါပဲ။

အဲဒီတော့ ဒီအဖြစ်အပျက် ဇာတ်လမ်းကို မပြောခင် ဒီဇာတ်လမ်းမှာ အဓိကဇာတ်ကောင်အဖြစ် ပါခဲ့ရတဲ့ ကျွန်တော့်အကြောင်းနဲ့ ပတ်သက်ပြီး သိသင့် သိထိုက်တာလေးတွေ နည်းနည်းပါးပါး ပြောပြချင်ပါသေးတယ်။

ကျွန်တော့်နာမည်ကတော့ ခင်ဗျားသိတဲ့အတိုင်း "အဲရစ်ဆင်" လို့ ခေါ်ပါတယ်။ နာမည်အပြည့်အစုံကတော့ "စဗဲန်အဲရစ်ဆင်"ပါ။ အသက် ၂၄ နှစ် ရှိပါပြီ၊ ဇာတိကတော့ အမေရိကန် ပြည်ထောင်စု အနောက်မြောက်ပိုင်း မင်နီဆိုတာ ပြည်နယ်ကပါ။ ကျွန်တော့်မိဘတွေက လယ်သမား မျိုးရိုးထဲကပါပဲ။ ကျွန်တော်ဟာ တစ်ကိုယ်ရေ တစ်ကာယသမား မဟုတ်ပါဘူး။ အိမ်ထောင်နဲ့ပါ၊ အိမ်ထောင်ကျတာတော့ သိပ်မကြာလှသေးပါဘူး။ လွန်ခဲ့တဲ့ ၄ နှစ်လောက်ကပါပဲ။ဒါပေမယ့် အခုထက်ထိ သားသမီးတော့ တစ်ယောက်မှ မရသေးပါဘူး။

ကျွန်တော့်ဇနီးရဲ့ နာမည်က ကာစတင်လို့ ခေါ်ပါတယ်။ ကျွန်တော့် မိဘများနဲ့ သူ့မိဘများဟာ အိမ်နီးနားချင်း မိတ်ဆွေတွေဆိုတော့ သူနဲ့ ကျွန်တော်နဲ့ကလည်း ငယ်ငယ်ကလေးထဲက ကစားဖော် ကစားဖက်တွေပဲ ဆိုပါတော့။ ဒါတင်မကပါဘူး၊ ကျွန်တော့် အဘိုးအဘွားတွေနဲ့ သူ့အဘိုး အဘွား တွေဟာလည်း ဥရောပတိုက်မြောက်ပိုင်း ဆွီဒင်၊ နော်ဝေနဲ့ ဒိန်းမတ် အပါအဝင် စကင်ဒီနေဗီယန်နိုင်ငံတွေက အမေရိကန်ပြည်ထောင်စုကို ရေကြည်ရာ မြက်နုရာဆိုသလို တစ်ချိန်တည်း တစ်ပြိုင်တည်း ပြောင်းရွှေ့လာခဲ့ကြ တာမို့၊ ဆွေစဉ်မျိုးဆက် ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်ကတည်းက ဆက်ဆံ ရင်းနှီးလာခဲ့ကြတဲ့ အိမ်ထောင်စုတွေပါပဲ။

ကျွန်တော်နဲ့ ကာစတင်တို့ လက်ထပ်တော့ ကျွန်တော့်အသက်ဟာ ၂၀ ရှိပါပြီ။ အဲဒီမတိုင်ခင် တစ်နှစ်လောက်က ကျွန်တော်ဟာ စစ်ထဲဝင်လိုက်ရပါတယ်။ ဒါကတော့ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်တို့ အမေရိကန်





ပြည်ထောင်စုမှာ အရွယ်ရောက်သူတိုင်း စစ်ထဲ မဝင်မနေရဆိုတဲ့ ဥပဒေကြီးက ရှိနေတော့ ကျွန်တော်လည်း ၁၉ နှစ်သား အရွယ်မှာ စစ်ထဲ မဝင်ချင်ဘဲ ဝင်လိုက်ရပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ ပထမအဆင့်ရတဲ့ စစ်သားတစ်ယောက်အနေနဲ့ ဗီယက်နမ်စစ်မြေပြင်ကို ရောက်ခဲ့ရတာပါပဲ။

အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ဟာ ဗီယက်နမ်စစ်မြေပြင်ကို သွားဖို့ အမိန့်ကျလာတုန်းက ကြောက်လည်း မကြောက်၊ ဝမ်းလည်း မနည်းတဲ့အပြင် ဝမ်းတောင် သာမိပါသေးတယ်။ ဒီလိုဖြစ်ရတာကလည်း တခြားကြောင့်တော့ မဟုတ်ပါဘူး။ ပထမအချက်က ကျွန်တော်ဟာ အဲဒီ အချိန်အထိ နိုင်ငံရေးနဲ့ပတ်သက်လို့ ဘာတစ်ခုမှ နားမလည်တဲ့အပြင် နားလည်အောင်လည်း လေ့လာလိုက်စားချင်တဲ့ စိတ်ဆန္ဒ လုံးဝ မရှိခဲ့ပါဘူး။ မိဘကလည်း လယ်သမားမျိုးရိုးဆိုတော့ ကိုယ့်လယ် ကိုယ့်ယာကလေးကို အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင် စားသောက်နေရရင် ပြီးတာပဲလို့ ယူဆခဲ့ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ အမေရိကန်တပ်တွေ ဗီယက်နမ်မှာ ဝင်တိုက်နေကြတာကို တရားတယ် တရားဘူးဆိုတာ ကျွန်တော့်ခေါင်းထဲမှာ တစ်ခါမှ ထည့်မစဉ်းစားခဲ့ပါဘူး။ ကျွန်တော့်ကို တိုးတက်တဲ့အမြင် မရှိဘူးလို့ ပြောရင်လည်း ခံရမှာပဲ၊ ဖောက်ပြန်တယ်လို့ စွပ်စွဲရင်လည်း ခံရရုံပါပဲ။ အဲဒီတုန်းကတော့ ကျွန်တော်ဟာ နိုင်ငံရေးနဲ့ ပတ်သက်လို့ တကယ့် နလပိန်းတုံးတစ်ယောက်ပါ။

နောက်တစ်ချက်ကတော့ အဲဒီအချိန်မှာ ကျွန်တော်ဟာ အသက်က ၁၉ နှစ် ကျော်ကျော် ၂၀ လောက်ပဲ ရှိသေးတော့ ထူးထူးခြားခြားနဲ့ စွန့်စွန့်စားစား လုပ်ရမယ့် အလုပ်မျိုးဆိုရင် ဘာမဆို လုပ်ချင် ကိုင်ချင်စိတ်ကြွ ဆော်တော်လေး ပြင်းထန်ခဲ့ပါတယ်။ လူငယ်ပီပီ စိတ်ဓာတ်တက်ကြွနေတယ် လို့ ဆိုရင်လည်း မမှားဘူးပေါ့ ခင်ဗျာ။ အထူးသဖြင့် နိုင်ငံခြားတိုင်းပြည်တွေကို တစ်ခေါက်မှ မရောက်ဘူးတဲ့အတွက် အမေရိကန်ပြည်ထောင်စုကနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တိုင်းပြည် ဖြစ်ဖြစ် ရောက်ဖူးချင်တဲ့စိတ်၊ သွားချင်တဲ့စိတ်ကလည်း သိပ်ပြင်းပြနေတဲ့ အချိန်ပါပဲ။

အဲဒီလို စွန့်စွန့်စားစား လုပ်ကိုင်ချင်တဲ့စိတ်နဲ့ နိုင်ငံခြားတိုင်းပြည်တွေကို ရောက်ဖူးချင်တဲ့စိတ်တွေ သိပ်ပြင်းပြနေတုန်းမှာပဲ ဗီယက်နမ်ကို သွားဖို့ စစ်ဌာနချုပ်က အမိန့်ကျလာတော့ ကျွန်တော့်မှာ ရေငတ်တုန်း ရေတွင်းထဲ ကျ ဆိုတာလို သိပ်ဝမ်းသာသွားတာပေါ့။ ကျွန်တော်ဟာ ဗီယက်နမ်ကို အမေရိကန်စစ်သားတစ်ယောက်အနေနဲ့ စစ်တိုက်ဖို့ သွားရမယ်ဆိုတာ သိထားပေမယ့် အဲဒီတုန်းကတော့ ကျွန်တော့်စိတ်ထဲမှာ ကျွန်တော် တစ်ခါမှ မရောက်ဘူးတဲ့ အာရှတိုက်က ဗီယက်နမ်ဆိုတဲ့ နိုင်ငံကလေးကို အလည်အပတ် သဘောမျိုးနဲ့ အပျော်ခရီး ထွက်ရတော့မလိုပဲ စိတ်ထဲက ထင်နေခဲ့ပါတယ်။

အော် ... ဒါထက် အာရှတိုက်ဆိုလို့ ပြောလိုက်ရဦးမယ်။ ကျွန်တော်ဟာ နိုင်ငံခြားတိုင်းပြည်တွေကို သိပ်ရောက်ဖူးချင်တယ် ဆိုပေမယ့် ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စုနဲ့ လူမျိုးချင်းရော၊ အသားရောင်ချင်းရော၊ ဘာသာချင်းရော၊ ရာသီဥတုနဲ့ ပထဝီအနေအထားချင်းရော... နောက်ပြီးတော့ ဟို ...ဟာဗျာ...လူနေမှု အဲ...အဲ လူနေမှုစနစ်ချင်းရော သိပ်ပြီး မကွဲပြားတဲ့ ဥရောပတိုက်ကို သိပ်မသွားချင်လှဘူး။ ကျွန်တော် သွားချင် ရောက်ဖူးချင်တာက ကျွန်တော်တို့နဲ့ အစစအရာရာ ဘာတစ်ခုမှ မတူဘဲ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံကအစ ကွဲပြားခြားနားနေတဲ့ အာရှတိုက်ကို ပိုပြီး သွားချင်တယ်၊ ပိုပြီး ရောက်ဖူးချင်တယ်။

ကျွန်တော့်စိတ်ထဲမှာ နှင်းတွေခဲပြီး နေရာတိုင်း ဖြူဖွတ်ဖြူရော် ဖြစ်နေတဲ့ ကျွန်တော်တို့ မင်နီဆိုတာပြည်နယ်က ကွင်းပြင်ကြီးတွေထက် အာရှတိုက်က ဗီယက်နမ်လို နိုင်ငံမျိုးမှာ အရောင်မျိုးစုံနဲ့ အသီးအပွင့်မျိုးစုံ သီးပွင့်နေကြတဲ့ သစ်ပင်ပန်းပင်တွေ၊ တောတွေ တောင်တွေ၊ မြစ်တွေ ချောင်းတွေထဲမှာ သွားရ လာရ၊ လည်ရ ပတ်ရတာက ပိုပြီး ပျော်စရာကောင်းမယ်လို့ ယူဆခဲ့ပါတယ်။





နောက်ပြီးတော့ ကျွန်တော်ဟာ ဒီအသက်အရွယ်အထိ စပါးပင်ကို မမြင်ဖူးသေးဘူး။ ကျွန်တော်တို့ဆီမှာက ဂျုံပဲ စိုက်တော့ ဂျုံပင်ကိုပဲ ကျွန်တော် မြင်ဖူးတယ်။ အဲဒီတော့ စပါး အင်မတန်ထွက်တဲ့ ဗီယက်နမ်လိုနိုင်ငံကို ရောက်သွားရင် စပါးပင်တွေနဲ့ လူတစ်ရပ်မကမြင့်တဲ့ မြက်ပင်ရှည်ကြီးတွေ ကိုင်းတောကြီးတွေထဲမှာ တိုးဝှေ့သွားရတာဟာ သိပ် ပျော်စရာကောင်းမှာပဲလို့ ထင်မိတယ်။ ပြီးတော့ သာယာတဲ့ နေရောင်ခြည်အောက်မှာ မြက်ခင်းပေါ် ပက်လက်လှန်ပြီး အပြာရောင် ကောင်းကင်ကြီးကို ကြည့်လိုက်ရရင် သိပ်ခံမိကျမှာပဲ။ ဒါမှမဟုတ် နေရောင်ခြည် လုံးဝမမြင်ရဘဲ ရောမမြင့်တဲ့ သစ်ပင်ကြီးတွေ၊ တွန့်လိမ်ပြီး တွဲလောင်းကျနေတဲ့ နွယ်ပင်ကြီးတွေနဲ့ တောကြီးမြက်မည်းထဲမှာ မျက်စိလည် လမ်းမှားပြီး ဟိုရောက် ဒီရောက်နဲ့ လျှောက်သွားနေရရင် သိပ်ပျော်စရာကောင်းမှာပဲလို့ ထင်ခဲ့ပါတယ်။ ဒါဟာ တစ်နည်းအားဖြင့်တော့ အဲဒီတုန်းက ကျွန်တော့်စိတ်ကူးနဲ့ကျွန်တော် အရူးထခဲ့တယ် ဆိုပါတော့။

ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ ကျွန်တော်ထင်သလို မဟုတ်ဘူးဗျို့။ ဗီယက်နမ် စစ်မြေပြင် ရောက်သွားတယ်ဆိုရင်ပဲ ကျွန်တော်ထင်ထားတာတွေဟာ အားလုံး ဇောက်ထိုးပြောင်းပြန် ဖြစ်ကုန်တာပါပဲ။ ဗီယက်နမ်ကို မရောက်ခင်က သိပ်ပျော်စရာကောင်းလိမ့်မယ်၊ သိပ်ခံမိကျလိမ့်မယ်လို့ စိတ်ကူးယဉ်ခဲ့တာတွေဟာ တကယ်လက်တွေ့ကျတော့ အားလုံး အနိဋ္ဌာရုံတွေ ဖြစ်ကုန်တာပါပဲ။

တကယ်တော့ ဒါဟာ မဆန်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ဗီယက်နမ်ကို ရောက်လာရတာကိုက စစ်သားတစ်ယောက်အနေနဲ့ စစ်မြေပြင်မှာ စစ်တိုက်ဖို့ လာရတာပဲ။ အလည်သက်သက် ပျော်ပွဲစား ထွက်လာတာမှ မဟုတ်ဘဲ။ စစ်ဆိုတာကလည်း ခင်ဗျားသိတဲ့အတိုင်း အရှင်းဆုံးနဲ့ အလွယ်ဆုံး ပြောရရင် လူသတ်တာပဲ။ ဒါပေမယ့် ထူးခြားတယ်ပဲ ဆိုရမလား၊ ဆန်းကြယ်တယ်ပဲ ပြောရမလားတော့ မသိဘူး။ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



သာမန်အချိန်မှာ လူတစ်ယောက်ကို တခြားလူတစ်ယောက်က သတ်ရင် အဲဒီသတ်တဲ့လူဟာ လူသတ်မှုနဲ့ အဖမ်းခံရပြီး ထောင်တစ်သက် ကျရင် ကျ၊ ဒါမှမဟုတ် ကြိုးပေးခံရရင် ခံရ၊ တစ်ခုခုတော့ အပြစ်ပေးခံရမှာ သေချာလာလို့ စစ်မြေပြင်မှာ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ယောက်နဲ့တစ်ယောက် အစုလိုက် အပြုံလိုက် သတ်ကြတာမျိုးကျတော့ ဘယ်သူမှ လူသတ်မှုနဲ့ အဖမ်းမခံကြရဘူး၊ ထောင်ဒဏ်တို့ ကြိုးဒဏ်တို့ ဘယ်သူကမှ လာပြီး အပြစ်မပေးကြဘူး။

ကျွန်တော့်စိတ်ထဲမှာ ပိုပြီး ထိခိုက်မိတာကတော့ အဲဒီလို စစ်ပွဲတစ်ပွဲဖြစ်လာပြီဆိုတဲ့ အချိန်မှာ တစ်ဖက်နဲ့တစ်ဖက်၊ တစ်ယောက်နဲ့တစ်ယောက် မြင်လည်း မမြင်ဘူးကြ၊ တွေ့လည်း မတွေ့ဘူးကြ၊ ခိုက်ရန် ဒေါသဖြစ်ဖို့ဆိုတာတော့ ဝေးရော။ အဲဒီလို တစ်ခါမှ မမြင်ဘူး မတွေ့ဘူးကြတဲ့ လူတွေဟာ ငါလည်း သူမသိ၊ သူ့လည်း ငါမသိဘဲနဲ့ တစ်ယောက်နဲ့တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် ရက်ရက်စက်စက် ပစ်ကြခတ်ကြ၊ သတ်ကြဖြတ်ကြတာတွေဟာ တကယ်စဉ်းစားကြည့်လိုက်ရင် အင်မတန် ရင်နာစရာကောင်းတဲ့ အဖြစ်ပါပဲ။ ဒါဟာ ကျွန်တော် ကိုယ်တိုင်ကိုယ်ကျ တကယ်ခံစားခဲ့ရတဲ့ အသိနဲ့ ပြောတာပါ၊ ဗီယက်နမ်စစ်မြေပြင်က ပေးလိုက်တဲ့ အသိတရားဟာ အဲဒါပါပဲ။ ဗီယက်နမ်စစ်က ကျွန်တော်ရခဲ့တဲ့ အမြတ်လို့လည်း ဆိုချင်ဆိုပေါ့ဗျာ။

ဒါနဲ့ တဆက်တည်း ပြောရဦးမယ်။ ကျွန်တော်အပါအဝင် ကျွန်တော်တို့ အမေရိကန်စစ်သားတွေဟာ တောင်ဗီယက်နမ်ကို သွားပြီး စစ်တိုက်ခဲ့ကြတယ်။ အခုလည်း တိုက်နေကြဆဲပဲ။ ဒီနေရာမှာ စောစောက ကျွန်တော်ပြောခဲ့သလို သူတို့နဲ့ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် မြင်ဖူးတွေ့ဖူးကြတာလည်း မဟုတ်၊ ခိုက်ရန်ဒေါသ ဖြစ်ဖူးကြတာလည်း မဟုတ်။ ဒါနဲ့များ ဘာ့ကြောင့် တစ်ဖက်နဲ့တစ်ဖက် သဲကြီးမဲကြီး သတ်ဖြတ်နေကြရတာလဲဆိုတာ ကျွန်တော်ဖြင့် စဉ်းစားလို့ကို မရဘူး။





ဒီနေရာမှာ သူတို့အနေနဲ့ သူတို့ဘက်က ပြောမယ်ဆိုရင် ပြောလို့ဖြစ်ဦးမယ်။ သူတို့တိုင်းပြည် သူတို့နယ်မြေပေါ်ကို ကျွန်တော်တို့ အမေရိကန်တပ်တွေ မတရားကျူးကျော်လို့ လက်နက်ကိုင်ပြီး ခုခံတိုက်ခိုက်ရပါတယ် ဆိုတာကမှ သဘာဝကျသေးတယ်။ ကျွန်တော်တို့ဘက်က ကြည့်ရင်တော့ ဗီယက်နမ်လူမျိုးတွေက၊ ကျွန်တော်တို့ အမေရိကန်လူမျိုးတွေနဲ့ အမေရိကန်ပြည်ထောင်စုကြီးကို ဘယ်လိုမှ ထိခိုက်နစ်နာအောင် မလုပ်ဘဲနဲ့ ကျွန်တော်တို့ အမေရိကန်တပ်တွေဟာ ဘာကြောင့်များ မိုင်ပေါင်း လေးငါးထောင် ကွာဝေးတဲ့ ဗီယက်နမ်နိုင်ငံကလေးကို သွားပြီး သဲကြီးမဲကြီး တိုက်ခိုက်နေရတာလည်း ဆိုတာ ကျွန်တော်ဖြင့် လုံးဝ စဉ်းစားလို့ မရဘူး။

ကဲ ကျွန်တော်လည်း ပြောရင်း ပြောရင်းနဲ့ ခင်ဗျားသိချင်တဲ့ အဖြစ်အပျက် မရောက်ဘဲ ဆောချော်သွားသလို ဖြစ်နေပြီ။ အဲဒီတော့ ကျွန်တော့်ဇာတ်လမ်း ပြန်ဆက်ဦးမှ။

ကျွန်တော်ဟာ ဗီယက်နမ်မှာ ရိုးရိုး လက်နက်ကိုင် ခြေလျင်တပ်သား တစ်ယောက်အနေနဲ့ တိုက်ပွဲတွေ တော်တော်များများ တိုက်ခဲ့ရပါတယ်။ အချို့နေရာတွေမှာ တောင်ဗီယက်နမ် အမျိုးသား လွတ်မြောက်ရေးတပ်ဦးလို့ ခေါ်တဲ့ ဗီယက်ကောင်း ပြောက်ကျားတွေရဲ့ အခြေခံ စခန်းတွေကို သဲသဲမဲမဲနဲ့ ပြင်းပြင်းထန်ထန် ဝင်တိုက်ရတာတွေလည်း ရှိပါတယ်။ တစ်ခါတစ်ခါကျတော့လည်း ဗီယက်ကောင်းတပ်တွေက ကျွန်တော်တို့တပ်ကို အလစ်ဝိုင်းပြီး မောင်းပြန်လက်နက်တွေ မော်တာတွေနဲ့ ဒလကြမ်းထုလို့ ကျွန်တော်တို့မှာ ခေါင်းကောင် မဖော်နိုင်ဘဲ ပုနေခဲ့ရတာမျိုးလည်း ကြုံခဲ့ရပါတယ်။ တစ်ခါက ကျွန်တော်တို့တပ် အပြောင်းအရွှေ့လုပ်နေတုန်း လမ်းခုလပ်မှာ ဗီယက်ကောင်းတွေက ခြုံခိုတိုက်လို့ ကျွန်တော်တို့ တပ်သားတစ်ဝက်လောက် အတုံးအရုန်းကျပြီး မရှုမလှ ခံလိုက်ရတာမျိုးလည်း ကြုံခဲ့ရပါတယ်။

ဒါပေမယ့် အခု ကျွန်တော်ပြောခဲ့တဲ့ တိုက်ပွဲတွေ အဖြစ်အပျက်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကျွန်တော့်အတွက် ကြာတော့ ရိုးသွားပြီး စိတ်ထဲမှာ ဘယ်လိုမှ ထူးထူး ခြားခြား မှတ်သားလောက်အောင် မဖြစ်ခဲ့ပါဘူး။

အဲ ကျွန်တော် ဗီယက်နမ်စစ်မြေပြင်မှာ တာဝန်ကျနေတဲ့ ၂ နှစ် လောက်အတွင်း ကျွန့်တော့်တစ်သက် မေ့ပျောက်လို့မရတဲ့ အဖြစ်အပျက်ဆို လို့ တစ်ခုပဲ ကြုံခဲ့ရပါတယ်။ အဲဒီအဖြစ်အပျက်ဟာ ဗီယက်နမ် အမျိုးသမီး လေးတစ်ယောက်နဲ့ ပတ်သက်တဲ့ အဖြစ်အပျက်ပါပဲ။

ကျွန်တော် ဗီယက်နမ် စစ်မြေပြင်မှာ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ တိုက်ပွဲတွေ အဖြစ်အပျက်တွေကို ပြန်စဉ်းစားမိတိုင်း အဲဒီ ဗီယက်နမ်မလေး ရဲ့ မျက်နှာဟာ ကျွန်တော့်မျက်စိထဲမှာ အမြဲ ပြန်ပြန်ပြီး ပေါ်လာတော့တာ ပါပဲ။

အဲဒီ ဗီယက်နမ်မလေးဟာ ကျွန်တော့်ထက် အသက် ၂ နှစ်၊ ၃ နှစ် လောက် ငယ်ပါလိမ့်မယ်။ မှတ်မှတ်ရရ သူ့ကို ကျွန်တော် စတွေ့တဲ့နေ့ဟာ ၁၉၆၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ပါ။ တွေ့တဲ့နေရာကတော့ တောင် တရုတ်ပင်လယ်ကမ်းခြေရဲ့ အနောက်ဘက် လေးငါးမိုင်လောက်အကွာမှာ ရှိတဲ့ ဗဟိုကုန်းမြင့်ဒေသက အင်မတန်ခေါင်တဲ့ ရွာကလေးတစ်ရွာမှာပါပဲ။ အဲဒီတုန်းက ကျွန်တော်နဲ့အတူ တခြားအမေရိကန်စစ်သား လေးယောက် လည်း ပါပါတယ်။ ကျွန်တော်တို့ငါးယောက်ဟာ အဲဒီနေ့က ကင်းလှည့် ထွက်ရင်းနဲ့ အဲဒီကောင်မလေး နေတဲ့ ရွာကို ရောက်သွားကြတာပါပဲ။

ကျွန်တော်ဟာ အဲဒီ ဗီယက်နမ်မလေးရဲ့ မျက်နှာနဲ့ သူ့ရုပ်ပုံလွှာကို အခု ပြန်စဉ်းစားလိုက်ရင် မှုန်မှုန်ဝါးဝါးနဲ့ ဝိုးတဝါးပါပဲ။ ဒါပေမယ့် နက်မှောင်နေတဲ့ သူ့ရဲ့ မျက်တောင်ကော့ကြီးတွေကိုတော့ ကျွန်တော် ကောင်း ကောင်း မှတ်မိနေပါတယ်။ နောက်ပြီးတော့ သူ့ နားနှစ်ဖက် မှာလည်း နီလာ နဲ့လုပ်ထားတဲ့ နားသံသီးလေးနှစ်ခု ဝတ်ထားတာကိုလည်း မှတ်မိပါသေး တယ်။ ကျွန်တော် အမှတ်မိဆုံးကတော့ လက်ဝဲဘက် အောက်သွားတွေထဲမှာ စိုက်ထားတဲ့ ရွှေသွားလေး တစ်ချောင်းပါပဲ။ အဲဒီရွှေသွားကလေးကို





ဘာ့ကြောင့် ကျွန်တော် ထူးထူးခြားခြား မှတ်မိနေသလဲ ဆိုတာတော့ ကျွန်တော်ပြောပြမယ့် အဖြစ်အပျက်ထဲမှာ ပါလာပါလိမ့်မယ်။

အော်...ပြီးတော့ နောက်တစ်ခု ရှိသေးတယ်။ ကျွန်တော်တို့ ကင်းအဖွဲ့ရဲ့ ခေါင်းဆောင်က တာဝန်ပေးလို့ အဲဒီညနေစောင်းမှာ ဗီယက်နမ် မလေးကို ကျွန်တော် ကင်းစောင့်နေရတုန်း သူ့လည်ပင်းမှာ ဆွဲကြိုးလေး တစ်ကုံး ဆွဲထားတာလည်း ကျွန်တော် အမှတ်တမဲ့ မြင်လိုက်မိပါတယ်။ ဒါပေမယ့် သိပ်အဖိုးတန်ကြီးတော့ ဟုတ်မယ် မထင်ပါဘူး။

အဲဒီကောင်မလေးရဲ့ အဝတ်အစားကတော့ သူတို့ ဗီယက်နမ်မှာ တောပိုင်းက အမျိုးသမီးတွေ အားလုံးလိုလို ဝတ်လေ့ဝတ်ထရှိတဲ့အတိုင်း အပေါ်ပိုင်းက အနက်ရောင် ရင်စေ့အင်္ကျီနဲ့ အောက်ပိုင်းကလည်း အနက် ရောင် ဘောင်းဘီရှည် ဝတ်ထားပါတယ်။ အဲဒီအဝတ်အစားမျိုးနဲ့ ဗီယက်နမ် အမျိုးသမီးတွေရဲ့ပုံကို ခင်ဗျားလည်း ရုပ်ရှင်ထဲဖြစ်ဖြစ်၊ သတင်းဓာတ်ပုံ တွေထဲဖြစ်ဖြစ် မြင်ဖူး တွေ့ဖူးမှာပါပဲ။ ပြီးတော့ အဲဒီကောင်မလေး ဝတ်ထား တဲ့ အင်္ကျီနဲ့ ဘောင်းဘီက ပုံမကျပန်းမကျနဲ့ ခပ်ပွပွကြီး ချုပ်ထားတာဆို တော့ သူ့ကိုယ်လုံးကိုယ်ပေါက်က ဘယ်လို အချိုးအဆက် ရှိတယ်ဆိုတာ ပထမတော့ ကျွန်တော်တို့ သေသေချာချာ မမြင်ရဘူးပေါ့။ ဒါပေမယ့် ကျွန်တော်ကတော့ သူ့မျက်နှာ အချိုးအစားနဲ့ သူ့အရပ် ငါးပေနှစ်လက်မ သုံးလက်မလောက် ရှိမယ်ဆိုတာ တွက်ပြီး သူ့ကိုယ်လုံးကိုယ်ပေါက်ဟာ လည်း ခပ်သွယ်သွယ်နဲ့ နွဲ့နွဲ့နှောင်းနှောင်း ရှိမှာပဲဆိုတာ ခန့်မှန်းကြည့်မိပါ တယ်။

ကျွန်တော်ဟာ အဲဒီ ဗီယက်နမ်မလေးကို မြင်မြင်ခြင်း စိတ်ထဲမှာ ဓာတ်ပုံရိုက်ထားလိုက်မိသလို သူ့ပုံပန်းသဏ္ဌာန်ကို ပီပီသသကြီး မဟုတ် တောင် တော်တော်ကလေး မှတ်မိနေပါတယ်။ ဒါပေမယ့် သူ့နာမည်ကိုတော့ ရတ်တရက် မသိရပါဘူး၊ ကျွန်တော်တို့ ကင်းတပ်ဖွဲ့ကလေးနဲ့ ရှိနေတဲ့ တစ်ချိန်လုံး သူ့နာမည် ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် လုံးဝ မသိခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ နောက်ဆုံး စစ်ခုံရုံးရောက်တော့မှ သူ့အစ်မကိုယ်တိုင် သက်သေအဖြစ် လာပြီး အစစ်ခံတော့မှ သူ့နာမည်ကို သေသေချာချာ သိခဲ့ရပါတယ်။ ဒါပေမယ့် အဲဒီအချိန်ကျတော့ အဲဒီဗီယက်နမ်မလေးဟာ လူ့ပြည်မှာ မရှိရှာတော့ပါဘူး။

ဟုတ်ပါတယ်၊ ကျွန်တော်ဟာ အဲဒီဗီယက်နမ်မလေးရဲ့ အမည်ကို သူအသက်ရှင်နေတုန်းက မသိခဲ့ရပါဘူး၊ သူသေပြီးမှပဲ သူ့နာမည်ကို သိခဲ့ရပါတယ်။

သူ့နာမည် အပြည့်အစုံကတော့ "ဖန်သီမော်" လို့ ခေါ်ပါတယ်။ ဒါပေမယ့် စစ်ခုံရုံးမှာ သူ့အစ်မက အစစ်ခံတော့ "မော်" လို့ပဲ အတိုကောက် ခေါ်သွားတာ ကြားရပါတယ်။ အဲဒီ စစ်ခုံရုံးမှတ်တမ်းတွေ အားလုံးမှာလည်း သူ့နာမည်ကို "မော်" လို့ပဲ အတိုကောက်ရေးထားတာ တွေ့ရပါတယ်။

ကျွန်တော်ဟာ အဲဒီ "မော်" ဆိုတဲ့ ဗီယက်နမ်မလေးကို သူမသေခင် နာမည် မသိလိုက်ရရုံတင် မဟုတ်ပါဘူး၊ သူနဲ့ စကားတစ်လုံးမှလည်း မပြောလိုက်ရပါဘူး။ ပြီးတော့ သူနဲ့ ကျွန်တော်နဲ့ တွေ့လိုက်ရတဲ့ အချိန်ကလည်း တစ်ရက်သာသာ ၂၄ နာရီ ကျော်ကျော်လေးပဲ ဆိုပါတော့။ အဲဒီ ၂၄ နာရီကျော်ကျော် ကျွန်တော်နဲ့ သူနဲ့တွေ့လိုက်ရတဲ့ အတောအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် စကားတစ်လုံးမှ မပြောလိုက်ရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ကလည်း ဗီယက်နမ်စကား တစ်လုံးမှမတတ်၊ သူကလည်း အင်္ဂလိပ်စကား တစ်လုံးမှ မပြောတတ် ဖြစ်နေကြလို့ပါပဲ။

ဒါပေမယ့် ကျွန်တော်ဟာ အဲဒီ "မော်" ဆိုတဲ့ ဗီယက်နမ်မလေးကို ခုထက်ထိ မေ့လို့ မရပါဘူး။ ကျွန်တော့်မျက်စိထဲမှာ သူ့မျက်နှာကလေးဟာ မှုန်တီမှုန်ဝါးနဲ့ အမြဲလိုလို မြင်ယောင်နေမိပါတယ်။

အဲဒီလို ကျွန်တော်နဲ့ တစ်ရက်ကျော်ကျော်လောက်ပဲ တွေ့လိုက်ရပြီး သူ့နာမည်ကိုလည်း လုံးဝမသိ၊ သူနဲ့လည်း စကားတစ်လုံးမှ မပြောလိုက်ရဘဲနဲ့ သူ့ကို ဘာ့ကြောင့် သတိရပြီး သူ့မျက်နှာကလေးကို ဘာ့ကြောင့်





ခုထက်ထိ မြင်ယောင်နေရသလဲဆိုတော့ အဲဒီ "မော်" ဆိုတဲ့ ဗီယက်နမ်မလေးဟာ ကျွန်တော့်မျက်စိအောက်မှာတင် ရက်ရက်စက်စက် မုဒိမ်းအကျင့်ခံရပြီး အသတ်ခံလိုက်ရရှာလို့ပါပဲ။

အဲဒီ ဗီယက်နမ်မလေးကို နှမချင်း မစာနာဘဲ ရက်ရက်စက်စက် မုဒိမ်းကျင့်ပြီး သတ်ပစ်လိုက်ကြတဲ့ လူတွေဟာလည်း တခြားလူတွေ မဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူ ပါလာတဲ့ ကျွန်တော်တို့ ကင်းတပ်ဖွဲ့က အမေရိကန်စစ်သားလေးယောက်ပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ရင်တထိတ်ထိတ် စိတ်တထင့်ထင့်

အော် ... ဟုတ်ပါရဲ့၊ စကားပြောကောင်းကောင်းနဲ့ ပြောနေလိုက်တာ၊ ကဲ ... ကော်ဖီပူပူလေး သုံးဆောင်လိုက်ပါဦး၊ တော်တော်ကြာ အေးကုန်တော့ သောက်မကောင်းဘဲ နေဦးမယ်၊ မုန့်လည်း စားပါ၊ အားမနာပါနဲ့ (အချစ်လာလေ ဒီမှာ ထိုင်) ကဲ ပြောလက်စ စကားကိုဖြတ်ပြီး ခင်ဗျားကို ကျွန်တော့်ဇနီးနဲ့ မိတ်ဆက်ပေးရဦးမယ်။

ဟောဒါက ကျွန်တော် စောစောကပြောတဲ့ ကျွန်တော့်ဇနီး ကာစတင်ပါပဲ၊ (အချစ်...ဟောဒီမှာ သူကတော့ တစ်နေ့က မောင်ပြောထားတဲ့ နယူးယော့ခ်ကား သတင်းစာတိုက်က အယ်ဒီတာအဖွဲ့ဝင် ဒင်နီယယ်လန်း ဆိုတာလေ၊ သတင်းစာဆရာ စာရေးဆရာတစ်ယောက်ပေါ့၊ အချစ်ကို မောင် ခဏခဏ ပြောပြနေတဲ့ ဗီယက်နမ်မလေး "မော်" ရဲ့ အမှုနဲ့ပတ်သက်ပြီး သတင်းဆောင်းပါးတစ်စောင် ပြည့်ပြည့်စုံစုံ ရေးချင်လို့ မောင်နဲ့လာတွေ့တာလေ)

ခင်ဗျားကို တလက်စထဲ ပြောလိုက်ရဦးမယ်၊ ကျွန်တော့်ဇနီးက အခု အာမခံကုမ္ပဏီမှာ အလုပ်လုပ်ပါတယ်၊ အသက်ကတော့ ၂၃ နှစ် ရှိပါပြီ။ ကျွန်တော့်ထက် တစ်နှစ်ပဲ ငယ်ပါတယ်။ သူက ပန်းချီလည်း ဝါသနာပါတယ် ခင်ဗျ၊ တနင်္ဂနွေရုံးပိတ်ရက် အားလပ်ရက်တွေမှာ အပြင်ကို "အောက်ဒိုး" ထွက် ထွက်ပြီး ပန်းချီဆွဲတတ်ပါတယ်၊ အခု ခင်ဗျားမြင်ရတဲ့ ဒီအခန်းထဲက ပန်းချီကားတွေဟာ သူ့လက်ရာတွေပေါ့။





ကျွန်တော်တို့ အိမ်ထောင်ကျတာ လေးနှစ်ကျော်ကျော် ရှိပြီဆိုပါတော့။ ဒါပေမယ့် အခုထက်ထိ သားသမီးတော့ တစ်ယောက်မှ မရသေးဘူး ခင်ဗျ၊ စောစောက ကျွန်တော်ပြောခဲ့တဲ့အတိုင်း ကျွန်တော်တို့ရဲ့ နှစ်ဖက်စလုံးက အဘိုးအဘွားတွေဟာ ဥရောပတိုက် အမေရိကန်ပြည်ထောင်စုကို တစ်ပြိုင်နက်ထဲ အတူတူ ပြောင်းရွှေ့လာခဲ့ကြတာပါ။ ဒီရောက်တော့လည်း အခု မင်နီဆိုတာပြည်နယ်မှာ ဘိုးဘွားမိဘတွေ လက်ထက်အထိ ကျွန်တော်တို့နဲ့ သူတို့အိမ်ထောင်စုတွေဟာ ထဲဝင် ပြင်ထွက် ဆိုသလို ရင်းရင်းနှီးနှီး နေလာခဲ့ကြတာပါပဲ။

ကျွန်တော်ရော၊ ကျွန်တော့်ဇနီးရော ဒီမင်နီဆိုတာ ပြည်နယ်ကလေးမှာ နေရထိုင်ရတာ ကျေနပ်ပါတယ်၊ စိတ်လည်း ချမ်းသာကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရိကန်ပြည်ထောင်စုမှာ ဒီပြည်နယ်က လူတွေဟာ ဝင့်ဝင့်ဝါဝါရယ်လို့ မရှိကြဘဲ ရိုးရိုးကုပ်ကုပ်နဲ့ အေးအေးနေတတ်ကြလို့ပါပဲ၊ ဒါတော့ ခင်ဗျားလည်း ဒီနယ်က လူတွေအကြောင်း သိပြီးသားမို့ အထူးပြောစရာ မလိုပါဘူး။

တခြားလူ မကြည့်ပါနဲ့၊ အခု ကျွန်တော့်ပဲ ကြည့်လေ၊ ကျွန်တော်ဆိုရင် စစ်ထဲမဝင်မနေရ ဥပဒေကြောင့် အမှုထမ်းခဲ့ရပြီး၊ ၁၉၆၈ ခုနှစ် ဧပြီလမှာ အချိန်စေ့လို့ တပ်ထဲက ထွက်ခွင့်ရခဲ့တယ်။ အခုဆိုရင် ကျွန်တော်ဟာ ကိုယ့်ဇာတိ ပြည်နယ်ကို ပြန်လာပြီး ဒီမင်နီပိုလစ်မြို့ကလေးမှာ အေးအေးဆေးဆေးနဲ့ ဖြစ်သလို လုပ်ကိုင် စားသောက်နေတာပါပဲ။

ကျွန်တော့်အလုပ်က ဒီမြို့က ဇာနပဒေသာတိုက်အတွက် ဗီရိုတွေ ကြောင်အိမ်တွေ လုပ်ပြီး သွင်းနေရတာဆိုတော့ ပုံမှန် လစဉ်ဝင်ငွေရယ်လို့ များများစားစား မဟုတ်ပေမယ့် တစ်လနဲ့တစ်လ ချောင်ချောင်လည်လည် စားနိုင်သောက်နိုင်တော့ ရှိပါတယ်။ အခု ခင်ဗျားမြင်တဲ့အတိုင်းပဲ ဒီလို ဆတ်မိတဲ့ တိုက်ခန်းမျိုးကလေးမှာ အထိုက်အလျောက် တင့်တင့်တယ်တယ် နေနိုင် ထိုင်နိုင်တယ်ဆိုတော့ သိပ်မဆိုးလှဘူးလို့ ဆိုရမှာပေါ့ ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးက အလုပ်အကိုင်ကလေး ရှိပြီး သားသမီးကလည်း မရသေးတော့ ရတဲ့ဝင်ငွေကလေးနဲ့ မပူမပင် မကြောင့်မကျ နေနိုင်ကြတယ်ပဲ ဆိုပါတော့။

ကဲ ... စောစောက ဇာတ်လမ်းကို ပြန်ဆက်ကြဦးစို့။

ကျွန်တော် ဗီယက်နမ်က ပြန်ရောက်ပြီးကတည်းက အဲဒီ ဗီယက်နမ်မလေး "မော်" အကြောင်းနဲ့ ပတ်သက်ပြီး ယောဒီ ကျွန်တော့်မိန်းမကလွဲလို့ ဘယ်သူ့ကိုမှ အသေးစိတ် ပြောမပြဖူးသေးပါဘူး။ ကျွန်တော့်မိန်းမကို ပြောပြတယ်ဆိုတာတောင် အခုလောက် ခရေစေ့တွင်းကျ ပြည့်ပြည့်စုံစုံ ဂဃနဏ မဟုတ်ပါဘူး။ လင်မယားနှစ်ယောက် ဟိုအကြောင်း ဒီအကြောင်း ပြောရင်းက ဗီယက်နမ်စစ်မြေပြင်မှာ ကျွန်တော် ကြုံခဲ့တွေ့ခဲ့ရတဲ့ အကြောင်းတွေ ရောက်သွားရင် အဲဒီဗီယက်နမ်မလေးအကြောင်း ဟိုနားနည်းနည်း၊ ဒီနားနည်းနည်း ထည့်ပြောမိတာပါပဲ။ ဒါပေမယ့် ဗီယက်နမ်အကြောင်း ပြောတိုင်းပြောတိုင်း သူ့အကြောင်းကတော့ အမြဲ ထည့်ပြောမိတာချည်းပါပဲ။ ကျွန်တော့်အနေနဲ့ အဲဒီလို မပြောဘဲလည်း လုံးဝ မနေနိုင်ပါဘူး။ ဒီဗီယက်နမ်မလေးအကြောင်း မပါရင် ဗီယက်နမ်အကြောင်းဟာ မပြည့်စုံဘူးလို့ဘဲ ကျွန်တော့်စိတ်ထဲမှာ တစ်ထစ်ချ ယူဆထားမိပါတယ်။ စောစောက ကျွန်တော်ပြောခဲ့တဲ့ အတိုင်းပါပဲ၊ အဲဒီကောင်မလေးအကြောင်းဟာ ဗီယက်နမ်မှာ ကျွန်တော် ကြုံခဲ့ တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေထဲမှာ စိတ်ထိခိုက်စရာ အကောင်းဆုံးနဲ့ ရင်နာစရာ အကောင်းဆုံးပါပဲ။ အမှန်အတိုင်း ပြောရမယ် ဆိုရင် အဲဒီအဖြစ်အပျက်ဟာ ဗီယက်နမ်မှာတင် မဟုတ်ဘူး။ ကျွန်တော့် ဘဝတစ်လျှောက်လုံး ကြုံခဲ့တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တွေထဲမှာ ဘယ်တော့မှ မေ့ပျောက်လို့မရတဲ့ အဖြစ်အပျက်လို့ ဆိုရမှာပါပဲ။

ကျွန်တော်ဟာ အဲဒီလို ဗီယက်နမ်မလေး "မော်" အကြောင်းကို ခဏခဏ စကားစပ်မိတိုင်း ကျွန်တော့်မိန်းမကို ပြော ပြောပြရင်းနဲ့ ကျွန်တော့်မိန်းမကပါ အဲဒီကောင်မလေးအတွက် စိတ်မကောင်းဖြစ်ပြီး ကျွန်တော့်ကို





ပြောပါတယ်။ 'ဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်ယောက်ယောက်ကို အစက အဆုံးအထိ အပြည့်အစုံ ပြောပြရင် ကောင်းမယ်'တဲ့။ အခုတော့ သူ အကြံပေးတဲ့အတိုင်း မမျှော်လင့်ဘဲ ခင်ဗျားကို ဒီအဖြစ်အပျက်နဲ့ ပတ်သက်ပြီး အပြည့်အစုံ ပြောဖို့ ကြုံလာတော့ သူကလည်း သိပ်ဝမ်းသာနေပါတယ်။

သတင်းစာတွေထဲမှာ ခင်ဗျား ဖတ်ရတဲ့အတိုင်း ဒီဗီယက်နမ်မလေး "မော်" နဲ့ ပတ်သက်ပြီး တရားဥပဒေအရ သက်ဆိုင်ရာ အမေရိကန်စစ်ဌာနချုပ်က အရေးယူဖို့နဲ့ အပြစ်ရှိတဲ့ တရားခံတွေကို ထိုက်သင့်သလို အပြစ်ပေးဖို့ ကျွန်တော် အစွမ်းကုန် ကြိုးစားခဲ့ရပါတယ်။ ဒီအမှုနဲ့ပတ်သက်ပြီး ဗာဂျီနီယာပြည်နယ် အမေရိကန်စစ်ဘက်ဆိုင်ရာ တရားရုံးမှာ စစ်ဆေးတုန်းက အစစ်ခံကြတဲ့ စစ်ချက်တွေအားလုံး ကျွန်တော့်ဆီမှာ ရှိပါတယ်။ အစက အဆုံးအထိ ၇ တွဲတိတိ ကျွန်တော် အားလုံး သိမ်းထားပါတယ်။ အဲဒါ ခင်ဗျား ဖတ်ကြည့်ချင်ရင်လည်း ပြီးတော့ ကျွန်တော် ပေးလိုက်ပါမယ်၊ ဖတ်လည်း ဖတ်ကြည့်စေချင်ပါတယ်။

အဲဒီအမှုစစ်ဆေးတဲ့ အမှုတွဲ မှတ်တမ်းတွေထဲမှာ ကျွန်တော် ကိုယ်တိုင် ဒီအမှုကို စပြီးတိုင်ခဲ့တဲ့ တိုင်ချက်နဲ့ အစစ်ခံချက်တွေ၊ တရားခံအဖြစ်နဲ့ အရေးယူခံခဲ့ရတဲ့ စစ်သားလေးယောက်ရဲ့ ထွက်ချက်တွေ၊ တရားလိုနဲ့ တရားခံဘက်က ဝတ်လုံတွေရဲ့ လျှောက်လဲချက်တွေ၊ တရားခံလေးယောက်ရဲ့ နောက်ကြောင်း ကိုယ်ရေးရာဇဝင် အသေးစိတ်တွေပါ အားလုံး အပြည့်အစုံ မှတ်တမ်းတင်ထားတာ တွေ့ရပါလိမ့်မယ်။ အခု ကျွန်တော်ပြောပြတဲ့ အဖြစ်အပျက်နဲ့ အဲဒီအမှုတွဲမှတ်တမ်းကို ဆက်စပ်ကြည့်လိုက်ရင် ခင်ဗျားအတွက် သတင်းဆောင်းပါးရေးတဲ့ နေရာမှာ ပိုပြီး အထောက်အကူ ရလိမ့်မယ် ထင်ပါတယ်။

ဒီအမှုနဲ့ ပတ်သက်ပြီး အခုလို ဗာဂျီနီယာပြည်နယ်က စစ်ဘက်ဆိုင်ရာ တရားရုံးမှာ မစစ်ဆေးခင် ဗီယက်နမ်မှာကို စစ်ခုံရုံးဖွဲ့ပြီး လေးကြိမ်တိတိ စစ်ဆေးခဲ့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အနေနဲ့တော့ ဒီအမှုနဲ့ ပတ်သက်ပြီး တရားဥပဒေရဲ့ သဘောနဲ့ တရားရုံးတွေရဲ့ လုပ်နည်းလုပ်ဟန်တွေကို တော်တော်လေး အတွေ့အကြုံ ရလိုက်ပါတယ်။ အထူးသဖြင့် အမှုလိုက် ရှေ့နေတွေနဲ့ ဝတ်လုံတွေရဲ့ အလှည့်အပတ် အရှောင်အတိမ်းတွေ၊ နောက်ပြီးတော့ တရားသူကြီးတွေရဲ့ တရားဥပဒေ စကားအသုံးအနှုန်းတွေ၊ ဒီကြားထဲမှာ မေးတဲ့လူကလည်း အမှုနဲ့မဆိုင်တာတွေ မေး၊ ဖြေတဲ့လူကလည်း မဆိုင်တာတွေ ဖြေ၊ ကျွန်တော်ဖြင့် အဲဒါတွေ မြင်ရ တွေ့ရပြီးတော့ တရားဥပဒေဆိုတာ လူက လုပ်တာပါဆိုတဲ့ စကားကို တော်တော် သဘောပေါက်သွားမိတယ်။ ဘယ့်နှယ်ဗျာ သူတို့ဟာက တစ်ယောက်နဲ့တစ်ယောက် ပညာပြပြီး လစ်ရင် လစ်သလို တွယ်တဲ့သဘောတွေ အများကြီးပါနေတာပဲ။

ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ ကျွန်တော့်မျက်စိအောက်မှာတင် မတရား အစော်ကားခံရပြီး သေသွားရှာတဲ့ ဗီယက်နမ်မလေးအတွက် အမှန်တရားဘက်က ရပ်မယ်ဆိုပြီး ရေဆုံးမြေဆုံး လိုက်ခဲ့တာပါပဲ။ သူ့ခမျာ ဘာတစ်ခုမှလည်း အပြစ်မရှိဘဲနဲ့ အကြောင်းမဲ့သက်သက် အစော်ကားခံရ ရှာတယ်၊ အသတ်ခံရရှာတယ် ဆိုပြီး စိတ်ထဲက မခံချင်လွန်းလို့ အမှန်းခံပြီး အမှန်အတိုင်းဖြစ်အောင် ကြိုးစားခဲ့တာပါပဲ။

တချို့က ကျွန်တော့်ကို ပြောကြ မေးကြတယ်။ တချို့ကတင် မဟုတ်ပါဘူးလေ။ တော်တော်များများကပဲ မေးကြပါတယ်။ 'မင်းတို့ တိုက်ကင်းအဖွဲ့ဝင် စစ်သားငါးယောက်ထဲမှာ ကျန်လေးယောက်က တရားခံဖြစ်ပြီး မင်းကတော့ ဘာလို့ တရားခံ မဖြစ်ရတာလဲ၊ ဒီဗီယက်နမ်မလေးကို မုဒိန်းကျင့်ပြီး သတ်ပစ်တဲ့နေရာမှာ လေးယောက်က ကျူးလွန်ပြီး မင်းတစ်ယောက်တည်း ဘာ့ကြောင့် ထူးထူးခြားခြား မပါဘဲ ကျန်နေရတာလဲ' လို့ မေးကြပါတယ်။ ဒီမေးခွန်းဟာ မေးလည်း မေးထိုက်တဲ့ မေးခွန်းတစ်ခုပါပဲ။

ဒါပေမယ့် ဒါနဲ့ပတ်သက်လို့ ကျွန်တော့်ရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ ခံစားချက်တွေကို အမှန်အတိုင်း ပြောပြရင် ယုံချင်မှ ယုံကြမှာပါ။ ကျွန်တော်





ဟာ စောစောက ပြောခဲ့တဲ့အတိုင်း ဒီ ဗီယက်နမ်မလေးကို သူသေသွားတဲ့ အထိ သူ့နာမည်ကိုလည်း လုံးဝ မသိလိုက်ရ၊ သူနဲ့လည်း စကားတစ်လုံးမှ မပြောလိုက်ရပေမယ့် သူနဲ့ ကျွန်တော်နဲ့ တစ်ရက်ကျော်ကျော် တွေ့လိုက် မြင်လိုက်ရတဲ့ အချိန်ကလေးအတွင်းမှာ သူနဲ့ပတ်သက်ပြီး စိတ်ထဲမှာ ထူးထူးခြားခြား ဖြစ်ခဲ့ရပါတယ်။ အထူးသဖြင့် ကျွန်တော့် မျက်စိအောက်မှာတင် အသေဆိုးနဲ့ သေသွားရှာတဲ့အတွက် သူ့ကို သနားလို့ မဆုံးအောင် ဖြစ်မိပါတယ်။ သူ့အတွက်နဲ့ စိတ်ထဲမှာ အကြီးအကျယ် ယူကြုံးမရ ဖြစ်မိပါတယ်။ ဒါကြောင့်မို့လည်းပဲ ကျွန်တော်ဟာ ဒီအကြောင်းကို စိတ်ထဲမှာ ကြာကြာ မြှုသိပ်ထားလို့ မရတော့ဘဲ အပြစ်ရှိတဲ့သူကို အပြစ်ရှိသလို အရေးယူဖို့ သက်ဆိုင်ရာကို တိုင်ခဲ့ရတာပါ။

အခုလို ကျွန်တော်က ဖော်ကောင်လုပ်လိုက်တဲ့အတွက် ကျွန်တော်နဲ့ အတူ ပါလာတဲ့ တိုက်ကင်းအဖွဲ့ဝင် လေးယောက်ဟာ ဘယ်လိုအပြစ်မျိုး အထိ အပေးခံရနိုင်တယ်ဆိုတာ ကျွန်တော် အစဦးကတည်းက စဉ်းစားမိ ပါတယ်။ ပြီးတော့ ဒီစစ်သားလေးယောက်စလုံးဟာ ကျွန်တော်နဲ့ တစ်တပ်ထဲ၊ တစ်ဖွဲ့ထဲ၊ အသက်အရွယ်ချင်းကလည်း မတိမ်းမယိမ်း ရှိနေကြတဲ့ အပြင် ကျွန်တော်အပါအဝင် ကျွန်တော်တို့ ငါးယောက်စလုံးဟာ အင်မတန် ကြောက်စရာကောင်းတဲ့ စစ်မြေပြင်မှာ တစ်ယောက်နဲ့တစ်ယောက် အသက် ပေးပြီး တိုက်ပွဲဝင်နေကြရတဲ့ ရဲဘော်တွေဆိုတာလည်း ကျွန်တော် သိပါ တယ်။

အဲဒီလို တစ်ယောက်အသက်ကို တစ်ယောက်လက်ထဲ အပ်ထားပြီး ရန်သူ့နယ်မြေထဲမှာ သေအတူ ရှင်မကွာဆိုသလို လက်တွဲလာကြတဲ့ ဘဝတူ ရဲဘော်အချင်းချင်းအပေါ်မှာ ကျွန်တော်က ဘာ့ကြောင့် ဒီအမှုကို ဖော်ကောင် လုပ်လိုက်ရသလဲဆိုတာတော့ တခြားလူတွေအနေနဲ့ ရုတ်တရက် စဉ်းစားလို့ ရချင်မှ ရပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ကတော့ ဒီကိစ္စဟာ ရှင်းနေပါတယ်။ တစ်ဖက်သားကို ရန်မူဖို့ဆိုတာတော့ ထားလိုက်ဦး၊ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ ကာကွယ်ဖို့တောင် ဘာလက်နက်မှမပါတဲ့ အင်မတန် အားနွဲ့တဲ့ မိန်းကလေးတစ်ယောက်ကို မောင်းပြန်လက်နက်တွေ အပြည့်အစုံ ကိုင်ထားကြတဲ့ စစ်သားလေးယောက်က နှမချင်း မစာနာဘဲ ထင်သလို အနိုင်ကျင့် စော်ကားကြပြီး နောက်ဆုံး ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတာကို မျက်စိအောက်မှာ မြင်ခဲ့ရတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်တော့်ရင်ထဲမှာ ဘယ်လို ခံစားရမယ်ဆိုတာ ခင်ဗျား စဉ်းစားကြည့်စမ်းပါ။

တစ်ခုတော့ ရှိတယ်ပေါ့ဗျာ။ ကျွန်တော်ဟာ နှလုံးသားမရှိတဲ့လူ၊ ဒါမှမဟုတ် ကျွန်တော့်နှလုံးသားဟာ ကျောက်တုံးကျောက်ခဲလို မာကျောနေတယ် ဆိုရင်တော့၊ ကျွန်တော် မြင်ရ တွေ့ရတဲ့ အဖြစ်အပျက်တွေဟာ ဘယ်လိုမှ ကျွန်တော့်စိတ်ကို ထိခိုက်စရာ မဖြစ်နိုင်ဘူးပေါ့။

ဒါပေမယ့် ကျွန်တော်ဟာ နှလုံးသားရှိသူတစ်ယောက်၊ ကျွန်တော့် နှလုံးသားကလည်း လူသားအချင်းချင်းအပေါ်မှာ ရှိသင့် ရှိအပ်တဲ့၊ ထားသင့် ထားအပ်တဲ့ အကြင်နာတရားတို့ မေတ္တာတရားတို့၊ ကရုဏာတရားတို့ ဆိုတဲ့ ဟာတွေ ရှိနေလေတော့ ကျွန်တော့်မျက်စိ ရှေ့မှောက်မှာတင် ဖြစ်နေတဲ့ အဖြစ်တွေကို ကျွန်တော် ဘယ်လိုလုပ်ပြီး ဥပေက္ခာပြုနိုင်မှာလဲဗျာ၊ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး။

ဒီစစ်သားလေးယောက်ဟာ ကျွန်တော်နဲ့သေလည်း အတူတူ၊ ရှင်လည်း အတူတူဆိုပြီး တစ်ယောက်နဲ့တစ်ယောက် အသက်ချင်း အပ်ထားကြရတဲ့ ဘဝတူ ရဲဘော်ရဲဘက်တွေဆိုတာ မှန်ပါတယ်။ ဒါပေမယ် ဒါတစ်ခုတည်းကိုပဲ ကွက်ကြည့်ပြီး ကျွန်တော့်ရှေ့မှာ ဒီလေးယောက်က မတရား သဖြင့် နိုင်ထက်စီးနင်း လုပ်ချင်တိုင်း လုပ်ခဲ့ကြတာကို ကျွန်တော်က ဥပေက္ခာ ပြုထားလို့ ကောင်းမတဲ့လား။ ဖုံးဖိထားလို့ကော ကောင်းပါ့မလား။

တခြားလူအဖို့တော့ မပြောတတ်ဘူးပေါ့ဗျာ၊ ကျွန်တော့်အဖို့ ရာမှာတော့ လူပျော့လူညံ့လို့ပဲ ဆိုချင် ဆို၊ ရဲဘော်အချင်းချင်း အပေါ်မှာ သစ္စာဖောက်တယ်လို့ပဲ ပြောချင် ပြော၊ ဒီကိစ္စမှာတော့ ကျွန်တော်





ရေငုံနှုတ်ပိတ် သဘောမျိုးနဲ့ လုံးဝ မြိုသိပ်ထားလို့ကို မရဘူး။ ဒီကိစ္စကို သက်ဆိုင်ရာ အထက်အရာရှိကြီးတွေဆီ သတင်းမပို့ရခင်ကဆိုရင် ကျွန်တော့် ခေါင်းပေါ်မှာ ရောမကြီးမားတဲ့ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းထားရ၊ ရွက်ထားရသလို၊ ကျွန်တော့်ရင်ထဲမှာလည်း အလုံးကြီးတစ်လုံးကို မြိုထားရ သလို နေလို့ ထိုင်လို့ကို မရဘူး။ သွားရာ၊ လာရာ၊ စားရာ၊ သောက်ရာမှာရော နောက်ဆုံး အိပ်ရာထဲ ရောက်တာတောင် မအိပ်ခင် ဒီအကြောင်းကို တစိမ့်စိမ့် တွေးနေမိပြီး အိပ်မရတဲ့ညတွေ တော်တော် များခဲ့ရတယ်။ အိပ်ပျော်ပြန် တော့လည်း ထမင်းလုံးတစ္ဆေ ခြောက်သလို၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အိပ်မက်တွေ ကယောင်ချောက်ချား မက်ခဲ့ရတာလဲ ခဏခဏပါပဲ။

အမှန်ပြောရရင် ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော်ဟာ ဖော်ကောင် တစ်ယောက်အဖြစ် သက်ဆိုင်ရာကို အခုလို ဖွင့်ချခဲ့တာဟာ ဘဝတူ ရဲဘော် ရဲဘက်တွေအပေါ် သစ္စာဖောက်ရာများ ရောက်နေသလား၊ ဒါမှမဟုတ် ချောက်တွန်းရာ ကျနေမလားလို့ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ပြန်ပြီး သံသယဖြစ်မိတာတော့ အမှန်ပါပဲ။ ဒီသံသယဟာ ဒီနေ့အထိ မကုန်သေးဘူး ဆိုတာလည်း ကျွန်တော် ဝန်ခံပါတယ်။

ဒါပေမယ့် တစ်ဖက်က စဉ်းစားကြည့်လိုက်ပြန်တော့ ဘာတစ်ခုမှ လုံးဝ အပြစ်မရှိဘဲ မတရား အစော်ကားခံရပြီး မရှုမလှနဲ့ လူ့ဘဝကို စွန့်လွှတ်သွားရရှာတဲ့ ဗီယက်နမ်မလေး "မော်" နဲ့ပတ်သက်လို့ ကျွန်တော် ဟာ ကြင်နာသနားတတ်တဲ့ လူတစ်ယောက်အနေနဲ့ရော၊ အမှန်တရားကို လိုလားတဲ့ လူတစ်ယောက်အနေနဲ့ရော၊ အခုလို အဖြစ်မှန်ကို ဖော်ထုတ် လိုက်ရတာဟာ ကျွန်တော့်အတွက်တော့ လူ့ဘဝမှာ အရေးအကြီးဆုံး တာဝန်ကြီးတစ်ခုကို ဆောင်ရွက်လိုက်ရတာပဲ ဆိုပြီး ကိုယ့်ကိုယ်ကို အားရ ကျေနပ်လို့ မဆုံးပါဘူး။

ဒီနေရာမှာ တစ်ခုတော့ ရှိပါတယ်။ ဒီအမှုဟာ ကျွန်တော့်အတွက် ရောမတိုက်ပွဲကြီး၊ ရောမ လုပ်ဆောင်ချက်ကြီးလို့ ကိုယ့်ကိုယ်ကို ယူဆထား



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သက်ဆိုင်ရာ တရားရုံးနဲ့ သက်ဆိုင်ရာ အထက်လူကြီးတွေ အာဏာပိုင်တွေအတွက်ကတော့ သာမန် အသေးအဖွဲ့တစ်ခုလိုပဲ သဘောထားခဲ့ကြတာ ကျွန်တော် တွေ့ခဲ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ ပထမတော့ ကျွန်တော်ဟာ တော်တော်လေး မကျေမနပ် ဖြစ်မိပါတယ်။

ဒါပေမယ့် သေသေချာချာ ခေါင်းအေးအေးထားပြီး စဉ်းစားကြည့်တော့ သူတို့ ဒီလို သဘောထားကြတာဟာ သိပ်မဆန်းဘူးဆိုတာ ကျွန်တော်တွေ့လာရပါတယ်။ တစ်ခါတစ်ခါ ကျွန်တော်ကိုယ်တိုင်တောင်မှ "ငါ ဘာဖြစ်လို့ သူတို့လို သဘောမထားနိုင်ရသလဲ" လို့ ကိုယ့်ကိုယ်ကို ပြန်မေးခွန်းထုတ်မိပါတယ်။

ဒီအမှုကို သူတို့အနေနဲ့ သာမန် ခပ်ပေါ့ပေါ့ပဲ သဘောထားကြမယ်ဆိုရင်လည်း ထားလောက်စရာပါပဲ။ ဘာဖြစ်လို့ဆိုတော့ ဗီယက်နမ်စစ်မြေပြင်မှာ အလားတူ ဒီလိုအဖြစ်အပျက်ဆိုးတွေဟာ မရေမတွက်နိုင်လောက်အောင် ရှိနေလို့ပါပဲ။ တစ်နည်းမဟုတ် တစ်နည်း၊ တစ်နေရာမဟုတ် တစ်နေရာ၊ တောင်ဗီယက်နမ်မှာ အခုလို ရင်နာစရာကောင်းတဲ့ အဖြစ်အပျက်တွေ နေ့စဉ် နေ့တိုင်းလိုလို ဖြစ်ပျက်နေကြတာပါပဲ။ စစ်မြေပြင်မှာ အမြောက်ဆန်၊ ကျည်ဆန်တွေ နေ့စဉ်နဲ့အမျှ ကျရောက် ပေါက်ကွဲနေကြသလို ဗီယက်နမ်မလေး "မော်" လို ဘာအပြစ်မှမရှိဘဲ အကြောင်းမဲ့သက်သက် အနှိပ်စက်ခံ၊ အစော်ကားခံ၊ အသတ်ခံနေကြရှာတဲ့ အရပ်သူ အရပ်သားတွေဟာ ဒုနဲ့ဒေးပါပဲ။

တောင်ဗီယက်နမ်မှာ ကျွန်တော်တို့ အမေရိကန် စစ်သားတွေက အရပ်သူ အရပ်သားတွေကို ထိုးတာ ကြိတ်တာတို့ စစ်ခါးပတ်နဲ့ ချတ်ရိုက်တာတို့၊ စစ်ဖိနပ်နဲ့ ကန်တာတို့ဆိုတာတွေဟာ ရိုးနေပါပြီ၊ မဆန်းတော့ပါဘူး။ ဒီလို အရပ်သားတွေအပေါ်မှာ အမေရိကန်စစ်သားတွေက ရိုက်နှက်ကန်ကျောက်နိုင်အောင်လည်း စစ်ဥပဒေတို့ စစ်အမိန့်တို့က ခွင့်ပြုထားသလို ဖြစ်နေပါတယ်။ ကျွန်တော် တောင်ဗီယက်နမ်ကို ရောက်ခါစကဆိုရင်





ည ၇ နာရီကျော်ရင် "ကာဖြူး" ဆိုတဲ့ ညမထွက်ရ အမိန့်ထုတ်ထားတာနဲ့ တိုးနေတော့ မြို့စောင့်တာဝန်ကျနေတဲ့ ကျွန်တော်တို့တပ်ဟာ ည ၇ နာရီကျော်တာနဲ့ လမ်းပေါ်မှာ မဲမဲမြင်သမျှ ဘယ်သူ့ကိုမဆို ပစ်သတ်နိုင်တဲ့ "အခွင့်အရေး" ရထားခဲ့ပါတယ်။

အဲဒီ "ညမထွက်ရ၊ ထွက်ရင် ပစ်သတ်" ဆိုတဲ့ အမိန့်ဟာ စစ်မိန့် စစ်ဥပဒေဆိုပေမယ့် ဒီအမိန့်ကို လက်တွေ့ကျင့်သုံးတဲ့ ကျွန်တော်တို့ အမေရိကန် စစ်သားတွေအပေါ်မှာ အများကြီးတည်ပါတယ်။ ဥပမာ ဆိုပါတော့၊ ညမထွက်ရ အမိန့်ထုတ်ထားတဲ့အချိန်မှာ ဗီယက်နမ် အရပ်သားတစ်ယောက်ဟာ သူ့အိမ်ကို အချိန်မီ ည ၇ နာရီမထိုးခင်ရောက်အောင် ပြန်လာပေမယ့် အကြောင်းတစ်ခုခုကြောင့် ဘတ်စ်ကားတို့ တက္ကစီကားတို့ ဆိုက်ကားတို့ မရလို့ သုတ်သီးသုတ်ပျာ ပြန်လာရင်းနဲ့ သူ့အိမ်မရောက်ခင် လမ်းထိပ်မှာပဲ ၇ နာရီ ထိုးပြီးလို့ နှစ်မိနစ် သုံးမိနစ် လွန်နေပြီဆိုပါတော့။ အဲဒီအခါမျိုးမှာ အဲဒီလမ်းထိပ်က တာဝန်ကျနေတဲ့ အမေရိကန်စစ်သားဟာ ဒီလူကို ရပ်နိုင်းပြီး အကျိုးအကြောင်း မေးမြန်းကြည့်လို့ ဒီလူဟာ လူရိုးလူကောင်းတစ်ယောက်ပါဆိုတာ သိရရင် နောက်ကို ဒီလိုမဖြစ်ဖို့ သတိပေးပြီး ခပ်လှမ်းလှမ်းမှာရှိတဲ့ သူ့အိမ်ကို ပြန်ခွင့်ပြုလိုက်ရင်လည်း ဖြစ်တာပါပဲ။ ဒါမှမဟုတ်လို့ ဒီလူကို ဘာတစ်ခွန်းမှ မေးမနေတော့ဘဲ ၇ နာရီထိုးပြီးလို့ နှစ်မိနစ် သုံးမိနစ် ကျော်နေပြီဆိုပြီး တစ်ခါတည်း ဒိုင်းကနဲ ပစ်သတ်လိုက်ရင်လည်း ဖြစ်တာပါပဲ။ ဒီလို ပစ်သတ်ခဲ့ကြလို့ သေခဲ့ရတဲ့ လူရိုးလူကောင်း ဗီယက်နမ် အရပ်သားတွေလည်း အများကြီး ရှိခဲ့တာပါပဲ။

အဲဒီတော့ အထက်က ထုတ်ပြန်လိုက်တဲ့ ကာဖြူးတို့ မာရှယ်လောတို့ ဆိုတဲ့ စစ်အမိန့်တွေ စစ်ဥပဒေတွေဟာ လက်တွေ့ လိုက်နာကျင့်သုံးရတဲ့ ကျွန်တော်တို့လို စစ်သားတွေအပေါ်မှာ အများကြီးတည်ပါတယ်။

နောက် ဒီ့ထက်ဆိုးတဲ့ အမိန့်တစ်ခု ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ လမ်းပေါ်မှာ ရိုးရိုးတန်းတန်း လမ်းလျှောက်မသွားဘဲ မသင်္ကာစရာ



www.burmeseclassic.com

www.burmeseclassic.com



သုတ်သီးသုတ်ပျာ ပြေးသွားတဲ့ ဗီယက်နမ် အရပ်သားမှန်သမျှကို ပစ်သတ်စေဆိုတဲ့ အမိန့်ပါပဲ။ အဲဒီအမိန့်မျိုးကျတော့ ဗီယက်နမ်လူမျိုးတွေရဲ့ အသက်ကို ကျွန်တော်တို့ အမေရိကန်စစ်သားတွေ လက်ထဲ ဝကွက်အပ်လိုက်တာနဲ့ အတူတူပါပဲ။ ကျွန်တော်တို့ အမေရိကန်စစ်သားတွေ သွေးဆာရင် ဆာနေသလောက် ကျွန်တော်တို့မျက်စိအောက် ရောက်လာတဲ့ ဗီယက်နမ်လူမျိုးတွေဟာ ကျားရှေ့ မှောက်ရက်လဲသလို သေဖို့သာ ပြင်ပေတော့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပါဗျာ။ လူတစ်ယောက်ဟာ ကိုယ်ရေးကိုယ်တာ အရေးကြီးတဲ့ ကိစ္စတစ်ခုခုနဲ့ သွားရ လာရတဲ့အခါ ရိုးရိုးလမ်းလျှောက်တာထက် နည်းနည်းတော့ ခပ်မြန်မြန် ခပ်သုတ်သုတ်ကလေး သွားတတ် လာတတ်ကြတယ် မဟုတ်လား။ အဲဒီအခါမျိုးမှာ ဒီလူဟာ လမ်းလျှောက်တာ မဟုတ်ဘူး၊ ပြေးသွားနေတာပဲ ဆိုပြီး လက်တည့်စမ်းချင်တဲ့ စစ်သားနဲ့တွေ့ရင် တစ်ခါတည်း ကိစ္စချောတာပဲ။

တစ်ခါကလည်း ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခု ရှိသေးတယ်။ တစ်နေ့တော့ ကျွန်တော်အပါအဝင် ကျွန်တော်တို့တပ်စုဟာ တစ်နေရာကို ကားနဲ့သွားရင်း လမ်းမှာ မိုင်းဗုံးထိပြီး ဝိုင်းအပစ်ခံရတယ်။ မမျှော်လင့်ဘဲ ရုတ်တရက် အငိုက်မိခံလိုက်ရတာဆိုတော့ ကျွန်တော်တို့ဘက်က အလူးအလဲ ခံလိုက်ရတာပေါ့။ အားလုံး ကျွန်တော်တို့ဘက်က တပ်စုတစ်ဝက်ယောက်ဟာ သေတဲ့လူ သေ ဒဏ်ရာရတဲ့လူ ရနဲ့ အတုံးအရုံး ဖြစ်ကုန်ကြတယ်။ ဗီယက်ကောင်ပျောက်ကြားတွေကတော့ ထုံးစံအတိုင်း ပစ်ပြီး ပြေးကြတာပါပဲ၊ အစအနတောင် မမြင်လိုက်ရဘူး။ ဒါပေမယ့် ကျွန်တော်တပ်သားတွေဟာ အလစ်ခံလိုက်ရပြီး တော်တော်လေး အထိနာသွားတော့ ဒေါပွပွနဲ့ အနီးအနားမှာရှိတဲ့ ရွာက လူတွေကို ယောကျ်ားတွေရော မိန်းမတွေပါ အကုန်ဖမ်းပြီး ရက်ရက်စက်စက် နှိပ်စက်ကြတာပါပဲ။ ဒီကြားထဲက လက်စားချေတဲ့သဘောနဲ့ ရွာသားနှစ်ယောက်ကို ဖမ်းထားတဲ့လူတွေ အားလုံး ရှေ့မှာတင် ပစ်သတ်လိုက်ကြတယ်။ နောက်ကို “ဒီလိုဖြစ်ရင်





မင်းတို့ ဒီလို ခံရမယ်” ဆိုတဲ့ သဘောပေါ့။ ဒါတောင် အဲဒီတုန်းက အဲဒီလို အငိုက်မှာ အလူးအလဲ ခံလိုက်ရတာကို အကြီးအကျယ် ဒေါပွပြီး မကျေနိုင်မချမ်းနိုင်ဖြစ်နေတဲ့ တပ်ကြပ်ကြီးတစ်ယောက်က နောက်ထပ် ရွာသားတစ်ယောက်ကို လည်ပင်းကြိုးကွင်းစွပ်ပြီး သတ်မလို့ လုပ်သေးတယ်။ နောက်မှ တပ်စုမှူးက နည်းနည်း သနားတတ်ဟန် တူပါတယ်။ သူ ဝင်ကာယ်လိုက်တာနဲ့ အဲဒီရွာသားလည်း အသက်ချမ်းသာ သွားခဲ့တာပါပဲ။

“ကြွက်မနိုင် ကျီမီးနဲ့ရှို့” ဆိုတာမျိုးလို ဗီယက်ကောင်းတွေကို မနိုင်တိုင်း အဲဒီလို အပြစ်မရှိတဲ့ ရွာသားတွေကို ဖမ်း ဖမ်းပြီး နှိပ်စက်တာတို့၊ သတ်ပစ်တာတို့ ဆိုတာမျိုးကတော့ ရိုးနေပါပြီ။ အထူးသဖြင့် ခုနက ကျွန်တော် ပြောခဲ့တဲ့ လမ်းခုလတ်မှာ မိုင်းဗုံးမိပြီး ချုံခိုအတိုက်ခံရတာမျိုးကျရင် ပိုပြီးဆိုးတာပေါ့။ အဲဒီအခါမျိုးကျရင် ကျွန်တော်တို့ အမေရိကန်စစ်သားတွေဟာ လူစိတ်ပျောက်ပြီး ဘီလူးစိတ်ပေါက်လာသလား အောက်မေ့ရတယ်။ တစ်ခါတစ်ခါများ တပ်မှူးကလည်း စိတ်ဆိုးဆိုး တပ်သားတွေကလည်း ခပ်ရမ်းရမ်း ဆိုတာမျိုးနဲ့တွေ့ရင် ရွာလုံးကျွတ် မီးရှို့ခံရတာတို့၊ ရွာလုံးကျွတ် အသတ်ခံရတာတို့တောင် ဖြစ်တတ်ပါတယ်ဗျာ။

ခက်တာက ကျွန်တော်တို့ အမေရိကန်စစ်သားတွေမှာ ဗီယက်နမ်တွေနဲ့ ပတ်သက်ပြီး ဘယ်သူက ရန်သူ၊ ဘယ်သူက မိတ်ဆွေဆိုတာ လုံးဝ ခွဲခြားလို့မရတာ အဆိုးဆုံးပဲဗျ။ အထူးသဖြင့် မြို့ကြီးပြကြီးတွေထက် ကျေးလက်တောရွာတွေမှာဆိုရင် ဗီယက်နမ်တွေကို ရန်သူလား မိတ်ဆွေလား ဆိုတာ ခွဲခြားဖို့ သာပြီး ခက်သေးတယ်။ နေ့စဉ်နေ့တိုင်းလိုလို ရန်သူ ဗီယက်ကောင်း ပြောက်ကျားတွေ ဝင်ထွက် သွားလာ လှုပ်ရှားတတ်တဲ့ နယ်မြေတစ်ပိုက်ကို ကင်းလှည့်နေကြရတော့ ဘယ်ရွာဟာ ဗီယက်ကောင်း ဘက်တော်သားလဲ၊ ဘယ်ရွာက ကျွန်တော်တို့ ဘက်တော်သားလဲ ဆိုတာ ဘယ်လိုမှ မသိနိုင်ဘူး။

ဥပမာ ကျွန်တော်တို့ဟာ အဲဒီရန်သူတွေ ဝင်ထွက် သွားလာ လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ကျေးရွာတွေကို ကင်းလှည့်သွားရင်း ရွာတစ်ရွာကို ရောက်သွားတယ် ဆိုပါတော့။ ရွာထဲကို ရောက်သွားတယ်ဆိုရင်ပဲ သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေက ဖော်ဖော်ရွှေရွှေနဲ့ ဆီးကြို ဧည့်ခံကြသလို ရွာထဲက ကလေးတွေကလည်း ကျွန်တော်တို့နောက် တစ်ကောက်ကောက်နဲ့ စုပြုံပြီး လိုက်လာကြတာပါပဲ။ ကျွန်တော်တို့လည်း ထုံးစံအတိုင်း ရွာသူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေကို ရန်သူ့အခြေအနေ သတင်းလေး ဘာလေးမေး၊ ခဏတဖြုတ်နားပြီး ပြန်ထွက်လာကြတယ်။ အထွက်မှာ ရွာအပြင်ဘက်အထိ တရုန်းရုန်းနဲ့ လိုက်လာကြတဲ့ ကလေးတွေကို ထုံးစံအတိုင်း ကျွန်တော်တို့မှာ ပါလာကြတဲ့ သကြားလုံးတို့၊ ချော့ကလက်တို့ ပေးပစ်ခဲ့ကြတယ်။ ဒါနဲ့ ကလေးတွေလည်း ဝမ်းသာ အားရနဲ့ ခုန်ပေါက် အော်ဟစ်ပြီး ပြန်သွားကြလို့ ကျွန်တော်တို့လည်း ခရီးဆက်လာရင်းက ရွာနဲ့ လေးငါးခြောက်ဖာလုံသာသာ မိုင်ဝက်လောက်လည်းရောက်ရော တောစပ် ချုံကြိုချုံကြားက ဗီယက်ကောင်းတွေရဲ့ အလစ်အုပ်တာ ခံလိုက်ရတာပါပဲ။ အဲ...အဲဒီအခါကျတော့ သေတဲ့လူနဲ့ ဒဏ်ရာရတဲ့လူနဲ့ အတုံးအရုံး ဖြစ်ကုန်ပြန်တာပဲ။

အဲဒီအခါမျိုးကျတော့ ထုံးစံအတိုင်း ကျွန်တော်တို့ အမေရိကန်စစ်သားတွေဟာ တရှူးရှူး တရားရှားနဲ့ ဒေါပွကြတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ကျွန်တော်တို့ ခဏဝင်ခဲ့ကြတဲ့ ရွာက သူကြီးနဲ့ ဆယ်အိမ်ခေါင်းတွေဟာ အနုရက်ပိုင်းအတွင်း ရန်သူလှုပ်ရှားမှု လုံးဝမရှိပါဘူး။ သူတို့ရွာကိုလည်း အဝင်အထွက် မရှိပါဘူးလို့ ပြောလိုက်ကြပြီး ရွာနဲ့ မိုင်ဝက်လောက်လည်းရောက်ရော အခုလို အလစ်ဝင် အအုပ်ခံရတယ်ဆိုတော့ ကေန္တ ဒီရွာက သူကြီးရော ဆယ်အိမ်ခေါင်းရော ရွာသားတွေရောဟာ ဗီယက်ကောင်းနဲ့ ပေါင်းပြီး သူ့လူ ကိုယ့်ဘက်သား လုပ်နေတယ်၊ ရန်သူကို လက်ထောက်ချတယ်ဆိုပြီး အကြီးအကျယ် ဒေါပွကြတာပဲ။

အဲဒီလို တစ်ခါက နှစ်ခါဆိုတာလို ခံရပါများတဲ့အခါကျတော့ ကျွန်တော်တို့ အမေရိကန် စစ်သားတွေဟာ ဒေါသကို မထိန်းနိုင်တော့ဘဲ





အစွမ်းကုန် ပေါက်ကွဲကုန်ကြတာပါပဲ။ ဒီဗီယက်နမ်ဆိုတဲ့ အကောင်တွေဟာ သက်သက် ဒို့ကို အရူးလုပ်တာပဲ၊ တပတ်ရိုက်နေကြတာပဲ။ သူတို့အတွက် တို့ဟာ သားပစ်မယားပစ် တိုင်းပစ်ပြည်ပစ်နဲ့ အဆင်းရဲခံ ဒုက္ခခံ အသေခံပြီး လာတိုက်ပေးနေပါရက်နဲ့ တို့ကို ရန်သူလို သဘောထားတယ်၊ သူတို့အစိုးရနဲ့ သူတို့တိုင်းပြည်ကို တို့အစိုးရနဲ့ တို့တိုင်းပြည်က ပေးကမ်းထောက်ပံ့ထားပါရက်နဲ့ တို့အပေါ်မှာ ကျေးဇူးတင်ရကောင်းမှန်း မသိဘူး။ ဒါလောက် သစ္စာမဲ့ပြီး ကျေးဇူးလည်း မသိတတ် ညစ်ညစ်ပတ်ပတ်နဲ့ အောက်ကျနောက်ကျ နိုင်လှတဲ့ ဗီယက်နမ်ကောင်တွေအတွက် တို့တစ်တွေ အသေခံရတာ နာလှတယ်ကွာ ဆိုပြီး ဖြစ်ကုန်ကြတာပါပဲ။

ဒီလိုနဲ့ "ဗီယက်နမ်ကောင်တွေအတွက် တို့အသေခံလို့ ဘာမှ အကျိုးမရှိဘူး" ဆိုတဲ့ အတွေးဟာ တဖြည်းဖြည်းနဲ့ တစ်စတစ်စ တစ်ဖက်စွန်းရောက် ရောက်သွားတာ တွေ့ရပါတယ်။ ရောက်သွားပုံ ရောက်သွားနည်းက တချို့ စစ်သားတွေမှာ "ဗီယက်နမ်တွေအတွက် တို့တော့ အသေမခံနိုင်ဘူး၊ အသတ်လည်း မခံနိုင်ဘူး။ အဲဒီတော့ သူတို့ကို တို့က ဦးအောင်သတ်မှ" ဆိုတဲ့ အယူ အဆတွေ ဖောက်ဖောက်ပြန်ပြန် ဝင်လာတာပါပဲ။

နောက် တစ်ချိန်ထဲမှာပဲ ဗီယက်ကောင်း ပြောက်ကျားတွေ လက်ချက်နဲ့ ကိုယ့်ရဲဘော်တွေ နေ့စဉ်နှင့်အမျှ နာရီနဲ့အမျှ ကိုယ့်မျက်စိအောက်မှာတင် နေ့မြင် ညပျောက် ဆိုတာလို တစ်ယောက်ချင်းရော အစုလိုက်အပြုံလိုက်ရော အတုံးအရုံး သေကုန်ကြတာ မြင်မြင်နေရတော့ "လူ့ဘဝမှာ သေတယ်ဆိုတာ မဆန်းပါဘူး၊ လူ့အသက်တစ်ချောင်း ဆိုတာကလည်း ဘာမှ တန်ဖိုးမရှိပါဘူး" ဆိုတဲ့ စိတ်မျိုး ဝင်လာတာပါပဲ။ အဲဒီလို လူတစ်ယောက်ရဲ့ အသက်ကို ပုရွက်ဆိတ်တစ်ကောင်ရဲ့ အသက်လောက်မှ တန်ဘိုးမထားကြတော့တဲ့ အခါမျိုးကျတော့ လူစိတ်တွေ ပျောက်ပြီး ဘီလူးစိတ်တွေ ဝင်လာကြတာပေါ့ဗျာ။

ဒါပေမယ့် တစ်ခုတော့ ရှိတယ်၊ ဗီယက်နမ် အရပ်သားတွေကို



www.burmeseclassic.com

www.burmeseclassic.com



အခုလို ရက်ရက်စက်စက် သတ်ခဲ့ကြတဲ့ အမေရိကန်စစ်သားတွေဟာ ဒီလို လူသတ်ရတဲ့အလုပ်ကို နှစ်ခြိုက်လွန်းလို့၊ သဘောကျလွန်းလို့ လုပ်နေကြတာပဲလို့တော့ ကျွန်တော် မပြောလိုပါဘူး။ တစ်ချိန်တည်းမှာပဲ လူသတ်ရတဲ့ အလုပ်မျိုးကို သဘောမကျဘူး၊ မနှစ်ခြိုက်ဘူးလို့လည်း သူတို့ကိုယ်နှိုက်က မငြင်းကြပါဘူး။

ဒီနေရာမှာ တချို့စစ်သားတွေ ပြောတာကို ကျွန်တော်ကြားဖူးတယ်၊ သူတို့က ဘာပြောသလဲဆိုတော့ ဗီယက်နမ်အရပ်သားတွေအပေါ်မှာ အခုလို ကျုပ်တို့ ရက်ရက်စက်စက် လုပ်တာဟာ ဟိုတစ်နေ့က ဟိုနေရာမှာ ဗီယက်ကောင်းတွေ လုပ်ခဲ့တာလောက် မဆိုးသေးပါဘူး၊ မရက်စက်သေးပါဘူးလို့ နှိုင်းယှဉ်ပြီး ပြောလေ့ရှိပါတယ်။ ဒီလို မဆီမဆိုင် ဆင်ခြေပေးကြတာမျိုးကို ကျွန်တော် ခဏခဏ တွေ့ရတယ်။ ဒါပေမယ့် ကျွန်ပေါ်ကတော့ ဒီဆင်ခြေမျိုးကို လုံးဝ လက်မခံပါဘူး။ ဒီဆင်ခြေမျိုးဟာ မဆီမဆိုင် လက်ပံသားဓားနဲ့ချိုင် ဆိုတာမျိုးလို ဖြစ်နေတယ်။ ဘယ့်နှယ့်ဗျာ…သူတို့ပေးတဲ့ ဆင်ခြေက ဘာနဲ့တူနေသလဲဆိုတော့…ဥပမာ အရက်မူးလာတဲ့ ကားမောင်းသမားတစ်ယောက်က ကိုယ့်မိတ်ဆွေတစ်ယောက်ကို ကားနဲ့ဝင်တိုက်မိတာနဲ့ ကိုယ်က ဒေါပွပြီး ကိုယ့်ကားနဲ့ တခြားလူတစ်ယောက်ကို လိုက်တိုက်တာမျိုးလို ဖြစ်မနေဘူးလား။

ကျွန်တော်ဟာ ဗီယက်နမ်မှာ တစ်လျှောက်လုံး ရိုးရိုး ခြေလျင်စစ်သားတစ်ယောက်အဖြစ်နဲ့ နေခဲ့ရတာပါပဲ။ ဒီလိုနဲ့ ရှေ့တန်းစစ်မြေပြင် ရှေ့တန်း စစ်မျက်နှာမှာချည်း နေခဲ့ရတာများတော့ စစ်ရဲ့ အနိဋ္ဌာရုံတွေကို အကုန်မြင်ခဲ့ တွေ့ခဲ့ရပါတယ်။

နေ့ဘက်ဆိုရင် ကျွန်တော်တို့ရဲ့ တာဝန်ဟာ "ရန်သူကို တွေ့အောင်ရှာ၊ ရန်သူနဲ့ ပတ်သက်သမျှ အားလုံး ချေမှုန်းပစ်" ဆိုတဲ့ နည်းဗျူဟာမျိုးကို သုံးရပါတယ်။ ညဘက်ဆိုရင်တော့ ရန်သူကို ချုံခိုတိုက်တာတို့ တိုက်ကွင်းတိုက်ကွက်တွေ စီစဉ်ရတာပါပဲ။





တကယ်ကတော့ အဲဒီလို ရှေ့တန်း စစ်မြေပြင်မှာ လူတစ်ယောက် အသက်ကို သတ်ဖို့ဆိုတာ ဘာမှ မခဲယဉ်းပါဘူး။ တခြားလူကို သတ်ဖို့ မခဲယဉ်းသလို ကိုယ်သေဖို့ကလည်း ဘာမှမခဲယဉ်းပါဘူး၊ လွယ်လွယ်ကလေးနဲ့ သေနိုင်ပါတယ်။

အဲဒီအခါမျိုးကျရင် "သူတော့ သွားပြီ၊ နောက်တစ်ခါ ငါ့အလှည့်များလား" ဆိုပြီး ရင်တထိတ်ထိတ်နဲ့ စိတ်တထင့်ထင့် ဖြစ်နေကြရတာပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## 'စိတ်ဓာတ်မြှင့်တင်ရေး' အစီအစဉ်တစ်ခု

ကျွန်တော်ဟာ ဗီယက်နမ်ကို ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလထဲမှာ ရောက်ခဲ့ပါတယ်၊ ရောက်ပြီးလို့ တစ်လလောက်အကြာ နိုဝင်ဘာလ ၁၆ ရက် နေ့မှာ ကျွန်တော်တို့ တပ်စုမှူးက ကျွန်တော်အပါအဝင် တပ်သား ငါးယောက်ကို တာဝန်တစ်ခု ပေးပါတယ်။ အဲဒီတာဝန်က ဘာလဲဆိုတော့ တိုက်ကင်းထွက်ဖို့ပါပဲ။

ကျွန်တော်တို့ တိုက်ကင်းထွက်ရမယ့် နယ်မြေက တောင်ဗီယက်နမ် ဗဟိုကုန်းမြင့်ဒေသတစ်ဝိုက်ပါ။ အဲဒီတစ်ဝိုက်မှာ ဗီယက်ကောင်းပြောက်ကျားတွေ မကြာခဏ ဝင်ထွက် လှုပ်ရှားနေကြတယ်ဆိုလို့၊ သူတို့ လှုပ်ရှားမှုကို ထောက်လှမ်းဖို့ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့တာဝန်က ရိုးရိုး သတင်းထောက်လှမ်းတဲ့ ကင်းတပ်ဖွဲ့တာဝန်မျိုး မဟုတ်ပါဘူး၊ ရန်သူရဲ့ လှုပ်ရှားမှုကို ထောက်လှမ်းရင်း ရန်သူရဲ့ရိက္ခာနဲ့ လက်နက်သိုလှောင်ထားတဲ့ နေရာတွေကိုပါ တွေ့အောင်ရှာပြီး ဖျက်ဆီးပစ်ဖို့လည်း တာဝန်ရှိပါတယ်။

ကျွန်တော်တို့ တပ်စုမှူးရဲ့ ပြောပြချက်အရဆိုရင် ကျွန်တော်တို့ အခု သွားရမယ့် နယ်မြေဟာ အင်မတန် အန္တရာယ်များတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ တပ်စုမှူးဟာ တပ်စိတ် လေးစိတ်ရှိတဲ့ သူ့တပ်စုထဲက





အတော်ဆုံး တပ်သားတွေအဖြစ် ကျွန်တော်တို့ငါးယောက်ကို လက်ရွေးစင် ရွေးထုတ်ပြီး ဒီတာဝန်ကို ပေးခဲ့တာပါပဲ။

နောက်တစ်ခု သိရတာက အခုလို တိုက်ကင်းထွက်ဖို့ စီစဉ်တာဟာ ကျွန်တော်တို့တပ်စုမှူးရဲ့ အစီအစဉ်မဟုတ်ဘဲ၊ တပ်ရင်း စစ်ဌာနချုပ်က တိုက်ရိုက် စီစဉ်ပြီး ချပေးလိုက်တဲ့ အစီအစဉ်ပဲလို့ သိရပါတယ်။ ဒါကြောင့်မို့ တပ်စုမှူးဟာ လူရွေးတာကအစ သူ စိတ်တိုင်းကျ လူတွေကို ခေါင်းခေါက်ပြီး ရွေးတာပါပဲ။ အဲဒီလို ရွေးပြီးတော့ တပ်စုမှူးက ကျွန်တော်တို့ ငါးယောက်စလုံးကို ခေါ်တွေ့ပြီး ပြောပါသေးတယ်။ "မင်းတို့ အခုလိုရွေးပြီး တာဝန်ပေးတာက တပ်ခွဲမှူးကိုယ်တိုင်က တကယ့်လူတော်တွေကို ရွေးပါ"လို့ အမိန့်ပေးထားလို့ပဲ။ အဲဒီတော့ မင်းတို့ အခု တိုက်ကင်းထွက်ရာမှာ ဘယ်လို လုပ်ရ ကိုင်ရမယ်ဆိုတာ မင်းတို့အားလုံး နားလည်ထားပြီးသား ဖြစ်မှာပဲ၊ မင်းတို့အကြောင်းတော့ ငါလည်း သိပြီးသားပါ' လို့ ပြောပါတယ်။

ဒါနဲ့ နောက်တစ်ရက် နိုဝင်ဘာလ ၁၇ ရက်နေ့ နေ့ခင်းဘက်ကျတော့ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဝင် ငါးယောက်ဟာ ကျွန်တော်တို့ တပ်စခန်း ထောင့်တစ်ထောင့်မှာ လူချင်းဆုံပြီး အသေးစိတ် အစီအစဉ်တွေကို စီစဉ် ပြင်ဆင်ကြပါတယ်။ ကျွန်တော်တို့ တပ်စခန်းချထားတဲ့ နေရာဟာ မိုင်သိုဆိုတဲ့ ရွာကလေးနဲ့ မလှမ်းမကမ်းမှာပါပဲ။

ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဝင် ငါးယောက်ဟာ အဲဒီစခန်း ထောင့်တစ်တောင်မှာ မတ်တပ်ရပ်တဲ့လူက ရပ်၊ မြေကြီးပေါ် ထိုင်တဲ့လူက ထိုင်ပြီး အဖွဲ့ခေါင်းဆောင် လုပ်တဲ့လူကတော့ ခွေးခြေကလေးတစ်ခုနဲ့ ထိုင်ပါတယ်။

ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ရဲ့ ခေါင်းဆောင်ကတော့ တပ်ကြပ်ကြီး တိုနီလို့ ခေါ်ပါတယ်။ ကိုယ်လုံးကိုယ်ပေါက် ပိန်ပိန်ပါးပါး၊ အရပ်အမောင်း ကောင်းကောင်းနဲ့ အဲဒီအချိန်က အသက်နှစ်ဆယ်ပဲ ရှိပါသေးတယ်။ သူ့ဇာတိကတော့ နယူးယောက်ပြည်နယ် အထက်ပိုင်း၊ ကနေဒါနိုင်ငံနယ်စပ်နားက မြို့ကလေးတစ်မြို့ကပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့မှာ အသက်အငယ်ဆုံးပေမယ့် စစ်မြေပြင် အတွေ့အကြုံ အများဆုံးရှိတယ်လို့ ဆိုရပါမယ်။ အဲဒီအချိန်က ကျွန်တော်ဟာ ဗီယက်နမ်ကို ရောက်တာ တစ်လလောက်ပဲ ရှိပါသေးတယ်၊ သူကတော့ တစ်နှစ်ကျော်ကျော် ရှိနေပါပြီ။

သူဟာ စစ်မှုထမ်းအဖြစ်နဲ့ သုံးနှစ်တိတိ သူ့သဘောနဲ့သူ စာချုပ်ပြီး စစ်ထဲဝင်လာတဲ့လူပါ။ ကျွန်တော်တို့လို စစ်ထဲ မဝင်မနေရ အမိန့်ကြောင့် ပါလာတဲ့အထဲက မဟုတ်ပါဘူး၊ ဒါကြောင့်မို့လားတော့ မသိဘူး၊ သူ့ကြည့်ရတာ တစ်ခုခုလုပ်ရင် ပြတ်ပြတ်သားသားနဲ့ သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝရှိတဲ့ရုပ်မျိုး ပေါက်နေပါတယ်။ ပြီးတော့ သူဟာ ဗီယက်နမ် စစ်မြေပြင်မှာ တစ်နှစ်ကျော်ကျော် တိုက်ပွဲတွေ တော်တော်များများ တိုက်ခဲ့ဖူးပြီး၊ ဒဏ်ရာဆိုတာလည်း ခဏခဏ ရဖူးတယ်လို့ သိရပါတယ်။ နောက် သူနဲ့ ပတ်သက်ပြီး ကျွန်တော် သိရတာကတော့ သူဟာ ဗီယက်နမ်မှာ စစ်မှုထမ်းသက် ကုန်ခါနီးလို့ အမေရိကန်ပြည်ထောင်စုကို ပြန်ဖို့ တစ်လလောက်ပဲ လိုတော့တယ်လို့ သိရပါတယ်။

ကျွန်တော်တို့ တိုက်ကင်းအဖွဲ့မှာ ဒုတိယခေါင်းဆောင်ကတော့ တပ်ကြပ်ကြီး ကလပ်ဆိုတဲ့ လူပါ၊ သူကတော့ ဖီလာဒဲလ်ဖီးယားမြို့တော်နားက မြို့ကလေးတစ်မြို့ကပါပဲ။ သူ့အသက်က နှစ်ဆယ့်နှစ်နှစ် ရှိပါပြီ၊ အရပ်ခပ်ရှည်ရှည် အသားဖြူစပ်စပ်နဲ့ မျက်လုံးက အပြာရောင်ဖျော့ဖျော့ပါ၊ သူ့အမူအရာက သွက်သွက်လက်လက်နဲ့ ဖျတ်ဖျတ်လတ်လတ်ပါပဲ။ ကျွန်တော် သိရသလောက်ဆိုရင် အဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး တိုနီဟာ တစ်ခုခု လုပ်တော့မယ်ဆိုရင် တပ်ကြပ်ကြီး ကလပ်ရဲ့ သွက်လက်ဖျတ်လတ်မှုကြောင့် ခပ်မြန်မြန် ဆုံးဖြတ်ချက် ကျသွားတတ်တယ်လို့ သိရပါတယ်။

တိုက်ကင်းအဖွဲ့ထဲက တခြားနှစ်ယောက်ကတော့ ကျွန်တော့်ထက် တစ်နှစ်စီ ငယ်ကြပါတယ်။ အဲဒီတုန်းက ကျွန်တော့်အသက်ဆိုရင် နှစ်ဆယ့်နှစ်နှစ် ရှိပါပြီ။ အဲ…ခုနက ကျွန်တော်ပြောခဲ့တဲ့ တပ်သားနှစ်ယောက်ဟာ





တစ်ယောက်နဲ့တစ်ယောက် ညီအစ်ကိုဝမ်းကွဲ တော်ပါတယ်။ သူတို့နာမည်တွေကတော့ ရာဖီနဲ့ မင်နယယ်လို့ ခေါ်ကြပါတယ်။ ရာဖီက တက္ကဆပ်ပြည်နယ် အမ္မာရီလိုမြို့ ဇာတိ၊ မင်နယယ်ကတော့ နယူးမက္ကဆီကိုပြည်နယ် စန်တာဖီမြို့ရဲ့ မြောက်ဘက် တော်တော်ကလေးလှမ်းတဲ့ မြို့ကလေးတစ်မြို့ကပါပဲ။

ရာဖီက အရပ်ခပ်ရှည်ရှည်၊ မျက်နှာခပ်ဝိုင်းဝိုင်းနဲ့ အသားနည်းနည်း ညိုပါတယ်၊ သူ့ကြည့်ရတာ သဘောကောင်းပုံပါပဲ။ မင်နယယ်ကတော့ သူ့အစ်ကို ရာဖီထက် အသားနည်းနည်း ပိုလတ်ပြီး၊ နည်းနည်းလည်း ကိုယ်လုံးကိုယ်ပေါက် တုတ်ပါတယ်။ သူ့အမူအရာ ကြည့်ရတာ ကြောက်တတ်လန့်တတ်ပုံ ရပါတယ်၊ စိတ်ကလည်း ဂနာငြိမ်ပုံ မရပါဘူး၊ ရုတ်တရက် ကြည့်လိုက်ရင်တော့ သူဟာ အမြဲတမ်း ဖျတ်ဖျတ်လတ်လတ်နဲ့ လှုပ်ရှားတက်ကြွနေတယ်လို့ ထင်ရပါတယ်။ ဒါပေမယ့် တကယ်ကတော့ သူ့ရဲ့ လှုပ်ရှားမှုဟာ တထိတ်ထိတ် တလန့်လန့်နဲ့ ဂနာမငြိမ်တဲ့သဘောပါပဲ။ အဖွဲ့ဒုခေါင်းဆောင် တပ်ကြပ်ကလပ်ရဲ့ သွက်လက် ဖျတ်လတ်မှုဟာ အဖွဲ့ခေါင်းဆောင် တိုနီအတွက် တစ်ခုခု လုပ်ကိုင်ရာမှာ အကူအညီ ရပေမယ့်၊ အခု မင်နယယ်ရဲ့ လှုပ်ရှားမှုမျိုးကတော့ အကူအညီ မရတဲ့အပြင် စိတ်အနှောင့်အယှက်တောင် ဖြစ်တတ်ပါတယ်။

နောက်ပြီးတော့ မင်နယယ်ဟာ ဘယ်နေရာဖြစ်ဖြစ် သူ့ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်ပြီး လုပ်တတ်တဲ့သဘော မရှိပါဘူး၊ အထက်အရာရှိခိုင်းသမျှ စက်ရုပ်လို လုပ်တတ်တဲ့လူမျိုးပါ။ အဲ အမိန့်ကိုတော့ တစ်သဝေမတိမ်း လိုက်နာပြုပါလိမ့်မယ်၊ “အမေမှာ မှာတဲ့အတိုင်း” ဆိုတဲ့ လူစားမျိုးပါပဲ။ သူ့အစ်ကို ရာဖီကတော့ ဒီလို မဟုတ်ဘူးခင်ဗျ၊ ဘာပဲဖြစ်ဖြစ် စဉ်းစဉ်းစားစား နဲ့ လုပ်တတ် ကိုင်တတ်တယ်၊ တစ်ခုခုမလုပ်ခင် လုပ်သင့် မလုပ်သင့် အခြေအနေကို ကြည့်သေးတယ်၊ တရားသေ ဝါဒသမား မဟုတ်ဘူးပေါ့ဗျာ။ ဒါပေမယ့် တစ်ခုရှိတာက သူဟာ အထက်အရာရှိနဲ့ အမြဲတည့်အောင် ပေါင်းတတ်တယ်။ သူ့အထက်က တပ်စိတ်မှူးတို့ တပ်စုမှူးတို့ဆိုတဲ့ လူတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် သူ့လောက် တော်တော် မတော်တော်၊ သူ့ထက် အသက် ကြီးကြီးငယ်ငယ်၊ အဆင်ပြေအောင် ကြည့်ပေါင်းသွားတာပဲ၊ "ဖား" တဲ့ သဘောမျိုးလည်း ပါပါတယ်။ ဒါတော့ သူကိုယ်တိုင်ကလည်း ဖွင့်ပြော တာ ရှိပါတယ်။ 'ကိုယ့်အထက်အရာရှိနဲ့ တည့်အောင် မပေါင်းနိုင်ရင် တစ်နေ့နေ့ ချောက်ကျတတ်တယ်ဗျ' တဲ့။

အဲဒီနေ့က တိုက်ကင်းထွက်ဖို့ အစီအစဉ် အသေးစိတ် ပြင်ဆင်တဲ့ နေရာမှာတော့ ထုံးစံအတိုင်း တပ်ကြပ်ကြီးတိုနီက ခေါင်းဆောင်ပြီး ကျွန်တော်တို့ကို အမိန့်ပေးတာပါပဲ။ သူက ကျွန်တော်တို့နဲ့မတွေ့ခင် စော စောပိုင်းက တပ်ရင်း စစ်ဌာနချုပ်က တပ်မှူးတစ်ယောက်နဲ့ တွေ့ခဲ့ရတယ် လို့ ပြောပါတယ်။ အဲဒီတပ်ရင်းက တပ်မှူးရဲ့အမိန့်အတိုင်း ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ ကင်းလှည့်ထွက်ရာမှာ ဘယ်လိုတာဝန်ရှိတယ်၊ ဘာတွေ လုပ်ရမယ်ဆိုတာ တပ်ကြပ်ကြီးတိုနီက ကျွန်တော်တို့ကို တစ်ဆင့် ပြန်ပြီး ရှင်းပြပါတယ်။

ကျွန်တော်တို့ဟာ တိုက်ကင်းထွက်တဲ့နေရာမှာ စစ်ထုံးစံအတိုင်း အထက်အမိန့်ကို အဆင့်ဆင့် နာခံကြဖို့၊ ဒီတိုက်ကင်းထွက်တဲ့ တာဝန်ကို ရှေ့တန်း စစ်မြေပြင်ဆင်းတဲ့ တာဝန်လို သဘောထားဖို့၊ ဘာဖြစ်လို့လဲဆို တော့ အခု တိုက်ကင်းထွက်ရမယ့် နယ်မြေဟာ ဗီယက်ကောင်းတွေ အမြဲ လိုလို ဝင်ထွက်သွားလာ လှုပ်ရှားနေတဲ့ နယ်မြေဖြစ်လို့ စသည်ပေါ့ဗျာ။ တပ်ကြပ်ကြီး တိုနီက ကျွန်တော်တို့ကို အခြေအနေ ရှင်းပြပါတယ်။

နောက်ပြီးတော့ တိုက်ကင်းထွက်နေတဲ့ အတောအတွင်း ကျွန်တော် တို့ရဲ့တပ်စုနဲ့ ရေဒီယို ဝိုင်ယာလက် အဆက်အသွယ် အမြဲရှိနေဖို့လည်း တိုနီက အသေးစိတ် အစီအစဉ် ပြောပြပါတယ်။ အဲဒီအချိန်က သူ့လက်ထဲ မှာရှိတဲ့ မြေပုံကို ဖြန့်ပြပြီး ကျွန်တော်တို့ တိုက်ကင်းလှည့်ရမယ့် နယ်မြေရဲ့ အကျယ်အဝန်း အကွာအဝေးနဲ့ ပထဝီအနေအထားရော၊ အဲဒီတစ်ပိုက်မှာရှိတဲ့ ကျေးရွာတွေရဲ့ အမည်ပါ ကျွန်တော်တို့ကို သူက တစ်ခုစီ တစ်ခုစီ ရှင်းပြပါ





တယ်။ မြေပုံအရဆိုရင် ကျွန်တော်တို့ တိုက်ကင်းထွက်ရမယ့် နယ်မြေဟာ အခု ကျွန်တော်တို့တပ်စု စခန်းချထားတဲ့ နေရာရဲ့အနောက်ဘက် တည့်တည့် မှာ ရှိပါတယ်။

အဲ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ရဲ့ နောက်ဆုံး ဦးတည်ပြီး ချီတက် ရမယ့် နေရာကတော့ **တောင်ကုန်းအမှတ် ၁၉၂** ပါပဲ။

အဲဒီတောင်ကုန်းအမှတ် ၁၉၂ ဟာ၊ ဘွန်ဆန်တောင်ကြားလမ်းရဲ့ တစ်ဖက်မှာ ရှိပါတယ်။ မြေပုံမှာ တွေ့ရတဲ့အတိုင်းရော၊ တိုနီပြောတဲ့အတိုင်း ရောဆိုရင် အဲဒီ ဘွန်ဆန်တောင်ကြားဟာ တော်တော်လေး မတ်စောက်နေ ပါတယ်။ ကျဉ်းလည်း ကျဉ်းပါတယ်။ တောင်ကြားလမ်းက မတ်စောက်နေ တဲ့အတွက် အဲဒီတောင်ကုန်းအမှတ် ၁၉၂ ဟာလည်း တော်တော်လေး မြင့်ပါတယ်။ ပြီးတော့ အဲဒီ တောင်ကုန်းကမ်းပါးယံမှာ လိုဏ်ခေါင်းတွေ တော်တော်များတဲ့ ဂူကြီးတစ်ခုလည်း ရှိတယ်လို့ သိရပါတယ်။ တပ်ရင်း ဌာနချုပ်က ရထားတဲ့ သတင်းအရဆိုရင် အဲဒီဂူကြီးဟာ ဗီယက်ကောင်း ပြောက်ကျားတွေ မကြာခဏ လာလာပြီး ပုန်းလှေ့ရှိတယ်လို့ ဆိုပါတယ်။ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ အဲဒီ တောင်ကုန်းအမှတ် ၁၉၂ အထိ ရောက်အောင် သွားရမယ်ဆိုတာလည်း အဲဒီဂူကြီးနဲ့ပတ်သက်လို့ အတိအကျ သိရအောင်ပါပဲ။

ဒါပေမယ့် ကျွန်တော်တို့တိုက်ကင်းအဖွဲ့ရဲ့ တာဝန်ဟာ ဒီဂူကြီးကို သွားပြီး လှေ့လာရုံ စုံစမ်းရုံတင် မဟုတ်သေးပါဘူး။ အဲဒီ တောင်ကုန်းအမှတ် ၁၉၂ နဲ့ တောင်ကမ်းပါးယံတစ်ပိုက်မှာ ဗီယက်ကောင်းတွေ တူးထားကြတဲ့ ကတုတ်တွေ၊ တူးမြောင်းတွေနဲ့ လမ်းမြောင်တွေကိုလည်း တွေ့ရင် တွေ့သလို လေ့လာမှတ်သားဖို့လည်း တာဝန်ရှိပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဂူကြီးကတော့ အထင်အရှားမို့၊ မြေပုံထဲမှာ ပါနေပေမယ့် ဗီယက်ကောင်းတွေ နောက်မှ တူးထားကြတဲ့ အဲဒီတူးမြောင်းတွေနဲ့ ကတုတ်တွေ လမ်းမြောင် တွေကတော့ မြေပုံထဲမှာ ပါမှမပါဘဲကိုး။ နောက်ပြီးတော့ အဲဒီဂူကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကတုတ်တွေ ဘူးမြောင်းတွေထဲမှာ ဗီယက်ကောင်းတွေရဲ့ ရိက္ခာနဲ့ လက်နက်တွေ သိုလှောင်ထားတာ တွေ့ရင်လည်း မီးရှို့ဖျက်ဆီးပစ်ခဲ့ဖို့ ပါပဲ။ အဲဒါတွေဟာ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ရဲ့ တာဝန်ပဲဆိုတာ တပ်ကြပ်ကြီးတိုနီက ပြောပြပါတယ်။

နောက်တစ်ခု သူပြောပြတာကတော့ ကျွန်တော်တို့ရဲ့ တိုက်ကင်းအဖွဲ့ အခုလို ကင်းလှည့်တာကို ရန်သူဘက်က လုံးဝမသိအောင် အတတ်နိုင်ဆုံး ကြိုးစားရမယ်လို့ ဆိုပါတယ်။ ဒါနဲ့ ပတ်သက်လို့ တပ်ရင်းမှူးရဲ့ အမိန့်အတိုင်းဆိုရင် ကျွန်တော်တို့ဟာ ရန်သူကို တွေ့သည်တိုင်အောင် ကိုယ်ကစပြီး ပတ်လား ခတ်လား မလုပ်ရဘူးလို့ တိတိကျကျ အမိန့်ပေးထားပါတယ်။ တကယ်လို့ ရန်သူက ကျွန်တော်တို့ကို တွေ့သွားလို့ သူတို့ဘက်ကစပြီး ပစ်ရင်တော့ ကိုယ့်ကိုယ်ကို ကာကွယ်တဲ့အနေနဲ့ ပြန်ပစ်နိုင်ပါတယ်။ ဒါကတော့ ခြွင်းချက်အနေနဲ့ပါ။ အရေးကြီးတာက ကျွန်တော်တို့ကို ရန်သူက လုံးဝ မမြင်မတွေ့ရအောင် သတိထားဖို့ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ရဲ့ အဓိကတာဝန်က ရန်သူရဲ့ လှုပ်ရှားမှုနဲ့ ရွေ့လျှောက် သူတို့ဘာတွေလုပ်ဖို့ ပြင်ဆင်နေတယ်ဆိုတာ ကြိုတင်ပြီး သိနိုင်သမျှ သိအောင် စုံစမ်းထောက်လှမ်းဖို့ပါပဲ။ တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့အဖွဲ့ဟာ အငယ်စား တိုက်ကင်းသဘောမျိုးပါပဲ။

ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ရဲ့ ကင်းလှည့်ရမယ့် ရက်ကို ငါးရက်လို့ သတ်မှတ်ထားပါတယ်။ ငါးရက်ဆိုတော့ နည်းနည်းအချိန်ကြာတယ်လို့ ဆိုရမှာပေါ့။ တခြားလူတော့ မပြောတတ်ဘူး၊ ကျွန်တော့်အနေနဲ့တော့ အရင်က တစ်ရက် နှစ်ရက် အများဆုံး သုံးရက်လောက်ပဲ ကင်းလှည့်ခဲ့ဖူးတော့ အခုလို ငါးရက်ကြာမယ့် ကင်းအဖွဲ့နဲ့ ဒီတစ်ခါ ပထမဆုံး လိုက်ဖူးခြင်းပါပဲ။ ဘာပဲဖြစ်ဖြစ် စခန်းမှာ ဘာအလုပ်မှ ထူးထူးခြားခြား မလုပ်ရဘဲ ထိုင်နေရတာနဲ့ စာတော့ အခုလို ဟိုဟိုဒီဒီ သွားလာနေရတာက တော်သေးတာပေါ့။ မရောက်ဖူးတဲ့ နေရာတွေ ရောက်ရပြီး ထူးထူးဆန်းဆန်း မြင်ရ





တွေ့ရတော့ တစ်မျိုးပျော်စရာ ကောင်းတာပေါ့ဗျာ။ အဲဒီတော့ အခုလို ငါးရက်ကြီးများတောင် ကင်းလှည့်ထွက်ရမယ်ဆိုတော့ ကျွန်တော့်အနေနဲ့ တော်တော်လေး ဝမ်းသာမိပါတယ်။

တစ်ခုတော့ ရှိတာပေါ့၊ အခုလို ကင်းလှည့်ရင်းနဲ့ အဆင်မသင့်ရင် လမ်းမှာ ဗီယက်ကောင်း ပြောက်ကျားတွေနဲ့ တွေ့ပြီး ကိစ္စများချင် များနိုင်တာတော့ မှန်ပါတယ်။ ဒါပေမယ့် အခုလို လေးငါးယောက်နဲ့ ကင်းလှည့်ရတဲ့ အချိန်မျိုးမှာ ရန်သူနဲ့တွေ့လို တိုက်ပွဲဖြစ်ရတာဟာ တပ်စုလိုက်၊ တပ်ခွဲလိုက် ချီတက်ရင်း ရန်သူနဲ့တွေ့ပြီး တိုက်ရ ခိုက်ရတာထက် ကျွန်တော်တို့က ပိုသဘောကျတယ်။ ဒါကတော့ ကျွန်တော်တို့ချည်း မဟုတ်ပါဘူး၊ စစ်သားတိုင်းလိုလိုပဲ ဆိုပါတော့။ ဒါကို ရုတ်တရက်တော့ ခင်ဗျားတို့ အရပ်သားတွေအနေနဲ့ နားလည်မှာ မဟုတ်ဘူး၊ ကိုယ်တိုင် လက်နက်ကိုင်ပြီး စစ်မြေပြင်မှာ တိုက်ဖူးတဲ့ စစ်သားတွေမှ ဒီသဘောကို ကောင်းကောင်း နားလည်မှာပါ။

ကျွန်တော် ဆိုလိုတာက ဒီလိုပါ၊ တပ်စုလိုက် တပ်ခွဲလိုက် လူတွေအများကြီးနဲ့ ချီတက်သွားရတဲ့ အခါမျိုးမှာ တပ်စုမှူးတို့ တပ်ခွဲမှူးတို့ ပါနေတော့ သူတို့အမိန့်တွေကို အဆင့်ဆင့် နာခံနေရတာနဲ့ တစ်ခါ တစ်ခါ သေရေးရှင်ရေးကျရင် ဒုက္ခများတတ်ပါတယ်။ အခုလို လေးငါးယောက်တည်းနဲ့ သွားရလာရတဲ့အခါကျတော့ အဆင့်ဆင့် အမိန့်တွေ ဘာတွေ တောင်းခံနေစရာ မလိုတော့ဘူး၊ ရာထူးအကြီးဆုံးကမှ တပ်ကြပ်လောက်ပဲဆိုတော့ အရေးအကြောင်းရှိရင် တိုက်ရိုက် အမိန့်ပေးနိုင်တယ်။ ကျွန်တော်တို့လို ရိုးရိုးစစ်သားကလည်း အဲဒီအမိန့်ကို လွယ်လွယ်နဲ့ မြန်မြန် လိုက်နာနိုင်တယ်ပေါ့ဗျာ။

တကယ်လို့ အဲဒီ လေးငါးယောက်ကို ခေါင်းဆောင်တဲ့လူဟာ တပ်ကြပ်ကြီးရာထူးလောက်တင် မဟုတ်ဘဲ တစ်ခါတစ်ခါ တပ်စုမှူးတို့ တပ်ခွဲမှူးတို့ ဖြစ်နေတောင်မှ သူနဲ့ ကျွန်တော်တို့ကြားမှာ အမိန့်တွေ အဆင့်ဆင့် ထုတ်နေစရာ မလိုဘဲ၊ သူကလည်း ကျွန်တော်တို့ကို တိုက်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေး၊ ကျွန်တော်တို့ကလည်း သူ့အမိန့်ကို တိုက်ရိုက် လိုက်နာဆိုတော့ အလုပ်ဖြစ်တာပေါ့။ အလွယ်ဆုံးပြောရရင် လူနည်းနည်းနဲ့ တိုက်ရ ခိုက်ရတာက လူများများနဲ့ အမိန့်တွေ အဆင့်ဆင့် နာခံနေရတာထက် ပိုပြီး လွတ်လပ်တဲ့ သဘောပေါ့ဗျာ၊ ကျွန်တော်ပြောတာ ခင်ဗျား သဘောပေါက်ရဲ့လား မသိဘူး။

ပြီးတော့ ရှိသေးတယ်ဗျ၊ စစ်သားတစ်ယောက်ဟာ ရန်သူနဲ့ ရင်ဆိုင်တွေ့ရလို့ တစ်ဖက်နဲ့တစ်ဖက် သဲသဲမဲမဲ တိုက်နေရတဲ့အခါမျိုးမှာ အဲဒီစစ်သားဟာ ဘယ်လိုဖြစ်နေမယ်ဆိုတာ ဘယ်သူမှ ကြိုတင်ပြီး ပြောလို့မရဘူး၊ အဲဒီအခါမျိုးကျရင် သူဟာ ရန်သူက ဒလစပ် ပစ်နေလို့ ဘာလုပ်ရကိုင်ရမှန်း မသိ။ ကိုယ့်လက်ထဲ သေနတ်ကြီး ကိုင်ထားရက်သားနဲ့ ပြန်ပစ်ဖို့ သတိမရဘဲ ကြောင်နေတာမျိုးလည်း ဖြစ်တတ်တယ်။ တစ်ချို့ကျတော့လည်း အဲဒီအခါမျိုးကျမှ သွက်သွက်လက်လက်နဲ့ ဖျတ်ဖျတ်လတ်လတ်ဖြစ်လာပြီး ရန်သူကို ရဲရဲရင့်ရင့် ရင်ဆိုင်တာမျိုးလည်း တွေ့ရတတ်တယ်။ အဲ တစ်ချို့ကျတော့ ရန်သူက သဲသဲမဲမဲ ပစ်နေတဲ့ကြားထဲက ဘာမှ အရေးမကြီးသလို ခေါင်းအေးအေးနဲ့ နောက်ပြောင်ပြီး ပျက်လုံးတွေ ဘာတွေတောင် ထုတ်နေတဲ့ လူစားမျိုးကလည်း ရှိသေးတယ်။

အမှန်ကတော့ ကျွန်တော်တို့တပ်တွေမှာ တိုက်ပွဲတစ်ခု တိုက်တော့မယ်။ ဒါမှမဟုတ် စစ်ဆင်ရေးတစ်ခု လုပ်တော့မယ်ဆိုရင် မူလကတည်းက ကြိုတင်ပြီး ဘာလုပ်သင့်တယ်၊ ဘာလုပ်ကြမယ်ဆိုတာ စီစဉ် ပြင်ဆင်ထားကြတာချည်းပါပဲ။ ဒါပေမယ့် အဲဒီ ကြိုတင် စီစဉ်မှုတွေဟာ တကယ့် တကယ်စစ်မြေပြင်ရောက်လို့ ရန်သူနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရပြီဆိုတဲ့ အခါမျိုးကျတော့ ဒီအတိုင်း ဖြစ်ချင်မှ ဖြစ်ကြတာပဲ။ တစ်ခါတစ်လေကျတော့ တစ်မျိုးဖြစ်ကုန်တာပါပဲ။ ဘာဖြစ်လို့လည်းဆိုတော့ စစ်မြေပြင်မှာက ခင်ဗျားသိတဲ့အတိုင်းပဲ၊ မမျှော်လင့်တဲ့ အဖြစ်မျိုးတွေဟာ မမျှော်လင့်တဲ့အချိန်မှာ မမျှော်လင့်တဲ့နေရာက ဖြစ်ဖြစ်လာတတ်တာမျိုးပဲ။





အဲဒီလို မမျှော်လင့်တဲ့ အဖြစ်အပျက်မျိုးဟာ စစ်မျက်နှာမှာသော်လည်းကောင်း၊ ရန်သူနဲ့ မျက်နှာချင်းဆိုင် တိုက်နေရတဲ့ စစ်မြေပြင်မှာသော်လည်းကောင်း ဖြစ်တတ်ပါတယ်။ ဒါပေမယ့် အဲဒီနေ့ကတော့ ကျွန်တော်ဟာ တိုက်ကင်းမထွက်ခင် စခန်းမှာပဲ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ အကြီးအကျယ် အံ့အားသင့်သွားခဲ့ရပါတယ်။ ဖြစ်ပုံက ကျွန်တော်တို့ တိုက်ကင်း မထွက်ကင် တစ်ရက်ကြိုတင်ပြီး အဲဒီနေ့က အဲဒီလို အစီအစဉ်တွေ ချနေကြလို့ လိုအပ်တဲ့ အမိန့်တွေ ညွှန်ကြားချက်တွေလည်း ရှင်းပြပြောပြပြီးရော၊ တပ်ကြပ်ကြီး တိုနီဟာ နောက်ဆုံး မမျှော်လင့်တဲ့ စကားတစ်ခုကို ပြောလိုက်ပါတယ်။ သူပြောလိုက်တာကတော့ နက်ဖြန် ထွက်ရမယ့် တိုက်ကင်းကတော့ အားလုံးအတွက် ပျော်စရာဖြစ်မှာ သေချာပါတယ်တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ "တပ်သားတွေအားလုံးရဲ့ စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဗီယက်နမ်မလေးတစ်ယောက်ကို ရွာတစ်ရွာက ဝင်ဆွဲပြီး ခေါ်သွားဖို့ သူ စီစဉ်ထားတယ်" တဲ့။

ကျွန်တော်ဟာ မမျှော်လင့်တဲ့ ဒီစကားကို ကြားလိုက်ရတော့ တော်တော် အံ့အားသင့်သွားမိတယ်။ ကျွန်တော်ကြားတာ ဟုတ်မှ ဟုတ်ရဲ့လားလို့တောင် ကိုယ့်ကိုယ်ကို သံသယဖြစ်သွားတယ်။

ဒါပေမယ့် ကျွန်တော်ကြားလိုက်ရတဲ့ စကားတွေဟာ ဟုတ်ရုံ မှန်ရုံတင် မတင်ကဘူး၊ ဟိုဘက်တောင် လွန်သွားသေးတယ်။ ဘာလို့လဲဆိုတော့ တပ်ကြပ်ကြီးတိုနီဟာ အဲဒီ ဗီယက်နမ်မလေးတစ်ယောက် ဆွဲသွားဖို့နဲ့ ပတ်သက်ပြီး အသေးစိတ် ပြောပြလို့ပါပဲ။

သူပြောပြချက်အရဆိုရင် နက်ဖြန်မနက် တိုက်ကင်းစထွက်တဲ့အခါကျတော့ သတ်မှတ်ထားတဲ့ အချိန်ထက် တစ်နာရီလောက် စောပြီး စခန်းက ထွက်ကြမယ်တဲ့။ ဒါမှလည်း ရွာတစ်ရွာဝင်ပြီး ကောင်မလေးတစ်ယောက် ဆွဲသွားဖို့ အချိန်ရမယ်တဲ့။ ပြီးတော့ ကျွန်တော်တို့ ကင်းလှည့်ရမယ့်ရက်က ငါးရက်ဆိုတော့ အဲဒီ ဗီယက်နမ်မလေးကို ငါးရက်လုံးလုံး ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



သွားလေရာ ခေါ်သွားပြီး ကျွန်တော်တို့ငါးယောက် ကြိုက်သလို လုပ်ကြတာပေါ့တဲ့။ နောက်ဆုံး ငါးရက်ပြည့်လို့ စခန်းကို ပြန်ခါနီးကျရင် ဒီကောင်မလေးကို အစ်မွှဆွဲခေါ်သွားတဲ့ အမှုရော၊ မုဒိမ်းမှုရော၊ ကျွန်တော်တို့အပေါ်မှာ အမှုမပတ်အောင် "ကောင်မလေးကို တစ်ခါတည်း အပျောက် ရှင်းပစ်လိုက်မယ်" တဲ့ဗျား။

ကဲ ...ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး၊ ဒီစကား ကြားလိုက်ရတော့ ကျွန်တော့်အနေနဲ့ ဘယ်လိုဖြစ်သွားမလဲဆိုတာ။

အမှန်ပြောရမယ်ဆိုရင် ကျွန်တော်ဟာ စစ်ထဲကို ဝင်ချင်လို့ ဝင်လာခဲ့တာ မဟုတ်ပါဘူး၊ အရွယ်ရောက်သူတိုင်း စစ်ထဲ မဝင်မနေရဆိုတဲ့ အမိန့်ကြောင့် ဝင်ခဲ့ရတာပါပဲ။ ဒါပေမယ့် ကိုယ့်ကိုယ်ကို စစ်သားရယ်လို့ ဖြစ်လာတော့ စစ်ဥပဒေတို့ အမိန့်တို့ကို ကျွန်တော် အစွမ်းကုန် ကြိုးစားပြီး လိုက်နာခဲ့ပါတယ်။ အထူးသဖြင့် စစ်သားတိုင်း လိုက်နာရမယ့် စစ်စည်းကမ်းနဲ့ စစ်ဥပဒေကို ကျွန်တော် အခုအချိန်အထိ တစ်ခုမှ မဖောက်ဖျက် မကျူးလွန်ခဲ့ဖူးသေးပါဘူး။

အခု တပ်ကြပ်ကြီး တိုနီပြောပြချက်အရ ဗီယက်နမ်မလေး တစ်ယောက် ကို ဆွဲခေါ်သွားပြီး ထင်သလို မတရားကျင့်ကြမယ်ဆိုတော့ ကျွန်တော်တို့ စစ်သားတွေအတွက် အဲဒီအမှုဟာ စစ်ဥပဒေအရ အကြီးဆုံးပြစ်မှုဖြစ်ဖို့ သေချာနေပါပြီ။ စစ်ဘက်ဆိုင်ရာ တရားရေးဌာနက စစ်သားတစ်ယောက်အတွက် မုဒိမ်းမှုကို အကြီးဆုံး ရာဇဝတ်ပြစ်မှု တစ်ခုရယ်လို့ အတိအလင်း သတ်မှတ်ထားတာ ရှိပါတယ်။

တပ်ကြပ်ကြီး တိုနီဟာ အဲဒီလို ဗီယက်နမ်မလေးတစ်ယောက်ကို ဆွဲသွားဖို့ စီစဉ်ထားတဲ့အကြောင်း ခပ်တည်တည်နဲ့ပြောပြီး ကျွန်တော်တို့ အားလုံးကို အကဲခတ်သလို ကြည့်လိုက်ပါတယ်။

ကျွန်တော်တို့လေးယောက်ထဲက စောစောက ကျွန်တော်ပြောတဲ့ တပ်ကြပ်ကလေးကစပြီး 'ဟာ ဒီလိုဆို နေရာကျတာပဲ၊ ပျော်စရာကြီးပေါ့'လို့





ပြောပြောဆိုဆိုနဲ့ တိုနီရဲ့ အစီအစဉ်ကို ပစ်ထောက်ခံလိုက်ပါတယ်။ ရာဖိနဲ့ မင်နယယ်ကတော့ ဘာမှပြန်မပြောဘဲ နှစ်ယောက်သား တဟား ဟားနဲ့ ရယ်နေကြပါတယ်။

သူတို့ရယ်ကြတာဟာ ဘာသဘောလဲဆိုတာ ကျွန်တော် တပ်အပ်မပြောနိုင်ပါဘူး။ ဒါပေမယ့် ရုတ်တရက် ကျွန်တော့်စိတ်အထင်ကတော့ တပ်ကြပ်ကြီးတိုနီက ရယ်စရာ နောက်ပြောလိုက်တယ်လို့ သူတို့စိတ်ထဲထင်နေကြဟန် တူပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ 'တပ်သားတွေ စိတ်ဓာတ်မြှင့်တင်ရေး' ဆိုတဲ့ စကားပါလာတော့၊ ဒီစကားဟာ ကျွန်တော်တို့တပ်သားတွေထဲမှာ ပျက်လုံးသဘောမျိုးနဲ့ ပြောပြောနေကြတာကိုး။

ဒါပေမယ့် ကျွန်တော့်အနေနဲ့တော့ ရယ်လည်း မရယ်နိုင်၊ ဘာမှလည်း ပြန်မပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနဲ့ ဒီအတိုင်း ကြောင်နေမိပါတယ်။

သူ့အသံနဲ့ အမူအရာကို ကြည့်ခြင်းအားဖြင့် တပ်ကြပ်ကြီးတိုနီဟာ ဒီစကားကို အတည်ပေါက်ပြောနေတာလို့လည်း ကျွန်တော် တစ်ထစ်ချတွက်လိုက်မိတယ်။ စိတ်ထဲကတော့ တိုနီရဲ့ အစီအစဉ်နဲ့ ကြံစည်စိတ်ကူးပုံကို အံ့သြလို့မဆုံးဘူး။

ဘယ့်နှယ်ဗျာ၊ တပ်သားတွေ "စိတ်ဓာတ်မြှင့်တင်ရေး" အတွက် ဗီယက်နမ်မလေးတစ်ယောက်ကို ဆွဲခေါ်ခဲ့မယ်လို့၊ သူမို့ ကြံကြံဖန်ဖန် ပက်ပက်စက်စက် စိတ်ကူးရမှ ရတာတ်ပလေတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အလုပ်စဖို့ အချိန်ကျပြီပေါ့

ကျွန်တော်ဟာ အဲဒီနေ့က တပ်ကြပ်ကြီးတိုနီနဲ့ တွေ့ပြီး နောက်တစ်နေ့ တိုက်ကင်းထွက်ဖို့အတွက် အသေးစိတ် အစီအစဉ်တွေနဲ့ အမိန့်တွေ ညွှန်ကြားချက်တွေ နားထောင်ပြီးလို့ လူစုသာ ခွဲလာခဲ့ရတယ်၊ စိတ်ထဲက တစ်မျိုးကြီး ဖြစ်နေမိပါတယ်။

အထူးသဖြင့် ကျွန်တော်တို့တစ်တွေရဲ့ စိတ်ဓာတ်မြှင့်တင်ရေး အတွက် ဗီယက်နမ်မလေးတစ်ယောက်ကို ဆွဲခေါ်လာခဲ့မယ်ဆိုတဲ့ တပ်ကြပ်ကြီးတိုနီရဲ့ အစီအစဉ်ကို တော်တော်လေး ဘဝင်မကျဘဲ ဖြစ်နေမိတယ်။ ဒီအတိုင်းသာဆိုရင်တော့ ကျွန်တော်တို့အားလုံး ချောက်ကျကုန်တော့မှာပဲ ဆိုပြီး တစ်နေ့လုံး စိတ်ထဲက ကသိကအောက် ဖြစ်နေမိတယ်။

ဒါနဲ့ ဒီကိစ္စတော့ ဒီလိုကြည့်နေလို့ မဖြစ်ဘူး၊ တစ်ယောက်ယောက်ကို ပြောပြမှ ဖြစ်မယ်ဆိုပြီး အဲဒီညတွင်းချင်းပဲ ကျွန်တော်နဲ့ တော်တော်လေး ရင်းနှီးတဲ့ ကာလီ ဆိုတဲ့ တပ်ကြပ်တစ်ယောက်ကို အကျိုးအကြောင်း ပြောပြကြည့်တယ်။

အဲဒီတပ်ကြပ် ကာလီဆိုတဲ့လူက အနောက်ဗာဂျီးနီးယားနယ်သား တစ်ယောက်ပါပဲ၊ သူဟာ ဗီယက်နမ်ကို တပ်ကြပ်ကြီး တိုနီနဲ့အတူ တစ်ချိန်တည်းလိုလို ရောက်လာတဲ့လူပါပဲ၊ တပ်ကြပ်ကြီးတိုနီအကြောင်း ကျွန်တော့်ထက် ပိုပြီးသိတဲ့လူပေါ့။





ဒါနဲ့ ကျွန်တော်က နက်ဖြန် ကျွန်တော်တို့ တိုက်ကင်းထွက်တဲ့အခါ ကျရင် တိုနီက ဗီယက်နမ်မလေးတစ်ယောက်ကို ရွာတစ်ရွာက ဝင်ဆွဲခဲ့ဖို့ စီစဉ်ထားတဲ့အကြောင်း ပြောပြတော့ သူလည်း ကျွန်တော့်လိုပဲ အံ့အားသင့်ပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ ဒါပေမယ့် ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်က အထက်အရာရှိ တစ်ယောက်ယောက်ကို အချိန်မီ သတင်းပို့ရရင် မကောင်းဘူးလားလို့ မေးကြည့်တော့ ကာလီက ချက်ချင်းပဲ ခေါင်းခါပြတယ်။ 'ဒါလောက်အထိ မလိုပါဘူး' တဲ့၊ 'တိုနီဟာ ဒါလောက်အထိ မိုက်မိုက်ကန်းကန်း လုပ်မယ် မထင်ပါဘူး' လို့ သူက ပြန်ပြောတယ်။

သူပြောပုံကတော့ တိုနီဟာ တကယ် အလေးအနက်ထားပြီး ပြောလိုက်တာ ဟုတ်မယ် မထင်ဘူးဆိုတဲ့ သဘောပါပဲ။ ဒါပေမယ့် ကာလီဟာ တိုနီရဲ့စကားကို မယုံဘူးလို့သာ ဆိုရတယ်၊ ကျွန်တော်ပြောလိုက်တဲ့ စကားကြောင့် သူ့မှာ တော်တော်လေး စိတ်မချမ်းမသာ ဖြစ်သွားပုံရတယ်။

နောက်မှ ကျွန်တော်သိရတာကတော့ ကာလီနဲ့ တိုနီဟာ ဗီယက်နမ်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း အတူတူ ရောက်လာကြတဲ့ လူတွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် တော်တော်လေးလည်း ရင်းနှီးကြတယ်၊ တစ်ယောက်အကြောင်း တစ်ယောက် တော်တော်လေး သိထားကြတယ်။ သူ သိရသလောက် တိုနီဟာ အရင်တုန်းက တော်တော်လေး ပေါင်းလို့ သင်းလို့ ကောင်းတဲ့ စစ်သားတစ်ယောက်လို့ ဆိုပါတယ်။ အရမ်းကာရော ဘယ်နေရာမှာမှ မလုပ်တတ်ဘူးတဲ့။

ဒါပေမယ့် လွန်ခဲ့တဲ့ တစ်လကျော်လောက်ကစပြီး တိုနီဟာ သိသိသာသာကြီး ပြောင်းလဲလာတာ တွေ့ရတယ်တဲ့။ အထူးသဖြင့် ဗီယက်နမ်တွေ အပေါ်မှာထားတဲ့ သဘောထားဟာ အရင်ကနဲ့ လုံးဝမတူတော့ဘဲ တော်တော်လေး ရက်စက်တဲ့ သဘောမျိုး ဖြစ်လာပုံရတယ်တဲ့။ လွန်ခဲ့တဲ့ ?နှစ်ပတ်လောက်ကဆိုရင် ဗီယက်ကောင်းတွေဆိုပြီး မသင်္ကာလို့ ?မ်းထားတဲ့ ရွာသားတွေထဲက လူတစ်ယောက်ကို တိုနီဟာ ?မပြော



www.burmeseclassic.com

www.burmeseclassic.com



ညာမပြောနဲ့ အခြောက်တိုက် သေနတ်နဲ့ ပစ်သတ်ခဲ့တယ်။ ပြီးတော့ သူက ပြောသေးတယ်တဲ့။ 'ဒီကောင်တွေကို ဒီလိုလုပ်ပစ်မှပဲ အေးမယ်' လို့ ပြောသေးတယ်တဲ့၊ ကာလီ ပြောပြချက်အရဆိုရင် တိုနီဟာ အဲဒီလို ပစ်သတ်လိုက်တဲ့ ရွာသားကို တိုက်ပွဲမှာ အသေဖမ်းမိတဲ့ ဗီယက်ကောင်းတစ်ယောက်အနေနဲ့ ဌာနချုပ်ကို သတင်းပို့လိုက်တယ်လို့ သိရပါတယ်။

ဒီလိုနဲ့ ကျွန်တော်လည်း ဒီကိစ္စအတွက် တပ်ကြပ်ကြီး ကာလီကလွဲလို့ ဘယ်သူမှ မပြောတော့ဘဲ တစ်ညလုံး စိတ်ထဲက တစ်အုံနွေးနွေးနဲ့ ဖြစ်နေပြီး နောက်တစ်နေ့ မနက်စောစော လေးနာရီခွဲ လောက်ကျတော့ တိုက်ကင်းထွက်ဖို့ ပြင်ရတော့တာပါပဲ။

ကျွန်တော်တို့ ငါးယောက်စလုံးဟာ မနေ့ညနေက တိုနီအမိန့်ပေးတဲ့အတိုင်း မနက်လေးနာရီခွဲကျတော့ စခန်းရဲ့ အစွန်နားမှာ လူစုကြပါတယ်။ တိုနီက အဖွဲ့ခေါင်းဆောင်ဆိုတော့ ထုံးစံအတိုင်း စခန်းကမထွက်ခင် ကျွန်တော်တို့အားလုံးကို စစ်လက်နက်ပစ္စည်း အပြည့်အစုံ ပါမပါ စစ်ဆေးပါတယ်။ ကျွန်တော်တို့ရဲ့ ရိက္ခာအခြောက်နဲ့ စားစရာ စည်သွတ်ဘူးတွေ ကျွန်တော်တို့တပ်ဖွဲ့ရဲ့ ရာထူးအလိုက် တံဆိပ်တွေနဲ့ ကိုယ်ပိုင်နံပါတ် အမှတ်အသားတွေ လက်နက် ခဲယမ်းမီးကျောက်တွေ လက်ပစ်ဗုံး မီးခိုးဗုံးတွေနဲ့ အခြားအသုံးအဆောင် ကိရိယာ တန်ဆာပလာတွေ အားလုံး ပါမပါ၊ ပြည့်စုံမပြည့်စုံကို အသေအချာ စစ်ဆေးကြပါတယ်။ အားလုံး ပြည့်စုံပြီဆိုတော့မှ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့လေးဟာ မိုးမလင်းတလင်း အရှေ့ဘက်က ရောင်နီသမ်းလာတဲ့ အချိန်မှာပဲ ငါးယောက်တန်းစီပြီး စခန်းက ထွက်လာခဲ့ကြပါတယ်။

အဲဒီအချိန်ထိ ကျွန်တော်တို့အားလုံးဟာ ခေါင်းဆောင်ဖြစ်တဲ့ တပ်ကြပ်ကြီး တိုနီရဲ့ "စိတ်ဓာတ်မြှင့်တင်ရေး" အစီအစဉ်နဲ့ ပတ်သက်ပြီး တကယ်လက်တွေ့ အကောင်အထည်ဖော်မှာလား၊ ရယ်စရာသဘောမျိုးနဲ့ နောက်ပြောင် ပြောခဲ့တာလားဆိုတာ ဘယ်သူမှ အတိအကျ မပြောနိုင်သေးပါဘူး။





ဒါပေမယ့် နောက် မိနစ်နှစ်ဆယ်လောက် ကြာတဲ့အခါကျတော့ တပ်ကြပ်ကြီး တိုနီရဲ့ အစီအစဉ်ဟာ ရယ်စရာအဖြစ် နောက်ပြောင်ပြောခဲ့တာ မဟုတ်ဘဲ တကယ် လက်တွေ့အကောင်အထည် ပေါ်တော့မယ်ဆိုတာ ကျွန်တော်တို့ သိရတာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ မနေ့ညနေက သူပြောပြတဲ့ မြေပုံထဲက အညွှန်းအတိုင်းဆိုရင် ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ စခန်းရဲ့ အနောက်ဘက်ကို ဦးတည်ပြီး သွားရမယ် မဟုတ်လား။ ဒါပေမယ့် အခုမနက် စခန်းက ထွက်လာကြတော့ တပ်ကြပ်ကြီးတိုနီဟာ စခန်းရဲ့ အနောက်ဘက်ကို မသွားဘဲ မိနစ်နှစ်ဆယ်လုံးလုံး အရှေ့ဘက်ကို ဦးတည်ပြီး သွားနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ကတော့ ဘာမှမပြောပါဘူး၊ ပြောလည်း ပြောလို့ မဖြစ်ဘူးလေ၊ သူက ကင်းအဖွဲ့ရဲ့ ခေါင်းဆောင်ဆိုတော့ သူချီတက်ရာ နောက်ကို ကျွန်တော်တို့လည်း စိုက်စိုက် စိုက်စိုက်နဲ့ လိုက်လာခဲ့ကြတာပါပဲ။

ဒီလိုနဲ့ စခန်းကနေပြီး၊ မီတာ ၂၀၀၀ လောက်၊ (တစ်မိုင်နဲ့ နှစ်ဖာလုံလောက်) ဆိုပါတော့၊ အဲဒီလောက် ခရီးပေါက်လာတော့ ခပ်လှမ်းလှမ်းမှာ ရွာကလေးတစ်ရွာကို အရှေ့ဘက်က အလင်းရောင်အောက်မှာ လှမ်းမြင်ရပါတယ်၊ အဲဒီရွာကလေးရဲ့ နာမည်က "ကက်ကျူဝမ်း" လို့ ခေါ်ပါတယ်။ ဖူးမိုင်ခရိုင်ထဲကပါပဲ၊ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့ ငါးယောက်စလုံး အဲဒီရွာကလေးနား ရောက်သွားပြီး၊ တပ်ကြပ်ကြီးတိုနီဟာ ရွာထဲကို တန်းဝင်သွားတော့ ကျွန်တော်တို့လည်း သူ့နောက်က လိုက်သွားရပါတယ်။ အဲဒီအချိန်ကျတော့ ကျွန်တော့်စိတ်ထဲမှာ မနေ့ညက ကာလီရဲ့စကားကို နားထောင်ပြီး တပ်ကြပ်ကြီးတိုနီရဲ့ အစီအစဉ်နဲ့ ပတ်သက်လို့ တပ်မှူးတစ်ယောက်ယောက်ကို မတိုင်ခဲ့မိတာ မှားပြီလို့ စိတ်ထဲက အောက်မေ့လာမိပါတယ်။

ဒီလိုနဲ့ ကျွန်တော်စိတ်တွေ ဇဝေဇဝါ ဖြစ်နေတုန်းမှာပဲ တိုနီကတော့ သူ့အစီအစဉ်အတိုင်း လုပ်စရာရှိတာ ခပ်သွက်သွက် လုပ်တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တိုနီဟာ ဘာမပြော ညာမပြောနဲ့ ရွာအဝင်အဝနားမှာ ပထမဆုံး စတွေ့တဲ့ တဲတွေကို တစ်တဲပြီး တစ်တဲ ဝင်ရှာတော့တာပါပဲ၊ သူနဲ့အတူ တပ်ကြပ်ကလပ်ကလည်း သူ့နောက်က ထက်ကြပ်မကွာ လိုက်သွားတာ တွေ့ရပါတယ်။

ဒါပေမယ့် တဲလေးငါးတဲလောက် ရှိပြီးတဲ့အထိ သူတို့စိတ်ကြိုက် မတွေ့လို့လား မသိဘူး။ ဒီအတိုင်းပဲ ပြန်ပြန်ထွက်လာတာ တွေ့ရပါတယ်၊ အဲဒီအချိန်ကျတော့ ကျွန်တော်တို့ရောက်စ ခပ်စောစောက အိပ်မောကျနေတဲ့ ရွာကလေးဟာ ဆူဆူညံညံနဲ့ လူသံတွေရော ကြက်သံ ဝက်သံတွေရော၊ ခွေးသံတွေပါ ရုတ်ရုတ်သဲသဲ ဖြစ်နေပါပြီ။

ဒီလိုနဲ့ ခဏနေတော့ ရာဖီဆိုတဲ့အကောင်က သူ့ရှေ့နားမှာရှိတဲ့ တဲတစ်တဲကို လက်ညှိုးထိုးပြပြီး၊ 'ဟေ့ ဒီတဲထဲမှာ ကောင်မ ခပ်ချောချော လေးတစ်ယောက် ရှိတယ်ကွ၊ ရွှေသွားနဲ့ကောင်မလေးလေ ...' ဆိုပြီး ဖြုန်းခနဲ လှမ်းအော်လိုက်ပါတယ်။ ချက်ချင်းပဲ တပ်ကြပ်ကြီးတိုနီကလည်း ပြန်အော် ပြောလိုက်ပါတယ်၊ 'အေးဟေ့ ... ဟုတ်ပြီ ဟုတ်ပြီ ...၊ ဒို့ရှာနေတာ ဒီကောင်မလေးပဲ' ဆိုပြီး ပြောပြောဆိုဆိုနဲ့ တိုနီဟာ အဲဒီတဲရှိရာကို ပြေးသွားပါတယ်။ သူ့နောက်က တပ်ကြပ်ကလပ်လည်း တစ်ပါတည်း ပြေးလိုက်သွားတာ တွေ့ရပါတယ်။

အဲဒီအချိန်အထိ ကျွန်တော်နဲ့ မင်နယယ်ဟာ ဘယ်တဲထဲမှ မဝင်ဘဲ ရွာလယ်လမ်းမပေါ်မှာပဲ နှစ်ယောက်သား ရပ်ကြည့်နေကြပါတယ်။ ရာဖီဟာ ကျွန်တော်နဲ့ မင်နယယ်တို့ ဒီအတိုင်းရပ်နေကြတာကို တစ်ချက်လှမ်းကြည့်ပြီး၊ သူ့စိတ်သူ မလုံလို့လား မသိဘူး၊ မျက်နှာတစ်ချက် ပျက်သွားတာ တွေ့လိုက်ရပါတယ်။ ဒါနဲ့ သူ စောစောက လက်ညှိုးထိုးပြတဲ့ တဲကလေးထဲကို တိုနီနဲ့ကလပ်တို့ ပြေးဝင်သွားတော့ သူ လိုက်မသွားဘဲ ကျွန်တော်တို့ နှစ်ယောက်နဲ့အတူ အပြင်ဘက် လမ်းပေါ်မှာပဲ ကျန်နေရစ်ပါတယ်။

တိုနီနဲ့ ကလပ်ဟာ အဲဒီတဲကလေးထဲက ရုတ်တရက် ပြန်ထွက်မလာဘဲ စောစောက သူတို့ ဝင်ရှာကြတဲ့ တဲတွေထက် အချိန်ကြာနေကြပါတယ်။





ကျွန်တော်နဲ့ ကျန်တဲ့နှစ်ယောက်ကတော့ အပြင်ဘက်မှာ နေရစ်ခဲ့လို့ တဲထဲမှာ ဘာတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ မသိရဘူးပေါ့။

ဒါပေမယ့် နောက်မှ ကျွန်တော် သိရတာကတော့ တိုနီနဲ့ ကလပ်ဟာ တဲထဲရောက်တော့ သူတို့မှာ ပါလာတဲ့ လက်နှိပ်ဓာတ်မီးနဲ့ထိုးပြီး တစ်တဲလုံးကို မွှေနှောက်ရှာကြတယ်လို့ ဆိုပါတယ်။ အဲဒီအချိန်မှာ မိုးက လုံးလုံး မလင်းသေးတဲ့ပြင် တဲထဲဆိုတော့ အပြင်မှာထက်တောင် မှောင်နေပါသေးတယ်။ ဒါနဲ့ လက်နှိပ်ဓာတ်မီးရောင်နဲ့ တဲထဲမှာ အဖွားကြီးတစ်ယောက်နဲ့ ကောင်မလေးနှစ်ယောက်ကို တွေ့ကြတာပါပဲ။ အဲ...အဲဒီကောင်မလေး နှစ်ယောက်မှာ တစ်ယောက်က ကျွန်တော်ပြောတဲ့ "ဖန်သီမော်" ဆိုတဲ့ "မော်" နဲ့၊ တစ်ယောက်က သူညီမ "ဖန်သီလော့" ဆိုတဲ့ ကောင်မလေးပါပဲ။ အဖွားကြီးကတော့ သူတို့အမေပေါ့။ အဲဒီအချိန်မှာ သူတို့အဖေက ဖူမိုင်မြို့ကို ဈေးလိုက်သွားနေတော့ အိမ်မှာ သူတို့သားအမိ ၃ ယောက် မိန်းမသားတွေချည့် ကျန်ရစ်ခဲ့တယ်နဲ့ တူပါတယ်။

တိုနီနဲ့ ကလပ်ဟာ သူတို့ရဲ့ လက်နှိပ်ဓာတ်မီးရောင်နဲ့ အဲဒီသားအမိ သုံးယောက်ကိုလည်း မြင်ရော ဘာမပြော ညာမပြောနဲ့ အကြီးမ "ဖန်သီမော်" ကို ဝင်ဆွဲကြတော့တာပါပဲ။ အဲဒီတင် အဖွားကြီးကလည်း ငိုယိုပြီး ပါးစပ်က ဗီယက်နမ်လို တဖွဖွနဲ့ သူ့သမီးကို ချမ်းသာပေးဖို့ တောင်းပန်၊ အငယ်မ ဖန်သီလော့ကလည်း သူ့အစ်မကို ခါးဖက်ပြီး အတင်းဆွဲထားနဲ့ ဝရုန်းသုန်းကား ဖြစ်နေကြတာပေါ့။

ဒါပေမယ့် မရပါဘူး။ နောက်ဆုံးတော့ သူရဲမင်းရဲ စီးနေကြတဲ့ တိုနီနဲ့ ကလပ်တို့လက်ထဲ အဲဒီအကြီးမဟာ ဒရွတ်တိုက် ပါလာတာပါပဲ။

တိုနီနဲ့ ကလပ်ဟာ အဲဒီတဲထဲမှာတင်ပဲ အုန်းဆံကြိုးတစ်ချောင်းနဲ့ "မော်" ကို လက်ပြန်ကြိုးတုတ်ပြီး အပြင် ခေါ်ထုတ်လာကြပါတယ်။ ဒီလိုနဲ့ "မော်" ဟာ ကြိုးတန်းလန်းနဲ့ ကျွန်တော်တို့ရှိရာကို ရောက်လာပြီး သူ့နောက်က တပ်ကြပ်ကလပ်ဟာ ကြိုးစကို ဆွဲရင်း "မော်" ရဲ့ တစ်တောင်ဆစ်ကို တွန်းရင်းနဲ့ ပါလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရှိရာကို သူတို့ ပြန်ရောက်ရောက်ချင်းပဲ တိုနီက ကျွန်တော်တို့အားလုံးကို ဆက်ပြီး ချီတက်ဖို့ အမိန့်ပေးလိုက်ပါတယ်။ အဲဒီအချိန်မှာ အရှေ့ဘက်က အလင်းရောင် နည်းနည်းလာနေပြီဆိုတော့ တိုနီဟာ နေမထွက်ခင် ဒီကောင်မလေးကို ရွာပြင်ရောက်အောင် ခေါ်ထုတ်သွားမယ် ဆိုတဲ့ သဘောပါပဲ။ နောက်ပြီးတော့ ဖြစ်နိုင်ရင် ဒီကောင်မလေးကို အခုလို ဆွဲခေါ်လာတာကို ကျွန်တော်တို့ အမေရိကန်တပ်တွေကလည်း မသိစေချင်ဘူး၊ တစ်ခါတစ်ခါ မနက်စောစောစီးစီး ကင်းထောက်တဲ့ ရဟတ်ယာဉ်တွေ လာတတ်တော့ အဲဒီပေါ်က မြင်သွားမှာလည်း စိုးရိမ်ရသေးတယ် မဟုတ်လား။

ဒါတောင် ကျွန်တော်တို့ ရွာထဲက မထွက်ခင် ကလေးတွေရော၊ လူကြီးတွေရော၊ မိန်းမတွေပါ ဝိုင်းလာပြီး လက်ပြန်ကြိုးတုပ်ထားတဲ့ "မော်" ကို ကြည့်ရင်း တစ်ယောက်တစ်ခွန်း ကြွက်စီ ကြွက်စီနဲ့ ပြောနေကြသေးတယ်။ ကျွန်တော်တို့ကလည်း ဗီယက်နမ်လို လုံးဝမတတ်တော့ ဘာပြောတယ်ဆိုတာ မသိရဘူးပေါ့။ ဒါပေမယ့် အခုလို သူတို့ရွာက မိန်းမပျိုလေး တစ်ယောက်ကို ဘာအပြစ်မှမရှိဘဲ အခြောက်တိုက်ဖမ်းတာကို မကျေနပ်တဲ့ လေသံမျိုးနဲ့ ပြောနေကြတယ်ဆိုတာတော့ ရိပ်မိပါတယ်။ အဲဒီအတော အတွင်းမှာပဲ "မော်" ရဲ့ညီမဟာ တဲထဲက ထွက်လာပြီး လက်ပြန်ကြိုးတုပ်ထားတဲ့ သူ့အစ်မကို လာကြည့်သေးတယ်။ အဲဒီအချိန်မှာ နေမထွက်သေး ပေမယ့် အလင်းရောင် ပြေးစပြုနေတော့ သူတို့ညီအစ်မနှစ်ယောက်ရဲ့ မျက်လုံးတွေကို ကျွန်တော် ကောင်းကောင်း သတိထားကြည့်လိုက်မိတယ်။ သူတို့မျက်လုံးတွေဟာ မီးတောက်နေသလား အောက်မေ့ရတယ်။ တကယ့် ကြောက်စရာ မျက်လုံးတွေပါပဲဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့ဟာ မိုးမလင်းတလင်း နေမထွက်ခင်ကလေး မှာပဲ အဲဒီ "မော်" ဆိုတဲ့ ကောင်မလေးကို ရွာထဲက ဆွဲခေါ်ထုတ်လာခဲ့ကြ တာပါပဲ။ အဲဒီအချိန် အဲဒီနေ့မနက်က အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှာ





အလင်းရောင် ပြို့အန်နေတဲ့ နောက်ခံရှုခင်းနဲ့ အဲဒီရှုခင်းရဲ့ ရှေ့မှာ အမေရိကန် စစ်သားငါးယောက်ဟာ ဗီယက်နမ်မလေးတစ်ယောက်ကို လက်ပြန်ကြိုးတုပ် ပြီး ရှေ့က သုံးယောက်၊ နောက်က နှစ်ယောက်နဲ့ ရှေ့ဆင့် နောက်ဆင့် ရွာအပြင်က လယ်ကွင်းကိုဖြတ်ပြီး တောစပ်ရှိရာ သွားနေကြတဲ့ မြင်ကွင်း ဟာ ကျွန်တော့်မျက်စိထဲမှာ ခုထက်ထိ မြင်ယောင်နေတုန်းပါပဲဗျာ။

ကျွန်တော်တို့ ရွာက ထွက်လာလို့ မီတာ ၂၀ လောက် ရောက်တဲ့ အခါကျတော့ ကျွန်တော့်နောက်က ပြေးလိုက်လာတဲ့ လူသံကြားတာနဲ့ လှည့်ကြည့်လိုက်တော့ ကျွန်တော် ထင်တဲ့အတိုင်းပါပဲ။ မော်ရဲ့အမေကြီးဟာ ဆံပင် ဖိုးရိုးဖားရားနဲ့ ရင်ပတ်စည်တီးပြီး ငိုကြီးချက်မ ပြေးလိုက်လာတာ တွေ့ရတာပါပဲ။ တိုနီက အဲဒီအဖွားကြီးကို လှမ်းပြီး ဗီယက်နမ်စကားနဲ့ 'ဒီး...ဒီး' လို့ အော်ပါတယ်။ အဓိပ္ပာယ်ကတော့ 'သွား...သွား' လို့ မောင်း လွှတ်တာပါပဲ။

ဒါပေမယ့် အဖွားကြီးဟာ ကျွန်တော်တို့ရှိရာကို အူယားဖားယားနဲ့ ရောက်အောင် ပြေးလာပါတယ်။ သူ့လက်ထဲမှာလည်း ပဝါဖြူတစ်ထည်ကို တိုလို့တွဲလောင်း ကိုင်လာတာ တွေ့ရပါတယ်။

ဒါနဲ့ ကျွန်တော်တို့အနား ရောက်တော့ မောကြီးပမ်းကြီးနဲ့ ဟောဟဲ လိုက်နေတဲ့အထဲက သူ့လက်ထဲက ပဝါကို ကျွန်တော်တို့ကို လှမ်းပေးရင်း ပါးစပ်ကလည်း ပြောပါတယ်။ လက်ကလည်း သူ့သမီးကို လက်ညှိုးထိုးပြပါ တယ်။ အဓိပ္ပါယ်ကတော့ ဒီပဝါဟာ သူ့သမီးရဲ့ ပဝါပါ၊ ဒီပဝါကလေးကို တော့ သမီးကို ပေးလိုက်ပါရစေ ဆိုတဲ့ သဘောပါပဲ။ ဒါကို ကျွန်တော်တို့ အားလုံး ဗီယက်နမ်စကား မတတ်ပေမယ့် အဖွားကြီးရဲ့ အမူအရာကြောင့် နားလည်လိုက်ကြပါတယ်။

အဲဒီအချိန်က အဖွားကြီးရဲ့ပါးပေါ်မှာ မျက်ရည်တွေ တတွေတွေ ကျပြီး ဆံပင်ကလည်း ဖိုးရိုးဖားရားနဲ့ သူ့မြင်ရတာ ကျွန်တော်ဖြင့် ရင်ထဲက နာသွားတာပါပဲ။ ဒါပေမယ့် အဲဒီအချိန်က ကျွန်တော်ဟာ ဘာလုပ်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်နေမိပါတယ်။ ကျွန်တော့်အနေနဲ့ ဘာမှ မလုပ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အခုလာတဲ့ ကင်းအဖွဲ့မှာ ကျွန်တော်ဟာ ရိုးရိုးသာမန်စစ်သား တစ်ယောက်မို့လို့ အဖွဲ့ခေါင်းဆောင် တပ်ကြပ်ကြီး တိုနီရဲ့အမိန့်ကို နာခံဖို့ပဲ ကျွန်တော့်မှာ တာဝန်ရှိနေပါတယ်။

အဲဒီလိုနဲ့ အဖွားကြီးက သူ့သမီး "မော်" ရဲ့ ပဝါကလေးကို တောင်းတောင်းပန်ပန်နဲ့ အသနားခံပြီး လှမ်းပေးနေတာကို ရုတ်တရက် ကျွန်တော်တို့အားလုံး ကြောင်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေတုန်း တပ်ကြပ်ကလပ်က တစ်ခုခု စိတ်ကူးရတဲ့ပုံမျိုးနဲ့ သူ့ဘာသူ ပြုံးပြီး ပဝါကလေးကို အဖွားကြီးလက်ထဲက ဆတ်ခနဲ လှမ်းဆွဲယူလိုက်ပါတယ်။ ပြီးတော့မှ အဖွားကြီးကို 'ဒီး ... ဒီး' ဆိုပြီး 'သွား... သွား' လို့ မောင်းလွှတ်လိုက်ပါတယ်။

အဖွားကြီးကလည်း နောက်ထပ် ဘာတစ်ခွန်းမှ မပြောတော့ဘဲ မျက်နှာကို လက်ဝါးနှစ်ဘက်နဲ့ အုပ်ပြီး ရှိုက်ကြီးငင်ကြီးနဲ့ ငိုရင်းက လမ်းအတိုင်း ရွာဘက်ကို တစ်လှမ်းချင်း ပြန်လှည့် ထွက်သွားရှာပါတယ်။ မြင်ရတဲ့ မြင်ကွင်းကတော့ တကယ့်ကို စိတ်မချမ်းသာစရာပါပဲဗျာ။

ဒီလိုနဲ့ ကျွန်တော်တို့လူစုလည်း တိုနီက ရှေ့ဆက် ချီတက်ဖို့ အမိန့်ပေးလိုက်တာနဲ့ စောစောကအတိုင်း လက်ပြန်ကြိုးတုပ်ထားတဲ့ "မော်" ကို ရှေ့က နှစ်ယောက် နောက်က သုံးယောက် ညှပ်ပြီး တန်းစီ ထွက်လာခဲ့ကြပါတယ်။

လေးငါးဆယ်လှမ်းလောက် လှမ်းမိတော့ လက်ပြန်ကြိုးတုပ်ထားတဲ့ "မော်" နောက်က ကြိုးစကိုကိုင်ပြီး လိုက်လာတဲ့ ကလပ်ဟာ ဘာမပြော ညာမပြောနဲ့ စောစောက အဖွားကြီးပေးသွားတဲ့ ပဝါကလေးကို လုံးထွေးပြီး မော်ရဲ့ ပါးစပ်ထဲကို ဆို့ထားလိုက်ပါတယ်။ အဓိပ္ပာယ်ကတော့ မော်ဟာ ကျွန်တော်တို့နဲ့ လိုက်လာရင်း အော်လားဟစ်လား မလုပ်နိုင်အောင်ဆိုတဲ့ သဘောပါပဲ။ ကျွန်တော်လည်း အဲဒီတော့မှ စောစောက အဖွားကြီး လက်ထဲက ပဝါကလေးကို ပြုံးစိစိနဲ့ သူ ဆတ်ခနဲ ဆွဲယူလိုက်တာကို သဘောပေါက်သွားမိပါတယ်။





ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေဟာ ခရီးဆက်လာလိုက်တာ ကျွန်တော်တို့နောက်မှာ မော်ရဲ့ ရွာကလေးဟာ တဖြည်းဖြည်းနဲ့ ဝေးပြီး ကျန်ရစ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး လမ်းမှာ လူတစ်ယောက်မှ မတွေ့တော့တဲ့အတွက် နောက်ထပ် ဘာမှ ထူးထူးခြားခြားလည်း မဖြစ်တော့ပါဘူး။

နောက် ရွာနဲ့ တစ်မိုင်သာသာ ရောက်တဲ့အခါကျတော့ မော့်ရှေ့က လျှောက်လာတဲ့ မင်နယယ်ဟာ ရုတ်တရက် မော်ရှိရာကို ပြန်လျှောက်သွားပြီး ကြိုးစဆွဲလာတဲ့ ကလပ်ကို စကားတစ်ခွန်း ပြောလိုက်ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်ဟာ နောက်ဆုံးရောက်နေလို့ သူတို့နဲ့ နည်းနည်း အလှမ်းဝေးနေတာမို့ ရုတ်တရက် ဘာပြောလိုက်မှန်း မသိပါဘူး။ ဒါပေမယ့် ကလပ်က မင်နယယ်ကို 'ဖြစ်ပါတယ်၊ ရပါတယ်' လို့ ပြန်ပြောသံကိုတော့ ခပ်ဝါးဝါး ကြားလိုက်ရပါတယ်။

ကလပ်ကလည်း အဲဒီလို ပြောရင်းက မော်ရဲ့ လက်ကောက်ဝတ်နှစ်ဘက်စလုံးကို ပူးပြီး လက်ပြန်ကြိုးတုပ်ထားတဲ့ ကြိုးစကို ဖြေပေးလိုက်ပါတယ်။ တစ်ချိန်တည်းမှာပဲ မင်နယယ်ဟာ သူ့ကျောပေါ်မှာ ပါလာတဲ့ ကျောပိုးအိတ်ကို ဖြည်းဖြည်းချင်း လျှောချရင်း၊ လက်နှစ်ဘက်ကို အသာဆွဲထုတ်ပြီး ဖြုတ်လိုက်ပါတယ်။ ပြီးမှ အဲဒီကျောပိုးအိတ်ကို ခြေဟန်လက်ဟန်ပြပြီး မော်ကို အလွယ်ခိုင်းပါတယ်။

မော်ဟာ မင်နယယ်ခိုင်းတာကို နားလည်ပုံရပေမယ့် ကျောပိုးအိတ်ကို ချက်ချင်း လှမ်းမယူသေးဘဲ စောစောက အနှံဆံကြိုးနဲ့ လက်ပြန်ကြိုးအတုပ်ခံထားရတဲ့ သူ့လက်ကောက်ဝတ် နှစ်ဖက်ကို တစ်ဖက်စီ အပြန်အလှန် ပွတ်နေရှာပါသေးတယ်။ လက်ပြန်ကြိုးက ခပ်တင်းတင်းကလေး တုပ်ထားခဲ့တာမို့ အတော်ကလေး နာနေပုံရပါတယ်။ ပြီးမှ သူဟာ မင်နယယ်ကိုရော၊ ကလပ်ကိုပါ တစ်လှည့်စီ မျက်လုံးလှန်ကြည့်လိုက်ပြီး သူ့ပါးစပ်ထဲမှာ လုံးပြီး ထည့်ထားတဲ့ ပဝါစကို ထုတ်လိုက်ပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်လည်း သူတို့အနား ရောက်လာပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ကျွန်တော်ဟာ ဘာမှဝင်မပြော၊ ဘာမှလည်း မလုပ်ဘဲနဲ့ ဒီအတိုင်းပဲ ရပ်ကြည့်နေပါတယ်။ ကလပ်နဲ့ မင်နယယ်ကလည်း ဘာမှ မပြောကြပါဘူး၊ မော်ပါးစပ်ထဲက ပဝါကို ဆွဲထုတ်လိုက်ပြီး သူ့မျက်နှာပေါ်က ချွေးစချွေးနတွေ သုတ်နေတာကို ကြည့်ရင်းနဲ့၊ မင်နယယ်က နောက်တစ်ခါ ထပ်ပြီး သူ့ကျောပိုးအိတ်ကို လွယ်ခဲ့ဖို့ ခြေဟန်လက်ဟန်နဲ့ မော်ကို ပြောပါတယ်။ အဲဒီတော့မှ မော်က မြေကြီးပေါ်ချထားတဲ့ ကျောပိုးအိတ်ကို ကောက်ပြီး သူ့ကျောမှာ လွယ်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ခပ်လှမ်းလှမ်း ရှေ့ဆုံးမှာ ရောက်နေတဲ့ တိုနီက ကျွန်တော်တို့ရှိရာကို လှမ်းပြီး 'ကိုယ့်လူတွေ ဘာလုပ်နေကြတာလဲ၊ လာကြလေ' လို့ အော်လိုက်တာနဲ့ ကျွန်တော်တို့အားလုံး အဲဒီနေရာက ရှေ့ဆက်ထွက်လာခဲ့ကြပါတယ်။ မော်ဟာလည်း မင်နယယ်ရဲ့ ကျောပိုးအိတ်ကို လွယ်ရင်း တစ်လှမ်းချင်း လိုက်လာပါတယ်။ သူ့မျက်နှာကြည့်ရတာ စောစောက လက်ပြန်ကြိုး အတုပ်ခံရတာထက် ကျောပိုးအိတ်ကို လွယ်ပြီး လိုက်လာရတာက တော်သေးတယ်ဆိုတဲ့ အမူအရာမျိုး တွေ့နေရပါတယ်။

ကျွန်တော်တို့ငါးယောက်နဲ့ မော်ဟာ ဒီလိုနဲ့ ခပ်မှန်မှန်လာခဲ့ကြရင်း တဖြည်းဖြည်းနဲ့ နေထွက်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ဟာ အနောက်ဘက်ကို မျက်နှာမူပြီး ချီတက်နေရတာဆိုတော့ ကျွန်တော်တို့ နောက်ကျောဘက်က နေထွက်လာတာကို မမြင်ရပေမယ့် ကျွန်တော်တို့ ရှေ့က တောတန်းတောင်တန်းတွေနဲ့ ရှမ့်ချော်ခင်းတွေကို နေရောင်အောက်မှာ တဖြည်းဖြည်းနဲ့ ထင်ထင်ရှားရှား မြင်လာရပါတယ်။

ကျွန်တော်တို့ အခုရောက်နေတဲ့ နေရာဟာ တောင်ဗီယက်နမ်ရဲ့ ဗဟိုကုန်းမြင့်ဒေသ ဆိုတဲ့အတိုင်း ကျွန်တော်တို့ ပတ်ပတ်လည်မှာ တောင်ကုန်းကလေးတွေနဲ့ တောင်တန်းတွေ ဝိုင်းနေတာ တွေ့ရပါတယ်။

ကျွန်တော်ဟာ စောစောက မနက် မိုးမလင်းတလင်း မှောင်နဲ့မဲမဲထဲမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေနဲ့၊ ကျွန်တော်တို့ လက်ပြန်ကြိုးတုပ်ပြီး





ဖမ်းခေါ်လာတဲ့ မော်အတွက် စိတ်ထဲက တော်တော် မချမ်းမသာ ဖြစ်နေခဲ့ရာက အခု မနက်လင်းလို့ နေထွက်လာပြီး နေရောင်အောက်မှာ တောတန်းတောင်တန်းတွေနဲ့ ပတ်ဝန်းကျင် ရှမ့်ချော်ခင်းတွေ မြင်လိုက်ရတော့ အာရုံတောင် တစ်မျိုးပြောင်းသလို ဖြစ်သွားမိပါတယ်။ မော်ကို ကျွန်တော်တို့ ဖမ်းခေါ်လာတာဟာလည်း မတော်မတရား ကျင့်ကြံဖို့ မဟုတ်ဘဲ၊ ကျွန်တော်တို့ ချီတက်ရာမှာ ပစ္စည်းသယ်ဖို့နဲ့ တောက်တိုမယ်ရ ခိုင်းဖို့ ထုံးစံအတိုင်း ချွေးတပ်ဆွဲလာတာပဲလေ ဆိုပြီး စောစောကထက်စာရင် နည်းနည်း စိတ်သက်သာသလို ဖြစ်နေမိပါတယ်။

ကျွန်တော်တို့ဟာ တဖြည်းဖြည်းနဲ့ ရိုးရိုး မြေပြင် မြေပြန့်ကနေပြီး တောင်ကုန်းတစ်ခုပေါ်ကို မသိမသာ တက်လာခဲ့ရတယ်။ ကျွန်တော်တို့ တက်လာခဲ့တဲ့ တောင်ကုန်းဟာ အစက မြင့်မှန်း မသိရဘူး။ ဒါပေမယ့် တက်လာရင်း တက်လာရင်းနဲ့ ဘေးတစ်ဘက်တစ်ချက်ကို ကြည့်လိုက်တော့မှ အောက်ဘက်မှာ တောင်ကုန်းကို ပတ်ဝိုက်ပြီး စီးနေတဲ့ စမ်းချောင်းကလေးနဲ့ တောင်ကြားလမ်းကလေးကို လှမ်းမြင်ရလို့ တော်တော်ကလေး မြင့်လာမှန်း သိရတယ်။ အပေါ်ကနေစီးပြီး ငုံ့ကြည့်လိုက်ရင် အဲဒီစမ်းချောင်းကလေးဘေးမှာကပ်ပြီး စိုက်ထားတဲ့ စိမ်းစိမ်းစိုစို စပါးခင်းတွေနဲ့ သေသေသပ်သပ်ဖောက်ထားကြတဲ့ ရေမြောင်းကလေးတွေဟာ သိပ်ကြည့်လို့ လှတာပဲ၊ လေယာဉ်ပျံပေါ်ကနေပြီး ရိုက်ထားတဲ့ ဆေးရောင်စုံ ဓာတ်ပုံလှလှကလေးတွေ ကြည့်ရတာ ကျနေတာပဲ။

ကျွန်တော်တို့ အခု ချီတက်နေကြတဲ့ နေရာတစ်ဝိုက်ဟာ များသောအားဖြင့် သစ်ကြီးဝါးကြီးတွေပေါက်ပြီး အရိပ်အာဝါသကောင်းတဲ့ နေရာတွေက များပါတယ်။ ဒါပေမယ့် တစ်ချို့နေရာတွေကျတော့လည်း သစ်ပင်ကြီးကြီးမားမားဆိုလို့ တစ်ပင်မှ မတွေ့ရဘဲ ချုံပုတ်ကလေးတွေနဲ့ ကိုင်းတောမြက်တောတွေလောက်ပဲ တွေ့ရပါတယ်။ အဲ တစ်ချို့နေရာတွေမှာတော့ တောမီးလောင်သလို ကွက် ကွက်ပြီး မီးလောင်ထားလို့ မီးကျွမ်းပြီး ညိုမဲနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင် မြက်ပင်တွေကို ဟိုနေရာတချို့၊ ဒီနေရာတချို့ တွေ့ရသေးတယ်။ အဲဒါတွေက အမှန်တော့ ရိုးရိုးတောမီးလောင်လို့ ဖြစ်တာ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အမေရိကန်တပ်က မီးလောင်ဗုံးတွေ ကြဲကြဲချလို့ သစ်ပင်တွေ မီးကျွမ်းပြီး သေကုန်တဲ့ နေရာတွေပါ။

ကျွန်တော်တို့ဟာ စောစောက ပြောခဲ့တဲ့ တောင်ကုန်းပေါ်မှာ တစ်နာရီသာသာ နှစ်နာရီလောက်နီးပါး ဆက်ပြီး ချီတက်ခဲ့ရပါတယ်။ အဲဒီအတောအတွင်း စောစောက ပြောခဲ့သလို တစ်နေရာနဲ့ တစ်နေရာ သဘာဝ မြေအနေအထားချင်း မတူပါဘူး။ တစ်နေရာမှာ လွင်တီးခေါင်ကွင်းပြင်ကို တွေ့ရပေမယ့် တစ်နေရာကျတော့ သစ်ပင်ကြီးတွေရော၊ ဝါးတောကြီးတွေရော တခြားချုံတွေ နွယ်တွေနဲ့ ဆူးပင်တွေပိတ်ဆို့ပြီး ခဲခဲယဉ်းယဉ်းနဲ့ တော်တော် သွားယူရပါတယ်။ တချို့နေရာတွေများ အဲဒီချုံနွယ်ပိတ်ပေါင်းတွေ ထူထပ်လွန်းတော့ တစ်ယောက်နဲ့တစ်ယောက်ဟာ အနခ ဒီအခန်းထဲမှာ ခင်ဗျားနဲ့ကျွန်တော် ထိုင်နေသလောက် ဝေးတာတောင် တစ်ယောက်ကို တစ်ယောက် မမြင်ရဘူး။ အဲဒီနေရာမျိုးကျရင် တိုးဝှေ့သွားရတာနဲ့ ငုံ့သွားရတာနဲ့ ကျွန်တော်တို့ အင်္ကျီတွေလည်း ဆူးတွေငြိ၊ သစ်ကိုင်းတွေငြိနဲ့ တချို့ စုတ်ပြတ်ကုန်တာပါပဲ။

ဒါနဲ့ မနက်ရှစ်နာရီလောက်ကျတော့ တစ်နေရာအရောက်မှာ တိုနီက ကျွန်တော်တို့အားလုံးကို နာရီဝက် နားပြီး မနက်စာ စားဖို့ အမိန့်ပေးလိုက်တယ်။

အဲဒီကျတော့ ကျွန်တော်ဟာ ဗီယက်နမ်မလေး မော်အတွက် စိတ်မကောင်းစရာ ဖြစ်ရပြန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်မှာ ကျောပေါ်က ကျောပိုးအိတ်ကြီးလွယ်ပြီး ကျွန်တော်တို့ စစ်သားတွေနဲ့တန်းတူ နှစ်နာရီ သုံးနာရီနီးပါးလောက် တောထဲ တောင်ထဲမှာ ခရီးကြမ်းလာခဲ့ရလို့ သူ့မှာ ချွေးတွေ သံတွေနဲ့ တော်တော်လေးမောပြီး ပင်ပန်းနေပါတယ်။

အဲဒီကြားထဲက ကျွန်တော်တို့ တပ်ဖွဲ့ခေါင်းဆောင် တိုနီဟာ





ကျွန်တော်တို့ စားနေကြတဲ့ ပေါင်မုန့်နဲ့ အသားသွပ်ထားတဲ့ မနက်စာထဲက မော့်ကို ဘာတစ်ခု မကျွေးရဘူးလို့ ကျွန်တော်တို့အားလုံးကို အမိန့်ထုတ်လိုက်ပါတယ်။ သူ့အကြောင်းပြချက်ကတော့ 'ဒီကောင်မလေး တစ်ခုခု စားရလို့ အားပြည့်လာရင် ထွက်ပြေးမှာ စိုးရတယ်' တဲ့၊ ကဲ–ဘယ်လောက် ရက်စက်သလဲလို့။

ပြီးတော့ ရှိပါသေးတယ်၊ အဲဒီ ကျွန်တော်တို့ နာရီဝက်စခန်းချပြီး မနက်စာ စားနေတဲ့နေရာမှာ မော်ဟာ ခရီးပန်းပြီး သူ့ချွေးနဲ့သူ ပြန်အအေးပတ်လို့လား မပြောတတ်ဘူး၊ ချောင်းနည်းနည်း ဆိုးနေပါတယ်။ မျက်နှာ တစ်ခုလုံးလည်း နီရဲပြီး နေမကောင်းတဲ့ အမူအရာမျိုး ဖြစ်နေပါတယ်၊ အဲဒါကို မြင်ရ တွေ့ရတော့ တိုနီဟာ သူ့ခါးပတ်မှာ ပါလာတဲ့ အိတ်ထဲက အပူကျ ဆေးပြားတစ်ပြား ထုတ်ပြီး မော့်ကို တိုက်ပါတယ်။

အဲဒီတုန်းက တခြားလူတွေတော့ မပြောတတ်ဘူး၊ ကျွန်တော်တော့ ဗီယက်နမ်မလေး မော်ရဲ့ အခြေအနေကိုကြည့်ပြီး အတော်စိတ်မကောင်း ဖြစ်နေမိတယ်။ သူ့ခင်မျာ တစ်မနက်လုံး ယောကျ်ားရင့်မကြီး စစ်သားတွေနဲ့ ရင်ဘောင်တန်းပြီး ခရီးကြမ်း ချီတက်လာတဲ့အထဲက ကျွန်တော်တို့ တစ်တွေ မနက်စာ စားသောက်နေကြတဲ့အချိန်မှာ ဘာတစ်ခုမှ မစားရ မသောက်ရဘဲ အူဟောင်းလောင်းနဲ့ အဝေးဆေးနေရာမှာပဲ ဆိုပြီး သနားသွားမိပါတယ်။

ဒါပေမယ့် ခက်တာက ကျွန်တော်တို့ တပ်ဖွဲ့ခေါင်းဆောင် တိုနီရဲ့ အမိန့်ကြောင့် ကျွန်တော့်မှာ မော့်ကို ကျွန်တော်စားနေတဲ့ အစားအစာထဲက နည်းနည်းပါးပါး ကျွေးချင် မွေးချင်ပေမယ့် မကျွေးရဲဘဲ ဖြစ်နေပါတယ်။ ကျန်တဲ့လူတွေကတော့ မော့်ကို လူသားတစ်ယောက် မိန်းမသားတစ်ယောက်လို့ သဘောမထားကြလို့လား မသိဘူး၊ အစားအစာ တစ်ခုခုကျွေးဖို့ စိတ်ကူးတောင် ရကြပုံ မပေါ်ပါဘူး။ သူတို့ဟာသူတို့ ဘာသိဘာသာပဲ ခပ်တည်တည် စားနေကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တစ်တွေ မော့်ကို ဘာမှမကျွေးဘဲ နေကြတာဟာ အဖွဲ့ခေါင်းဆောင်ရဲ့အမိန့်ကို တိတိကျကျ လိုက်နာချင်တဲ့သဘောကြောင့် မဟုတ်ဘူးဆိုတာ ခဏနေတော့ ထင်ထင်ရှားရှား တွေ့ရတာပါပဲ။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီစခန်းမှာပဲ စခန်းချနေတုန်း ရာဖီဆိုတဲ့ကောင်ဟာ တိုနီရဲ့အမိန့်ကို မနာခံဘဲ တခြားပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့တာ တွေ့ရလို့ပါပဲ။

အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ အဲဒီလို မနက်စာစားပြီးလို့ နာရီဝက် မပြည့်သေးတာနဲ့ ခဏအမောဖြေ နားနေကြတုန်း ရာဖီဟာ တောင်ကုန်းအောက်ကို အမှတ်တမဲ့ လှမ်းကြည့်လိုက်ရင်းနဲ့ အောက်က စမ်းချောင်းကလေးထဲမှာ လူတစ်ယောက်ကို လှမ်းမြင်လိုက်ပါတယ်။ အဲဒီလူဟာ ဗီယက်နမ် လယ်သမားတွေ ဆောင်းနေကျ ကောက်ရိုးခမောက်တစ်လုံးကို ဆောင်းပြီး ချောင်းထဲမှာ မတ်တတ်ရပ်နေတယ်လို့ ဆိုပါတယ်။

ရာဖီဟာ အဲဒီခမောက်နဲ့လူကိုလည်း မြင်လိုက်ရော ဘာမပြော ညာမပြောနဲ့ သူ့လက်ထဲက အမ် ၁၆ ရိုင်ဖယ်နဲ့ လေးငါးချက် ဆက်တိုက် လှမ်းပစ်လိုက်ပါတယ်။

ရုတ်တရက် မမျှော်လင့်ဘဲ အနားကပ် ပစ်လိုက်တဲ့ ရိုင်ဖယ်သံကို ကြားလိုက်ရတော့ ကျွန်တော်တို့အားလုံး တိုနီပါမပါ့လေ၊ ဖြန်းခနဲ အလန့်တကြား ဖြစ်သွားကြပါတယ်။ နောက်မှာ ရာဖီ ပစ်လိုက်မှန်းသိရပြီး အကျိုးအကြောင်း မေးကြည့်ကြပါတယ်။

အမှန်ကတော့ ရာဖီဟာ အဲဒီစမ်းချောင်းထဲက လူကို ဗီယက်ကောင်း ပြောက်ကျားတစ်ယောက်မှန်း သေချာပေါက် သိရသည့်တိုင်အောင် အခုလို ဘာမပြော ညာမပြောနဲ့ လှမ်းပစ်ခွင့်မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စောစောက ပြောခဲ့တဲ့အတိုင်း ကျွန်တော်တို့ အခုလို ကင်းလှည့်ထွက်လာတာကို ရန်သူ လုံးဝမသိအောင် လုပ်ရမယ်လို့ တပ်ရင်းက အတိအကျ အမိန့်ပေးထားတာ ရှိပါတယ်။ ဒါကို ကင်းလှည့်မထွက်ခင် မနေ့ညနေက ကင်းအဖွဲ့ခေါင်းဆောင် တိုနီကိုယ်တိုင် ရှင်းပြပြီး အတိအလင်း အမိန့်ထုတ်ခဲ့ပြီး





သားပါ။ အဲဒီအမိန့်ကို မနာခံဘဲ လူတစ်ယောက်ကို မြင်မြင်ချင်း ဗီယက်ကောင်း ဆိုပြီး မသင်္ကာတာနဲ့ ချက်ချင်း လှမ်းပစ်လိုက်တယ်ဆိုတာ စစ်စည်းကမ်း စစ်ဥပဒေနဲ့ကြည့်ရင် အထက်အရာရှိရဲ့အမိန့်ကို အာဏာဖီဆန်တဲ့သဘောပဲ။

အဲဒါကို ကြည့်ခြင်းအားဖြင့် စောစောက မော်ကို သူတို့ ဘာတစ်ခုမှ မကျွေးဘဲ အငတ်ထားကြတာဟာ၊ တိုနီရဲ့အမိန့်ကို နာခံတဲ့သဘောနဲ့ မဟုတ်ဘူးဆိုတာ ထင်ရှားနေတာပါပဲ။

ဒါပေမယ့် တစ်ခုအံ့သြစရာကောင်းတာက အဲဒီမနက်က ရာဖီဟာ အထက်အမိန့်ကို မနာခံဘဲ အဲဒီလို အင်မတန် ကြီးမားတဲ့ အပြစ်ကြီးကို ကျူးလွန်လိုက်တာတောင် တပ်ဖွဲ့ခေါင်းဆောင်တိုနီက ဘာတစ်ခုမှ အရေးမယူဘူးဗျာ၊ ဘာမှလည်း မပြောဘူး၊ ဒီတိုင်းပဲ ကြည့်နေတယ်။ ထုံးစံအတိုင်း 'ဘာဖြစ်တာလဲ၊ ဘာကို မြင်လို့ ပစ်လိုက်တာလဲ' ဆိုတဲ့ မေးခွန်းလောက်နဲ့ပဲ ပြီးသွားတယ်။ ရာဖီကလည်း အောက်က စမ်းချောင်းထဲမှာ ကောက်ရိုးခမောက်နဲ့ လူတစ်ယောက်ကို တွေ့ရတဲ့အကြောင်း၊ ဒီလူကို ကြည့်ရတာ ဗီယက်ကောင်း ပြောက်ကျားတစ်ယောက်နဲ့ တူတဲ့အကြောင်း၊ ဒါကြောင့်မို့ သူလည်း လက်သွက်သွက်နဲ့ လှမ်းပြီး ပစ်ထည့်လိုက်တဲ့အကြောင်း၊ ဒါလောက်ပဲ ပြောပြတယ်။ ဪ...ပြီးတော့ သူက ပြောသေးတယ်၊ သူ ပစ်လိုက်တာ ကပ်လွဲပြီး ဟိုလူလည်း ပျောက်သွားတယ်တဲ့၊ နောက်ပြီးတော့ အဲဒီစမ်းချောင်းထဲမှာ ရေသောက်နေတဲ့ ကျွဲတစ်ကောင်လည်း လန့်ပြီး အူယားဖားယားနဲ့ ထွက်ပြေးတာ မြင်လိုက်ရတယ်တဲ့။

ကဲ...အဲဒီတော့ ခပ်စောစောက ပြောခဲ့တဲ့အတိုင်းပဲ စစ်မြေပြင်မှာ အခုလို တိုက်ကင်းထွက်တဲ့အခါမျိုးတို့၊ ရန်သူ့စခန်း သွားဝိုင်းတာမျိုးတို့၊ ရန်သူကို အလစ်ချောင်းပြီး လမ်းက ဖြတ်တိုက်တာမျိုးတို့ ဆိုတာတွေဟာ မတိုက်ခင်၊ မဝိုင်းခင်၊ ခရီးမထွက်ခင်က ဘယ်လိုပဲ စနစ်တကျနဲ့ အသေးစိတ်စီစဉ် ပြင်ဆင်ထားပေမယ့် တကယ့်လက်တွေ့ကျတော့ ပိုးမျိုးတစ်ဖုံ



www.burmeseclassic.com

www.burmeseclassic.com



ကပြောင်းကပြန် ဖြစ်ချင်သလို ဖြစ်ကုန်တတ်တာပါပဲ၊ စောစောက ဘယ်လို အကွက်ရိုက်ပြီး ဘယ်လိုအမိန့်မျိုးပဲ ထုတ်ထားထား၊ တကယ်တန်း နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ရတဲ့အခါမျိုးကျတော့ ကျွန်တော်တို့ စစ်သားတွေဟာ ကိုယ် လုပ်ချင်သလို လျှောက်လုပ်ကြတာ များပါတယ်။

အခုလည်း ကြည့်လေ၊ ရန်သူက စ,မပစ်မချင်း၊ ကိုယ်က လုံးဝ မပစ်ရဘူးဆိုတဲ့ အမိန့်ကို မနာခံဘဲ သူ့သဘောနဲ့သူ လက်တည့်စမ်းတဲ့ သဘောမျိုးနဲ့ ဘာမပြောညာမပြော လှမ်းပစ်လိုက်တာဟာ ဘယ်လောက် ကြီးတဲ့ အပြစ်လဲ၊ အခုလို ကင်းလှည့်ထွက်လာတာကို ရန်သူ လုံးဝမသိ အောင် တတ်နိုင်သမျှ တိတ်တိတ်ဆိတ်ဆိတ် ချီတက်ရမယ်ဆိုတဲ့ အခါ မျိုးမှာ အခုလို ကိုယ့်ဘက်က သေနတ်သံ လေးငါးချက် ဆက်တိုက် ထွက် သွားတာဟာ ရန်သူကို လက်ယပ်ခေါ်လိုက်တာနဲ့ ဘာထူးသေးသလဲ၊ အဲဒါကို ခေါင်းဆောင်လုပ်တဲ့ကောင်ကလည်း ဘာမှမပြောဘူး။ ဘယ်လိုမှလဲ အရေးမယူဘူး၊ အဲဒီတော့ မှန်တဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ပြောရရင်၊ ကျွန်တော်တို့ အမေရိကန်တပ်သားတွေဟာ ဗီယက်နမ်မှာ ဗိုလ်တွေရော၊ တပ်သားတွေရော ကိုယ်ထင်ရာ ကိုယ်လုပ်နေကြတာပါပဲ။ ဒါ့ကြောင့်မို့လည်း ရှုံးပြီးရင်း ရှုံးနေကြတာပေါ့။

ကဲ ...ဒါတွေ ထားလိုက်ပါတော့၊ ကျွန်တော်တို့ ခရီးလမ်း ပြန် ဆက်ကြဦးစို့။

ဒီလိုနဲ့ ကျွန်တော်တို့ငါးယောက်နဲ့ မော်ဟာ အဲဒီနေရာက ဆက်ပြီး ချီတက်လာကြရင်းနဲ့ မနက် ၁၀ နာရီခွဲ လောက်ကျတော့ အဲဒီတစ်ဝိုက်မှာ အမြင့်ဆုံးလို့ ထင်ရတဲ့ တောင်ကုန်းတစ်ခုရဲ့ အောက်နားကို ရောက်လာကြ တော့တာပါပဲ။ အဲဒီ အမြင့်ဆုံးလို့ ထင်ရတဲ့ တောင်ကုန်းကတော့ တခြား မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့အနေနဲ့ အဓိက ဦးတည်ပြီး သွားရမယ့် တောင်ကုန်းအမှတ် ၁၉၂ ပါပဲ။

ဒါပေမယ့် အဖွဲ့ခေါင်းဆောင် တိုနီဟာ အဲဒီ တောင်ကုန်းအမှတ်





၁၉၂ ထိအောင် တစ်ခါတည်း ဆက်ပြီး မသွားသေးဘူး ခင်ဗျ၊ တောင်ကုန်းရဲ့ အောက်ဘက်နားက စောစောက ကျွန်တော်ပြောတဲ့ နေရာမှာပဲ စခန်းချဖို့ အမိန့်ပေးတော့တာပါပဲ။

ကျွန်တော်လည်း ရုတ်တရက်တော့ သူ့အကြံအစည်ကို မရိပ်မိဘဲ၊ ရိုးရိုးတန်းတန်း ဒီမှာ ခဏစခန်းချမယ်လို့ပဲ ထင်မိတယ်။ ဘာဖြစ်လို့လဲဆို တော့ အဲဒီနေရာမှာ အဆင်သင့်ချင်တော့ တဲကလေးတစ်လုံး ရှိနေပါတယ်။

အဲဒီတဲကလေးဟာ တစ်ခါတုန်းက တောလိုက်တဲ့လူတွေ ညဥ့်အိပ် ညဥ့်နေ တည်းဖို့ ခိုဖို့ပဲ ဆောက်ထားခဲ့တာလား၊ ဒါမှမဟုတ် ဗီယက်ကောင်း တွေရဲ့ စခန်းချခဲ့သလား မသိဘူး။ ဆောက်ထားတာကတော့ အကျအန ပါပဲ၊ အလျားအနံ ရှစ်ပေလောက်ကျယ်ပြီး ခေါင်မိုးကလည်း ရှစ်ပေလောက် မြင့်ပါလိမ့်မယ်။ နောက်ပြီးတော့ အရှေ့ဘက် မျက်နှာစာမှာ ပြတင်းပေါက် တစ်ခုနဲ့ အနောက်ဘက်မှာလည်း လူဝင်ဖို့ တံခါးပေါက်တစ်ခု ရှိပါတယ်။ အထဲမှာတော့ တောင်ဘက်နဲ့မြောက်ဘက်ကို နှစ်ခြမ်းခြမ်းပြီး ကွပ်ပျစ် သဘောမျိုး ဝါးနဲ့ခင်းထားပါတယ်။

နောက်တစ်ခု အဆင်ပြေတာက အဲဒီတဲကလေးနဲ့ မလှမ်းမကမ်းမှာ စမ်းချောင်းကလေး တစ်ခုရှိတယ်ခင်ဗျ၊ ရေကလည်း အေးပြီး ကြည်နေတာ ပါပဲ၊ ကျွန်တော်တို့အတွက် သောက်ရေ သုံးရေ အဆင်သင့် ဖြစ်နေတာပေါ့။

တဲကလေးကလည်း အခိုင်အခန့်နဲ့ လုံလုံခြုံခြုံ ဆောက်ထားတာဆို တော့ ရုတ်တရက် ဝင်သွားရင် မှောင်နေသလိုတောင် ထင်ရတယ်။ ပြီးတော့ အထဲမှာ အရှေ့ဘက်က ပြတင်းပေါက်နားကပ်ပြီး စားပွဲကလေးတစ်လုံး လည်း တွေ့ရတယ်။ အဲဒီစားပွဲ ရဲ့တစ်ဘက် ထောင့်ကျကျ ခပ်မှောင်မှောင် နေရာမှာတော့ ဖျာစုတ်ကလေးတစ်ချပ် တွေ့ရပါတယ်။ အဲဒီ ဖျာစုတ် ကလေးပေါ်မှာလည်း အမှိုက်သရိုက်တွေနဲ့ စက္ကူစုတ် အတိုအစတွေ ရှိနေပြီး ဟိုနေရာ ဒီနေရာမှာလည်း ဖုံတွေ ခဲလုံးတွေ၊ သံတိုသံစတွေနဲ့ ဘူးခွံလွတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ တွေ့ရပါတယ်။ တဲတစ်ခုလုံးကို ကြည့်ရခြင်းအားဖြင့် လူမနေတာ တော်တော် ကလေးကြာသွားပြီဆိုတာ သိနိုင်ပါတယ်။

တဲထဲကိုဝင်ပြီး အမှိုက်သရိုက်တွေနဲ့ ဖုံတွေ ဘာတွေ လှဲကျင်းပစ်ရင်း ရွံ့နဲ့မံပြီး လုပ်ထားတဲ့ နံရံမှာ အပေါက်ကြီးတွေ ဖောက်ထားတာ ထူးထူးဆန်းဆန်း တွေ့ရပါတယ်။ ဘာသဘောလည်းဆိုတာ ပထမတော့ ကျွန်တော် မစဉ်းစားမိဘူး၊ ဗီယက်ကောင်းတွေ အထဲကနေပြီး အပြင်ကို သေနတ်နဲ့လှမ်းပစ်ဖို့ ဖောက်ထားတာပဲလို့တောင် ရုတ်တရက် ထင်လိုက်မိသေးတယ်။ နောက်တော့မှ အထဲမှာ အလင်းရောင်လည်းရအောင် လေလည်းဝင်နိုင်အောင် ဖောက်ထားတာပဲဆိုတာ သိရတယ်။

အဲဒီတဲကလေးထဲမှာ နေလို့ထိုင်လို့ဖြစ်အောင် ကျွန်တော်နဲ့ ရာဗီတို့နှစ်ယောက်ကို အမှိုက်တွေ ဘာတွေ လှဲကျင်း ရှင်းပစ်ဖို့ တိုနီက အမိန့်ပေးပါတယ်။ သူနဲ့ ကျန်တဲ့နှစ်ယောက်ကတော့ ပါလာတဲ့ လက်နက် ခဲယမ်းမီးကျောက်တွေနဲ့ ရိက္ခာတွေ တခြားအသုံးအဆောင်ပစ္စည်းတွေကို မြေကြီးပေါ်မှာပဲ စုပုံပြီး ချကြပါတယ်။ ပြီးတော့မှ တိုနီဟာ စောစောက ပြောခဲ့တဲ့ နံရံက အပေါက်ကြီးတွေထဲကို အပြင်က ရန်သူဝိုင်းရင် လှမ်းပစ်နိုင်အောင် သေနတ်ပြောင်းဝတွေနဲ့ ချိန်ပြီး အဆင်သင့် လုပ်ထားပါတယ်။

ဒီလိုနဲ့ တဲထဲမှာ နေရာထိုင်ခင်းအတွက် လှဲကျင်း ရှင်းလင်းနေတုန်းမှာပဲ တိုနီဟာ ကျွန်တော်နဲ့ ရာဗီကို မော်နဲ့အတူ ထားပစ်ခဲ့ပြီး အပြင်ဘက် ပတ်ဝန်းကျင် အနီးအနားတစ်ဝိုက် အခြေအနေ လေ့လာချဦးမယ်ဆိုပြီး ပြောပြောဆိုဆိုပဲ ကလပ်နဲ့ မင်နယယ်ကို ခေါ်ပြီး ထွက်သွားပါတယ်။ သွားခါနီးမှာ မော်ကို ထွက်မပြေးအောင် ဂရုစိုက်ပြီး စောင့်ဖို့ ကျွန်တော်တို့နှစ်ယောက်ကို အမိန့်ပေးသွားပါသေးတယ်။

ကျွန်တော်လည်း တိုနီက ဒီလိုမှာသွားတာဟာ မှာရိုးမှာစဉ်ပဲ အထူးအဆန်းမဟုတ်ဘူး ဆိုပြီး အမှတ်တမဲ့ နေလိုက်မိပါတယ်။ အဲဒီအချိန်မှာ မော်ဟာ သူလွယ်ထားတဲ့ ကျောပိုးအိတ်ကို ချပြီး ပထမတော့ ကျွန်တော်တို့





နှစ်ယောက် တဲထဲက ဖုံတွေ အမှိုက်သရိုက်တွေ လှဲကျင်းနေတာကို ငိုင်ကြည့်နေပါသေးတယ်။ ဒါပေမယ့် ခဏနေတော့ သူ့ဟာသူ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ ကျွန်တော်တို့ ယောကျ်ားတွေ အမှိုက်သရိုက် လှဲကျင်းနေတာကို အမြင်မတော်လို့ပဲ ထင်ပါရဲ့၊ ကျွန်တော်တို့က မခိုင်းဘဲနဲ့ သူ့ဟာသူ ဝင်ပြီး ကျွန်တော်တို့ကို ကူညီညာ လုပ်ကိုင်ပေးပါတယ်။

အဲဒီတော့မှ ကျွန်တော်လည်း သူနဲ့ပတ်သက်လို့ စောစောက တိုနီ အမိန့်ပေးသွားတာကို သတိရပြီး ရုတ်တရက် စိတ်ထဲက တစ်မျိုးဖြစ်သွားမိပါတယ်။ "တကယ်လို့များ တိုနီဟာ သူမှုလက စီစဉ်ထားတဲ့အတိုင်း စိတ်ဓာတ်မြှင့်တင်ရေးအတွက် ဒီကောင်မလေးကို ဒီတဲထဲမှာပဲ မတော်မတရားကျင့်ရင်တော့ ဒုက္ခပဲ။ ဒီတိုင်းသာဆိုရင်တော့ ဒီတဲထဲမှာ တို့ကို အခုလို သူဝင်ပြီး ကူညီလှဲကျင်းပေးနေတာဟာ သူ့ခမျာ ကိုယ့်သင်္ချိုင်း ကိုယ်တူးသလိုများ ဖြစ်နေရှာမလား" လို့ တွေးမိပြီး ရင်ထဲမှာ အောင့်တောင့်တောင့် ဖြစ်သွားမိပါတယ်။

ရုတ်တရက် အဲဒီလို ကျွန်တော်တွေးလိုက်မိတာဟာ နောက်တော့ သွေးထွက်အောင် မှန်နေတာ တွေ့ရတော့တာပါပဲဗျာ။

ဘာဖြစ်လို့လဲဆိုတော့ တိုနီတို့သုံးယောက်ဟာ တစ်နာရီလောက်ကြာတော့ ပြန်ရောက်လာကြပါတယ်၊ အဲဒီအချိန်မှာ မွန်းတည့်ခါနီးနေပါပြီ။ ဒါနဲ့ ကျွန်တော်တို့အားလုံး နေ့လယ်စာကို တဲအပြင်ဘက် တံခါးဝနားမှာပဲ စုထိုင်ပြီး အားရပါးရ စားကြပါတယ်။ စားလည်းပြီးရော တိုနီဟာ မြက်ခင်းပေါ်မှာ ပက်လက်လှန် လှဲချပြီး ကိုယ်တွေလက်တွေ အညောင်းဆန့်ရင်းနဲ့ ကျွန်တော်တို့အားလုံးကို ပြုံးကြည့်လိုက်ပါတယ်။ သူ့အပြုံးဟာ အဓိပ္ပာယ်ပါပြီး ကြောက်စရာကောင်းတဲ့ အပြုံးမျိုးပါ။

ပြီးတော့မှ သူက ပြောလိုက်ပါတယ်။

'ကဲ ... ပျော်ပျော်ပါးပါးနဲ့ အလုပ်စဖို့တော့ အချိန်ကျပြီဟေ့' တဲ့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တောင်ကုန်းပေါ်မှ ဧရိုးနဲ့

ကျွန်တော်ဟာ တိုနီရဲ့စကားကြောင့် ရင်ထဲက ထိတ်ခနဲဖြစ်သွားပြီး ခေါင်း နပန်းကြီး သွားမိပါတယ်။

ဒါနဲ့ သူ့စကားကို တပ်သားတွေက ဘယ်လိုသဘောထားကြသလဲ ဆိုတာ သိရအောင် တစ်ယောက်ချင်း မသိမသာ အကဲခတ်လိုက်မိပါတယ်။ အဲဒီအချိန်မှာ ဒုတိယခေါင်းဆောင် ကလပ်ဟာ တိုနီရဲ့စကားကို သဘောကျ တဲ့ အမူအရာနဲ့ စပ်ဖြဲဖြဲ လုပ်နေတာ တွေ့ရပါတယ်။ ရာဖီနဲ့ မင်နယယ်တို့ ကတော့ သူ့လောက် အိနြ္ဒေမပျက်ပါဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ အမူအရာကလည်း တိုနီရဲ့စကားကို ထောက်ခံတဲ့ပုံမျိုး ပေါ်နေပါတယ်။

အဲဒီအထဲမှာ ဘာပြောလို့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေတာ ကတော့ ကျွန်တော်ပါပဲ။ ကျွန်တော်ဟာ တိုနီရဲ့စကားကို အဓိပ္ပာယ် နား မလည်ချင်ဟန် ဆောင်နေရမှာလား၊ ဒါမှမဟုတ် သူတို့ဆိုလိုတဲ့ အဓိပ္ပာယ်ကို နားလည်တဲ့အနေနဲ့ သူ့ကို ထပြီး ကန့်ကွက်ရမှာလားဆိုတာ ရုတ်တရက် ဝေခွဲလို့ မရအောင် ဖြစ်နေမိပါတယ်။

ကျွန်တော့်အနေနဲ့ အဲဒီလို မျက်စိပျက် မျက်နှာပျက် ဖြစ်နေတာကို





တိုနီက ချက်ချင်း ရိပ်မိသွားဟန် တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ ကျွန်တော့်မျက်နှာကို စိုက်ကြည့်ပြီး ‘ယော့ ...ဘယ်လိုလဲ၊ မင်းအလှည့်ကျရင် မင်းလုပ်မှာလား’ လို့ ဖြောင့်မေးလိုက်ပါတယ်။

ကျွန်တော်လည်း စောစောကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လို လုပ်ရမှန်း မသိအောင် ဖြစ်နေတာ အမှန်ပါပဲ။ ဒါပေမယ့် တိုနီက အဲသလို ဖြောင်မေးလာတော့ ကျွန်တော်ကလည်း ဖြောင်ပဲ ဖြေလိုက်ပါတယ်။ ‘ငါမလုပ်ချင်ဘူး၊ ဒါမျိုးတွေလည်း ဝါသနာမပါဘူး ...’ လို့။

တိုနီဟာ ကျွန်တော့်ဆီက အဲဒီလို မမျှော်လင့်တဲ့ စကားကို ကြား လိုက်ရတော့ အကြီးအကျယ် ဒေါပွသွားပါတယ်။ သူဟာ မြက်ခင်းပေါ်မှာ ပက်လက်လှန်နေရာက ချက်ချင်းထလာပြီး ကျွန်တော့်ရှေ့မှာ ခါးထောက် ရပ်ရင်းနဲ့ ကျွန်တော့်ကို ကြိမ်းတော့တာပါပဲ။ ‘ဒီကောင်မလေးကို ကျန်တဲ့လူ တွေ အားလုံး လုပ်ပြီး မင်းတစ်ယောက်ထဲ မလုပ်ဘဲနေမယ်ဆိုတာက ဘာသဘောလဲ၊ မင်းကိုယ်မင်း တကယ့် သူတော်ကောင်းကြီးဆိုပြီး တို့ကို ချောက်ချမလို့လား’ ဘာညာနဲ့ ကျွန်တော့်ကို ပစ်ကြိမ်းတော့တာပါပဲ။ ပြီးတော့ သူက ပြောလိုက်သေးတယ် ‘မင်းတစ်ယောက်ထဲ သူတော်ကောင်း လုပ်ပြီး တို့ကို ချောက်ချမယ်တော့ မကြံနဲ့၊ နားလည်လား၊ မင်းလိုကောင်မျိုး ကို ကျည်ဆန် မတော်တဆ ထွက်သွားလို့ဆိုပြီး တပ်ကျတော့ သတင်းပို့ လိုက်ရင် ပြီးတာပဲ’ ဆိုပြီး ကျွန်တော့်ကို ဖြောင်ပဲ ခြိမ်းခြောက်ပါတယ်။

“ကျည်ဆန်မတော်တဆ ထွက်သွားလို့” ဆိုတာကတော့ ကျွန်တော် တို့ တပ်သားတိုင်း နားလည်နေကြတဲ့ စကားပါ။ အဓိပ္ပာယ်ကတော့ စစ်မြေ ပြင်မှာ တပ်မှူးနဲ့မတည့်တဲ့ တပ်သားဟာ တစ်ခါတစ်ခါ ရန်သူ့လက်ချက် နဲ့မဟုတ်ဘဲ ကိုယ့်အချင်းချင်း “ဖြောင်” ပစ်တာ ခံရတတ်ပါတယ်။ အဲဒီ အခါမျိုးမှာ တပ်မှူးလုပ်တဲ့သူက အဖြောင်ခံရတဲ့တပ်သားနဲ့ ပတ်သက်ပြီး ‘သွားရင်း လာရင်း မတော်တဆ ကျည်ဆန်ထွက်သွားလို့ပါ’ ဆိုပြီး အထက်ကို အစီရင်ခံလိုက်ရင် ပြီးသွားတာပါပဲ။ အဲဒီလို အဖြစ်အပျက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟာ တောင်ဗီယက်နမ်မှာရှိတဲ့ ကျွန်တော်တို့ အမေရိကန်တပ်တွေမှာ မကြာခဏ ဖြစ်တတ်ပါတယ်။ တချို့ သိပ်ပြီး ရက်စက်ယုတ်မာတဲ့ တပ်မှူးတွေဆိုရင် သူနဲ့ပဋိပက္ခဖြစ်တဲ့ တပ်သားကို တခြားတပ်သားတွေ ရှေ့မှာတင် ဖြောင်သတ်ပစ်ပြီး ခုနကလို မတော်တဆ ကျည်ဆန်ထွက်သွားတယ်ဆိုပြီး လုပ်တာပါပဲ၊ ကျန်တဲ့တပ်သားတွေကလည်း သူ့ကို လန့်တာနဲ့ သူပြောတဲ့အတိုင်း ခုံရုံးမှ ထွက်ကြရတာပါပဲ။ မလန့်လို့လဲ မဖြစ်ဘူးလေ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နောက်တစ်ကြိမ် "မတော်တဆ ကျည်ဆန်ထွက်သွားလို့ပါ" ဆိုပြီး ကိုယ်လည်း ဒီနည်းနဲ့ အဖြောင်ခံရမှာ စိုးရသေးတယ် မဟုတ်လား။

အခုလည်း တပ်ကြပ်ကြီးတိုနီဟာ ဗီယက်နမ်မလေး မော်နဲ့ ပတ်သက်လို့ ကျွန်တော့်ကို သူစီစဉ်တဲ့အတိုင်း မလိုက်နာရကောင်းလား ဆိုပြီး ယီးတီးယားတားလုပ်ရင် ပစ်သတ်မယ် ဘာညာနဲ့ ခြိမ်းခြောက်တာပါပဲ။

ကျွန်တော်နဲ့ တိုနီ အဲသလို အချီအချဖြစ်နေတဲ့ အချိန်မှာ ရာဖီနဲ့ မင်နယယ်တို့ နှစ်ယောက်ဟာ ကျွန်တော့်ကို နားမလည်တဲ့ မျက်နှာထားမျိုးနဲ့ ကြည့်နေကြပါတယ်။ သူတို့မျက်စိထဲမှာ ကျွန်တော်ဟာ အတော်ထူးဆန်းတဲ့ "သတ္တဝါတစ်ကောင်" ဖြစ်နေပုံရပါတယ်။

ဒီလိုနဲ့ ကျွန်တော်က ခေါင်းမာမာနဲ့ ငြင်းနေတော့ တိုနီဟာ ကျွန်တော့်ကို ဆွယ်လို့ မရတော့ဘူးဆိုတာ သိသွားပြီး 'အေး ... ကောင်းပြီ မင်း မလုပ်ချင်နေ ဒါပေမယ့် တို့ကိုတော့ ချောက်ချမယ် မကြံနဲ့၊ ချောက်ချရင် မင်း ခေါင်းနဲ့ကိုယ် အိုးစားကွဲပြီသာ မှတ်' ဆိုပြီး ကြိမ်းရင်းနဲ့ လက်လျှော့သွားပါတယ်။ ပြီးတော့ သူက ပြောပါသေးတယ်။ 'မင်းလောက် နွားကျတဲ့ ကောင်မျိုးတော့ ငါတစ်သက်မှာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်' တဲ့။

ကျွန်တော်ကတော့ သူ ဘာပြောပြော နောက်ထပ် ဘာမှပြန်မပြောတော့ပါဘူး။ ကိုယ့်ဟာကိုယ် ခပ်တည်တည်နဲ့ ခပ်အေးအေးပဲ နေလိုက်ပါတယ်။





ဒါနဲ့ စကားမစပ် ကြားဖြတ် ပြောလိုက်ရဦးမယ်၊ တိုနီက ကျွန်တော့်ကို အဲသလို "ကျည်ဆံမတော်တဆ ထွက်သွားတယ်ဆိုပြီး ဖြောင်ပစ်မယ်" ဘာညာနဲ့ ကြိမ်းတာ မောင်းတာ ခြိမ်းခြောက်တာဟာ စစ်ခုံရုံးကျတော့ ရာဖီအတွက် အကြောင်းပြစရာတစ်ချက် ဖြစ်သွားပါတယ်။ စစ်ခုံရုံးမှာ အဲဒီအမှုစစ်တော့ ရာဖီက 'ပထမတော့ သူလည်း အဲဒီဗီယက်နမ်မလေးကို မုဒိမ်းကျင့်ဖို့ မရည်ရွယ်ပါဘူးတဲ့၊ ဒါပေမယ့် တပ်ကြပ်ကြီးတိုနီက အဲရစ်ဆင်ကို (ကျွန်တော့်ကိုပေါ့လေ) သူပြောတဲ့အတိုင်း မလိုက်နာရင် ပစ်သတ်ပြီး ကျည်ဆံ မတော်တဆ ထွက်သွားတယ်လို့ အထက်ကို **အစီရင်ခံလိုက်မယ်** ဆိုတာနဲ့ သူလည်း ကြောက်လန့်ပြီး ဒီအမှုကို ကျူးလွန်ခဲ့ရပါတယ်' ဆိုပြီး လျှောက်လဲချက် ပေးပါတယ်။

ရာဖီတင် မဟုတ်ပါဘူး၊ မင်နယယ်ကလည်း ဒီအတိုင်းပဲ **စစ်ခုံရုံး**မှာ အကြောင်းပြပါတယ်။ သူ အကြောင်းပြတဲ့အထဲမှာ တိုနီကို **ကြောက်လို့** ဒီအမှုကို ကျူးလွန်ခဲ့မိပါတယ် ဆိုတဲ့အပြင်၊ တိုနီက ကျွန်တော့်ကို '**နွားကျ**တယ်'လို့ ထင်သလို သူ့ကိုလည်း အထင်ခံရမှာ စိုးလို့ပါတဲ့။ **အဲဒီလို** အထင်ခံရရင် တပ်သားအချင်းချင်းက ဆေးဖော်ကြောဘက် မလုပ်တော့ဘဲ ဝိုင်းပယ် ခံရတတ်ပါတယ်တဲ့။ အထူးသဖြင့် အခုလို တိုက်ကင်းထွက်တဲ့ အခါမျိုးမှာ အများလုပ်သလို လိုက်မလုပ်ရင် ကျန်တဲ့လူတွေက အထင်သေးပြီး အလှောင်အပြောင်ခံရတတ်လို့ အဲဒီနေ့က သူလည်း အများလုပ်သလို လိုက်လုပ်ခဲ့ပါတယ်ဆိုပြီး မင်နယယ်က အကြောင်းပြပါတယ်။

အမှန်ကတော့ သူတို့နှစ်ယောက်စလုံးဟာ ထောင်ကျမှာ ကြောက်တာနဲ့ ခုံရုံးကျမှ အကြောင်းမရှိ အကြောင်းရှာပြီး ဆင်ခြေပေးခဲ့ကြတာပါ၊ ကျွန်တော်ကိုယ်တိုင် အဲဒီနေ့က မြင်ခဲ့တွေ့ခဲ့ရသလောက်ဆိုရင် သူတို့နှစ်ယောက်ဟာ ဒီကိစ္စမှာ စိတ်ရောကိုယ်ပါ ကျူးလွန်ခဲ့ကြတယ်ဆိုတာ ရှင်းနေပါတယ်၊ ကဲ ဒါတွေ ထားပါတော့။

ဒီလိုနဲ့ တပ်ကြပ်ကြီး တိုနီဟာ ကျွန်တော့်ကို ဆွယ်လို့ မရတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိသွားပြီး လက်လျှော့သွားပါတယ်။ ဘာမှ ဆက်မပြောတော့ဘဲ သူ့အစီအစဉ်အတိုင်း ဆက်လုပ်ဖို့ ဆုံးဖြတ်လိုက်ဟန် တူပါတယ်။

ကျွန်တော်လည်း အဲဒီကျတော့ ကျွန်တော် စောစောက ရပ်နေတဲ့ တဲတံခါးဝနားကနေပြီး၊ တဲရဲ့ လက်ဝဲဘက်ကို ထွက်သွားပါတယ်။ ပြီးမှ အဲဒီတဲဘေးက မြက်ခင်းပေါ်မှာပဲ တစ်ယောက်တည်း ထိုင်ချလိုက်ပြီး၊ ကျွန်တော့်လည်ပင်းမှာ ဆွဲထားတဲ့ အဝေးကြည့်မှန်ပြောင်းနဲ့ ဟိုဟိုသည်သည် လှမ်းကြည့်နေလိုက်ပါတယ်။

အမှန်ကတော့ ကျွန်တော်ဟာ မူလနေရာဖြစ်တဲ့ တဲတံခါးဝမှာပဲ ဆက်ပြီးရပ်နေရင်လည်း ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့လေးယောက်စလုံးနဲ့လည်း မျက်နှာချင်းမဆိုင်ချင်တော့တာက တစ်ကြောင်း၊ နောက်ပြီးတော့ ကျွန်တော့် မျက်စိအောက်မှာတင် တဲထဲကို တစ်ယောက်ပြီးတစ်ယောက် ဝင်ပြီး ဗီယက်နမ်မလေးကို မတရားကျင့်ကြတော့မယ်ဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပေါ့ဗျာ၊ အဲဒီနေရာမှာ ကျွန်တော် ဘယ်လိုလုပ်ပြီး ဆက်နေလို့ ဖြစ်ပါတော့မလဲ။

ဒီလိုနဲ့ ကျွန်တော်ဟာ တဲဘေးက မြက်ခင်းပေါ်မှာထိုင်ပြီး မှန်ပြောင်းနဲ့ ဟိုဟိုသည်သည် ကြည့်ရင်း၊ ဗီယက်ကောင်းပြောက်ကျားတွေများ တစ်နေရာရာက ပေါ်လာမလားလို့ တထင့်ထင့်နဲ့ ဖြစ်နေပါတယ်။ မှန်တာပြောရရင် အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ဗီယက်ကောင်း ပြောက်ကျားတွေ တစ်နေရာရာက ပေါ်လာရင် ကောင်းမှာပဲလို့တောင် တွေးမိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုသာ ဗီယက်ကောင်းတွေ ပေါ်လာရင် ဗီယက်နမ်မလေး မော်ဟာ တိုနီတို့လူသိုက်ရဲ့ စော်ကားမှုကို မခံရတော့ဘဲ တစ်နည်းနည်းနဲ့ ချမ်းသာရာ ရသွားမှာပဲလို့ စဉ်းစားမိလို့ပါ။

ဒါပေမယ့် ကောင်မလေးအတွက် ကံဆိုးချင်တော့ ပြောက်ကျားတွေ ရောက်မလာဘဲ တိုနီတို့ ထင်သလိုလုပ်တာ ခံရရှာတော့တာပါပဲ။

ကျွန်တော်ဟာ သူတို့နဲ့ ခပ်လှမ်းလှမ်း တဲဘေးက မြက်ခင်းပေါ်မှာ





ထိုင်နေတယ်ဆိုပေမယ့် သူတို့ကိုတော့ လှမ်းမြင်နေရပါတယ်၊ အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲကလည်း တဒိတ်ဒိတ်နဲ့ ခုန်နေပါတယ်။

ဗီယက်နမ်မလေး မော်ရှိတဲ့ တဲထဲကို ပထမဆုံးဝင်သွားတဲ့လူကတော့ တိုနီပါပဲ၊ သူဝင်သွားပြီး ဘာမှမကြာပါဘူး၊ တဲထဲက လှုပ်လှုပ်ရှားရှားနဲ့ ရုန်းသံကန်သံတွေ ကြားရပါတယ်။ အဲဒီအသံတွေကြားထဲက ခဏနေတော့ "အား" ဆိုပြီး စူးစူးဝါးဝါးနဲ့ ငယ်သံပါအောင် အော်လိုက်တဲ့ ကောင်မလေးအသံကို ကြားလိုက်ရပါတယ်။ ကျွန်တော်ဖြင့် အဲဒီအသံကို ကြားကြားချင်း ကျွန်တော့်ကို တစ်ယောက်ယောက်က ကျင်စက်နဲ့ တို့လိုက်သလို တစ်ကိုယ်လုံး ဆတ်ဆတ်ခါ သွားပါတယ်။ အဲဒီတုန်းက တဲထဲက အော်လိုက်တဲ့ ကောင်မလေးရဲ့အသံဟာ ကျွန်တော့်တစ်သက်မှာ ဘယ်တော့မှ မေ့နိုင်တော့မှာ မဟုတ်ပါဘူး၊ အဲဒီအသံဟာ ကျွန်တော့်နားထဲကို စူးစူးဝါးဝါးနဲ့ ဝင်သွားသလို ကျွန်တော့်အသည်းကို တစ်ယောက်ယောက်က လှံစွပ်နဲ့ ထိုး လိုက်သလားလို့တောင် ထင်လိုက်မိပါတယ်။

ငယ်သံပါအောင် အော်လိုက်တဲ့ ဗီယက်နမ်မလေး မော်ရဲ့ အသံဟာ တဖြည်းဖြည်းနဲ့ တိမ်သွားပြီး၊ နောက်တော့ ဝမ်းနည်းပက်လက်နဲ့ ရှိုက်ရှိုက်ပြီး ငိုတဲ့အသံကို ကြားရတော့တာပါပဲ။ ကျွန်တော်ထိုင်နေတဲ့ နေရာနဲ့ တဲနဲ့ဟာ ဆယ်ကိုက်လောက်ပဲ ဝေးတော့ တဲထဲက မော်ရဲ့ ရှိုက်သံကို ကောင်းကောင်း ကြားနေရပါတယ်။ အဲဒီရှိုက်သံဟာလည်း ကျွန်တော့် တစ်သက်မှာ မေ့ရက်စရာ မရှိပါဘူး၊ မိန်းမသားတစ်ယောက်အတွက် ဝမ်းနည်းစရာ အကောင်းဆုံး၊ ယူကြုံးမရ ဖြစ်စရာ အကောင်းဆုံး၊ ကြေကွဲစရာ အကောင်းဆုံး ခံစားချက်တွေဟာ အဲဒီရှိုက်သံထဲမှာ အားလုံး စုပြုံပြီး ပါနေတယ်လို့ ထင်ရပါတယ်။

မော်ရဲ့ရှိုက်သံဟာ တော်တော်နဲ့ ရပ်မသွားပါဘူး။ ကျွန်တော့်စိတ်ထင်တော့ နာရီဝက်လောက်တောင် ကြာသွားတယ် ထင်ပါတယ်။

ဒီလိုနဲ့ ရှိုက်သံဟာ တဖြည်းဖြည်း တိုးတိုးသွားပြီး၊ နာရီဝက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့မှ ခွေးမသား တိုနီဆိုတဲ့အကောင်ဟာ တဲထဲက ပြန်ထွက်လာတာ တွေ့ရပါတယ်။

စောစောက ယူနီဖောင်းအပြည့်အစုံနဲ့ တဲထဲဝင်သွားတဲ့ တိုနီဟာ အခု အပြင်ထွက်လာတော့ အပေါ်ပိုင်းက ရှပ်အင်္ကျီမပါတော့ဘဲ အင်္ကျီတုံးလုံးနဲ့ ဖြစ်နေပါတယ်။ သူ့တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်တွေနဲ့ မျက်နှာလည်း စပ်ဖြီးဖြီး ဖြစ်နေတာ တွေ့ရပါတယ်။ သူဟာ တဲတံခါးဝက ထွက်လာပြီး၊ သူ့ကိုယ်သူ တကယ်တိုက်ပွဲတစ်ပွဲမှာ အနိုင်ရလာတဲ့ အမူအရာမျိုးနဲ့ မျက်နှာ ပြောင်စပ်စပ်ကြီး ထားပြီး သူ့ကောင်တွေကို အရှက်မရှိ လှမ်းပြောလိုက်ပါတယ်။ သူပြောလိုက်တဲ့ စကားကတော့ 'ကောင်မလေးက တကယ့်ကို နိပ်တယ်ဟေ့၊ အပျိုစစ်စစ်ကလေးပဲကွ' တဲ့၊ သူမို့လို့ ပြောရက်တယ်ဗျာ၊ ကျွန်တော်ဖြင့် သူ့အမူအရာနဲ့ သူ့စကားကို ကြားလိုက်ရတော့ ရုတ်တရက် ထောင်းခနဲ ဒေါသထွက်ပြီး လက်ထဲက သေနတ်နဲ့ အသေပစ်သတ်ချင်စိတ် ပေါက်သွားတာပဲ။ ဒါပေမယ့် တစ်ယောက်နဲ့ လေးယောက်ဆိုတော့ စိတ်လိုက် မာန်ပါလုပ်လို့ မဖြစ်ဘူးလေ ဆိုပြီး ကိုယ့်စိတ်ကိုယ် အတော်ထိန်းထားလိုက်ရတယ်။

ဒါနဲ့ တိုနီဟာ တဲအပြင်ဘက်မှာ မျက်နှာစပ်ဖြီးဖြီးနဲ့ ရပ်နေရာက ရာဖီကို လှမ်းကြည့်လိုက်ပြီး၊ 'ကဲ … မင်းအလှည့်' လို့ ပြောပြောဆိုဆိုနဲ့ တဲဘက်ဆီကို မေးငေါ့ပြလိုက်ပါတယ်။ ရာဖီဆိုတဲ့အကောင်ကလည်း မျက်နှာမချိုမချဉ်နဲ့ ကျန်တဲ့ကောင်တွေကို တစ်ချက်ကြည့်ပြီး၊ တဲထဲကို ခပ်တည်တည် ဝင်သွားပါတယ်။

ဒီနေရာမှာ စစ်ခုံရုံးကျတော့ ရာဖီအစစ်ခံလို့ ကြားသိရသလောက် ပြောရမယ်ဆိုရင် တဲထဲကို သူဝင်သွားတော့ မော်ဟာ အဝတ်အစား လုံးဝ မရှိဘဲ၊ ကိုယ်တုံးလုံးနဲ့ စားပွဲကလေးပေါ်မှာ ပက်လက်လန်ပြီး လဲနေတာ တွေ့ရတယ်လို့ ဆိုပါတယ်။ သူ့လက်နှစ်ဖက်ကိုလည်း လက်ပြန်ကြိုးတုပ် ထားတာ တွေ့ရတယ်တဲ့။ အဲဒီအချိန်မှာ ကောင်မလေးမျက်နှာဟာ တကယ့်





အပြစ်ကင်းမဲ့တဲ့ ကလေးလေး မျက်နှာမျိုး ဖြစ်နေတယ်တဲ့၊ သူ့ကြည့်ရတာ "ဘဝတော့ ဆုံးပြီ" ဆိုတဲ့ အမူအရာမျိုးနဲ့ ယူကြုံးမရ ဖြစ်နေတဲ့ ပုံမျိုးပဲတဲ့။

ဒါနဲ့ တိုတိုပြောကြပါစို့၊ ရာဖီကလည်း စားပွဲပေါ်မှာ ပက်လက် ကလေးလဲနေတဲ့ မော်ကို သူ့ဆရာ တိုနီလိုပဲ မတရားကျင့်တော့တာပါပဲ၊ တဲအောက်မှာထိုင်နေတဲ့ ကျွန်တော့်နားထဲ မော်ရဲ့ရှိုက်သံနဲ့ ညည်းသံကို တစ်ခါ ထပ်ပြီး ကြားရပြန်ပါတယ်။ ကျွန်တော့်အတွက်ကတော့ ဒီအဖြစ်အပျက်တွေဟာ တစ်သက်မှာ မေ့ရက်နိုင်စရာ မရှိတော့ပါဘူး။

ဒီလိုနဲ့ တဲထဲမှာ မော်ကို ရာဖီက မတရားကျင့်နေတဲ့အချိန်မှာ ကလပ်ဆိုတဲ့ အကောင်ဟာ အငြိမ်မနေဘဲ၊ တဲအောက အပေါက်နားကပ်ပြီး ချောင်းကြည့်နေလိုက်သေးတယ်။ ပြီးတော့ ပါးစပ်ကလည်း လေချွန်လိုက်၊ မကြားတကြား အော်လိုက်နဲ့ လုပ်နေသေးတယ်။ ဘယ်လောက်များ လူစိတ် သူ့စိတ် ကင်းမဲ့နေကြသလဲဆိုတာ အဲဒါသာ ကြည့်တော့။

ရာဖီဟာ တဲထဲမှာ စောစောကလောက် မကြာဘဲ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်နဲ့ ပြန်ထွက်လာပါတယ်။ သူလည်း ထွက်လာရော၊ တိုနီက တဲအောက်မှာ ချောင်းကြည့်နေတဲ့ ကလပ်ကို လှမ်းပြီး 'ဒီတစ်ခါ မင်း အလှည့်ဟေ့' လို့ အော်လိုက်ပါတယ်။ ဒါနဲ့ ကလပ်ဟာ ပျာယီးပျာယာနဲ့ တဲအောက ထပြီး အထဲကို ခပ်သုတ်သုတ် ဝင်သွားပါတယ်။

သူလည်း တဲထဲမှာ သိပ်မကြာပါဘူး။ ဆယ့်ငါးမိနစ်သာသာလောက် နေတော့ ပြန်ထွက်လာပါတယ်။ ဒါပေမယ့် သူ ထွက်လာလာချင်း ပြောလိုက်တဲ့စကားကြောင့် ကျွန်တော်ဖြင့် ထိတ်ခနဲ ဖြစ်သွားမိပါတယ်။ သူက အပြင် ရောက်ရောက်ချင်း အရင်ကောင်တွေလိုပဲ အောင်သေအောင်သား စားခဲ့ရတဲ့ မျက်နှာမျိုးနဲ့ တစ်ချက်လှမ်းကြည့်ပြီး၊ 'ကောင်မလေးက ဂျစ်ကန်ကန် လုပ်နေလို့ ဓားမြှောင်နဲ့ လည်ပင်းကို တစ်ချက်ထောက်ခဲ့ရသေးတယ်' လို့ ပြောလိုက်ပါတယ်၊ သူက အဲဒီလို ပြောရင်း ဆိုရင်းနဲ့ သူ့ခါးကြားထဲက ဓားမြှောင်ကို ထုတ်ပြပါတယ်။ ဓားမြှောင်က အရိုးရှေ့ အသွားရှော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်လက်မလောက် ရှိပါတယ်။ အရိုးကို တိပ်ပြားနဲ့ပတ်ထားပြီး အဲဒီ တိပ်ပြားပေါ်မှာ ကျောက်ကလေးတွေ စီထားပါတယ်။

ကျွန်တော်တို့အားလုံးဟာ ကလပ်ရဲ့လက်ထဲက ဓားမြှောင်ကို မှတ်မိနေကြပါတယ်။ အဲဒီဓားမြှောင်ဟာ ကျွန်တော်တို့တပ်စုထဲက တိုက်ပွဲမှာ ဒဏ်ရာရသွားခဲ့တဲ့ တပ်သားတစ်ယောက်က ကလပ်ကို မကြာခင်ကမှ လက်ဆောင်ပေးသွားတဲ့ ဓားမြှောင်ပဲဆိုတာ အားလုံးသိကြပါတယ်။

ဒီလိုနဲ့ နောက်ဆုံးကျန်နေတဲ့ မင်နယယ် အလှည့်ရောက်ပြီး တဲထဲကို သူဝင်သွားပါတယ်၊ အရင် သုံးယောက်တုန်းကလိုပဲ မင်နယယ်အလှည့်ကျတော့လည်း တဲထဲက မော်ရဲ့ ညည်းသံနဲ့ ရှိုက်သံကို ကြားနေရပါတယ်၊ ဒါပေမယ့် မော်ရဲ့အသံဟာ စောစောကလောက်တော့ မကျယ်တော့ပါဘူး၊ ခပ်တိုးတိုးနဲ့ မသက်မသာ ဝေဒနာ ခံစားနေရတဲ့ အသံမျိုးပါပဲ။

ခဏနေတော့ မင်နယယ်လည်း တဲထဲက ပြန်ထွက်လာပါတယ်။ သူတို့လေးယောက် တဲထဲက မော်ကို တစ်ယောက်တစ်လှည့်စီ ဝင်ပြီး မတရား ကျင့်ကြတာ အားလုံး စုစုပေါင်း တစ်နာရီခွဲနီးပါးလောက် အချိန်ကြာပါတယ်။

အားလုံး ကိစ္စပြီးလို့ အပြင်ရောက်ပြီးနောက် နှစ်မိနစ်လောက်ကြာတော့ တဲထဲကို အကုန်လုံး ပြန်ဝင်ကြပါတယ်။ အဲဒီကျတော့ ကျွန်တော်က တိုနီရဲ့အမိန့်အရ တဲထဲကို သူတို့နဲ့ရောပြီး ဝင်ခဲ့ရပါတယ်။ အကြောင်းကတော့ မော်ကို သူတို့စိတ်တိုင်းကျ မတရားကျင့်ပြီးတဲ့နောက်၊ အရေးကြီးတာက ဒီနားတစ်ဝိုက်မှာရှိတဲ့ ဗီယက်ကောင်းပြောက်ကျားတွေက ဒီတောင်ကုန်းပေါ်မှာ ကျွန်တော်တို့ ရောက်နေတာကို မြင်သွား တွေ့သွားမှာစိုးလို့ ဆိုပြီး တိုနီက ပြောပါတယ်။ ဒါနဲ့ ကျွန်တော်လည်း သူတို့နဲ့အတူ တဲထဲကို ဝင်ခဲ့ရပါတယ်။

တဲထဲရောက်လို့ သတိထားကြည့်လိုက်တော့ မော်ကို ထောင့်တစ်ထောင့်မှာ ခပ်ကုပ်ကုပ်ကလေး တွေ့ရပါတယ်။ အဲဒီနေရာက နည်းနည်း





မှောင်သလိုလို ရှိနေပေမယ့် ပြတင်းပေါက်နဲ့ နံရံက အပေါက်တွေကြောင့် အလင်းရောင် နည်းနည်းရပြီး သူ့မျက်နှာကို တော်တော်လေး ထင်ထင်ရှားရှား မြင်နေရပါတယ်။ သူ့မျက်နှာဟာ အတော်ကို ကြောက်ရွံ့နေပုံရပြီး ဆံပင်တွေကလည်း ဖရိုဖရဲနဲ့ မျက်ရည်တွေ စိုရွှဲနေတာ တွေ့ရပါတယ်၊ ကျွန်တော်တို့တစ်တွေက ဘယ်လိုများ ဆက်လုပ်ကြဦးမှာလဲလို့ တွေးပြီး တုန်လှုပ်နေပုံ ရပါတယ်။ အဲဒီအချိန်အထိ သူ့တစ်ကိုယ်လုံးဟာ အဝတ်အစား မရှိသေးဘဲ ဖြစ်နေတော့ ဖြူဖွေးနေတဲ့ သူ့အသားအရောင်ဟာ မှောင်ထဲမှာ အထင်းသား ဖြစ်နေပါတယ်။ ကျွန်တော်ဖြင့် သူ့ကို တစ်ချက်လှမ်းကြည့်ပြီး နောက်ထပ် မကြည့်ရဲတော့ပါဘူး၊ ကြည့်ချင်စိတ်လည်း မရှိပါဘူး၊ ကျွန်တော့်တစ်ကိုယ်လုံးဟာ တုန်နေပြီး "သူ့ခမျာ ဖြစ်မှ ဖြစ်ရလေခြင်း" ဆိုတဲ့ စိတ်နဲ့ ယူကြုံးမရ ဖြစ်နေမိပါတယ်။ ကိုယ့်ဒေါသကိုယ် မနည်းထိန်းထား ရပါတယ်။

ကျွန်တော်တို့ တဲထဲရောက်ပြီး ခဏနေတော့ တိုနီဟာ မော်ကို အဝတ်အစားတွေ ဝတ်ခိုင်းပြီး၊ လက်ပြန်ကြိုးချည်ထားတာကိုလည်း ဖြေပေးလိုက်ပါတယ်။ ကျွန်တော်ဟာ မော်ကို မကြည့်ရက်လို့ မကြည့်ဘဲ မျက်နှာလွှဲနေပေမယ့်၊ သူ အဝတ်အစားလဲနေတုန်း ချောင်းတဟွတ်ဟွတ်နဲ့ ဆိုးနေတဲ့ အသံကိုတော့ ကြားနေရပါတယ်။ သူ့ချောင်းဆိုးသံဟာ မနက်ကထက် ပိုပြီး ကျယ်လာတာကိုလည်း ကျွန်တော် သတိထားမိပါတယ်။

နောက်တော့ ကျွန်တော်တို့အားလုံး တိုနီရဲ့အမိန့်အတိုင်း တဲထဲမှာ ဝိုင်းထိုင်ပြီး နေ့လယ်စာ ရိက္ခာတွေ ထုတ်စားကြပါတယ်။ ထုံးစံအတိုင်း စည်သွတ်အသားဘူးနဲ့ ပေါင်မုန့်နဲ့ ဘီစကွတ်ပါပဲ။ ဒါပေမယ့် အဲဒီ နေ့လယ်စာ စားတဲ့နေရာမှာလည်း မော်ကို ဘာတစ်ခုမှ မကျွေးကြပါဘူး၊ ကျွေးလည်း မကျွေးရပါဘူး၊ လူစိတ်သူစိတ် ကင်းမဲ့လိုက်ပုံကတော့ ကမ်းကုန်နေတာပါပဲ။

ဒီကြားထဲက သူတို့လေးယောက်ဟာ စားရင်းသောက်ရင်းနဲ့ စောစောက မော်ကို သူတို့မတရားကျင့်တုန်းက အတွေ့အကြုံတွေကို **အရှက်**



www.burmeseclassic.com

www.burmeseclassic.com



မရှိ တစ်ယောက်နဲ့တစ်ယောက် ဖောက်သည် ချနေလိုက်ကြသေးတယ်။ တစ်ယောက်က သူ နောက်ဆုံးတွေ့ခဲ့ရတဲ့ မိန်းမနဲ့ ဒီကောင်မလေးနဲ့ ဘယ်လို ကွာခြားပုံ၊ နောက်တစ်ယောက်ကလည်း သူ မိန်းမနဲ့ မတွေ့ရတာ ဘယ် နှစ်လ ရှိသွားပြီ ဘာညာနဲ့ နှမချင်းမစာ၊ မအေချင်းမစာ အယုတ္တ အနတ္တတွေ ပြောနေကြပါတယ်။

အဲဒီလို စားရင်းသောက်ရင်းနဲ့ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် တွေ့ကရာ လျှောက်ပြောပြီးလို့ အားရတော့မှ ခေါင်းဆောင်လုပ်တဲ့ တိုနီက တော်လောက်ပြီဆိုတဲ့ အနေမျိုးနဲ့ စကားကို ဖြတ်ပြီး ကင်းလှည့်ဖို့လုပ်ငန်းကို ဆက်လုပ်ဖို့ စီစဉ်ပါတယ်။

ဒီအချိန်မှာ မွန်းလွဲတစ်နာရီသာသာ နှစ်နာရီလောက် ရှိနေပါပြီ။

* * *

## တစ်ယောက် တစ်ကမ္ဘာ

ဒါနဲ့ အဲဒီနေ့ ညနေပိုင်းအတွက် အနီးအနားတစ်ဝိုက်ကို ကင်းလှည့်ဖို့ တိုနီက စီစဉ်ပါတယ်။ သူ့အစီအစဉ်အရ ဒီတစ်ခါမှာတော့ တဲထဲမှာရှိတဲ့ လက်နက် ခဲယမ်းမီးကျောက်တွေနဲ့ မော်ကို ဒုတိယခေါင်းဆောင် ကလပ်က စောင့်နေ ရစ်ခဲ့ပြီး ကျန်တဲ့ ကျွန်တော်တို့လေးယောက်က ကင်းလှည့်ထွက်ဖို့ပါပဲ။

အဲဒီအစီအစဉ်အတိုင်း တာဝန်ခွဲပြီး ခဏနေတော့ တိုနီရယ်၊ ရာဗီ ရယ်၊ မင်နယယ်နဲ့ ကျွန်တော်ရယ် အားလုံး ကျွန်တော်တို့လေးယောက်ဟာ အဲဒီတဲကလေးက ရှေ့ဆက်ပြီး ထွက်လာခဲ့ကြပါတယ်။ ကလပ်ကတော့ တဲထဲမှာပဲ မော်နဲ့ လက်နက် ခဲယမ်းမီးကျောက်တွေကို စောင့်ရင်း ကျန်ရစ်ခဲ့ ပါတယ်။

ကျွန်တော်တို့လေးယောက်ဟာ နောက်ဆုံး ကျွန်တော်တို့သွားရမယ့် တောင်ကုန်းအမှတ် ၁၉၂ ရဲ့ အမြင့်ဆုံးတောင်ထိပ်ကို ရောက်အောင် ဆက် ပြီး တက်သွားကြပါတယ်။ ဒီတစ်ခါ တောင်ကုန်းကို တက်ရတာ စောစော ကလို သိပ်မလွယ်လှဘူး၊ ကျောက်တုံး ကျောက်ခဲနဲ့ ကမူတွေကို ကုတ်ကပ် နင်းပြီး ခဲခဲယဉ်းယဉ်း တက်ရပါတယ်။ ဒီကြားထဲက လမ်းမှာပြီး တစ် ယောက်နဲ့ တစ်ယောက် လူချင်းကွဲသွားမှာစိုးလို့ တဲဘေးနားမှာ တွေ့ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းကလေးကို အမှတ်အသားလုပ်ပြီး အပေါ်ကို တဖြည်းဖြည်း တက်သွားရပါတယ်။ အဲဒီစမ်းချောင်းကလေးဟာ တောင်ပေါ်က စီးလာပြီး တောင်အောက်ရောက်တော့ စပါးခင်းတွေထဲ တူးမြောင်းတွေ အလျှိုအလျှိုနဲ့ သွယ်ထားတဲ့ တောင်ကျရေ စမ်းချောင်းကလေးပါပဲ။

ဒီလိုနဲ့ နာရီဝက်လောက်ကြာတော့ မမျှော်လင့်ဘဲ ကျွန်တော်တို့ရှေ့ ခပ်လှမ်းလှမ်း တစ်နေရာမှာ ဗီယက်နမ်သုံးယောက်ကို ဘွားခနဲ မြင်လိုက်ကြပါတယ်။ သူတို့သုံးယောက်ဟာ ကျွန်တော်တို့လိုပဲ စမ်းချောင်းကလေးကို အမှတ်အသားလုပ်ပြီး တောင်ကုန်းပေါ်ကို တက်နေကြပုံ ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ မြင်ရတဲ့အချိန်မှာ သူတို့ဟာ စမ်းချောင်းကလေးဘေးနားက ကပ်ပြီး သုံးယောက်သား ရှေ့ဆင့် နောက်ဆင့် သွားနေကြလို့ပါပဲ။

ကျွန်တော်တို့လည်း အချင်းချင်း အချက်ပေးရင်း သူတို့သုံးယောက်ကို ဂရုစိုက်ပြီး အကဲခတ် ကြည့်လိုက်ကြပါတယ်။ အဲဒီအချိန်မှာ သူတို့က ရှေ့က၊ ကျွန်တော်တို့က နောက်က။ ကျွန်တော်တို့ကို သူတို့က မြင်ဖို့ မလွယ်ပါဘူး၊ ဒါနဲ့ သေသေချာချာ ကြည့်လိုက်တော့ သူတို့သုံးယောက်စလုံးဟာ ရိုးရိုးဗီယက်နမ် လယ်သမားအဝတ်အစားတွေ ဝတ်ထားတာ တွေ့ရပါတယ်၊ တစ်ယောက်မှ ယူနီဖောင်း ဝတ်မထားပါဘူး။

ဒါပေမယ့် ကျွန်တော်တို့ တပ်စိပ်ခေါင်းဆောင် တိုနီကတော့ ဒီဗီယက်နမ်သုံးယောက်ဟာ ယူနီဖောင်း ဝတ်မထားပေမယ့် အခုလို ရွာတွေနဲ့ အင်မတန်ဝေးတဲ့ တောခေါင်ခေါင် တောင်ကုန်းပေါ်မှာ အကြောင်းထူးမရှိဘဲ တွေ့နေရတဲ့အတွက် ဒီကောင်တွေဟာ သေချာပေါက် ဗီယက်ကောင်း ပြောက်ကျားတွေပဲ ဖြစ်မယ်ဆိုပြီး တစ်ထစ်ချ ကောက်ချက်ချလိုက်ပါတယ်။

ဒါနဲ့ တိုနီရဲ့အမိန့်အတိုင်း ကျွန်တော်တို့လေးယောက်စလုံးဟာ လက်မှာ အသင့်ကိုင်လာကြတဲ့ အမ် ၁၆ ရိုင်ဖယ် သေနတ်တွေနဲ့ချိန်ပြီး၊ လေးယောက်စလုံး တစ်ပြိုင်နက် ဆက်တိုက် ပစ်ထည့်လိုက်ကြပါတယ်။





ဒါပေမယ့် ကျွန်တော်တို့ကပဲ လက်မတည့်လို့လား၊ ဒါမှမဟုတ် အဲဒီ ဗီယက်နမ်တွေပဲ ကံကောင်းလို့လားတော့ မသိဘူး၊ ကျွန်တော်တို့လေးယောက်စလုံး ပစ်လိုက်တဲ့ ကျည်ဆန်တွေဟာ သူတို့ကို တစ်ချက်မှ မထိဘူး၊ အကုန်လုံး လွဲကုန်တယ်၊ ဗီယက်နမ်တွေလည်း ချက်ချင်း စမ်းချောင်းဘေးက တောစပ်မှာ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်တာပါပဲ။

ဒါနဲ့ တိုနီလည်း ခပ်သွက်သွက် သူ့ကျောပေါ် ပါလာတဲ့ ရေဒီယိုဝိုင်ယာလက်နဲ့ တပ်စုဌာနချုပ်ကို လှမ်းပြီး အကူအညီ တောင်းလိုက်ပါတယ်၊ တောင်းတဲ့အကူအညီကတော့ တခြားမဟုတ်ပါဘူး။ ထုံးစံအတိုင်း ဌာနချုပ်ကနေပြီး ဒီတောင်ကုန်းပေါ်ကို အမြောက်နဲ့ လှမ်းထုဖို့ပါပဲ။

ခဏနေတော့ သူအကူအညီတောင်းတဲ့အတိုင်း တော်တော်ကလေး ခပ်လှမ်းလှမ်းက အမြောက်သံတွေ တအုံးအုံးနဲ့ ကြားရပြီး အမြောက်ကျည်ဆံတွေဟာ ကျွန်တော်တို့ရှေ့ မိုင်ဝက် မရှိတရှိလောက် တောင်ကုန်းပေါ်မှာ ဝုန်းကနဲ ဝုန်းကနဲကျပြီး ပေါက်ကွဲတာ မြင်ရတော့တာပါပဲ။ အဲဒီ အမြောက်ဆန်တွေကျပြီး ပေါက်ကွဲတာ မြင်ရတော့ တိုနီလည်း တော်တော် အားရကျေနပ်သွားပုံ ရပါတယ်။

အဲဒီနေရာမှာ ကြားဖြတ် ပြောလိုက်ရဦးမယ်၊ တကယ့် တကယ်ကတော့ ကျွန်တော်တို့ရှေ့မှာ စောစောက လှမ်းမြင်လိုက်ရတဲ့ ဗီယက်နမ်သုံးယောက်ဟာ ပြောက်ကျားတွေ ဟုတ်မဟုတ်ဆိုတာ ဘယ်သူမှ သေချာပေါက် မပြောနိုင်ပါဘူး။ တကယ်လို့ ပြောက်ကျားတွေ ဖြစ်နေတယ်ပဲ ထားပါဦး၊ သူတို့နဲ့ ကျွန်တော်တို့ ကင်းတပ်စိတ်နဲ့ ရင်ဆိုင်တိုက်ပွဲ ဖြစ်ရသေးတာလည်း မဟုတ်ပါဘူး။ နောက်တစ်ခုက သူတို့နဲ့ ကျွန်တော်တို့ ရင်ဆိုင်တိုက်ပွဲ ဖြစ်တယ်ပဲ ထားပါဦးတော့၊ သူတို့က သုံးယောက် ကျွန်တော်တို့က လေးယောက်ဆိုတော့ ဒီတိုက်ပွဲဟာ တကယ့်တိုက်ပွဲကြီး မဟုတ်ပါဘူး။ ပါရင်ပါချဲ့ မပြောပလောက်တဲ့ တိုက်ပွဲအသေးစားကလေးပဲ ဖြစ်မှာပါ။

အဲဒီတော့ ဒီနေရာမှာ ဧရာမတိုက်ပွဲကြီးလို အဝေးပစ်အမြောက်တွေ



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ပစ် အမြောက်တွေ ဘာတွေသုံးပြီး တိုက်စရာ မလိုပါဘူး၊ ဒါဟာ တကယ့်တိုက်ပွဲရဲ့ နည်းဗျူဟာအရ ပြောတာပါ။

ဒါပေမယ့် တိုနီဟာ သူ ရုတ်တရက် လှမ်းမြင်လိုက်ရတဲ့ ဗီယက်နမ်သုံးယောက်ကို အရပ်သားတွေလား ပြောက်ကျားတွေလားဆိုတာ ကွဲကွဲပြားပြား မသိရဘဲနဲ့ ဌာနချုပ်ကို ပုံကြီးချဲ့ သတင်းပို့ပြီး အမြောက်နဲ့လှမ်းထုဖို့ အကူအညီတောင်းတာပါပဲ။ ဒါကို ဌာနချုပ်ကလည်း ထွေထွေထူးထူး စဉ်းစားမနေဘဲ အဝေးကနေ အမြောက်နဲ့လှမ်းထုနေတော့ သေသေချာချာ တွေးကြည့်ရင် ကျွန်တော်တို့တိုက်ပွဲဟာ ရယ်စရာ သိပ်ကောင်းပါတယ်၊ ဟာသပြောတာမျိုးလို "နံ့ပြီစုတ် ဖုံးနဲ့ချိန်တဲ့ သဘောမျိုး" ပါပဲ။ သတ္တဝါနဲ့ လက်နက်နဲ့ မမျှဘူး ဆိုတာမျိုးပေါ့။ ဒီလိုအဖြစ်မျိုးကလည်း တကယ်တော့ တောင်ဗီယက်နမ်မှာ တိုက်နေကြတဲ့ ကျွန်တော်တို့ အမေရိကန်တပ်တွေအတွက် မဆန်းတော့ပါဘူး၊ ရိုးနေပါပြီ။ တိုက်ပွဲရဲ့ အတိုင်းအတာ၊ ရန်သူအင်အားနဲ့ ကိုယ့်အင်အား၊ စစ်မြေပြင်ရဲ့ အနေအထား ဆိုတာတွေကို ဘာတစ်ခုမှ ထည့်မတွက်တော့ဘဲ၊ တစ်ဆိတ်ရှိ လက်နက်ကြီးတွေသုံး၊ ကျည်ဆံတွေ အရမ်းဖြုန်းပြီး ဒီလိုနဲ့ ကျွန်တော်တို့ဘက်က အရှုံးပဲ အဖတ်တင်တာ များပါတယ်။

အခုလည်း ဒီအတိုင်းပါပဲ၊ ထုံးစံအတိုင်း တိုနီက တပ်စုဌာနချုပ်ကို ပုံကြီးချဲ့ပြီး သတင်းပို့၊ အမြောက်နဲ့ ကူပြီးပစ်ပေးဖို့ အကူအညီတောင်း၊ ဒါကို ဌာနချုပ်ကလည်း အဟုတ်မှတ်ပြီး အမြောက်နဲ့ လှမ်းထုနေတာပါပဲ၊ တိုနီကတော့ သူ ခေါင်းဆောင်တဲ့ ကင်းတပ်စိတ်ကလေးရဲ့ တိုက်ပွဲမှာ ဌာနချုပ်က အမြောက်နဲ့တောင် ကူပြီး လှမ်းပစ်ပေးနေရတယ်ဆိုတော့ သူ့ကိုယ်သူ တကယ်စစ်မြေပြင် တပ်မှူးကြီး ကျနေတာပဲ။ နပိုလီယံဂိုက်မျိုးနဲ့ပေါ့လေ။

ဒါနဲ့ တိုနီဟာ တောစပ်မှာ ပျောက်သွားတဲ့ ဗီယက်နမ်သုံးယောက်ကို အသေရရ အရှင်ရရ ဖမ်းမယ်ဆိုပြီးတော့ ကျွန်တော်နဲ့ ရာဖီကို တဲရှိရာပြန်





ပြေးပြီး၊ မီးခိုးဗုံးတွေ ယူခဲ့ဖို့ ချက်ချင်း အမိန့်ပေးပါတယ်။ ကျွန်တော်တို့နှစ်ယောက်လည်း သူ့အမိန့်အတိုင်း တစ်မိုင်မရှိတရှိလောက် ဝေးတဲ့ တဲကလေးရှိရာကို ခဲခဲယဉ်းယဉ်းနဲ့ ပြန်ဆင်းပြေးလာကြရပါတယ်။

တဲကို ပြန်ရောက်တော့ မော်နဲ့ပစ္စည်းကို စောင့်နေတဲ့ ကလပ်ကို ကျွန်တော်တို့က အကျိုးအကြောင်း ပြောပြကြပါတယ်။ ကလပ်ကလည်း ကျွန်တော်တို့ မရောက်ခင်ကတည်းက သေနတ်သံတွေ အမြောက်သံတွေကြားနေရတော့ တစ်ခုခုဖြစ်နေပြီဆိုတာ တွက်ထားပြီးသားပါ။

ဒီလိုနဲ့ ကျွန်တော်တို့ပြောတာကို အူယားဖားယားနဲ့ နားထောင်လည်းပြီးရော၊ ကလပ်က ဒုတိယတပ်စိတ်ခေါင်းဆောင်အနေနဲ့ အရေးပေါ် အမိန့်တစ်ခုကို ပေးလိုက်ပါတယ်။ အဲဒီအမိန့်ကတော့ တခြားမဟုတ်ပါဘူး၊ သူနဲ့ ကျွန်တော်နဲ့ လူချင်းလဲပြီး သူက တိုနီရှိရာကို လိုက်သွားမယ်။ ကျွန်တော်က သူ့တာဝန်ကို လွှဲယူပြီး လက်နက် ခဲယမ်းမီးကျောက်တွေနဲ့ မော်ကို ဒီတဲထဲမှာ စောင့်နေရစ်ခဲ့ရမယ်ဆိုတဲ့ အမိန့်ပါပဲ။

ကျွန်တော်လည်း ရုတ်တရက် ဘာမှ ဆင်ခြေမပေးနိုင်တော့ဘဲ အမိန့်အတိုင်း 'ကောင်းပါပြီ' လို့ ပြောလိုက်ရတော့တာပေါ့။ ဒီလိုမပြောလို့လည်း မဖြစ်ဘူးလေ၊ ဘာ့ကြောင့်လည်းဆိုတော့ ဒီကင်းတပ်စိတ်မှာ သူက ဒုတိယခေါင်းဆောင် တပ်ကြပ်ရာထူးနဲ့၊ ကျွန်တော်က ရိုးရိုးသာမန်စစ်သား မဟုတ်လား။

ဒါနဲ့ ကလပ်လည်း ကျွန်တော့်ကို တဲမှာစောင့်ဖို့ တာဝန်လွှဲထားခဲ့ပြီး သူနဲ့ ရာဖီနဲ့ နှစ်ယောက်သား ပျာယီးပျာယာ ပြန်ထွက်သွားကြပါတယ်။

သူတို့နှစ်ယောက်လည်း ထွက်သွားရော၊ ကျွန်တော်က အဲဒီကျမှ ခေါင်းအေးအေးထားပြီး စဉ်းစားမိတော့တယ်။ ရုတ်တရက်တော့ ကျွန်တော်ဟာ ကလပ်ရဲ့အမိန့်အတိုင်း သေနတ်သံ အမြောက်သံတွေ ဆူညံနေတဲ့ စစ်မျက်နှာကို လိုက်မသွားရတဲ့အတွက် တစ်နည်းအားဖြင့်တော့ အန္တရာယ်ကင်းတယ်လို့ ဆိုရမှာပါပဲ။ ဒါပေမယ့် ပစ်ခတ်နေတဲ့ စစ်မြေပြင်ကို လိုက်

www.burmeseclassic.com



မသွားရဘဲ ဒီတဲထဲ ကျန်ရစ်ခဲ့တဲ့အချိန်မှာ သူတို့လေးယောက်စလုံး စောစောက ရက်ရက်စက်စက် မုဒိမ်းကျင့်ထားကြတဲ့ ဗီယက်နမ်မလေးနဲ့ နှစ်ယောက်ထဲ နေရစ်ခဲ့ရမယ့် အဖြစ်ကလည်း တော်တော် အနေရကျပ်တဲ့ အဖြစ်ပဲ ဆိုတာ နောက်မှ ကျွန်တော် စဉ်းစားမိတယ်။

ဒီနေရာမှာ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး။ စောစောက ဟိုကောင်တွေ လေးယောက်စလုံးက ဒီကောင်မလေးကို တဲထဲမှာ တစ်ယောက်တစ်လှည့်စီ ရက်ရက်စက်စက် နှမချင်း မစာနာဘဲ မတရားကျင့်ခဲ့ကြတယ်။ အခု ဒီကောင်တွေ တစ်ယောက်မှ မရှိတော့ဘဲ ဒီတဲထဲမှာ ဒီကောင်မလေးနဲ့ ကျွန်တော်နဲ့ နှစ်ယောက်ထဲ ကျန်နေရစ်ခဲ့တယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီကောင်မလေးကို ဘယ်လိုဆက်ဆံရမလဲ။ သူ့မျက်နှာကို ကျွန်တော် ဘယ်လိုလုပ် ကြည့်ရမလဲ။ သူကလည်း ကျွန်တော့်မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ရဲ့ရှာမလဲ။

သူနဲ့ကျွန်တော်ဟာ တစ်ယောက်နဲ့တစ်ယောက် မျိုးမတူ ဇာတ်ခြားပြီး ကျွန်တော်က အမေရိကန်စစ်သား၊ သူက ဗီယက်နမ် တောသူလေး၊ ပြီးတော့ တစ်ယောက်စကားကို တစ်ယောက် နားမလည်၊ တစ်ယောက်နဲ့ တစ်ယောက်လည်း အရင့်အရင်က တစ်ခါမှ မြင်ဖူး တွေ့ဖူးကြတာလည်း မဟုတ်။ ဒါ့ပေမယ့် သူက အသက်ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်လောက်ရှိတဲ့ မိန်းမပျိုကလေး၊ ကျွန်တော်က အသက်နှစ်ဆယ်လောက်ရှိတဲ့ စစ်သားတစ်ယောက်ဆိုတော့ ယောက်ျားနဲ့မိန်းမ ရှက်တတ် ကြောက်တတ်တဲ့ သဘာဝကလည်း ရှိသေးတယ် မဟုတ်လား။

အဲဒီတော့ ခုပဲစောစောက ဟိုကောင်တွေ နိုင့်ထက်စီးနင်း မတရားစော်ကားခံထားရရှာတဲ့ သူ့ဘဝနဲ့ သူ့အဲဖြစ်ကို မျက်စိထဲ ပြန်ပြီး မြင်မိတာနဲ့အမျှ သူ့ခမျာ ငါ့ကို အရှက်ကြီး ရှက်နေရှာမှာပဲ ဆိုတဲ့စိတ်နဲ့ ဘယ်လိုမျက်နှာထားရမှန်း မသိအောင် ဖြစ်မိပါတယ်။ အမှန်ပါပဲ၊ ယုံပါ။ ကျွန်တော့်အဖြစ်က "ယိုသူမရှက်၊ မြင်သူရှက်" ဆိုတဲ့ သဘောမျိုးပဲ ဆိုပါတော့။





ဒါပေမယ့် ကျွန်တော့်အတွက် ဒီထက်ပိုပြီး စိတ်မကောင်းစရာ စိတ်ထိခိုက်စရာ အဖြစ်မျိုးနဲ့ ကြုံရပါသေးတယ်။

အဲဒါကတော့ တခြားမဟုတ်ပါဘူး။ ကလပ်နဲ့ ရာဖီတို့နှစ်ယောက် ထွက်သွားလို့ ရုတ်တရက် ကျွန်တော်လည်း ကြောင်ပြီး "ဒီကောင်မလေး မျက်နှာ ငါဘယ်လိုလုပ် ကြည့်ရပါမလဲ" လို့ အဲဒီလို စဉ်းစားရင်းနဲ့ တဲထဲလည်း ဝင်လာရော ကောင်မလေးက ကျွန်တော့်ကို မြင်မြင်ချင်း ထိတ်ထိတ်လန့်လန့်နဲ့ ငိုပါလေရောဗျာ၊ ပထမတော့ ကျွန်တော်လည်း ရုတ်တရက် စဉ်းစားမရအောင် ဖြစ်သွားမိသေးတယ်။ နောက်တော့ ကောင်မလေးဟာ ရှိုက်ကြီးငင်ကြီးနဲ့ ငိုရာက ကျွန်တော့်ကို လက်အုပ်ချီ ရှိခိုးရင်း ပါးစပ်ကလည်း ပျာပျာသလဲနဲ့ ဗီယက်နမ်လို တတွတ်တွတ် ပြောနေတာ ကြားရတော့မှ ကျွန်တော်လည်း အခြေအနေကို ရိပ်မိသွားတယ်။

လက်စသတ်တော့ စောစောက ဟိုကောင်တွေ သူ့ကို မတရားကျင့်တဲ့နေရာမှာ အကြောင်းတစ်ခုခုကြောင့် ကျွန်တော်မပါဘဲ ကျန်နေတယ်။ အခု ဟိုကောင်တွေအားလုံး ထွက်သွားကြလို့ သူနဲ့ကျွန်တော် နှစ်ယောက်ထဲ ရှိနေတဲ့အချိန်မှာ ကျွန်တော်က သူ့ကို ဟိုကောင်တွေလိုပဲ မတရားကျင့်တော့မှာပဲ ဆိုပြီး သူ့ခမျာ အထိတ်ထိတ် အလန့်လန့်နဲ့ တောင်းပန်ရှာတာကိုး။

အဲဒီလို ငိုလို့ပြီး လက်အုပ်ချီရင်း ပါးစပ်ကလည်း တတွတ်တွတ် တောင်းပန်ရင်းနဲ့ နောက်ဆုတ်ဆုတ်ပြီး တဲထောင့်ထဲမှာ ကုပ်ကုပ်ကလေး သွားဝပ်နေတော့ ကျွန်တော်လည်း သူ ကျွန်တော့်ကို အထင်မှားပြီး ကြောက်လန့်နေမှန်း အဲဒီကျမှ သိရတယ်။ ဒါနဲ့ ကျွန်တော်လည်း ဒီအတိုင်းတော့ မဖြစ်ချေဘူးဆိုပြီး သူ့ကို ခြေဟန်လက်ဟန်နဲ့ ဘာမှကြောက်စရာမရှိတဲ့ အကြောင်း၊ ကျွန်တော်က သူ့ကို ဘယ်လိုမှ အန္တရာယ်မပြုဘူး ဆိုတဲ့ အကြောင်း သူနားလည်အောင် အမူအရာနဲ့ ပြောပြရတယ်။ ကျွန်တော်ပြော တာကို သေချာအောင်ဆိုပြီး ကျွန်တော်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး အနေနှီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဘီစကွတ်မုန့် လေးငါးခု အမဲသားကြော်တစ်တုံးနဲ့ ရေတစ်ခွက်ပေးပြီး စားနိုင် သောက်နိုင်ပါတယ်။

အဲဒီကျမှ သူလည်း ကျွန်တော့်မျက်နှာနဲ့ အမူအရာကို နားလည်ပြီး ကျွန်တော့်အပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ကျွန်တော်ကျွေးတာတွေ စားတော့တာပါပဲ။ သူ့ခမျာ ကျွန်တော်တို့ ဖမ်းထားတဲ့အချိန်ကစပြီး ဘာမှမစား မသောက်ရဘဲ နေလာလိုက်ရတာ အခုတစ်ခါ ပထမဆုံးအကြိမ် အစာစားရတာပါပဲ။ ကျွန်တော်တို့ သူ့ကို ဖမ်းလာတဲ့အချိန်ဟာ မနက် မိုးမလင်းခင် လောက်ကဆိုတော့ အခု ညနေစောင်း သုံးနာရီအထိ ဘာမှ မစားရ မသောက်ရဘဲ နေခဲ့ရတာ ဘယ်လောက် ဆာနေရှာမလဲလို့ စဉ်းစားသာ ကြည့်ပေတော့။

ကျွန်တော်ဟာ ကျွန်တော်ကျွေးတဲ့ အစားအသောက်တွေကို သူ စားသောက်နေတုန်း သူ့ကို မသိမသာ အကဲခတ်ကြည့်မိတယ်။ သူ့ကြည့်ရတာ တော်တော်ကို ပင်ပန်းနွမ်းနယ်နေပုံ ရပါတယ်။ သူ့တစ်ကိုယ်လုံးဟာ ရိုက်ထားသလို ပျော့ခွေနေပါတယ်။ မျက်နှာတစ်ခုလုံးလည်း နီရဲပြီး ဖျားလည်း ဖျားနေဟန် တူပါတယ်၊ သူ့ကိုယ်မှာလည်း တစ်နေရာရာမှာ ဒဏ်ရာအနာတရ ဖြစ်နေပုံပါပဲ၊ အသေအချာတော့ မပြောတတ်ပါဘူး။

ဒီလိုနဲ့ မော်ဟာ ကျွန်ကော်ပေးတဲ့ ဘီစကွတ်မုန့်ကို တစ်ကိုက် ကိုက်လိုက်ရင်း၊ အင့်ကနဲ ရှိုက်လိုက်ရင်း၊ အမဲသားတုံးကို တစ်ကိုက် ကိုက်လိုက် ရင်း အင့်ကနဲ ရှိုက်လိုက်ရင်း ဖြစ်နေရှာပါတယ်။ ကျွန်တော့် မျက်စိထဲမှာ သူ့ကို မြင်ရတာဟာ၊ တကယ့် ကျွန်တော့် နှမလေးအရင်း တစ်ယောက် ဝမ်းနည်းပမ်းနည်း ငိုနေတာကို မြင်ရသလိုပါပဲ။

မော်ဟာ ဘီစကွတ်မုန့်နဲ့ အမဲသားကျော်ကို စားနေရင်းက ကျွန်တော် ဟာ သူ့ကို ထူးထူးဆန်းဆန်း အခုလို အစားအစာတွေ ဘာတွေ ကျွေးနေတာ ဘာသဘောလဲ၊ အစာကျွေးပြီး သူ့ကို မတရားစော်ကားဦးမှာလား။ သူ့ကို အနုနည်းနဲ့ တစ်ဖက်လှည့် သိမ်းသွင်းနေတာလားပေါ့လေ၊ သူ့စိတ်ထဲမှာ ဇဝေဇဝါနဲ့ မရှင်းမရှင်း ဖြစ်နေပုံရပါတယ်။





ဒါပေမယ့် စားသောက်လည်းပြီးရော သူဟာ ကျွန်တော့်အပေါ်မှာ တော်တော်လေး ယုံကြည် စိတ်ချသွားဟန် တူပါတယ်။ ထိုင်ရာက အားယူ ထပြီး ဗီယက်နမ်လို တစ်ခွန်းပြောလိုက်ပါတယ်။ သူပြောတာကို ဘာမှန်း မသိရပေမယ့် သူ့မျက်နှာနဲ့ အမူအရာကို ကြည့်ရတာကတော့ 'ကျေးဇူးတင် ပါတယ်' လို့ ပြောတဲ့ပုံမျိုးပါပဲ။

အဲဒီတော့ ကျွန်တော်ကလည်း ရုတ်တရက် သူ့ကို အင်္ဂလိပ်လို ပြန်ပြောလိုက်ပါတယ်၊ 'မင်းအခုလိုဖြစ်ရတာ ငါ စိတ်မကောင်းပါဘူး၊ အဲဒီ အတွက် ငါ တောင်းပန်ပါတယ်' လို့။ ဒါပေမယ့် ကျွန်တော်ပြောတဲ့ စကားကို သူက မျက်လုံးလေး ကလယ် ကလယ်နဲ့ ခပ်ကြောင်ကြောင်ကလေး နား ထောင်နေတာ တွေ့ရတော့ သူ အင်္ဂလိပ်စကား မတတ်မှန်း၊ ကျွန်တော် ပြောတဲ့စကားကို သူ နားမလည်မှန်း သိရပြီး ရှေ့ဆက် မပြောတော့ဘဲ ကျွန်တော့်စကားကို ရပ်ပစ်လိုက်ရပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်ရင်ထဲ ဆို့နစ်ပြီး ကျွန်တော်ပြောတဲ့ စကား ကို သိနားလည်စေချင်လိုက်တာမှ လွန်ပါရော။ တကယ်လို့သာ သူ အင်္ဂလိပ် စကားတတ်ရင် ဒါမှမဟုတ် ကျွန်တော်သာ ဗီယက်နမ်စကားတတ်ရင် အားရ ပါးရ ပြောချလိုက်မှာပါပဲ၊ ကျွန်တော် သေသေချာချာ မှတ်မိပါသေးတယ်။ အဲဒီတုန်းက သူနားလည်အောင်သာ ကျွန်တော်ပြောတတ်မယ်ဆိုရင် 'အခုလို ဖြစ်ရတဲ့အတွက် ကျွန်တော်အများကြီး စိတ်မကောင်းဖြစ်ရတဲ့ အကြောင်း၊ အဲဒီအတွက် သူ့ကိုတောင်းပန်တဲ့အကြောင်း၊ ဒါပေမယ့် အခုကိစ္စမှာ အဖြစ်က ဆိုးလွန်းတော့ ကျွန်တော်တောင်းပန်တာကို သူ ခွင့်မလွှတ်နိုင်ဘူး ဆိုရင်လည်း ကျွန်တော် ဘယ်လိုမှ သဘောမထားတဲ့အကြောင်း၊ ကျွန်တော် တင် မဟုတ်ဘူး၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူက ဘယ်လောက်ပဲ တောင်း ပန် တောင်းပန် ခွင့်လွှတ်နိုင်စရာ မရှိဘူးဆိုတာ ကျွန်တော် နားလည်တဲ့ အကြောင်း၊ နောက်ပြီးတော့ သူတို့တစ်တွေဟာ ဘာ့ကြောင့် အခုလို မချင်း မစာနာဘဲ ရက်ရက်စက်စက် လုပ်ရက်ကြတယ်ဆိုတာ ကျွန်တော့်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလို့ မရတဲ့အကြောင်း၊ သူတို့တစ်တွေ လူမဆန်ဘဲ မတရားစော်ကားခဲ့ကြလို့ သူ့မှာ ဘယ်လောက် ယူကြုံးမရ ဖြစ်ရတယ်ဆိုတာ ကျွန်တော့်အနေနဲ့ နမချင်း စာနာပြီး ကျွန်တော်ကိုယ်တိုင် အကြီးအကျယ် စိတ်ထိခိုက်မိတဲ့အကြောင်း၊ တကယ်လို့ အခုအချိန်မှာ သူ့ကို ကျွန်တော် လွှတ်ပစ်လိုက်ရင် သူဟာ ရွာကို တန်းတန်းမတ်မတ် ပြန်နိုင်ပါ့မလား ဆိုတဲ့အကြောင်း' အိုဗျာ အဲဒီတုန်းက သူနဲ့ကျွန်တော်သာ တစ်ယောက်စကားကို တစ်ယောက် နားလည်ကြမယ်ဆိုရင် အဲဒီအတိုင်း ကျွန်တော် တသီကြီး ပြောချလိုက်မိမှာပါပဲ။

တကယ်ပါ၊ အဲဒီတုန်းက သူ့သာ သူ့ရွာကို ချောချောမောမောနဲ့ ပြန်နိုင်မယ်ဆိုရင် နောက်မှ ဟိုကောင်တွေနဲ့ ကျွန်တော်နဲ့ ဖြစ်ချင်ရာ ဖြစ်၊ သူ့ကို ကျွန်တော် လွှတ်ပစ်လိုက်မှာပါပဲ။ ဒါပေမယ့် ခက်တာက သူ့အနေနဲ့ ဟိုကောင်တွေ စော်ကားထားတဲ့ဒဏ်နဲ့ တစ်နေ့လုံး အစာငတ် ရေငတ်ပြီး အားပြတ်နေတာမို့ ရွာကို သူတစ်ယောက်တည်း ချောချောမောမော ပြန်သွားဖို့ဆိုတာ မလွယ်ပါဘူး။ ပြီးတော့ အခု ကျွန်တော်တို့ရောက်နေတဲ့ တောင်ကုန်းအမှတ် ၁၉၂ ကနေပြီး ရွာကို သူ ဖြောင့်ဖြောင့်တန်းတန်း ပြန်ရှာပြန်နိုင်ပါ့မလားလို့လဲ ကျွန်တော် စိုးရိမ်မိ ဘာ အမှန်ပါပဲ။ အဲဒီတော့ ကျွန်တော်က သူ့ကို လွှတ်လိုက်သည့်တိုင်အောင် သူဟာ လမ်းမှာ ဒုက္ခရောက်ပြီး အဆင်မသင့်ရင် ဟိုကောင်တွေနဲ့ ပြန်တွေ့ပြီး ကျားရှေ့မှောက်ရက်လဲသလို ဖြစ်မှာလည်း စိုးမိပါတယ်။ ကျွန်တော့်အတွက်ကတော့ နောင်ခါလာ နောင်ခါချေးပါ၊ သူ့အသက်အန္တရာယ်ကိုပဲ ကျွန်တော် စိုးရိမ်မိတာ အမှန်ပါ။

ဒီလိုနဲ့ တဲထဲမှာ သူနဲ့ကျွန်တော်နဲ့ဟာ တစ်ယောက်စကားလည်း တစ်ယောက် နားမလည်၊ တစ်ယောက်နဲ့တစ်ယောက် ဘာပြောလို့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေပြီး၊ ကြာတော့ ကျွန်တော်လည်း စိတ်ရှုပ်ရှုပ်နဲ့ သူ့ကို တဲထဲထားခဲ့ပြီး ကျွန်တော်တစ်ယောက်တည်း တဲအပြင်ဘက်ကို ထွက်လာခဲ့မိပါတယ်။





အပြင်ရောက်တော့ ခပ်လှမ်းလှမ်းက အမြောက်သံဟာ ကြားနေရတုန်းပါပဲ။ အဲဒီအချိန်မှာ ကျွန်တော်တို့တပ်စိတ်ဟာ ဘယ်နေရာ ရောက်နေတယ်ဆိုတာ ကျွန်တော် ခန့်မှန်းလို့ မရပါဘူး၊ နောက်မှ ကျွန်တော်သိရတာကတော့ ကျွန်တော်နဲ့ မော်နဲ့ အဲဒီလို နှစ်ယောက်ထဲ ရှိနေတဲ့အချိန်မှာ တိုနီတို့အဖွဲ့ဟာ ကျွန်တော်တို့ရဲ့ အပေါ်ဘက်၊ မိုင်ဝက်လောက်ဝေးတဲ့ တောင်ကုန်း ၁၉၂ ရဲ့ တောင်ထိပ်ပေါ်ကို ရောက်နေကြပြီဆိုတာ သိရပါတယ်။

'အဲဒီတုန်းက တိုနီတို့လူစု တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အမြင့်ဆုံးနေရာကို ရောက်နေတယ်ဆိုတာ ကျွန်တော်မသိရသလို သူတို့လူစုဟာ ကျွန်တော်နဲ့ မော်တို့ ရှိနေကြတဲ့ တဲကလေးဆီကို နောက်ထပ် တစ်နာရီအတွင်း ပြန်မလာနိုင်ကြဘူး ဆိုတာလည်း ကျွန်တော့်အနေနဲ့ အတိအကျ ခန့်မှန်းနိုင်တဲ့ အခြေအနေ မရှိပါဘူး။

တကယ်လို့သာ အဲဒီတုန်းက အဲဒီအခြေအနေကို ကျွန်တော် ကြိုတင်ပြီး ခန့်မှန်းနိုင်မယ်ဆိုရင် ကျွန်တော်ဟာ မော့်ကို ကူညီတဲ့အနေနဲ့ တစ်ခုခု လုပ်မိမှာ အမှန်ပါပဲ။

ဒီလိုနဲ့ တဲအပြင်ဘက်ရောက်လို့ အမြောက်သံတွေ တအုန်းအုန်းနဲ့ ကြားလိုက်ရတော့ ကျွန်တော့်စိတ်ထဲမှာ "ငါဟာ ရန်သူ့နယ်မြေထဲ ရောက်နေတာပါကလား" ဆိုတာ တွေးမိပြီး၊ သံမိဋ္ဌာန်တစ်ခု ချလိုက်မိပါတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ တကယ်လို့ ကျွန်တော်ဟာ ဒီရန်သူ့နယ်မြေက မသေမပျောက်ဘဲ စခန်းကို ပြန်ရောက်ရင် ဒီနေ့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေအားလုံးနဲ့ ပတ်သက်ပြီး တိုနီတို့လူစုကို သူတို့ကျူးလွန်တဲ့ ပြစ်မှုအတွက် ထိုက်သင့်တဲ့ အပြစ်ဒဏ်ကို ခံရအောင် ငါကြိုးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ။ ဒီဆုံးဖြတ်ချက်အတိုင်း ဖြစ်အောင်လုပ်မယ်ဆိုတာလည်း စိတ်ထဲက ကြိတ်ပြီး ဘုရားကို သစ္စာပြုလိုက်ပါတယ်။ ကျွန်တော့်အတွက်ကတော့ ဒီအချိန်မှာ ဒီလိုဆုံးဖြတ်ချက်ချရုံကလွဲလို့ တခြား ဘာမှမတတ်နိုင်တော့ဘူးလို့ပဲ ယူဆမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပါ၊ ကျွန်တော်ဟာ မော်ကို သွားချင်ရာ သွားတော့ဆိုပြီး လွှတ်လိုက်လို့ မဖြစ်သလို၊ တဲထဲမှာ ရှိနေတဲ့ လက်နက် ခဲယမ်းမီးကျောက်တွေကိုလည်း ရန်သူ့လက်ထဲ ရောက်ချင်ရောက်ပစေတော့ ဆိုပြီး ထားပစ်ခဲ့လို့လည်း မဖြစ်ပါဘူး။

အဲဒီတုန်းက ကျွန်တော်ဟာ မော့်ကို လွှတ်ပစ်ဖို့ စဉ်းစားတာနဲ့ ပတ်သက်လို့ ကျွန်တော့်ကိုယ်လည်း ကျွန်တော် ပြန်ပြီး မေးခွန်းထုတ်မိပါသေးတယ်၊ 'ဒီကောင်မလေးကို ဘာဖြစ်လို့ ငါလွှတ်ပစ်ချင်ရတာလဲ၊ သူ့ကို နှမချင်းစာနာပြီး သနားတဲ့စိတ်တွေ ထားမိတာဟာ၊ မှားများ မှားနေသလား' ပေါ့လေ၊ အဲဒီလိုလည်း ကျွန်တော် တစ်ဖက်က စဉ်းစားမိပါသေးတယ်။

နောက်တစ်ခုက မော်ဟာ ကျွန်တော်က သွားချင်ရာ သွားတော့ဆိုပြီး လွှတ်လိုက်သည့်တိုင်အောင် သူ့မှာ ရွာကိုရောက်အောင် ပြန်နိုင်တဲ့ အခြေအနေမျိုး မရှိပါဘူး၊ လမ်းတောင် မနည်းအားခဲ ပြီး လျှောက်ရမယ့်အထိ အခြေအနေဟာ ဆိုးနေပါတယ်။

အဲဒီတော့ ကောင်းပြီ၊ ဒါဖြင့်ရင် သူ့ကို ကျွန်တော်ခေါ်ပြီး သူနဲ့ ကျွန်တော် ဒီနေရာက ထွက်သွားကြမလား၊ ဒီလိုဆိုရင်လည်း သိပ်မလွယ်လှဘူး။ ဘာဖြစ်လို့ဆိုတော့ သူ့မှာ ဟိုကောင်တွေ မတရားကျင့်ထားတဲ့ဒဏ်နဲ့ လမ်းကောင်းကောင်း မလျှောက်နိုင်လောက်အောင် ဖြစ်နေတော့ သိပ် ခပ်ဝေးဝေး သွားနိုင်မှာလည်း မဟုတ်ဘူး၊ အဲဒီတော့ နေမဝင်ခင် ကျွန်တော် တို့နှစ်ယောက် တစ်နေရာရာမှာ ချုံပုတ်ကောင်းကောင်းတစ်ခု ရှာပြီး ပုန်းနေကြရမှာပဲ။

အဲဒီလို ဘယ်သူမှ မမြင်အောင် တစ်နေရာမှာ လုံလုံခြုံခြုံ ပုန်းနေဖို့ ကလည်း ခဏတဖြုတ်နဲ့ မဖြစ်သေးဘူး။ နှစ်ရက်လောက် ပုန်းနေမှဖြစ်မှာ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ စခန်းက ထွက်လာပြီး တတိယမြောက် တဲ့နေ့ကျရင် သတ်မှတ်ထားတဲ့ နေရာတစ်ခုမှာ စခန်းက နောက်ထပ် လိုက် လာမယ့် တပ်စိတ်တစ်ခုနဲ့တွေ့ဖို့ အချိန်းအချက် လုပ်ထားတာ ရှိတယ်။





အဲဒီတပ်စိတ်က ကျွန်တော်တို့အတွက်လိုတဲ့ ရိက္ခာနဲ့ ခဲယမ်းမီးကျောက် ဖြည့်ပေးဖို့ စခန်းက လိုက်လာရမှာ။

ဒီတော့ မော်နဲ့ ကျွန်တော်ဟာ အဲဒီ နောက်ထပ်လိုက်လာမယ့် ကင်းတပ်စိတ်နဲ့ တွေ့ရမယ့်နေရာကို အချိန်မီ ရောက်အောင် သွားရလိမ့်မယ်၊ အဲဒီအချိန်းအချက် လုပ်ထားတဲ့ နေရာကိုတော့ ကျွန်တော် သိထားပြီးသားပါ၊ ဒါပေမယ့် အဲဒီတတိယနေ့မှာ အဲဒီကင်းတပ်စိတ်နဲ့ အချိန်မီတွေ့ရအောင် သွားနိုင်တယ်ထားဦး၊ အဲဒီကျတော့ အဲဒီနောက်က လိုက်လာကြတဲ့ ကင်းတပ်စိတ်ကကောင်တွေက ကျွန်တော်တို့နှစ်ယောက်ကို အကူအညီ ပေးမှ ပေးပါ့မလားဆိုတဲ့ ပြဿနာက ရှိသေးတယ်။ သူတို့က တိုနီတို့လူစုနဲ့ကွဲပြီး ကျွန်တော်တစ်ယောက်တည်း ဗီယက်နမ်မလေးတစ်ယောက်နဲ့ သူတို့ဆီ ရောက်လာတာကို ဘယ်လိုထင်ကြမလဲ၊ ကျွန်တော်က အမှန်အတိုင်း ပြောပြ တာကို သူတို့ယုံပါ့မလား၊ အဲဒါဟာ ကျွန်တော့်အတွက် "ဦးနှောက်" ပဲ။

နောက်တစ်ခုက စောစောက ဒီကောင်မလေးကို မတရားကျင့်တဲ့ နေရာမှာ ကျွန်တော်ဟာ သူတို့နဲ့ရော မပါဘဲ ကျွန်တော်တစ်ယောက်တည်း ခေါင်းမာပြီး ဘာမှမလုပ်ဘဲ နေခဲ့တာကို တိုနီတို့လူစုက ဘယ်လိုထင်ကြ လဲ၊ ဒီပြစ်မှုကြီးကို ကျူးလွန်တဲ့နေရာမှာ သူတို့လေးယောက်နဲ့အတူ ရောပြီး မပါတဲ့အတွက် သူတို့က ကျွန်တော့်ကို အကြီးအကျယ် မကျေနပ်ကြတာ တော့ အမှန်ပဲ။ ဒီလိုမကျေနပ်တဲ့အတွက် ကျွန်တော့်ခြေလှမ်း အများကို စောင့်ဖမ်းကြမှာ သေချာတယ်။ အဲဒီတော့ တကယ်လို့ ကျွန်တော်ဟာ ဒီတဲထဲက လက်နက် ခဲယမ်းမီးကျောက်တွေ ဒီတိုင်း ထားပစ်ခဲ့ပြီး၊ မော်နဲ့ အတူ ထွက်ပြေးတာကို ဒီကောင်တွေ သိသွားရင် ဒီတိုင်းနေမှာ မဟုတ်ဘူး။ ကျွန်တော်တို့နောက်ကို ခြေရာခံပြီး လိုက်မှာပဲ၊ လိုက်လို့ တွေ့ရင် တွေ့တဲ့ နေရာ ပစ်သတ်ကြမှာပဲ၊ နေရာတင် ပစ်မသတ်ဘူး ထားဦး၊ တိုနီက ကျွန်တော့်ကို "တပ်ပြေး" ဆိုပြီး အနည်းဆုံး ဖမ်းချုပ်မှာပဲ။ ဒါဆိုတော့ သေချာတယ်၊ တိုနီက ကျွန်တော့်ကို အဲဒီလို "တပ်ပြေး" ဆိုပြီး စွဲချက်တင်



www.burmeseclassic.com

www.burmeseclassic.com



တာကို သူ့ကောင်တွေအားလုံးကလည်း သူ့ဘက်က သေချာပေါက် ဝိုင်းထောက်ခံကြမှာပဲ၊ နောက်ဆုံး ကျွန်တော်နဲ့အတူ ဖမ်းမိတဲ့ ကောင်မလေးကိုပါ ကျွန်တော်ကပဲ တပ်က ထွက်ပြေးရင်းနဲ့ ရွာတစ်ရွာမှာ ဒီကောင်မလေးကို ဝင်ဆွဲလာပြီး လမ်းတစ်လျှောက်လုံး မုဒိမ်းကျင့်လာပါတယ်ဆိုရင် ပုဒ်မက ကြီးသထက် ကြီးသွားနိုင်သေးတယ်။ အဲဒီကျတော့ တကယ်မုဒိမ်းကျင့်တဲ့ကောင်တွေက တရားလိုတွေဖြစ်ပြီး၊ ဒီကောင်မလေးကို လက်ဖျားနဲ့တောင် မတို့ခဲ့တဲ့ ကျွန်တော်က မုဒိမ်းကောင်တရားခံ ဖြစ်သွားမှာ သေချာတယ်။ အဲဒီလိုဆိုရင် ကျွန်တော့်ရင်ထဲမှာ ဘယ်လိုနေမလဲ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး။

ဒီလိုနဲ့ ကျွန်တော်လည်း တဲအပြင်ဘက်မှာ အမျိုးမျိုး စဉ်းစားပြီး ဦးနှောက်ခြောက်နေရာက နောက်ဆုံးတော့ စောစောက ပြောသလို ခုမှတော့ မထူးတော့ပါဘူး၊ ကောင်မလေးကို လွှတ်ပစ်လို့လည်း မဖြစ်၊ သူ့ကိုခေါ်ပြီး ထွက်ပြေးလို့လည်း မဖြစ်တဲ့အတူတူ ဒီအတိုင်းပဲ နေလိုက်တော့မယ်။ နောက်ကင်းလှည့်တဲ့ တာဝန်ပြီးလို့ မသေမပျောက်ဘဲ စခန်းပြန်ရောက်မယ်ဆိုရင် အဲဒီကျမှပဲ ဒီအမှုကို ဖွင့်ချပြီး ဒီကောင်တွေကို တရားဥပဒေအတိုင်း အရေးယူအောင် ဖြစ်တဲ့နည်းနဲ့ ကြိုးစားတော့မယ်ဆိုပြီး ယတိပြတ် ဆုံးဖြတ်လိုက်တာပါပဲ။

အဲဒီလို ဆုံးဖြတ်ပြီး၊ ကျွန်တော်လည်း တဲထဲ ခေါင်းငုံ့ပြီး ဝင်လာခဲ့တယ်၊ ဒီတစ်ခါ ကျွန်တော့်ကိုမြင်တော့ မော်ဟာ စောစောကလို မကြောက်တော့ပါဘူး၊ ကျွန်တော်ဟာ သူ့ကို လက်ဖျားနဲ့တောင် မတို့ဘူးဆိုတာ သေသေချာချာ သိသွားပုံရပါတယ်။ ကျွန်တော့်ကို ယုံကြည်တဲ့ အမူအရာမျိုး စိတ်ချတဲ့ အမူအရာမျိုး တွေ့ရပါတယ်၊ စောစောကလိုလည်း မငိုတော့ မရှိုက်တော့ဘူး၊ ဝိုင်းစက်နေတဲ့ သူ့မျက်လုံးကြီးတွေဟာ ကျွန်တော့်ကို အားကိုးသယောင်ယောင် ဖြစ်နေပုံတောင် ရပါတယ်။

ကျွန်တော်ကတော့ ကိုယ်ဟာကိုယ် စိတ်ထဲက ကျိတ်ပြီး ပြောမိတာ





ပေါ့၊ 'အင်း၊ မင်းက ငါ့ကို အားကိုးတကြီး ဖြစ်နေပေမယ့် ငါ့အခြေအနေက မင်းကို ဘယ်လိုမှ အကူအညီ မပေးနိုင်တဲ့ဘဝမျိုး ရောက်နေပြီ' လို့။

တကယ်ပါပဲ၊ မော်နဲ့ကျွန်တော်ဟာ အဲဒီတဲကလေးထဲမှာ အတူရှိနေကြပေမယ့် ကျွန်တော်တို့နှစ်ယောက်ဟာ တစ်ယောက် တစ်ကမ္ဘာစီ ခြားနေကြသလိုပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## တိုက်ပွဲတွင် ကျဆုံးသောသတင်း

ဒီလိုနဲ့ နောက်ထပ် ဘာမှ ထူးထူးခြားခြား မဖြစ်တော့ဘဲနဲ့ တစ်နာရီလောက်ကြာတော့ တိုနီတို့လူစုအားလုံး ပြန်ရောက်လာကြပါတယ်။ သူတို့ မလာခင်ဘဲ ဒီ တစ်နာရီလောက်အတွင်းမှာ မော်ရဲ့ ကျန်းမာရေးအခြေအနေဟာ ဆိုးသထက် ဆိုးလာတာ တွေ့ရပါတယ်။

တိုနီတို့ ပြန်ရောက်တဲ့ အချိန်ကျတော့ မော်ဟာ အပြင်းအထန် အဖျားတက်နေပြီး ချောင်းလည်း အဆက်မပြတ် ဆိုးနေပါတယ်။

အဲဒါကို ကလပ်ဆိုတဲ့အကောင်ဟာ မော်ကို မသနားတဲ့အပြင် 'ခွေးကောင်မလေးက အရေးထဲ ဖျားနေလိုက်ရသေးတယ်၊ သေမှာဖြင့်လည်း မြန်မြန် သေတာ မဟုတ်ဘူး' ဘာညာနဲ့ ကြိမ်းမောင်းနေပါသေးတယ်။ တိုနီကတော့ သူ့ဆီမှာပါတဲ့ အဖျားကျဆေးတစ်ခွက် ထပ်တိုက်ပါတယ်။ ဒါပေမယ့် သူဆေးတိုက်တာကလည်း မော်ကို အဖျားကျပါစေတော့ ဆိုတဲ့ စေတနာနဲ့ တကယ်သနားပြီး တိုက်တာမှ ဟုတ်ရဲ့လား၊ ဒီကောင်မလေး ဒီလိုသာ ဆက်ပြီး အပြင်းဖျားနေရင် သူတို့အနေနဲ့ နက်ဖြန်ကျ အလုပ်မဖြစ်မှာစိုးလို့ လားတော့ မပြောတတ်ပါဘူး။

ဘာလို့လဲဆိုတော့ တိုနီဟာ မော်ကို ဆေးတိုက်ပြီးတော့ ကျွန်တော်တို့ အားလုံးရှေ့မှာ ခပ်တည်တည်နဲ့ ဂုဏ်ယူသလို ပြောလိုက်သေးတယ်။





အခုလို တိုက်ကင်းထွက်တဲ့နေရာမှာ ဌာနချုပ်က အမြောက်နဲ့လှမ်းပစ်ပြီး အကူအညီပေးအောင် တောင်းနိုင်တာရယ်၊ အခုလို ကောင်မလေးတစ်ယောက်ကို အလုပ်ဖြစ်အောင် ခေါ်လာနိုင်တာရယ်၊ အဲဒါတွေဟာ သူမို့လို့ တတ်နိုင်တာတဲ့။ တခြားလူဆိုရင် ဒီလို နှစ်ခုစလုံး အဆင့်ပြေအောင် လုပ်ဖို့ မလွယ်ဘူးတဲ့၊ ခပ်တည်တည်နဲ့ ကျွန်တော်တို့ကို အာရိုက်လိုက်သေးတယ်။

ဒီလိုနဲ့ တဖြည်းဖြည်း နေဝင်သွားပြီး ညဘက်ရောက်လာတာပါပဲ။

ကျွန်တော်တို့ဟာ အဲဒီညက အဲဒီတဲကလေးထဲမှာပဲ စခန်းချကြပါတယ်။ မော်လည်း တဲထဲမှာပဲ ထောင့်တစ်ထောင့်မှာ သွားပြီး သူတစ်ယောက်တည်း ကွေးကွေးကလေး အိပ်ရှာပါတယ်။

အဲဒီညက ကျွန်တော်တို့အားလုံး အလှည့်ကျ တဲအပြင်မှာ ကင်းစောင့်ရပါတယ်။ လကလည်း သာသာနဲ့ဆိုတော့ တောရိပ် တောင်ရိပ်နဲ့ လရောင်နဲ့ဟာ တော်တော်လေး ပဏာရတယ်လို့ ဆိုရပါမယ်။ ဒါပေမယ့် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ ဗီယက်ကောင်းတွေ အလုံးအရင်းနဲ့ ရှိနေတယ်ဆိုတာ သိထားရတော့ လရောင်ကြောင့် ပိုပြီး ကြောက်စရာကောင်းသလို ဖြစ်နေပါသေးတယ်။

အဲဒီညက မော်ဟာ ချောင်းဆိုးလိုက်တာကလည်း အရမ်းပါပဲ၊ တစ်ညလုံး တဟွတ်ဟွတ်နဲ့ အဆက်ကို မပြတ်တော့ပါဘူး။ အဲဒါကို ကလပ်ဆိုတဲ့ကောင်က စိတ်တိုပြီး သည်းမခံနိုင်တဲ့အဆုံး မော်ကို တစ်ခါတည်း အပျောက် ရှင်းပစ်လိုက်ရင် ကောင်းမယ်ဆိုပြီး လုပ်သေးတယ်။ သူက တိုနီကို ဘယ်လို ပြောသလဲဆိုတော့ 'ဒီကောင်မလေး ဒီလိုသာ တစ်ညလုံး ချောင်းတဟွတ်ဟွတ် ဆိုးနေရင်၊ ဒို့နေရာကို ရန်သူ သိသွားတော့မှာပါဝဲကွာ'တဲ့။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲက မော်ကို ဒီကောင် အပျောက် ရှင်းပစ်ချင်တာဟာ ရန်သူကို ကြောက်လို့ထက် သူတို့ကျူးလွန်ထားခဲ့တဲ့ မုဒိမ်းမှုမပေါ်အောင် ကောင်မလေးကို ကိစ္စတုံး ဖျောက်ဖျက်ပစ်ချင်တဲ့ သဘောလို့ပဲ ယူဆမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ နေလာခဲ့ကြပြီး နောက်တစ်နေ့မနက် မိုးလင်းတော့ ၆ နာရီ သာသာလောက်မှာ ကျွန်တော်တို့အားလုံး အိပ်ရာက ထကြပါတယ်။

အဲဒီနေ့ဟာ မော်ရဲ့ကံကြမ္မာကို နောက်ဆုံး အဆုံးအဖြတ်ပေးတဲ့ နေ့ပါပဲ၊ မနက်မိုးလင်းတော့ သူ့ကျန်းမာရေး အခြေအနေဟာ ညကထက် ပိုပြီး ဆိုးလာပါတယ်။ တစ်ညလုံး အပြင်းဖျားပြီး ချောင်းတဟွတ်ဟွတ်နဲ့ ဆိုးနေခဲ့တာဟာ မနက်လင်းတဲ့အထိ သူ့ခမျာ မသက်သာရှာပါဘူး။

တိုနီကလည်း အဲဒီမနက်ကျတော့ မော်ကို နောက်ထပ် ဘာဆေးမှ မတိုက်တော့ဘဲ ဒီအတိုင်းပဲ ပစ်ထားပါတယ်။ သူ့အမူအရာ ကြည့်ရတာက မော်ကို ဖုတ်လေတဲ့ ငါးပိ၊ ရှိတယ်လို့တောင် အောက်မေ့ပုံ မရပါဘူး။ အိပ်ရာက ထထချင်း အဲဒီနေ့အတွက် တိုက်ကင်းနဲ့ပတ်သက်ပြီး တာဝန် ခွဲဝေဖို့ စီစဉ်တော့တာပါပဲ၊ သူ့အစီအစဉ်အတိုင်းဆိုရင် ဒီနေ့ ကျွန်တော် တို့ဟာ ဒီနေရာက ဆက်ပြီး ရှေ့ကို ချီတက်ကြဖို့ပါပဲ။

အဲဒီတဲကလေးက ထွက်မလာခင် နောက်ဆုံးအနေနဲ့ တိုနီက ကျွန်တော်တို့သုံးယောက်ကို ဒီနေ့ တစ်နေ့စာအတွက် မလှမ်းမကမ်းမှာ ရှိနေတဲ့ စမ်းချောင်းထဲက ရေသွားခပ်ဖို့ အမိန့်ပေးပါတယ်။ ဒါနဲ့ ကျွန်တော် ရယ်၊ မင်နယယ်နဲ့ ရာဖီရယ်။ ကျွန်တော်တို့သုံးယောက်သား တိုနီရဲ့ အမိန့် အတိုင်း စမ်းချောင်းရှိရာကို ရေခပ်ဖို့ ထွက်လာခဲ့ကြရပါတယ်။

ကျွန်တော်တို့ ရေသွားခပ်တဲ့အချိန်ဟာ ဘာမှမကြာပါဘူး၊ ငါးမိနစ် သာသာလောက်ပဲ ရှိပါလိမ့်မယ်။

ဒါပေမယ့် စမ်းချောင်းထဲက ရေခပ်ပြီး ပြန်လာတော့ တပ်စိတ် ခေါင်းဆောင် တိုနီရဲ့လေသံဟာ တစ်မျိုးပြောင်းသွားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ရေခပ်သွားနေတုန်း သူနဲ့ ဒုတိယခေါင်းဆောင် ကလပ် တို့ဟာ မော်ကို တစ်နည်းနည်းနဲ့ ကိစ္စတုံး လုပ်ပစ်ကြဖို့ နှစ်ဦးသဘောတူ တိုင်ပင်ပြီးကြပြီနဲ့ တူပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ညတုန်းက မော် ချောင်းတဟွတ်ဟွတ် ဆိုးနေတာကို အကြောင်းပြုပြီး ကလပ်က 'ဒီကောင်မ





လေးကို အပျောက်ရှင်းပစ်လိုက်ရင် ကောင်းမယ်' လို့ ပြောခဲ့တာဟာ အခု မနက်ကျတော့ ကျွန်တော်တို့သုံးယောက်လည်း ရေခပ်ပြီး ပြန်လာရော တိုနီ့ပါးစပ်ကပါ ဒီလေသံမျိုး ထွက်လာတော့တာပါပဲ။

တိုနီက ကျွန်တော်တို့အားလုံးကို ဖြောင့်ပဲ ဖွင့်ပြောပါတယ်။ ကျွန်တော်တို့နဲ့အတူ ဒီကောင်မလေးရှိနေရင် ဒီကောင်မလေးအတွက် နောက် ကြောင်းမအေးဘဲဖြစ်ပြီး အကုန်လုံး ဒုက္ခရောက်ကုန်မှာ စိုးရတယ်တဲ့။ တိုက်ပွဲမဖြစ်သည့်တိုင်အောင် ကျွန်တော်တို့ ချီတက်ရာနောက်ကို ဒီကောင် မလေး တွဲလောင်း တွဲလောင်းနဲ့ ပါနေရင် ရဟာတ်ယာဉ်နဲ့ ကင်းကောက်တဲ့ တပ်ဖွဲ့တွေက မြင်သွားပြီး စစ်လား ဆေးလား မေးလား မြန်းလား လုပ်လာ မှာ စိုးရတယ်။ အဲဒီတော့ ဒီကောင်မလေးကို ဖြစ်တဲ့နည်းနဲ့ အပျောက်ရှင်းပစ် တာဟာ အကောင်းဆုံးပဲလို့ တိုနီက အကြောင်းပြပါတယ်။ ဒါပေမယ့် ဒီကိစ္စကို လုပ်ကိုင်တဲ့နေရာမှာ ပိုပြီး သေသေသပ်သပ်နဲ့ ပိပိရိရိဖြစ်အောင် ဘယ်အချိန်မှာ ဘယ်လိုလုပ်ပြီး အပျောက်ရှင်းရမယ်ဆိုတာတော့ အခြေအနေ အရ ကြည့်လုပ်ရမှာပဲလို့ တိုနီက ဆက်ပြောပါတယ်။

တိုနီက အဲဒီလို လူတစ်ယောက်အသက်ကို ဖက်ရွက်လောက်မှ တန်ဖိုးမထားဘဲ ရက်ရက်စက်စက်နဲ့ သူ့အကြံအစည်ကို ပြောပြနေတဲ့အချိန် မှာ မော်ရဲ့အဖြစ်ဟာ အင်မတန် ရင်နာစရာကောင်းပါတယ်။ သနားစရာ လည်း ကောင်းပါတယ်၊ သူ့ခမျာ သူ့ကို သတ်ပစ်ဖို့ သူ့ရှေ့မှာတင် ပြောဆို တိုင်ပင်နေကြတာကို ဘာတစ်လုံးမှ နားမလည်ရှာဘဲ မျက်လုံးကလေး အဝိုင်း သားနဲ့ နားထောင်နေရှာပါတယ်။ တစ်နည်းအားဖြင့်တော့ ဒီလိုနားမလည် တာလည်း ခပ်ကောင်းကောင်းပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တိုနီပြောသမျှ စကားတွေသာ သူနားလည်မယ်ဆိုရင် သူ့ခမျာ ဘယ်လောက် ကြောက်ရှာ သနာ်ရှာမလဲလို့။ ပြီးတော့ အဲသလို အင်္ဂလိပ်စကားသာတတ်လို့ တိုနီရဲ့အကြံ အစည်သာ သူသိရမယ်ဆိုရင် သူ့စိတ်ထဲက 'သူတို့တစ်တွေဟာ မနေ့က ငါ့ကို ယုတ်ယုတ်မာမာနဲ့ မတရားကျင့်ခဲ့ကြပြီး၊ ဒီနေ့ ငါ့ကို ရက်ရက်စက်



www.burmeseclassic.com

www.burmeseclassic.com



စက် သတ်ပစ်ဖို့ ကြံစည်နေကြပြန်ပြီ၊ ဒီအမေရိကန်စစ်သားတွေဟာ လူစင်စစ် မှ ဟုတ်ရဲ့လား၊ ဘီလူးတွေများလား၊ သူရဲသဘက်တွေများလား" လို့ တွေးမိ မှာ အမှန်ပါပဲ။

ကျွန်တော်ဟာ မော်ရဲ့ရင်နာစရာကောင်းတဲ့ ဘဝကို စဉ်းစားရင်းနဲ့ ယုတ်မာသလောက် အကြံပက်စက်တဲ့ တိုနီရဲ့ အစီအစဉ်ကို အံ့ဩလို့မဆုံး အောင် ဖြစ်နေမိပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်ကိုပါ တစ်ဖက်လှည့်နဲ့ အကျပ်ကိုင်လာတဲ့ တိုနီရဲ့စကားကြောင့် အထိတ်တလန့် ဖြစ်သွားမိပါတယ်၊ ကျွန်တော်ကိုယ်တိုင် အထိတ်တလန့် ဖြစ်သွားရလောက်အောင် အကျပ်ကိုင် လိုက်တဲ့ တိုနီရဲ့စကားကတော့ တခြားမဟုတ်ပါဘူး၊ အခြေအနေအရ မော်ကို ပစ်သတ်ဖို့အချိန်ကျလာရင် အဲဒီသတ်ဖို့တာဝန်ကို ကျွန်တော်ယူရမယ်လို့ ပြောလိုက်တဲ့အတွက်ပါပဲ။

တိုနီဟာ မော့်ကို သတ်ဖို့အတွက် ကျွန်တော့်ကို တာဝန်ပေးတယ် ဆိုတာ သက်သက်မဲ့ အကြပ်ကိုင်မှန်း သိသာလွန်းပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူပြောပုံက ကျွန်တော်ဟာ မနေ့က ဒီကောင်မလေးကို မုဒိမ်းကျင့် တဲ့အထဲမှာ မပါဘူးတဲ့။ အဲဒီတော့ အဲဒီအမှုပေါ်သွားအောင် သူတို့ကို ကျွန်တော်က တစ်ဖက်လှည့်နဲ့ ချောက်ချမှာ စိုးရတယ်တဲ့။ ဒါကြောင့်မို့ ဒီအမှုကို ကျွန်တော် ဖော်ကောင် မလုပ်နိုင်အောင် ဒီကောင်မလေးကို ကျွန်တော်ကိုယ်တိုင် သတ်ပစ်ရမယ်တဲ့။ ဘယ်လောက် အကြံပက်စက်တဲ့ အကောင်လဲဆိုတာ အဲဒါသာကြည့်တော့။ အတိုချုပ်ကတော့ သူတို့ အငြိမ်း ပြတ်သလို၊ ကျွန်တော့်ကိုပါ အငြိမ်းပြတ်အောင် လုပ်တဲ့သဘောပါပဲ။

တိုနီဟာ ကျွန်တော့်ကို အဲသလို အကျပ်ကိုင်တဲ့အပြင်၊ တစ်ဖက်က လည်း ခြိမ်းခြောက်လိုက်သေးတယ်။ တကယ်လို့သာ သူအမိန့်ပေးတဲ့ အတိုင်း၊ ကျွန်တော်က ကောင်မလေးကိုသတ်ဖို့ အကြောက်အကန် ငြင်းနေ မယ်ဆိုရင်၊ ကျွန်တော့်ကို ကေအိုင်အေ (KIA) အဖြစ်နဲ့ တပ်ပြန်ရောက်ရင် သတင်း ပို့ရလိမ့်မယ်တဲ့။ အဲဒီ ကေအိုင်အေဆိုတာက ကျွန်တော်တို့ အမေရိ





ကန်တပ်တွေမှာ သုံးတဲ့ အတိုကောက် စကားလုံးပါ၊ အဓိပ္ပါယ်ကတော့ "တိုက်ပွဲမှာ ကျသွားပြီ" (Killed In Action) လို့ ဆိုလိုတာပါပဲ။

ဒါကို ကြည့်ခြင်းအားဖြင့် တိုနီဟာ ကျွန်တော့်ကို အတိအလင်း ခြိမ်းခြောက်တယ်ဆိုတာ ရှင်းနေပါတယ်။ သူ အမိန့်ပေးတဲ့အတိုင်း ကောင် မလေးကို ကျွန်တော်ကမသတ်ရင် သူက ကျွန်တော့်ကို ပစ်သတ်ပြီး၊ တပ်ပြန် ရောက်တော့ ကျွန်တော်ဟာ ရန်သူ့လက်ချက်နဲ့ တိုက်ပွဲမှာ ကျသွားပြီ ဆိုပြီး သတင်းပို့လိုက်ရုံပဲ ရှိတော့တယ်လို့ ပြောတာပါပဲ။

မနေ့က ကောင်မလေးကို သူတို့ မတရားကျင့်ဖို့ စီစဉ်တုန်းက ကျွန်တော် မပါကောင်းလားဆိုပြီး ကျွန်တော့်ကို မတော်တဆ ကျည်ဆံ ထွက်သွားတဲ့ အနေမျိုးနဲ့ သတ်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့သလိုပါပဲ။ ဒီနေ့ ကျတော့ ဒီကောင်မလေးကို ကျွန်တော်က မသတ်ရင်၊ သူတို့က ကျွန်တော့်ကို ပစ်သတ်ပြီး 'တိုက်ပွဲမှာ ကျသွားပြီ' ဆိုတဲ့ အနေမျိုးနဲ့ အထက်ကို အစီရင်ခံ လိုက်မယ်လို့ ခြိမ်းခြောက်ပြန်တာပါပဲ။

ကျွန်တော်ဟာ တိုနီက ကျွန်တော့်ကို အခုလို အကျပ်ကိုင်ပြီး ခြိမ်းခြောက်တာကို ပထမတော့ ထိတ်ခနဲ ဖြစ်သွားမိပါတယ်။ ကျွန်တော့်ကို သက်သက်မဲ့ ချောက်မကျ ကျအောင်၊ သူတို့နဲ့ရောပြီး တရားခံ မဖြစ်ဖြစ် အောင် လုပ်ရမလားဆိုပြီး ဒေါလည်း ပွသွားမိပါတယ်။

ဒါပေမယ့် မနေ့ကလည်း ဒီလိုပဲ ကျွန်တော့်ကို ခြိမ်းခြောက်ပြီး ကျွန်တော်က အတင်းခေါင်းမာနေတော့ နောက်ဆုံး ဘာမှမတတ်နိုင်ဘဲ လက်လျှော့သွားခဲ့တာကလည်း ရှိနေတယ် မဟုတ်လား။ ဒီနေ့လည်း ကျွန်တော်က ခပ်တင်းတင်းပဲ သူခိုင်းတာ မလုပ်နိုင်ဘူးလို့ ငြင်းလိုက်တယ်။ ဒီလိုငြင်းတဲ့နေရာမှာ တကယ့် တကယ်ကျတော့ တိုနီဆိုတဲ့ကောင်ဟာ သတ္တိရှိတဲ့ကောင် မဟုတ်ဘူး၊ ကြောက်မှန်းသိရင်သာ ခြောက်တတ်တဲ့ကောင် မျိုးပဲလို့ ယူဆပြီး သူခိုင်းတဲ့အတိုင်း မလုပ်နိုင်ဘူးလို့ ခပ်ပြတ်ပြတ် ငြင်းလိုက် တာပါပဲ၊ အဲဒါမှ သူက ယီးတီးယားတားလုပ်ရင် သူသေ ကိုယ်သေပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကျွန်တော်ထင်တဲ့ အတိုင်းပါပဲ၊ တိုနီဟာ ကျွန်တော့် စိတ်ကို ရိပ်မိပုံရပါတယ်။ ကျွန်တော့်ကို ခြိမ်းခြောက်ပြီး ခိုင်းလို့မရမှန်း သိတော့ နောက်ထပ်ဘာမှ မပြောတော့ဘဲ ရာဖိနဲ့ မင်နယယ်ကို ကောင်မလေးသတ်ဖို့ တာဝန်ပေးပြန်ပါတယ်။

ဒီကောင်နှစ်ကောင်ကလည်း အဲဒီကျတော့ ဘာစိတ်ကူးပေါက်တယ် မသိဘူး၊ သူတို့နှစ်ယောက်စလုံးက မော်ကို သတ်ဖို့ ခါးခါးသီးသီး ငြင်းနေကြပြန်ရော၊ ကျွန်တော်တောင် တော်တော် အံ့သြသွားပါတယ်။ ဒီကောင်တွေဟာ တိုနီ ခိုင်းတဲ့အတိုင်း မိုက်မိုက်ကန်းကန်း လုပ်ကြမှာပဲလို့ ထင်နေမိတာ၊ အခုလို နှစ်ယောက်စလုံးက အကြောက်အကန် ငြင်းနေကြတော့ ကျွန်တော်ဖြင့် ရုတ်တရက်-စဉ်းစားလို့တောင် မရဘူး။

ဒါနဲ့ မော်ကို သတ်ပစ်ဖို့ ကျွန်တော်ရော၊ မင်နယယ်ရော၊ ရာဖီရော သုံးယောက်စလုံးက ငြင်းနေကြတုန်း ကလပ်ဆိုတဲ့ကောင်က ကျွန်တော်တို့ကို ကြည့်ပြီး စိတ်မရှည်တော့ဘူး ထင်ပါရဲ့၊ 'ကဲ … ကြာတယ်ကွာ၊ စကားများမနေကြနဲ့၊ ဒီကောင်မလေးကို မင်းတို့ မသတ်ရဲရင် ငါသတ်မယ်'ဆိုပြီး လုပ်ပါလေရော။

ပထမတော့ တိုနီက ကောင်မလေးကို ကလပ်ကိုယ်တိုင်က သတ်ပါမယ်လို့ တာဝန်ယူတာကို သိပ်လက်မခံချင်သေးဘူး၊ သူ့သဘောက ဒီကောင်မလေးကို သတ်တဲ့နေရာမှာ အားလုံး ပါစေချင်ပုံ ရတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ တကယ်လို့ အမှုပေါ်လာရင် အားလုံး ညီတူညီမျှ အပြစ်ဒဏ်ကို ခွဲပြီး ခံရအောင်ဆိုတဲ့ သဘောပါပဲ၊ အားလုံး အပြစ်ရှိနေတဲ့ လူချည်းဆိုတော့ တစ်ယောက်ကိုတစ်ယောက် ချောက်မချနိုင်အောင် လုပ်တဲ့ သဘောပဲ ဆိုပါတော့။

ဒါပေမယ့် ကျွန်တော်တို့ သုံးယောက်စလုံးက ဒီတာဝန်ကို မယူနိုင်ဘူးဆိုပြီး အတိအလင်း ခေါင်းခါနေကြတော့ အချိန်ကလည်း သိပ်မရှိတော့တာနဲ့ ကလပ်ပြောတဲ့အတိုင်းပဲ သဘောတူလိုက်ပါတယ်။ ဒါတောင်





ကောင်မလေးကို သတ်ပစ်ဖို့ အချိန်ကျလာရင် သူလည်း ဝင်သတ်မယ်၊ သူက နောက်ကနေပြီး ကောင်မလေးကို လှံစွပ်နဲ့ထိုးမယ်၊ အဲဒီအချိန်မှာ ကလပ်ကလည်း ရှေ့ကနေပြီး ကောင်မလေး ရင်ဝကို ဓားမြှောင်နဲ့ ဝင်စိုက်ရမယ်ဆိုပြီး သူတို့နှစ်ယောက် အစီအစဉ် လုပ်ကြပါတယ်။ အဲဒီလို သတ်ပြီးရင် အလောင်းကို တောင်ကုန်းအမှတ် ၁၉၂ ပေါ်ကနေ တောင်အောက် ချောက်ထဲကို ပစ်ချကြမယ်ဆိုပြီး အသေးစိတ် တိုင်ပင်ထားကြပါတယ်။

အဲဒီတောင်ကုန်းပေါ်ကို သူတို့ မနေ့က ရောက်ခဲ့ပြီးသားဆိုတော့ ဘယ်နေရာက ပစ်ချရင် အလောင်းဟာ လူမမြင်နိုင်တဲ့ နေရာကို ရောက်သွားနိုင်တယ်ဆိုတာပါ သူတို့နှစ်ယောက် ကြိုပြီး နေရာရွေးကြပါတယ်။ ရက်စက်တဲ့နေရာမှာတော့ ကမ်းကို ကုန်ပါရောဗျာ။

ဒီလိုနဲ့ မော်ကို သတ်ဖို့ အသေးစိတ်စီမံကိန်းချပြီး မနက် ၉ နာရီလည်း ထိုးရော ကျွန်တော်တို့လည်း အဲဒီအထဲက တစ်ခါတည်း ထွက်လာခဲ့တာပါပဲ။

တောင်ကုန်းထိပ်ကို တက်ရတာဟာ မနေ့ကထက် ပိုပြီးတော့တောင် ပင်ပန်းတယ်လို့ ကျွန်တော့်စိတ်ထဲ ထင်မိပါတယ်။ 'အပေါ်ရောက်ရင် ကောင်မလေးတော့ အသတ်ခံရရှာတော့မှာပဲ' ဆိုတဲ့စိတ်နဲ့ တစ်လမ်းလုံး တအုံနွေးနွေး ဖြစ်လာတာကလည်း တစ်ကြောင်း၊ နောက်ပြီးတော့ ကျွန်တော်တို့ တပ်စိတ်တစ်ခုလုံးရဲ့ ရိက္ခာနဲ့ လက်နက်ခဲယမ်းမီးကျောက်တွေကလည်း အကုန် ခွဲဝေပြီး သယ်ခဲ့ရတာဆိုတော့ လူလည်းလေး စိတ်လည်းလေးပေါ့ဗျာ …။

ဒီနေ့မနက်ကျတော့ မင်နယယ်ဟာ သူ့ကျောပိုးအိတ်ကို မနေ့ကလို ကောင်မလေး အသယ်မခိုင်းတော့ဘဲ သူကိုယ်တိုင်ပဲ သယ်လာပါတယ်။ အဲဒီနေ့က သူ့ကို ဌာနချုပ်က ဝိုင်ယာလက်ဆက်သွယ်ဖို့ တာဝန်ပေးထားတော့ သူဟာ ကျွန်တော်တို့တပ်စိတ်ရဲ့ ရှေ့ဆုံးက တပ်ဦးအဖြစ်နဲ့ ခရီးဆက်ရပါတယ်။ သူနဲ့အတူ တပ်စိတ်ခေါင်းဆောင် တိုနီနဲ့ ဒုတိယခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကလပ်တို့လည်း တပ်ဦးက ပါကြပါတယ်။ အဲဒီနောက်က ဆယ်မီတာလောက်အကွာမှာ ကျွန်တော်နဲ့ ရာဖီဟာ မော်ကို စောင့်ပြီး လိုက်ရပါတယ်၊ ရာဖီက မော်ရဲ့ရှေ့က၊ ကျွန်တော်က မော်ရဲ့နောက်က ကျွန်တော်တို့ နှစ်ယောက် မော်ကို ရှေ့နဲ့ နောက်နဲ့ နှစ်ယောက်ညှပ်ပြီး ခေါ်လာရပါတယ်။

ကျွန်တော်တို့ဟာ မော်ကို မနည်းစောင့်ခေါ်ရပါတယ်။ သူခများ မနေ့က ဟိုကောင်တွေ နှိပ်စက်ထားတဲ့ဒဏ်နဲ့ ဖျားကလည်း ဖျားနေတယ် ဆိုတော့ တောင်ကုန်းပေါ်ကို တော်တော် ကြိုးစားပြီး တက်ရှာပါတယ်။

ကျွန်တော်တို့ညက အိပ်ခဲ့တဲ့ တဲကလေးကနေပြီး တောင်ကုန်း အမှတ် ၁၉၂ ထိပ်ကို ရောက်အောင် တစ်နာရီကျော်ကျော်လောက် တက်ရပါတယ်။

ဒီလိုနဲ့ ဆယ်နာရီသာသာလောက် တောင်ထိပ်ပေါ်လည်း ရောက်ရော ရောက်ရောက်ချင်း ရာဖီဆိုတဲ့ကောင်က အမှတ်တမဲ့ တောင်အောက်ကို ငုံ့ကြည့်လိုက်တော့ ဖြန်းခနဲ မမျှော်လင့်ဘဲ ဗီယက်နမ် ငါးယောက်ကို လှမ်းမြင်လိုက်ရပါတယ်။ အဲဒီဗီယက်နမ် ငါးယောက်စလုံးဟာ ရိုးရိုးလယ်သမား အဝတ်အစားတွေ ဝတ်ထားကြပြီး တောင်အောက် တစ်နေရာမှာရှိတဲ့ စမ်းချောင်းကလေးဘေးနားက လယ်ကွက်တစ်ခုဆီကို လူသွားလမ်းကလေး အတိုင်း တန်းစီ သွားနေကြပါတယ်။

ရာဖီဟာ အဲဒီ ဗီယက်နမ်တွေလည်း မြင်ရော၊ ဘာမပြော ညာမပြော နဲ့ 'ဟော ... ဒီမှာ ဗီယက်ကောင်းတွေဟော' ဆိုပြီး ကျွန်တော်တို့ဆီကို လှမ်းအော်ပြောလိုက်ပါတယ်၊ ရုတ်တရက် သူက အဲဒီ ဗီယက်နမ်ငါးယောက်ကို 'ဗီယက်ကောင်း ပြောက်ကျားတွေ' လို့ အရမ်းစွတ်အော်လိုက်တာဟာ ဒီတစ်ခါတော့ မှန်နေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကို သူအော်ပြောလိုက်တဲ့ အသံဟာ တော်တော်လေး ကျယ်သွားပုံ ရပါတယ်။ တောင်အောက်က ဗီယက်နမ်တွေဟာ သူ့အသံကို ကြားသွားပြီး တောင်ပေါ်ကို နောက်ပြန် လှည့်ကြည့်ရာက လူရိပ်လူခြေမြင်တာနဲ့ တစ်ခါတည်း





သေနတ်နဲ့ လှမ်းပစ်တော့တာပါပဲ။ ဒါပေမဲ့ သူတို့ပစ်တာက ကျကျနန ချိန်ပြီး ပစ်တာမဟုတ်ဘဲ ပြေးရင်းပစ် ပစ်ရင်းပြေးဆိုတော့ ကျည်ဆန်က ကျွန်တော်တို့ဆီ မရောက်ပါဘူး။

ကျွန်တော်တို့ အားလုံးလည်း အကာအကွယ်ယူပြီး တောင်အောက်ကို လှမ်းကြည့်လိုက်တော့ အဲဒီဗီယက်နမ်ငါးယောက်ဟာ လူသွားလမ်းလေးက ဘေးကို ခုန်ချပြီး တောစပ်မှာ ပျောက်သွားတာ မြင်လိုက်ရပါတယ်။

ဒါနဲ့ တပ်စိတ်ခေါင်းဆောင် တိုနီဟာ ရေဒီယိုဝိုင်ယာလက်နဲ့ တပ်စုမှူးဆီကို ချက်ချင်း သတင်းပို့လိုက်ပါတယ်။ သူက အဲဒီဗီယက်ကောင်း ပြောက်ကျားတွေ ပျောက်သွားတဲ့ တောစပ်နေရာကို အသေးစိတ် ပြောပြပြီး ဖြစ်နိုင်ရင် သူတို့ကို အလစ်စောင့်ပြီး တိုက်ဖို့ တပ်စုမှူးကို အကြံပေးပါတယ်။ သူ့အကြံပေးတဲ့အတိုင်းပဲ တပ်စုမှူးက တောင်ခြေမှာရှိနေတဲ့ တပ်စိတ်တစ်စိတ်ကို အဲဒီဗီယက်ကောင်းတွေ တိုက်ဖို့ အမိန့်ပေးလိုက်မယ်လို့ ပြန်ပြောပါတယ်။ ပြီးတော့ အဲဒီတပ်စိတ်ကို ကျွန်တော်တို့တပ်စိတ်က အဆက်အသွယ် လုပ်ဖို့နဲ့ ဖြစ်နိုင်ရင် အဲဒီနေရာတစ်ဝိုက်ကို နောက်ထပ် တစ်စိတ်နှစ်စိတ် လွှတ်ပေးမယ်လို့လည်း ပြောပါသေးတယ်။

တိုနီကလည်း ထုံးစံအတိုင်း 'အခုမြင်လိုက်ရတာ ဗီယက်ကောင်းတွေ အလုံးအရင်းနဲ့ ရှိနေပုံရတယ်၊ ဒါကြောင့် အမြောက်နဲ့ လှမ်းပစ်ပေးနိုင်ရင် ပိုကောင်းမယ်' ဆိုပြီး အကူအညီ ထပ်တောင်းလိုက်ပါတယ်။ အဲဒါကို တစ်ဖက်တပ်စုမှူးကလည်း ဘာဘာညာညာ မေးမနေတော့ဘဲ တိုနီပြောတဲ့ အတိုင်း အမြောက်နဲ့ လှမ်းထုပေးရုံတင် မဟုတ်ဘူး၊ ခဏနေရင် လက်နက် အပြည့်အစုံ တပ်ဆင်ထားတဲ့ ရဟတ်ယာဉ်တွေကို လွှတ်ပေးဦးမယ်လို့တောင် ပြောလိုက်ပါသေးတယ်။

ကဲ ... အဲဒါသာ ကြည့်တော့၊ ကျွန်တော်တို့ တွေ့လိုက် မြင်လိုက်ရတာဟာ ဗီယက်ကောင်းပြောက်ကျား ငါးယောက်ထဲရယ်၊ အဲဒါကို တိုနီက ထုံးစံအတိုင်း ပုံကြီးချဲ့ပြီး သတင်းပို့လိုက်တာနဲ့ တပ်စုမှူးက အမြောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လှမ်းထုဦးမယ်၊ နောက်ထပ် တပ်စိတ် နှစ်ခုသုံးခုလည်း လွှတ်ပေးဦးမယ်။ ဒါတင်မကသေးဘူး၊ စက်သေနတ်နဲ့ ဒုံးပျံလက်နက် အသေးစားတွေ တပ်ထားတဲ့ ရဟတ်ယာဉ်တွေပါ တပ်ကူအနေနဲ့ ပို့ပေးဦးမယ်ဆိုတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး။ ဒီဗီယက်ကောင်းငါးယောက်ကို ချေမှုန်းဖို့ ကျွန်တော်တို့မှာ ရောမစစ်ဆင်ရေးကြီး ကျနေတာပဲ၊ ပြင်လိုက် ဆင်လိုက်ရတာ။

ဒါနဲ့ ပြောရဦးမယ်၊ တပ်စုမှူးက အခုလို တိုနီ အကူအညီတောင်းတာထက်ပိုပြီး ရဟတ်ယာဉ်တွေရော၊ အဝေးပစ် အမြောက်တွေနဲ့ပါ အကူအညီပေးမယ်ဆိုတာကို ခါတိုင်းလိုဆိုရင်တော့ တိုနီဟာ ဝမ်းသာအားရနဲ့ ကြွားလို့ဆုံးမှာ မဟုတ်တော့ဘူး။ သူဟာ ရာထူးအနေနဲ့ တပ်စိတ်မှူးကလေး တစ်ယောက်သာ ဖြစ်နေပေမယ့် သူဦးစီးတဲ့တိုက်ပွဲမှာ အခုလို အမြောက်တွေ ရဟတ်ယာဉ်တွေနဲ့ ကြီးကြီးကျယ်ကျယ် တိုက်ရ ခိုက်ရတယ်ဆိုပြီး သူ့ကိုယ်သူ တကယ့်စစ်မြေပြင် တပ်မှူးကြီးတစ်ယောက်လို ဘဝင်မြင့်ပြီး ခြေဖျားထောက်နေမှာ သေချာတယ်။

ဒါပေမဲ့ အခုတော့ သူ့မှာ ခွကျနေတယ်။ အဲဒါက ဘာလဲဆိုတော့ ဒွာနချုပ်က နောက်ထပ် တပ်စိတ်နှစ်စိတ်လည်း အကူရောက်လာမယ်၊ ရဟတ်ယာဉ်တွေလည်း လွှတ်လိုက်မယ်ဆိုတော့ အဲဒီတပ်စိတ်က တပ်သားတွေရော၊ ရဟတ်ယာဉ်ပေါ်က တပ်သားတွေရော၊ ကျွန်တော်တို့နဲ့ အတူရှိနေတဲ့ မော်ကို တွေ့သွား မြင်သွားကြမယ် မဟုတ်လား။ အဲဒီလိုဆိုရင် သူတို့အမှုတွေပေါ်ပြီး အားလုံးချောက်ကျကုန်မှာဆိုတော့ တိုနီဟာ တပ်စုမှူးက စေတနာဒလဟောနဲ့ ပေးနေတဲ့ အကူအညီတွေကို ယူရအခက် မယူရအခက် နဲ့ ခိုးလိုခုလု ဖြစ်နေတော့တာပေါ့။

ဒါနဲ့ တိုနီဟာ ဝိုင်ယာလက် စကားပြောခွက်ကို ပြန်ချလိုက်ရင်း မော်ကို မျက်စောင်းတစ်ချက် ထိုးကြည့်လိုက်ပါတယ်။ ပြီးမှ ကျွန်တော်နဲ့ ရာဖီ နှစ်ယောက်ကို 'မင်းတို့နှစ်ယောက် ကောင်မလေးနဲ့ ဒီမှာ နေရစ်ခဲ့ဦး၊ ငါတို့ အောက်ခဏ ဆင်းကြည့်ဦးမယ်' လို့ လှမ်းပြောလိုက်ပြီး ပြော





ဆိုဆိုနဲ့ တိုနီဟာ ကလပ်နဲ့ မင်နယယ်ကိုခေါ်ပြီး တောင်အောက်ကို ခပ်သုတ်သုတ် ဆင်းသွားပါတယ်။

ဒါပေမဲ့ တိုနီတို့သုံးယောက်ဟာ တောင်ခြေအထိ ဆင်းသွားတာ မဟုတ်ပါဘူး။ အောက်ဘက်ကို မီတာသုံးဆယ်လောက် ဆင်းပြီး ဗီယက်ကောင်းတွေရဲ့ လှုပ်ရှားမှုကို တွေ့လိုတွေ့ငြား ဆင်းကြည့်တာပါ။ ဒီနေရာမှာ တိုနီဟာ အတွေးအခေါ် မဆိုးဘူးလို့ ဆိုရမှာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့သုံးယောက်ဟာ ခုနက ကျွန်တော်ပြောသလို အောက်ဘက်ကို မီတာသုံးဆယ်လောက် ဆင်းသွားကြပြီး တစ်နေရာမှာ တောင်ကမ်းပါးယံက ထူးထူးဆန်းဆန်း ထိုးထွက်နေတဲ့ ကမူကြီးနှစ်ခုရှိတဲ့ နေရာရောက်လို့ အပေါ်ကမူကြီးပေါ်က တက်လည်း ကြည့်လိုက်ရော ဗီယက်ကောင်းပြောက်ကျားတွေကို ဘွားခနဲ သွားတွေ့တော့တာပါပဲ။

သူတို့ လှမ်းမြင်လိုက်ရတဲ့အချိန်မှာ ပြောက်ကျားတွေဟာ မီတာသုံးရာလောက်အကွာမှာ လျှိုကြီးတစ်ခုရဲ့ အောက်နားက ဂူကြီးလိုလို၊ လိုဏ်ခေါင်းကြီးလိုလို ရှိနေတဲ့နေရာကို ဦးတည်ပြီး သွားနေကြပါတယ်။

ဒါပေမဲ့ တိုနီဟာ အဲဒီဂူကြီးရှိရာကို သွားနေကြတဲ့ ဗီယက်ကောင်းပြောက်ကျားတွေကို ဘယ်လိုမှ လှမ်းမလှပ်ဘဲ အဲဒီတိုင်းပဲ အသာကြည့်နေလိုက်ပါတယ်။ အဲဒါက ဘာလို့လဲဆိုတော့ အဲဒီဗီယက်ကောင်းတွေဟာ တိုနီတို့ လူစုကို မမြင်ရဘဲ တိုနီတို့ကသာ သူတို့ကို လှမ်းမြင်နေရတာဆိုတော့ တစ်ခုခု လုပ်လိုက်ရင် ဒါမှမဟုတ် သေနတ်နဲ့ လှမ်းပစ်လိုက်ရင် တိုနီတို့လူစု အဲဒီပေါ်မှာ ရှိနေတာကို ဗီယက်ကောင်းတွေ သိသွားမှာ စိုးရတယ် မဟုတ်လား။ နောက်တစ်ခုကလည်း အဲဒီအချိန်မှာပဲ ဟိုခပ်ဝေးဝေး တောင်ကုန်းနဲ့ တောင်တန်းပေါ်က ကောင်းကင်မှာ ရဟတ်ယာဉ်လေးစင်း ပျံလာနေတာကို လှမ်းမြင်နေရပြီလေ။

အဲဒီ ရဟတ်ယာဉ်လေးစင်းဟာ တော်တော်ကလေး ဝေးနေသေးလို့ ကျီးကန်းသာသာလောက်ပဲ မြင်ရပြီး စက်သံတောင် မကြားရသေးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စောစောက ဝိုင်ယာလက်နဲ့ တပ်စုမှူးပြောတဲ့အတိုင်း ကျွန်တော်တို့ကို ကူဖို့လာနေတဲ့ ရဟတ်ယာဉ်တွေဆိုတာ တိုနီ ကောင်းကောင်းသိတာပေါ့။ ဒါကြောင့်လည်း သူဟာ ဗီယက်ကောင်းတွေကို ဘာမှမလုပ်ဘဲ အသာငြိမ်နေလိုက်တဲ့ သဘောပါပဲ။

အဲဒီနောက်တော့ တိုနီဟာ မင်နယယ်ကို ကျွန်တော်တို့ရှိရာတောင်ထိပ်ပြန်သွားပြီး ကျွန်တော်နဲ့ ရာဖီရော၊ မော်ရော သုံးယောက်စလုံး သူရှိတဲ့ တောင်အောက်ကို ဆင်းလာဖို့ အခေါ်လွှတ်လိုက်ပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း မော်ကိုပါခေါ်ပြီး လာခဲ့ကြတာ နောက်ထပ် ဆယ်မိနစ်လောက်ကြာတော့ ကျွန်တော်တို့ လူစုအားလုံး ပြန်ဆုံမိကြပါတယ်။

ဒီလိုနဲ့ ခဏနေတော့ ရဟတ်ယာဉ်တွေရဲ့ စက်သံတွေ တဖြည်းဖြည်းနဲ့ ကျယ်လာပြီး စောစောက ရဟတ်ယာဉ် လေးစင်းဟာလည်း ကျွန်တော်တို့နဲ့ နီးနီးလာတာ တွေ့ရပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် သတိထားလိုက်မိတာကတော့ ရဟတ်ယာဉ်တွေ နီးလာပြီး စက်သံတွေ ပိုကြားလာရလေ သူတို့လေးယောက်စလုံး ဂနာမငြိမ် ဖြစ်လာလေပါပဲ။ တစ်ယောက်နဲ့ တစ်ယောက် မသိမသာ လှမ်းကြည့်တာတွေ၊ မျက်စိမျက်နှာပျက်ပြီး မေးငေါ့ပြတာတွေ မြင်နေရပါတယ်။

နောက်ဆုံးကျတော့ ခေါင်းဆောင်လုပ်တဲ့ တိုနီက ဘာတစ်ခုမှ မပြောနိုင်ခင် ကလပ်ဆိုတဲ့ကောင်က စပြီး အချက်ပေးတော့တာပါပဲ။

သူက ပြုံးခနဲ မော်ရဲ့လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲလိုက်ပြီး 'ကဲ ...မဖြစ်တော့ဘူးဟေ့၊ ဒီကောင်မလေးကို "ဖြောင်" လိုက်ကြစို့' ဆိုပြီး တိုနီကို လှမ်းပြောလိုက်ပါတယ်။

အဲဒီကျတော့မှ တိုနီဟာလည်း ရုတ်တရက် ကြောင်နေရာက သတိရသလို ဖြစ်သွားပြီး 'ဟုတ်တယ်ဟေ့၊ အချိန်မရှိတော့ဘူး၊ မြန်မြန်လုပ်မှ' လို့ ပြောပြောဆိုဆိုနဲ့ ကျွန်တော့်ကို အောက်နားက ကမူကြီးရှိတဲ့ နေရာကို သွားနေဖို့ အမိန့်ပေးလိုက်ပါတယ်။ နောက် သူနဲ့ မင်နယယ်နဲ့ နှစ်ယောက်





အပေါ်မှာရှိတဲ့ ကမူကြီးဆီကို ထွက်သွားပြီး ရာဖီကိုတော့ အဲဒီနေရာနဲ့ မလှမ်းမကမ်းမှာ အစောင့်ချထားခဲ့ပါတယ်။

အဲဒီအချိန်မှာ ရာဖီတာဝန်ကျတဲ့ နေရာဟာ ကလပ်နဲ့ မော်တို့နှစ်ယောက် ကျန်ရစ်ခဲ့တဲ့ နေရာနဲ့ အနီးဆုံးလို့ ဆိုရပါလိမ့်မယ်။ လေးငါးမီတာလောက်ပဲ ဝေးပါတယ်။ အဲဒီတော့ ရာဖီဟာ မော်ကို ကလပ်က ဘယ်လိုလုပ်ပြီး သတ်ပစ်တယ်ဆိုတာ သူ့နေရာကနေပြီး ကောင်းကောင်း မြင်ရပါတယ်။ စစ်ခုံရုံးကျတော့ ရာဖီက သူ မြင်ရ တွေ့ရသမျှကို အကုန် ဖြောင့်ချက်ပေးပါတယ်။

ခုံရုံးမှာ ရာဖီရဲ့ ထွက်ဆိုချက်အရဆိုရင် ကျွန်တော်တို့အားလုံး အဲဒီနေရာက ထွက်သွားသွားခြင်းပဲ ကလပ်ဟာ ဘာမပြော ညာမပြောနဲ့ မော်ရဲ့ လက်မောင်းတစ်ဖက်ကို ဆွဲပြီး အနားမှာရှိတဲ့ ချုံပုတ်တစ်ခုထဲကို ခေါ်သွားတယ်လို့ ဆိုပါတယ်။ အဲဒီလို ဆွဲခေါ်သွားတဲ့အချိန်မှာ ကလပ်ရဲ့ တခြားလက်တစ်ဖက်မှာ ဓားမြှောင်တစ်ချောင်း ဗိုက်ပြီး ကိုင်သွားတာ မြင်လိုက်ရတယ်လို့ အစစ်ခံပါတယ်။

ဒီလိုနဲ့ ကလပ်ဟာ မော်ကို ချုံပုတ်ထဲ ဆွဲခေါ်သွားပြီး ခဏနေတော့ ချုံပုတ်ထဲက ဆတ်ခနဲ ဆတ်ခနဲ ဓားနဲ့ထိုးတဲ့ အသံကို ရာဖီ ကြားရပါတယ်။ အဲဒီအသံနဲ့ တစ်ဆက်တည်း မော်ရဲ့အော်သံကိုလည်း ကြားရပါတယ်။ ဒါပေမဲ့ မော်ဟာ သိပ်အားနည်းပြီး ပင်ပန်းနေလို့လား မသိဘူး၊ သူ့ကို ဓားနဲ့ တစ်ချက်ပြီးတစ်ချက် ဆင့်ဆင့်ထိုးတာတောင် အသံကျယ်ကျယ် မအော်နိုင်ရှာတော့ပါဘူး။ "အား အား" ဆိုပြီး ညည်းအော်၊အော်တဲ့ အသံလောက်ပဲ ထွက်ပါတော့တယ်။

နောက် ခဏနေတော့ ကလပ်ဟာ ချုံပုတ်ထဲက ပြန်ထွက်လာပါတယ်၊ မော်ကတော့ ချုံပုတ်ထဲမှာပဲ ကျန်ရစ်ရှာပါတယ်။

ကလပ်ဟာ ချုံပုတ်ထဲက ထွက်လာပြီး ရာဖီရှိတဲ့ နေရာရောက်တော့ သူတို့အပေါ်နားက လှမ်းကြည့်နေတဲ့ တိုနီက 'ဘယ့်နှယ်လဲဟေ့ ပြီးခဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



လို့ အော်ပြီး မေးလိုက်ပါတယ်။ ကလပ်က အပေါ်က လှမ်းမော့ကြည့်ပြီး 'အေး' လို့ လှမ်းပြောရင်း ခေါင်းလည်း ညိတ်ပြလိုက်ပါတယ်။

ဒါပေမယ့် အဲဒီအချိန်မှာပဲ အားလုံး အံ့ဩစရာဖြစ်ပုံက တိုနီကို ကလပ်က 'အေး' လို့ လှမ်းအော်ပြီး ဖြေလည်း ဖြေလိုက်ရော၊ မော်ဟာ ခပ်စောစောက ချုံပုတ်ထဲက လေးဖက် ကုန်းထွက်လာပြီး ဒဏ်ရာရနေတဲ့ တိရစ္ဆာန်တစ်ကောင်လို တောင်အောက်ကို လေးဖက်တွား သွားရင်း သစ်ပင်တွေ ချုံပုတ်တွေကြားထဲမှာ ပျောက်သွားပါလေရော။

အဲဒါကို တောင်ကုန်းအပေါ်ဆုံးမှာ ရှိနေတဲ့ တိုနီက လှမ်းမြင်လိုက်ပြီး 'ဟေ့ ... ဟေ့ ဟိုမှာ ကောင်မလေး ပြေးပြီ' လို့ ပျာပျာသလဲ လှမ်းအော်လိုက်ပါတယ်။ ဒါနဲ့ ကလပ်လည်း နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ လေးဖက်ထောက်သွားနေတဲ့ မော်ကို ရိပ်ခနဲ မြင်လိုက်ရပြီး သစ်ပင်တွေကြားထဲ ပျောက်သွားတာ တွေ့လိုက်ရပါတယ်။ အဲဒီတော့မှ ကလပ်ဟာ ဒေါလည်း ပွ၊အံ့လည်း အံ့သြပြီး 'ခွေးကောင်မလေး၊ ငါ့ ဓားမြှောင်နဲ့ သုံးလေးချက် ထိုးပစ်ခဲ့တာတောင် မသေဘူး' လို့ ပါးစပ်က လှမ်းကြိမ်းလိုက်ပါတယ်။

ဒါနဲ့ ချက်ချင်းပဲ တိုနီဟာ တောင်ကမ်းပါးယံ အပေါ်ဆုံးကနေပြီး 'ဟောကောင်တွေ အားလုံး လှမ်းပစ်ကြဟေ့၊ ကောင်မလေး လွတ်မသွားစေနဲ့' လို့ အော်ပြီး အမိန့်ပေးရင်း သူကစပြီး အမ် ၁၆ ရိုင်ဖယ်နဲ့ လှမ်းပစ်လိုက်ပါတယ်။ သူ့သေနတ်နဲ့ တစ်ဆက်တည်း ကျွန်တော်တို့အားလုံး လှမ်းပစ်လိုက်ကြတဲ့ သေနတ်သံတွေဟာ တစ်တောလုံး တစ်တောင်လုံး ဟိန်းသွားပါတယ်။

အဲဒီတုန်းက ကျွန်တော်ကိုင်ရတဲ့ လက်နက်က ရိုးရိုးရိုင်ဖယ် မဟုတ်ဘဲ၊ 'လောင်ချာ' ဆိုတဲ့ လက်နက်တစ်မျိုးပါ။ လက်ပစ်ဗုံးကို သေနတ်ပြောင်းဝမှာတပ်ပြီး ပစ်ရတဲ့ လက်နက်ပါပဲ။ ကျွန်တော်လည်း သူတို့နဲ့ ရောရောင်ပြီး တစ်ချက်လှမ်းပစ်လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့် ပြောင်းဝဟာ မော်ထွက်ပြေးတဲ့နေရာကို မချိန်ဘဲ၊ အောက်ဘက်ကို နေရာလွဲချိန်ပြီး ပစ်လိုက်ပါတယ်။ တကယ်ကတော့ ကျွန်တော့်နေရာကနေပြီး





မော်ထွက်ပြေးတဲ့ နေရာကို လှမ်းမမြင်နိုင်ပါဘူး။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ရမ်းပစ်လိုက်တဲ့ သဘောမျိုးနဲ့ တမင်မလွဲ လွဲအောင် တောင်အောက်ဘက်ကို စိုက်ချပစ်လိုက်တာပါပဲ။ ကျွန်တော့်နေရာက မော်ထွက်ပြေးတဲ့ နေရာကို မမြင်နိုင်ဘူးဆိုတာ ခုံရုံးကျတော့ ရာဖီကလည်း ဝန်ခံသွားပါတယ်။

အဲဒီလို ကျွန်တော်တို့ ငါးယောက်စလုံး ကိုယ့်လက်နက်နဲ့ကိုယ် လှမ်းပစ်ကြတဲ့ နေရာမှာ ရာဖီရဲ့ အမ် ၁၆ ရိုင်ဖယ်ဟာ လေးငါးချက်ပစ်ပြီး ပစ်မရတော့ဘဲ "ဂျမ်း" ဖြစ်သွားပါတယ်။ ဒါပေမဲ့ သူက ကလပ်ကို သူ့ရှေ့တည့်တည့်မှာ ရှိနေတဲ့ ချုံပုတ်တစ်ခုကို လက်ညှိုးထိုးပြပြီး 'အဲဒီကို ချိန်ပစ်၊ ချိန်ပစ်' လို့ လှမ်းအော်ပြောပါတယ်။ အဲဒီအချိန်မှာ လက်ညှိုးထိုးပြတဲ့ ချုံပုတ်ဟာ လှုပ်နေတာ မြင်ရပါတယ်။ အထဲမှာ မော်ရှိနေသလား၊ဒါမှမဟုတ် တခြား ဗီယက်ကောင်းတစ်ယောက် ရှိလေသလားတော့ မပြောတတ်ပါဘူး။

ဒါပေမဲ့ အဲဒီချုံပုတ်ထဲက လှုပ်နေတာဟာ မော်ပဲဆိုတာ ခဏနေတော့ သိရတာပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ ကလပ်ဟာ ရာဖီလက်ညှိုးထိုးပြတဲ့ ချုံပုတ်ဆီကို ခပ်သုတ်သုတ်လေး ပြေးသွားရင်း သူ့လက်ထဲက အမ် ၁၆ ရိုင်ဖယ်နဲ့ ဆက်တိုက် ပစ်သွားလိုက်တာ ချုံပုတ်နားရောက်မှ အပစ်ရပ်တော့တာပါပဲ။ ချုံပုတ်နားကို ကလပ်ရောက်သွားပြီး သေနတ်သံလည်း ရပ်သွားရော ရာဖီဟာ ကလပ်ရှိတဲ့နေရာကို ပြေးလိုက်သွားပါတယ်။ အနားရောက်တော့ ချုံပုတ်ထဲ ငုံ့ကြည့်နေတဲ့ ကလပ်က 'ဟေ့ ရာဖီ ကောင်မလေး ရွှေသွားကို ဖြုတ်ယူဦးမလား' လို့ ရာဖီကို လှမ်းမေးပါတယ်။

ရာဖီလည်း ဘာမှပြန်မပြောဘဲ ချုံပုတ်ထဲ ငုံ့ဝင်သွားပြီး မော်ရဲ့ အလောင်းကို ဆွဲထုတ်လာပါတယ်။ ချုံပုတ်အပြင်ရောက်လို့ သေသေချာချာ ကြည့်လိုက်တော့ မော်ရဲ့ ခေါင်းတစ်ခြမ်းဟာ ပွင့်ထွက်ပြီး ကြေမွနေတာ တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ပဲ ဗီယက်နမ်မလေး မော်ဟာ ကျွန်တော်တို့ အမေရိကန်စစ်သားငါးယောက်ရဲ့ လက်ထဲမှာ မရှူမလှ အသက်ထွက်ခဲ့ရပါတယ်။

ကလပ်နဲ့ ရာဖီတို့က မော် သေသွားတာကို ခွေးတစ်ကောင်လောက်မှ ဂရုမစိုက်တဲ့အပြင်၊ ဒီကောင်မလေး သေသွားတာဟာ သူတို့အတွက်တစ်တော "ရှင်း" သွားပြီဆိုတဲ့ အမူအရာမျိုးနဲ့ ဝမ်းသာအားရတောင် ဖြစ်နေကြပုံ ရပါတယ်။ ခဏနေတော့ သူတို့နှစ်ယောက်ဟာ တောင်ကုန်းပေါ်ကို ကုတ်ကပ်တက်သွားကြပြီး ကမူထိပ်မှာ ရှိနေတဲ့ သူတို့ဆရာ တိုနီကို မော်အကြောင်း သတင်းပို့ကြပါတယ်။ တိုနီကလည်း သူစီစဉ်တဲ့အတိုင်း ချောချောမောမော ဖြစ်သွားလို့ တော်တော်လေး ကျေနပ်သွားပုံ ရပါတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ ပတ်ပတ်လည် တောင်ကုန်းတစ်ဝိုက်မှာ တိုက်ပွဲ တော်တော်ပြင်းထန်နေပါပြီ။ ကောင်းကင်မှာ မနိမ့်မမြင့် ပျံနေကြတဲ့ ရဟတ်ယာဉ်တွေရဲ့ စက်သံတွေနဲ့ အဲဒီရဟတ်ယာဉ်တွေပေါ်က အောက်ကို မည်းမည်းမြင်တိုင်း ချုပုတ်တွေ သစ်ပင်အုပ်တွေကို လှမ်းပြီး ပစ်နေတဲ့ စက်သေနတ်သံတွေ စက်အမြောက်သံတွေ မော်တာသံတွေဟာ တဒိုင်းဒိုင်း တအုံးအုံးနဲ့ ဆူညံနေတာပါပဲ။

ကျွန်တော်တို့တပ်စိတ် ရောက်နေတဲ့နေရာက တိုက်ပွဲတစ်ခုလုံးရဲ့ အခြေအနေကို ဘယ်လိုဖြစ်နေတယ်ဆိုတာ ဘာမှ မသိရပါဘူး၊ မြင်လည်း မမြင်ရပါဘူး။ ဒါပေမဲ့ ဗီယက်ကောင်းတွေဟာ သူတို့ ပုန်းနေကြတဲ့ လိုဏ်ဂူတွေထဲက ထွက်ပြေးကြလို့ ကျွန်တော်တို့ ရဟတ်ယာဉ်တွေက လိုက်ပစ်နေကြပုံ ရပါတယ်။ ဒီကြားထဲက တစ်ခါတစ်ခါ သူတို့ဘက်က လက်ဖြောင့်တပ်သားတစ်ယောက်က လှမ်းပြီး ပစ်လိုက်တဲ့ ရိုင်ဖယ်သေနတ်သံကိုလည်း ရှိုခနဲ ရှိုခနဲ ကြားနေရပါတယ်။

ကျွန်တော်တို့ဘက်က ပစ်သံခတ်သံတွေ ကြည့်ရခြင်းအားဖြင့် တောင်အောက်က စမ်းချောင်းကလေးရဲ့ တစ်ဖက်တစ်ချက်မှာ နောက်ထပ် တပ်စိတ်တွေ ရောက်နေပြီဆိုတာလည်း ခန့်မှန်းလို့ရပါတယ်။ အဲဒီကြား





ထဲက အမြောက်နဲ့ လှမ်းပစ်ရမယ့်နေရာကို အတိအကျ သတင်းပို့ရတဲ့ ကင်းထောက် လေယာဉ်ပျံကလေးတွေလည်း နောက်ထပ် ရောက်လာတော့ လေယာဉ်ပျံ စက်သံတွေရော အမြောက်သံတွေပါ တဝုန်းဝုန်း တအုန်းအုန်းနဲ့ တစ်တောလုံး ပွဲတင်သံတွေ ထပ်နေတာပါပဲ။

ကျွန်တော်ဟာ အဲဒီအချိန်က စစ်မြေပြင်တစ်ခုလုံးရဲ့ အခြေအနေနဲ့ အဖြစ်အပျက်ကို အသေးစိတ် မသိရသေမယ့် ကျွန်တော် ကိုယ်တိုင် မြင်လိုက်တွေ့လိုက် သိလိုက်ရတဲ့ အဖြစ်အပျက်တစ်ခုတော့ ရှိနေပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဗီယက်နမ်မလေး မော်ဟာ ကျွန်တော်တို့ အမေရိကန်စစ်သားတွေရဲ့ လက်ချက်နဲ့ လူ့ဘဝကို မရှူမလှ စွန့်ခွာသွားရှာရပြီဆိုတဲ့ အဖြစ်အပျက်ပါပဲ။

ဟုတ်ပါတယ်၊ ကျွန်တော်တို့နဲ့ ဗီယက်ကောင်းပြောက်ကျားတွေဟာ တစ်ဖက်နဲ့တစ်ဖက် လက်နက်ကိုယ်စီ ကိုင်စွဲပြီး သဲသဲမဲမဲ ပစ်ခတ် တိုက်ခိုက်နေကြတဲ့အချိန်မှာ ဘာလက်နက်မှမပါတဲ့ ဗီယက်နမ်မလေး မော်ဟာ လက်နက်မျိုးစုံ ကိုင်ထားကြတဲ့ အမေရိကန်စစ်သားလေးယောက်ရဲ့ မတရား အကျင့်ခံရပြီး ရက်ရက်စက်စက် အသတ်ခံခဲ့ရရှာပါပြီ။ ဒါဟာ ကျွန်တော် ကိုယ်တိုင် ကျွန်တော့်မျက်စီအောက်မှာ မြင်လိုက်တွေ့လိုက်ရတဲ့ တကယ့် အဖြစ်အပျက်ပါ။

အဲဒီနေ့က တိုက်ပွဲတွေ သဲသဲမဲမဲ ဖြစ်နေတဲ့အချိန်မှာ မော်နဲ့ပတ်သက်ပြီး ကျွန်တော် မြင်လိုက်တွေ့လိုက်ရတဲ့ တခြား အဖြစ်အပျက်တစ်ခု ရှိပါသေးတယ်။

အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ တပ်စိတ်ခေါင်းဆောင် တိုနီဆိုတဲ့အကောင်ဟာ မော် သေပြီးတဲ့နောက် ဌာနချုပ်ကို လှမ်းပြီး လုပ်ကြံတဲ့ သတင်းတစ်ခုပို့လိုက်တဲ့ အဖြစ်အပျက်ပါပဲ။

ကျွန်တော်တို့အားလုံး တောင်ကုန်းပေါ်က ကမူကြီးမှာ ပြန်စုကြပြီးတဲ့နောက် ကျွန်တော်တို့ရှေ့မှာပဲ တိုနီဟာ ဌာနချုပ်ကို ဝိုင်ယာလက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ခု ပို့လိုက်ပါတယ်။ သူနဲ့ ဌာနချုပ်က လက်ဖတင်နင် ရယ်လီတို့ ဝိုင်ယာလက်နဲ့ အပြန်အလှန် ပြောနေတာကို ကြားရတာနဲ့ပဲ သူဟာ မော်နဲ့ပတ်သက်ပြီး လံကျုတ်သတင်း ပို့နေပြီဆိုတာ ကျွန်တော် ချက်ချင်း သိလိုက်ပါတယ်။

တိုနီဟာ အဲဒီလို ပစ်သံခတ်သံတွေ ဆူညံနေတဲ့ကြားထဲမှာပဲ သူတို့ တပ်စိတ်နဲ့ မလှမ်းမကမ်းမှာ မိန်းကလေးတစ်ယောက် တောင်အောက်ဘက်ကို ဆင်းပြေးတာမြင်လိုက်ရတဲ့အကြောင်း ပထမဆုံး ဌာနချုပ်ကို သတင်းလှမ်းပို့ပါတယ်။ ဌာနချုပ်က ဘာပြန်ပြောတယ်ဆိုတာ မကြားရပေမယ့် တိုနီပြောနေတဲ့ စကားတွေကို ကြားရတာနဲ့ပဲ ဒီကောင်မလေးကို အရှင်လက်ရဖမ်းဖို့ ဌာနချုပ်က အမိန့်ပေးလိုက်တယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ တိုနီဟာ ဝိုင်ယာလက်ကို သုံးမိနစ် လေးမိနစ်လောက် ရပ်ထားလိုက်ပြီးမှ ပြန်ဆက်ပါတယ်။ ဒီတစ်ခါကျတော့ သူက 'ကောင်မလေးကို လက်ရအရှင်ဖမ်းဖို့ ကြိုးစားတာ ဖမ်းလို့မရတဲ့အတွက် သေနတ်နဲ့ မရှောင်မလွှဲသာ ပစ်လိုက်ရတဲ့အကြောင်း၊ ကောင်မလေး သေသွားပြီဆိုတဲ့အကြောင်း' လှမ်းပြီး သတင်းပို့တာ ကြားရပါတယ်။ အဲဒါကို ဌာနချုပ်ကလည်း ထွေထွေထူးထူး ဆက်ပြောမနေတော့ဘဲ ဒီလိုဆိုရင် 'ဗီယက်ကောင်း အမျိုးသမီးတစ်ယောက် ကေ–အိုင်–အေ (တိုက်ပွဲမှာ ကျသွားပြီဆိုတဲ့) စာရင်းထဲ ထည့်ထားလိုက်မယ်လို့ ခပ်ပေါ့ပေါ့ပဲ ပြန်ပြောလိုက်ပါတယ်။

ဟုတ်ပါတယ်၊ မော်ဟာ တောင်ဗီယက်နမ် စစ်ဌာနချုပ်က တိုက်ပွဲအကျအဆုံး စာရင်းထဲမှာ ပါသွားပါပြီ။ နက်ဖြန်ဆိုရင် ဌာနချုပ်က ထုတ်ပေးတဲ့ သတင်းအရ "ယမန်နေ့က ဗီယက်နမ် ဗဟိုကုန်းမြင့်ဒေသတွင် တိုက်ပွဲဖြစ်ပွားရာ၌ ဗီယက်ကောင်း သောင်းကျန်းသူ အမျိုးသမီးတစ်ယောက် ကျဆုံးသွားကြောင်း" ဆိုပြီး ဆေးဂုံမြို့ထုတ် သတင်းစာတွေထဲမှာ ပါလာပါတော့မယ်။

ဒါပေမဲ့ အဲဒီဗီယက်နမ်မလေး မော်ဟာ ဘယ်သူ့လက်ချက်နဲ့ သေရ





တယ်၊ ဘာ့ကြောင့် သေရတယ်၊ မသေခင်က ဘယ်လို မရှုမလှ မတရားအကျင့် ခံခဲ့ရရှာတယ်ဆိုတာ မျက်စိအောက်တင် အစအဆုံး အကုန်လုံး မြင်လိုက် တွေ့လိုက်ရတဲ့ ကျွန်တော့်အတွက် ဘယ်လို ခံစားရမယ်ဆိုတာ ခင်ဗျားပဲ စဉ်းစားကြည့်ပါတော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## သွေးထွက်အောင် မှန်သောစကား

အဲဒီနေ့က နောက်ပိုင်းမှာ တိုနီဟာ တိုက်ပွဲကို ကျကျနန ဦးစီးနိုင်ခဲ့ပါတယ်။ ဒါကိုတော့ ကျွန်တော် မှန်တဲ့အတိုင်း ဝန်ခံရမှာပါပဲ။

သူ့အတွက် အန္တရာယ်ပေးမယ့် မော်မရှိတော့လို့လား မပြောတတ်ပါဘူး။ အဲဒီနေ့က တိုက်ပွဲရဲ့နောက်ပိုင်းမှာ တိုနီရဲ့ တိုက်ပုံနိုက်ပုံဟာ တကယ် ချီးကျူးစရာ ကောင်းပါတယ်။ သူဟာ သူ့တပ်စိတ်ကိုလည်း ကျကျနန ကွပ်ကဲနိုင်တဲ့အပြင် အခြားတပ်စိတ်တွေနဲ့လည်း အဆက်အသွယ်ယူပြီး ရန်သူကို အပေါ်စီးရအောင် လုပ်နိုင်ခဲ့ပါတယ်။ ပြီးတော့ ရဟတ်ယာဉ်တွေကိုလည်း ရန်သူရှိမယ် ထင်တဲ့နေရာတွေကို မလွတ်တမ်း ညွှန်ပြနိုင်ခဲ့ပါတယ်၊ စောစောက မော်ရှိနေလို့ ရဟတ်ယာဉ်တွေ စစ်ကူရောက်လာတာကို သိပ်သဘောမကျပေမယ့် အခုတော့ ဒီရဟတ်ယာဉ်တွေရဲ့ အကူအညီကို သူ ကောင်းကောင်းကြီး အသုံးချနိုင်ပါပြီ။

ကျွန်တော်တို့ဟာ ဗီယက်ကောင်းတွေရဲ့ လျှို့ဝှက်စခန်းလို့ ယူဆရတဲ့ လိုဏ်ဂူကြီးရှိတဲ့နေရာကို ဦးတည်ပြီး ချီတက်ရင်း အပြန်အလှန် ပစ်လိုက်ခတ်လိုက်ကြတာ ကျွန်တော်တို့လက်ချက်နဲ့ ဗီယက်ကောင်း ပြောက်ကျားတစ်ယောက် ကျသွားပြီး တစ်ယောက် ဒဏ်ရာရသွားပါတယ်၊ နှစ်ယောက်ကတော့ လွတ်သွားပါတယ်။ ကျွန်တော်တို့ တွေ့ရတဲ့ ဗီယက်





ကောင်း ငါးယောက်ထဲက နောက်ဆုံးကျန်တဲ့ တစ်ယောက်ကတော့ လိုဏ်ဂူကြီးထဲ ဝင်ပြေးလို့ အဲဒီထဲမှာပဲ ပိတ်မိနေပါတယ်။

ဒါပေမဲ့ အဲဒီ နောက်ဆုံးဗီယက်ကောင်းဟာ တော်တော် သတ္တိရှိပုံ ရပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြေပြင်က ကျွန်တော်တို့တစ်တွေ သူ့ကို ရိုင်ဖယ်တွေ လက်ပစ်ဗုံးတွေနဲ့ ဝိုင်းထု၊ ကောင်းကင်က ရဟတ်ယာဉ်တွေကလည်း စက်အမြောက်တွေ ဒုံးယာဉ်တွေနဲ့ လှမ်းပစ်တာတောင် လက်မှုတ်မချဘဲ တော်တော်ကြာအောင် ပြန်ပစ်နေပါသေးတယ်။ သူ ပြန်ပစ်လို့လည်း ကျွန်တော်တို့ဘက်က နောက်ထပ် ထိတဲ့လူတွေ ထိကုန်ပါသေးတယ်။

အဲဒီမှာ သူ့အတွက် တစ်ခုကောင်းပြီး တပန်းသာနေတာက သူဝင်ပုန်းနေတဲ့ ဂူကြီးဟာ မီတာနှစ်ရာလောက်ရှည်ပြီး ဝင်တဲ့အပေါက်တွေက ဟိုနေရာတစ်ပေါက် ဒီနေရာတစ်ပေါက်နဲ့ အားလုံး ဘယ်နှစ်ပေါက်ရှိမှန်းတောင် မသိရဘူး။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ သူ ဘယ်အပေါက်က ဝင်သွားမှန်းလည်း မသိရ၊ ဘယ်အပေါက်ဝ ချိန်ပြီးပစ်ရမှန်း မသိဘဲ၊ ရမ်းပစ်နေရတော့တာပေါ့။ ကျွန်တော်တို့က ဒီကောင် ဒီအပေါက်ဝနားမှာ ရှိမှာပဲဆိုပြီး ဒီအပေါက်ထဲကို ဝိုင်းပစ်နေကြတုန်း သူက အလစ်မှာ တခြားဂူဝက ကျွန်တော်တို့ကို လှမ်းပစ်တော့ ကျွန်တော်တို့ ခံရတာပေါ့။ နောက်တစ်ခုက ဂူကြီးက သိပ်ရှည်ပြီး အပေါက်ဝတွေက အများကြီးဆိုတော့ အသေခံပြီး ဝင်ဖို့ကလည်း မလွယ်လှဘူး။

ဒါနဲ့ ကျွန်တော်တို့လည်း နောက်ဆုံးကျတော့ မတတ်နိုင်တော့ဘူး၊ စောစောက ကျွန်တော်တို့ နေရာယူ တပ်စွဲထားတဲ့ ကမူကြီးပေါ်က အဲဒီ လိုဏ်ဂူကြီးနဲ့ အနီးဆုံးနေရာကို ရောက်အောင် ချောက်ထဲကို ကုတ်ကတ် ဆင်းကြရတာပေါ့။ ကမူကြီးပေါ်ကနေ အောက်ချောက်ထဲကို ရောက်အောင် တော်တော်လေး ခဲခဲယဉ်းယဉ်း ဆင်းယူရတယ်။ ကမ်းပါးယံက သိပ်ပြီး မတ်စောက်ကြီးဖြစ်နေတဲ့အထဲ၊ ခြေကုတ်စရာ လက်ကုတ်စရာတောင် မနည်းရှာနေရတော့ တစ်ယောက်ဆင်းသွားတာကို အပေါ်က ငုံ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အသည်းတထိတ်ထိတ်နဲ့ပေါ့၊ ကိုယ့်အလှည့်ရောက်ပြန်တော့လည်း ဘုရားတပြီး ရင်တမမနဲ့ ဆင်းရတယ်။ တကယ်လို့ ခြေချော်လက်ချော် ဖြစ်သွားရင်တော့ ဟိုးချောက်ထဲကျပြီး မသေတောင် ခြေတွေ လက်တွေ ရိုက်ချိုးထားသလို ဖြစ်မှာ သေချာတယ်။

ဒီလိုနဲ့ ကျွန်တော်တို့အားလုံး ကမူကြီးအောက်ဘက်က ချောက်နှုတ်ခမ်းပေါ် ရောက်သွားကြပြီး ရောက်ရောက်ချင်းပဲ တိုနီက ကလပ်နဲ့ မင်နယယ်ကို မလှမ်းမကမ်းမှာ မြင်နေရတဲ့ ဂူနံဘေးက အပေါက်ကလေး တစ်ပေါက်ကို သေနတ်နဲ့ လှမ်းပစ်ခိုင်းတယ်။ သူကိုယ်တိုင်လည်း အဲဒီ အပေါက်ကလေးကို ချိန်ပြီး ပစ်ပါတယ်။ အပေါက်ကလေးက လူဝင်ပေါက်တော့ မဟုတ်ပါဘူး၊ အလျား ခြောက်လက်မလောက်နဲ့ အနံ သုံးလေးလက်မလောက်ဆိုတော့ ဂူထဲကို လေတို့ အလင်းရောင်တို့ ဝင်နိုင်အောင် ဖောက်ထားတာနဲ့ တူပါတယ်။ နောက်ပြီးတော့ အပြင်က ရန်သူကိုလည်း အထဲက လှမ်းပစ်နိုင်အောင် ဖောက်ထားတာလည်း ဖြစ်နိုင်ပါတယ်၊ ခပ်စောစောက ကမူပေါ်မှာ ကျွန်တော်တို့ရှိနေကြတုန်း အဲဒီအပေါက်ကလေးထဲက သုံးလေးချက် လှမ်းပစ်တာ မြင်လိုက်ရလို့ တိုနီက အဲဒီနေရာကို ပြန်ပစ်ခိုင်းတာပါပဲ။

အဲဒီအချိန်မှာ ကျွန်တော်က သူတို့နဲ့အတူ မဟုတ်ပါဘူး။ သူတို့ ရောက်နေကြတဲ့ ချောက်နှုတ်ခမ်းရဲ့ အပေါ်နားက ကျောက်တုံးကြီးတစ်တုံးရဲ့ ဘေးမှာ ရှိနေပါတယ်။ ကျွန်တော်တို့ အဲဒီနေရာမှာ ရှိနေတာကလည်း တိုနီ ရဲ့ အမိန့်အရပါ၊ တိုနီက ကျွန်တော့်ကို အဲဒီနေရာက စီးကြည့်နေပြီး သူ့ အချက်ပြလိုက်တာနဲ့ တစ်ပြိုင်နက် ဂူအပေါက်ဝနှစ်ခုကို လက်ပစ်ဗုံးနဲ့ လှမ်း ပစ်ဖို့ အမိန့်ပေးထားပါတယ်၊ တိုနီရဲ့ တွက်ကိန်းက ကျွန်တော်တို့အားလုံး အဲဒီနားက ဂူပေါက်ဝတွေကို စုပြုံပြီး ပစ်နေရင် အထဲက ရန်သူဟာ တစ် ပေါက်ပေါက်က ထွက်လာရမယ်လို့ သေချာပေါက် တွက်ထားဟန် တူပါ တယ်။

အော်...ဒါထက် တစ်ခုပြောဖို့ ကျန်သွားတယ်၊ အဲဒီအချိန်မှာ





ရာဖီဟာ ကျွန်တော်တို့နဲ့အတူ မရှိတော့ပါဘူး။ စောစောက ချောက်နှုတ်ခမ်း ရောက်အောင် ကမူပေါ်ကနေပြီး ဆင်းလာကြတုန်းက ရာဖီဟာ ခြေချော်ပြီး ချောက်ထဲကို ကျသွားပါတယ်။ အောက်ရောက်တော့ လက်မောင်းတစ်ဖက်နဲ့ ပခုံးက ညှပ်ရိုးကျိုးပြီး မလှုပ်နိုင်အောင် ဖြစ်သွားပါတယ်။ ဒါနဲ့ တောင် အောက်က တပ်စိတ်ကို ဝိုင်ယာလက်နဲ့ လှမ်းအကြောင်းကြားလိုက်တော့ ရာဖီကို သူတို့လာပြီး ပွေ့ခေါ်သွားကြပါတယ်။ ခဏနေတော့ သူနာပြုတပ်ဖွဲ့ တစ်ခုက ရဟတ်ယာဉ်နဲ့ လာခေါ်ပြီး ရာဖီကို ကွီနန်မှာရှိတဲ့ စစ်ဆေးရုံကို ပို့လိုက်တယ်လို့ သိရပါတယ်။

အဲဒီနေ့က တိုက်ပွဲဟာ တစ်နေ့လုံး ကြာပြီး ညနေမှောင်မှပဲ ပြီးသွား ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ လိုဏ်ဂူထဲက ဗီယက်ကောင်းကို မမိလိုက်ပါဘူး၊ နောက်တစ်နေ့ကျတော့ ဘယ်လိုကနေ ဘယ်လိုလုပ်ပြီး ထွက်ပေါက်ရသွားတယ် မသိပါဘူး၊ အဲဒီ ဗီယက်ကောင်းဟာ လွတ်ထွက် သွားပါတယ်။

ဒါပေမဲ့ ပထမနေ့က တိုက်ပွဲမှာ သူ့လက်ချက်နဲ့ ကျွန်တော်တို့ဘက် က ငါးယောက်တောင် ဒဏ်ရာရခဲ့ပါတယ်။ အဲဒီထဲက တစ်ယောက်ဆိုရင် ဒဏ်ရာတော်တော့်ကို ပြင်းပါတယ်၊ သေလုမြောပါးပဲ ဆိုပါတော့၊ ဖြစ်ပုံက ဂူထဲက ဗီယက်ကောင်းက လှမ်းပစ်လိုက်တဲ့ ကျည်ဆန်ဟာ ကံဆိုးချင်တော့ အဲဒီစစ်သားရဲ့ ခါးပတ်မှာပတ်ထားတဲ့ ကျည်ဆန်ဗူးကို တိုက်ရိုက်ထိသွားပြီး၊ ကျည်ဆံဗူးတစ်ခုလုံး ပေါက်ကွဲကုန်တာကိုး။ အဲဒီတော့ ဒိုင်းဒိုင်း ဒိုင်းဒိုင်းနဲ့ တစ်ခါတည်း တရုတ်နှစ်သစ်ကူးမှာ ဗျောက်အိုးဖောက်သလို ကျည်ဆန်တွေ ပေါက်ကွဲကုန်ပြီး နောက်ဆုံးကျတော့ သူ့ဗိုက်ထဲက အူတွေပါ အခွေလိုက် ထွက်လာတော့တာပါပဲ။ ရန်သူက တစ်ချက်တည်း ပစ်လိုက်ပေမယ့် သူ့ကျည်ဆန်နဲ့သူ ပေါက်ကွဲပြီး ကျည်ဆန်ဗူးကလည်း ဘယ်လိုမှ မြဲတ် မရတော့၊ သူ့ခမျာ ကိုယ့်ကျည်ဆန်နဲ့ကိုယ် မှန်ပြီး သေရမလို ဖြစ်သွား ရှာတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေရာမှာ တိုနီရဲ့သတ္တိကတော့ ချီးကျူးစရာပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ခုနကပြောတဲ့ စစ်သားဟာ ဘာမှ အကာအကွယ်မရှိတဲ့ နေရာမှာ သူ့ကျည်ဆန်တွေနဲ့သူမှန်ပြီး လဲကျလို့ လူးလိမ့်နေတုန်းမှာ တိုနီဟာ ရဲရဲ ရင့်ရင့်နဲ့ အဲဒီနေရာကို ရောက်အောင် မိကျောင်းတက် တက်သွားပြီး အဲဒီစစ်သားကို တွဲယူခဲ့တာပါပဲ။ ပြီးတော့ အဲဒီအချိန်မှာ ဗိုယက်ကောင်းဟာ ဂူထဲကနေပြီး ချက်ချင်း အဆက်မပြတ် လှမ်းပစ်နေတော့ တော်တော့်သတ္တိနဲ့ ဒါမျိုးကို ဘယ်လုပ်ရဲပါ့မလဲ၊ အဲဒါကို တိုနီက အသေခံပြီး စွန့်စွန့်စားစားနဲ့ လုပ်ခဲ့ပါတယ်။ တိုနီဟာ အဲဒီအတွက် နောက်ပိုင်းကျတော့ စစ်ဌာနချုပ်က "သူရ" ဘွဲ့တံဆိပ် ရခဲ့ပါသေးတယ်။

အဲဒီတိုက်ပွဲမှာ ကျွန်တော့်အနေနဲ့ တာဝန်မကျေဘူးလို့ ဆိုရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ ဂူပေါက်ဝကို လက်ပစ်ဗုံးနဲ့လှမ်းပစ်ဖို့ တာဝန်ကျပေမယ့် တစ်ချက်မှ မပစ်လိုက်ရပါဘူး။ အမှန်တော့ ဒီလိုမပစ်လိုက် ရတာကလည်း ခေါင်းဆောင်လုပ်တဲ့ တိုနီက အမိန့်မပေး အချက်လည်း မပြလို့ပါပဲ။ တကယ်လို့ သူက ကျွန်တော့်ကို လှမ်းပြီး အမိန့်ပေးသည့် တိုင်အောင် အချက်ပြသည့်တိုင်အောင် ကျွန်တော်ဟာ လက်ပစ်ဗုံးနဲ့ လှမ်းပစ် ချင်မှ ပစ်ဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲတော့ အဲဒီလောက် ကျွန်တော်တို့နဲ့ ဗိုယက်ကောင်း ပြောက်ကျားတစ်ယောက်နဲ့ သဲသဲမဲမဲ တစ်ဖက်နဲ့တစ်ဖက် ပစ်ခတ်နေကြတဲ့ အချိန်မှာတောင် ကျွန်တော့်စိတ်ဟာ သေချင်းဆိုးနဲ့ သေသွားရရှာတဲ့ ဗိုယက်နမ်မလေး "မော်" ကိုပဲ သတိရနေမိပါတယ်။ တကယ်ပါပဲ။

ဒီကြားထဲက မော်ကို သတ်ပစ်ဖို့ တိုနီက အမိန့်ပေးတာကို ရာဖိနဲ့ မင်နယယ်တို့ နှစ်ယောက်စလုံးက အကြောက်အကန် ငြင်းခဲ့ကြတာကိုလည်း ပြန်စဉ်းစားနေမိပါသေးတယ်။ တကယ်တော့ သူတို့နှစ်ယောက်ဟာ လူတစ် ယောက်အသက်ကို ဖက်ရွက်လောက်မှ တန်ဖိုးထားတဲ့လူတွေ မဟုတ်ဘူးဆို တာ ကျွန်တော်သိပါတယ်။ အခုလို မော်ကို သတ်ပစ်ဖို့ ခါးခါးသီးသီး





ငြင်းကြတာလည်း သူတို့စိတ်ထဲမှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ် ထင်ပါ တယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ဟာ အဲဒီအချိန်တုန်းက ကျွန်တော်တာဝန် ကျတဲ့ ကျောက်တုံးကြီးဘေးမှာ ဝပ်ပြီး တိုက်ပွဲအခြေအနေကို အကဲခတ်နေ ရင်းနဲ့ ဒီအကြောင်းတွေ တသီကြီး စဉ်းစားမိပြီး နောက်ဆုံးတော့ ကျွန်တော် ဘာသာ တစ်ယောက်တည်း ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက် မိပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ကတော့ တခြားမဟုတ်ပါဘူး၊ "သေသွားရှာ တဲ့ ဗိုယက်နမ်မလေး မော်နဲ့ ပတ်သက်ပြီး၊ ကျွန်တော်ကလွဲရင် ဘယ်သူမှ ဖွင့်ပြောမယ့်လူ ရှိမှာမဟုတ်ဘူး၊ ကျွန်တော်ကသာ ဖွင့်မပြောရင်လည်း ဒီအကြောင်းတွေကို ဘယ်သူမှ သိမှာမဟုတ်ဘူး။ ကျွန်တော်တို့ တိုက်ကင်း အဖွဲ့ဝင်တွေထဲမှာ ကျွန်တော်ကလွဲလို့ ကျန်တဲ့ကောင်တွေ အားလုံးဟာ ဒီကောင်မလေးကို မတရားကျင့်ပြီး သတ်ပစ်တဲ့အထဲမှာ ပါနေကြတယ်။ အဲဒီတော့ ကျွန်တော်ကသာ ဒီအကြောင်းတွေ ဖွင့်မချရင် တခြားဘယ်သူက ဖွင့်ချဦးမှာလဲ၊ ကျွန်တော်ဟာ ဒီအမှုနဲ့ပတ်သက်ပြီး နောက်ထပ် ဘာမှ ထူးထူးထွေထွေ စဉ်းစားနေလို့ မဖြစ်ဘူး။ အမှန်ပြောရရင် မော်နဲ့ပတ်သက် ပြီး ကျွန်တော် စဉ်းစားတာတွေ များလွန်းနေလို့ နောက်တောင်ကျနေပြီ။ ကျွန်တော့်အနေနဲ့ နောက်ဆုံးလုပ်ဖို့ကတော့ ဒီအကြောင်းကို သက်ဆိုင်ရာ အထက်အရာရှိကြီးတွေ သိအောင်ဖွင့်ချဖို့ပဲ၊ ဒီတစ်နည်းပဲ ရှိတော့တယ်။ တကယ်လို့ ဒီစစ်မြေပြင်မှာ ကျွန်တော်ဟာ အချင်းချင်း ပစ်မိခတ်မိလို့ "မတော်တဆ ကျဆုံး" မသွားဘဲ စခန်းကို မသေမပျောက် ပြန်ရောက်ရင်၊ ဒီအကြောင်းကို ဖွင့်ချပစ်အောင် ချမယ်ဆိုပြီး ယတိပြတ် ဆုံးဖြတ်လိုက်ပါ တယ်။

ကံအားလျော်စွာ ကျွန်တော့်ဆုံးဖြတ်ချက် အကောင်အထည်ပေါ်ဖို့ အတွက် မမျှော်လင့်ဘဲ အခြေအနေက ပေးလာပါတယ်။

ဖြစ်ပုံက ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ အဲဒီနေ့က ဗိုယက်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ပြောက်ကျားတွေနဲ့ တစ်နေ့လုံး မီးကုန်ယမ်းကုန် တိုက်ခဲ့ကြပြီး တကယ်လည်း ကျွန်တော်တို့မှာ လက်နက် ခဲယမ်း မီးကျောက်တွေ ကုန်သွားပါတယ်။ အထူးသဖြင့် အဲဒီတစ်ဝိုက်မှာ ရန်သူက ကျွန်တော်တို့ထက် လူအရေအတွက်လည်း များ၊ လက်နက်အင်အားလည်း သာနေတော့ တိုက်ပွဲဟာ မထင်ဘဲနဲ့ အချိန်ကြာပြီး နောက်ဆုံးတော့ ခေါင်းဆောင်တိုနီနဲ့ ကလပ်နဲ့ မင်နယယ်တို့ သုံးယောက်မှာ ကျည်ဆံ လုံး၀ ကုန်သွားပါတယ်။

ဒီလိုနဲ့ အဖွဲ့ခေါင်းဆောင်တိုနီက ငါးရက်တိတိ ကြာရမယ့် ကျွန်တော်တို့ တိုက်ကင်းကို နှစ်ရက်ထဲနဲ့ ရုတ်သိမ်းပြီး လက်နက် ခဲယမ်း မီးကျောက်တွေ ထပ်ဖြည့်ကြဖို့အတွက် စခန်းကို ပြန်ရမယ်ဆိုပြီး အမိန့်ပေးလိုက်ပါတယ်။ အဲဒီ တိုနီရဲ့အမိန့်ဟာ ကျွန်တော့်ဆုံးဖြတ်ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ အခွင့်အရေး ပေးလိုက်သလို ဖြစ်သွားတာပါပဲ။

အဲဒါနဲ့ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ စခန်းက ထွက်သွားပြီး သုံးရက်မြောက်တဲ့နေ့မှာ စခန်းကို ပြန်ရောက်လာကြပါတယ်။

ကျွန်တော်တို့စခန်းမှာက တပ်စိတ်လေးစိတ် အပါအဝင် တပ်ရင်းတစ်ရင်း ရှိပါတယ်။ ကျွန်တော်တို့စခန်းနဲ့ မလှမ်းမကမ်းမှာ တပ်ခွဲဌာနချုပ် ရှိပါတယ်။ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက် လျှောက်သွားရင် အဲဒီတပ်ခွဲဌာနချုပ်ကို ရောက်ပါတယ်၊ အဲဒီ တပ်ခွဲဌာနချုပ်မှာ ကျွန်တော်တို့ တပ်ရင်းမှူး ရယ်လီထက်ပိုပြီး ရာထူးကြီးတဲ့ အရာရှိတွေ ရှိနေပါတယ်။

ကျွန်တော်တို့ စိတ်ထဲမှာတော့ စခန်းကို ပြန်ရောက်တယ်ဆိုရင်ပဲ ကိုယ့်အိမ် ကိုယ်ယာ၊ ကိုယ့်မွေးရပ်ဌာနကို ပြန်ရောက်လာသလိုပဲ ခံစားမိပါတယ်၊ တောထဲတောင်ထဲမှာ နှစ်ရက်လုံးလုံး ကြုံခဲ့ တွေ့ခဲ့ရတဲ့ အန္တရာယ်တွေ မြင်ခဲ့ ကြားခဲ့ရတဲ့ စိတ်မချမ်းသာစရာ အဖြစ်တွေနဲ့ ကင်းဝေးပြီး၊ တကယ့် ဘေးကင်း ရန်ကင်းအရပ်ကို ရောက်လာသလိုပါပဲ။ ခုမှပဲ စိတ်အေးလက်အေး နားအေးပါးအေး ရှိတော့တယ်ဆိုပြီး တော်တော် ဝမ်းသာသွားမိပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ တစ်ခါတည်း အပြီး





ပြန်လာတာ မဟုတ်ဘဲ တစ်ခေါက် ပြန်ထွက်ရဦးမယ်ဆိုတော့ ကျွန်တော့်အနေနဲ့ လုပ်စရာရှိတာကို ခြေမြန် လက်မြန်လုပ်မှ ဖြစ်မယ်လို့ သဘောပေါက်မိပါတယ်။ တိုက်ကင်းပြန်မထွက်ခင် ကျွန်တော့်ဆုံးဖြတ်ချက်ကို အမြန်ဆုံးနည်းနဲ့ အကောင်အထည်ဖော်မှ ဖြစ်မယ်လို့ ယူဆမိပါတယ်။ ဒီလို အကောင်အထည်ဖော်ဖို့ကလည်း သိပ်မခဲယဉ်းလှဘူးလို့ ထင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော့်ဆုံးဖြတ်ချက်အတိုင်း ဗီယက်နမ်မလေး မော်နဲ့ ပတ်သက်ပြီး အမြန်ဆုံး ဖွင့်ချနိုင်တာနဲ့အမျှ သက်ဆိုင်ရာကလည်း အမြန်ဆုံး အရေးယူလိမ့်မယ် လို့ ကျွန်တော် တစ်ထစ်ချ တွက်ထားပါတယ်။

စစ်မြေပြင်ဖြစ်တဲ့ တောထဲတောင်ထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော် ဘာတစ်ခုမှ မတတ်နိုင်ပေမယ့် စခန်းကို ပြန်ရောက်တာနဲ့ တစ်ပြိုင်နက် ကျွန်တော်ဟာ တပ်ကြပ်ကြီးတိုနီနဲ့ ကျန်တဲ့ကောင်တွေကို အပြစ်ရှိရင် ရှိသလို လွယ်လွယ်ကူကူပဲ အရေးယူနိုင်လိမ့်မယ်လို့ စိတ်ထဲက ထင်မိပါတယ်။ ဒီနေရာမှာ ကျွန်တော်လုပ်ဖို့လိုတာက ပထမဆုံး ဒီကောင်တွေကို မုဒိမ်းမှုနဲ့၊ လူသတ်မှုနဲ့ ဆိုင်ရာကို သတင်းပို့ပြီး တိုင်ချက်ဖွင့်ဖို့ပါပဲ။ အဲဒီလို တိုင်ချက်ဖွင့်ပြီးတယ်ဆိုရင်ပဲ သက်ဆိုင်ရာ စစ်ဘက်အာဏာပိုင်တွေက လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေ လုပ်ကြပြီး နောက်ဆုံး စစ်ဘက်နဲ့ နယ်ဘက် ဆိုင်ရာ တရားရုံးတော်က တရားခံတွေကို အပြစ်ထင်ရှားရင် ထင်ရှားသလို အပြစ်ပေးဖို့ပါပဲ။ ဒါ ဘာမှ ခဲယဉ်းတဲ့ကိစ္စ မဟုတ်ပါဘူး။ ကြီးကျယ်တဲ့ကိစ္စလည်း မဟုတ်ပါဘူး။

ကျွန်တော့်စိတ်ထဲမှာ စခန်းကို ပြန်ရောက်ရောက်ခြင်း ဒီအတိုင်းပဲ တွေးမိပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ဆုံးဖြတ်ချက်ကို ဘယ်သူကမှ ကန့်ကွက်လိမ့်မယ် ဟန့်တားလိမ့်မယ်လို့လည်း မထင်မိပါဘူး။

ဒါပေမဲ့ ကျွန်တော့်ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာမှာ နည်းနည်း အချိန်နှောင့်နှေးသလို ဖြစ်သွားပါတယ်။ ဘာ့ကြောင့်လည်းဆိုတော့ ကျွန်တော်ဟာ အဲဒီအမှုနဲ့ပတ်သက်ပြီး သက်ဆိုင်ရာ အထက်အရာရှိ



www.burmeseclassic.com

www.burmeseclassic.com



တွေကို သတင်းမပို့ခင် တိုက်ချက်မဖွင့်ခင် ကျွန်တော်နဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ကာလီဆိုတဲ့ ရဲဘော်ကို ပထမဆုံး ဖွင့်ပြောမိပါတယ်။

အဲဒီ ကာလီဆိုတာ တခြားမဟုတ်ပါဘူး၊ ခင်ဗျား မှတ်မိကောင်း မှတ်မိပါလိမ့်မယ်။ ကျွန်တော်တို့ တိုက်ကင်းမထွက်ခင် ဗီယက်နမ်မလေး တစ်ယောက်ကို ရွာတစ်ရွာက ဝင်ဆွဲခဲ့မယ်ဆိုပြီး တိုနီပြောတာနဲ့ ပတ်သက်လို့ အဲဒီညက အဲဒီ့အကြောင်းကို ကျွန်တော် ဖွင့်ပြောခဲ့ဖူးတဲ့ ရဲဘော်ပါပဲ။ သူ့ရာထူးကလည်း တပ်ကြပ်ပါပဲ။

ဒါနဲ့ အဲဒီ့တပ်ကြပ် ကာလီကို လိုက်ရှာပြီး သူနဲ့ ကျွန်တော်နဲ့ ဗီယက်နမ်မလေး မော်အကြောင်း နှစ်ယောက်သား တိုးတိုး တိုးတိုးနဲ့ ပြောနေကြတုန်း ကလပ်ဆိုတဲ့ကောင်က တစ်နေရာက လှမ်းမြင်လိုက်ဟန် တူပါတယ်။ တစ်ခါတည်း ကျွန်တော်တို့နှစ်ယောက် စကားပြောနေတဲ့နေရာ ပေါက်ချလာပြီး 'ဘာတွေ ပြောနေကြတာလဲ' ဘာညာနဲ့ ဝင်မေးတာပါပဲ။ ဒါနဲ့ ကျွန်တော်တို့ကလည်း ဒီကောင်ကို မလိမ့်တပတ်နဲ့ အသာလှည့်ပြီး ဟိုလိုလို ဒီလိုလို လုပ်လွှတ်လိုက်ကြတော့ ဒီကောင်လည်း အူကြောင်ကြောင်ဖြစ်ပြီး ပြန်လှည့်ထွက်သွားရပါတယ်။

ဒါပေမဲ့ တစ်ခုထင်ရှားတာက ကလပ်ရဲ့ မျက်နှာအမူအရာဟာ ကျွန်တော်တို့နှစ်ယောက် အထူးသဖြင့် ကျွန်တော့်ကိုပေါ့လေ တော်တော် လေး မသင်္ကာတဲ့သဘောတွေ ပေါ်နေတယ်။ ပြီးတော့ သူ့ကြည့်ရတာ တစ်ခုခု ဒေါပွနေသလိုလည်း ထင်ရတယ်။

အမှန်ပြောရရင် ကျွန်တော် သတိထားမိသလောက် ကလပ်တင် မဟုတ်ပါဘူး။ တိုနီရော၊ မယ်နယယ်နဲ့ ရာဖီရော သူတို့လေးယောက်စလုံး ဟာ စခန်းပြန်ရောက်တဲ့ အချိန်ကစပြီး သူတို့ကိုယ်သူတို့ လိပ်ပြာမလုံသလို ဖြစ်နေကြပုံ ရပါတယ်။ သူတို့ အမူအရာတွေရော မျက်နှာတွေရော ပျက်နေပြီး ကျိုးကြည့် ကြောင်ကြည့် ဖြစ်နေကြတယ်။ အဲဒီထဲမှာ ကလပ်ဆိုတဲ့ကောင်က အဆိုးဆုံးပဲ။ အထင်ရှားဆုံးပဲ။





ဒီလိုနဲ့ ကျွန်တော်တို့နှစ်ယောက် လိမ့်လွှတ်လိုက်လို့ ကလပ်ထွက်သွားပြီးတဲ့နောက် မော်နဲ့ပတ်သက်လို့ ဖြစ်ပျက်ခဲ့သမျှ ဇာတ်လမ်းတစ်ခုလုံး ကာလီကို ကျွန်တော် အသေးစိတ် ပြောပြခဲ့ပါတယ်။ အဲဒီလို ပြောပြလိုက်ရတဲ့အတွက် ကျွန်တော့်ရင်ထဲမှာ တော်တော် ပေါ့သွားပါတယ်။

ဒီလိုနဲ့ တောင်ကုန်းအမှတ် ၁၉၂ မှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဝင် ငါးယောက်ကလွဲလို့ ပထမဆုံး အကြိမ် တခြားလူတစ်ယောက် သိသွားခဲ့ပါတယ်။

ကျွန်တော်ဟာ ဒီအဖြစ်အပျက်တွေကို ဘေးလူတစ်ယောက်ဖြစ်တဲ့ ကာလီကို အခုလို ဖွင့်ပြောလိုက်တာဟာ ဘယ်လိုမှ ရည်ရွယ်ချက်ရှိလို့ မဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲမှာ တအုံနွေးနွေးဖြစ်နေတဲ့ ပြဿနာကြီး တစ်ခုကို သက်ဆိုင်ရာ အထက်အရာရှိတွေနဲ့တွေ့ပြီး သတင်းမပို့ခင် ကျွန်တော်နဲ့ အရင်းနှီးဆုံး ကျွန်တော် အယုံကြည်ဆုံး လူတစ်ယောက်ကို မပြောဘဲ မနေနိုင်လို့၊ ပြောသင့် ပြောထိုက်တယ် ထင်လို့ ဖွင့်ပြောလိုက်တာပါပဲ။ ပြီးတော့ ဒီလို ဖွင့်ပြောလိုက်တဲ့အတွက် ပြဿနာ ပိုပြီးရှုပ်လာစရာ မရှိဘူးလို့လည်း ထင်ပါတယ်။ ပြဿနာ ပိုမရှုပ်တဲ့အပြင် သက်ဆိုင်ရာ အထက်အရာရှိတွေကို ကျွန်တော် သတင်းပို့ပြီးလို့ အရေးယူတာတွေ စုံစမ်းစစ်ဆေးတာတွေ လုပ်လာတဲ့အချိန်မှာ ကာလီဟာ ကျွန်တော့်အတွက် သက်သေ အထောက်အထား ရစရာတောင် ရှိသေးတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ကာလီကို ဒီအကြောင်းတွေ ဖွင့်ပြောတဲ့အတွက် ကျွန်တော့်မှာ ထိခိုက်စရာမရှိတဲ့အပြင် တစ်ဖက် တစ်လမ်းက အကူအညီတောင် ရနိုင်စရာရှိတယ်လို့ ထင်မိပါတယ်။ ကျွန်တော် ဒီလိုထင်တာလည်း မမှားပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ ကာလီဟာ ဒီအကြောင်းတွေကို ကျွန်တော် ပြောပြလို့ သိရပြီးတဲ့နောက် ချက်ချင်းဆိုသလိုပါပဲ၊ ကျွန်တော်နဲ့ ထွေချင်းလည်းခွဲပြီးရော သူ့တပ်စိတ်မှူးကို ပြောပြလိုက်တယ်လို့ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ သူ့တပ်စိတ်မှူးကတစ်ဆင့် တပ်စုမှူး လက်ဖတင်နင်ရယ်လီကို သွားပြောပါတယ်၊ ဒီလိုနဲ့ နောက်ဆုံးတော့ တပ်စုမှူး ရယ်လီက ကျွန်တော့်ကို ခေါ်တွေ့ပြီး အကျိုးအကြောင်း မေးတော့တာပါပဲ။

ကျွန်တော်လည်း တပ်စုမှူးခေါ်တယ်ဆိုတော့ သူ့ရုံးခန်းလုပ်ထားတဲ့ တဲကို သွားပြီး သူနဲ့တွေ့ရတာပေါ့။

ပထမ ကျွန်တော်ထင်လိုက်တာက တပ်စုမှူးဟာ ဗီယက်နမ်မလေး တစ်ယောက် အခုလို မတရားအကျင့်ခံရပြီး ရက်ရက်စက်စက် အသတ်ခံရတဲ့သတင်းကို တစ်ဆင့်စကား တစ်ဆင့်နားကြားရလို့ အကြီးအကျယ် စိတ်ထိခိုက်သွားတဲ့အတွက် အသေးစိတ် သိရအောင် ကျွန်တော့်ကို ခေါ်မေးတယ်လို့ ထင်လိုက်မိပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့ကျတော့ ဒီလိုမဟုတ်ပါဘူး၊ ကျွန်တော်နဲ့တွေ့တဲ့အခါ သူ့မှာ တစ်စုံတစ်ရာ စိတ်ထိခိုက်တဲ့ အမူအရာမျိုး၊ အလေးအနက်ထားတဲ့ အမူအရာမျိုး လုံးဝမတွေ့ရတဲ့အတွက် ကျွန်တော့်စိတ်ထဲမှာတောင် တော်တော် အံ့ဩသွားမိပါသေးတယ်။

ကျွန်တော်နဲ့ တွေ့တဲ့အချိန်မှာ တပ်စုမှူး ရယ်လီဟာ ဒီကိစ္စကို သူကိုယ်တိုင်က စိတ်ထိခိုက်စရာ အဖြစ်အပျက်တစ်ခုလို သဘောမထားတဲ့ အပြင်၊ ကျွန်တော့်ကိုပါ ဒီကိစ္စနဲ့ပတ်သက်ပြီး အလေးအနက် မထားဖို့နဲ့ "ပြီးတာ ပြီးပါစေ" ဆိုတဲ့ သဘောမျိုးနဲ့ အေးအေးဆေးဆေးနေဖို့ တရားချလိုက်ပါသေးတယ်။ သူက ကျွန်တော့်ကို တရားချရင်းနဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်က သူကိုယ်တိုင် ကြုံခဲ့ တွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုကို ပြန်ပြောပြပါတယ်။

သူပြောပြတဲ့ အဖြစ်အပျက်ကတော့ ဒီလိုပါ ...

ဟို လွန်ခဲ့တဲ့ သုံးနှစ်လောက်က အလာဘားမားပြည်နယ်မှာ သူနဲ့ သူ့မိန်းမနဲ့ နှစ်ယောက်သား သူကိုယ်တိုင် ကားမောင်းပြီး ဆေးရုံကို အရေးတကြီး သွားကြတယ်၊ (အော် ... ဒါထက် ကျွန်တော် တစ်ခုပြောဖို့ မေ့နေသေးတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး၊ အခုပြောတဲ့ ကျွန်တော်တို့





တပ်စုမှူး လက်ဖတင်နင် ရယ်လီဟာ အမေရိကန်ဆိုပေမယ့် လူဖြူမဟုတ်ဘူး၊ လူမည်း ကပ္ပလီအမျိုးသားပါ၊ သူ့မိန်းမကလည်း သူ့လို ကပ္ပလီ အမျိုးသမီးပါပဲ။) အဲဒီတုန်းက သူ့မိန်းမမှာ ကိုယ်ဝန် နေ့စေ့လစေ့နဲ့ ဖြစ်နေပြီး၊ အလာဘားမားဆေးရုံလည်း ရောက်ကရော၊ အဲဒီဆေးရုံက သူ့မိန်းမကို လက်မခံနိုင်ဘူးဆိုပြီး ငြင်းလွှတ်တယ်။ အကြောင်းကတော့ ဘာကြောင့်လည်းဆိုတော့ သူ့မိန်းမဟာ ကပ္ပလီလူမည်းမို့လို့တဲ့၊ အဲဒီဆေးရုံမှာ လူဖြူတွေပဲ တက်ခွင့်ရှိတယ်၊ လူမည်းတွေ တက်ခွင့်မရှိဘူး။ ဒါ့ကြောင့် လင်ရော မယားရော ကပ္ပလီတွေ ဖြစ်နေလို့ လုံးဝ လက်မခံနိုင်ဘူးဆိုပြီး ဖွတ်ငြင်းနေတယ်။

ဒါနဲ့ သူတို့လင်မယားလည်း အမျိုးမျိုး တောင်းပန်ကြတာပေါ့၊ နောက်ဆုံး ဘယ်လိုတောင်းပန်လို့မှ မရတော့ သူ့မိန်းမကလည်း နေ့စေ့လစေ့ကြီးဆိုတော့ ဘယ်လိုမှ မအောင့်နိုင်တော့ဘဲ၊ အဲဒီဆေးရုံ ဧည့်ခန်းထဲက ကြမ်းပြင်ပေါ်မှာပဲ ဖြစ်သလို မီးဖွားခဲ့ရတယ်။ အဲဒီလို အသားအရောင် ခွဲခြားမှုစနစ်ကြောင့် ဆေးရုံက လက်မခံဘဲ သူတို့ရဲ့ ပထမဆုံး သားဦးကလေးကို ဆေးရုံကြမ်းပြင်ပေါ်မှာ ခဲခဲယဉ်းယဉ်း မွေးခဲ့ရတဲ့အတွက် ရယ်လီဟာ အကြီးအကျယ် ဒေါပွပြီး ဆေးရုံအဆောက်အဦးက ပစ္စည်းတွေကို ရိုက်ခွဲဖျက်ဆီးဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် ဆေးရုံအစောင့်တွေက ဆိုင်ရာရဲစခန်းကို တယ်လီဖုန်းနဲ့ အကြောင်းကြားပြီး တိုင်ချက်ဖွင့်တဲ့အတွက် ရယ်လီဟာ ပူပူနွေးနွေး ကလေးအဖေဘဝမှာပဲ အဖမ်းခံရပြီး ထောင်ကျခဲ့ရတယ်တဲ့။

အဲဒီလို လူဖြူလူမည်း အသားအရောင် ခွဲခြားမှုကြောင့် မတရား အဖိနှိပ်ခံရတာ၊ အစော်ကား အနှိပ်စက်ခံရတာတွေကြောင့် ရယ်လီဟာ ထောင်ထဲမှာ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး အဲဒီ ဆေးရုံမှာရှိတဲ့ ဆရာဝန် ဆရာမတွေနဲ့ အာဏာပိုင်တွေအားလုံးကို ထောင်ကထွက်ရင် အသေပစ်သတ်ဖို့ စီစဉ်ခဲ့တယ် ဆိုပါတယ်။ ဒါပေမဲ့ နောက်ဆုံး ထောင်က



www.burmeseclassic.com

www.burmeseclassic.com



တကယ်လွတ်လာတဲ့ အခါကျတော့ သူဟာ ထောင်ထဲကတုန်းက ကြံစည်ထားတဲ့ လက်စားချေဖို့ အကြံအစည်တွေအားလုံးကို လက်လျှော့လိုက်ပါတယ်တဲ့၊ ဒီနေရာမှာ ရယ်လီက ကျွန်တော့်ကို ဒီလိုပြောပါတယ်။ 'ငါ ထောင်က လွတ်လာတော့ ငါ့ကိုယ်ငါ ပြန်ပြီး မေးခွန်းထုတ်ကြည့်တယ်၊ "အခုလို ဖြစ်ရတာဟာ၊ တကယ်တော့ ဆန်းသလား၊ ဘာမှ မဆန်းပါဘူး၊ ဒီခေတ်နဲ့ ဒီစနစ်အောက်မှာ ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပဲ၊ အဲဒီတော့ ဒီခေတ်နဲ့ စနစ်ကို ဘာအုံ့တုစရာ လိုသေးသလဲ" ဆိုပြီး ငါ သဘောပေါက်လာခဲ့တယ်။ အဲဒီတော့ အခု ဒီကိစ္စမှာလည်း မင်းတစ်ယောက်တည်း စနစ်ကြီးကို တော်လှန်လို့ ဖြစ်မတဲ့လား၊ ငါပြောပြတဲ့ အဖြစ်အပျက်ကို နမူနာယူစမ်းပါကွာ၊ အခုဟာက ခေတ်နဲ့ စနစ်တင် မဟုတ်တော့ဘူး၊ စစ်ဖြစ်နေတာကွ၊ စစ်ဖြစ်နေတာ' တဲ့။

ပြီးတော့ သူက ဆက်ပြီး ပြောပါသေးတယ်။ 'မင်းပြောတဲ့ ဗီယက်နမ်မလေးကိုလည်း မေ့ပစ်လိုက်စမ်းပါကွာ' တဲ့။ တစ်ဖက်နဲ့တစ်ဖက် သူသေကိုယ်သေ တိုက်ခိုက်နေကြတဲ့ စစ်မြေပြင်မှာ ဒါမျိုးဟာ ရိုးနေပါပြီ' တဲ့။

တပ်စုမှူး ရယ်လီဟာ ကျွန်တော့်ကို အဲဒီလို နားချပြီးတော့ တစ်ခု စဉ်းစားမိတဲ့အနေနဲ့ တစ်ဆက်တည်း ပြောလိုက်တာ ရှိပါသေးတယ်။ အဲဒါကတော့ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့ဟာ လက်နက် ခဲယမ်းမီးကျောက်တွေ ထပ်ဖြည့်ပြီး မူလအစီအစဉ်အတိုင်း ငါးရက်ပြည့်အောင် တိုက်ကင်းထပ်လှည့်ရမယ်တဲ့။ ဒါပေမဲ့ ဒီတစ်ခါ တိုက်ကင်းပြန်ထွက်ရင် ကျွန်တော် လိုက်သွားစရာ မလိုတော့ဘူးတဲ့၊ ကျွန်တော့်ကိုယ်စား တခြားစစ်သားတစ်ယောက်ကို အစားထိုး ထည့်ပေးလိုက်မယ်လို့ ပြောပါတယ်။

ပထမတော့ ကျွန်တော်ဟာ သူ့စကားကြောင့် အံ့အားသင့်သွားပြီး ရုတ်တရက် နားမလည်နိုင်အောင် ဖြစ်မိပါသေးတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပါပဲ၊ အခြေအနေကို ပြန်စဉ်းစားမိပါတယ်။ ဒီတစ်ခါ တိုက်ကင်း





ထွက်တဲ့နေရာ ပြန်လိုက်သွားရင် ကျွန်တော့်အတွက် 'မလွယ်ဘူး' ဆိုတာ သူ တွေးမိဟန် တူပါတယ်။

ဒါကို သူကလည်း ဖုံးကွယ် မထားပါဘူး၊ ကျွန်တော့်ကို အဲဒီနေရာမှာပဲ ပြောင် ဖွင့်ပြောပါတယ်။ 'ငါ မင်းကို ဒီတစ်ခါ တိုက်ကင်းနဲ့ထည့်လိုက်ရင် မင်းအတွက် ပြန်လမ်းရှိမှာ မဟုတ်တော့ဘူး' တဲ့။

မှန်ပါတယ်၊ သူ့စကားဟာ သိပ်မှန်ပါတယ်၊ ဒီစကားဟာ သွေးထွက်အောင်မှန်တယ်ဆိုတာ တောင်ဗီယက်နမ်ရောက်နေတဲ့ အမေရိကန်စစ်သားတစ်ယောက်အနေနဲ့ ကျွန်တော် ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com

## ဒီပုတ်ထဲက ဒီပဲတွေ

တကယ်တော့ တပ်စုမှူး ရယ်လီဟာ ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော့်ကို "မေ့မေ့ပျောက်ပျောက်" သဘောထားဖို့ နားချလိုက်ပေမယ့် နောက်ပိုင်း ကျွန်တော်သိရသလောက် သူဟာ ဒီကိစ္စကို "ပေါ့ပေါ့တန်တန်" သဘော မထားဘူးလို့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအမှုနဲ့ပတ်သက်ပြီး အထက်အရာရှိကို ချက်ချင်း သတင်းပို့လိုက်တယ်လို့ ကျွန်တော် သိရပါတယ်။

ဒီအမှုကို အခုလို သူက ပေါ့ပေါ့တန်တန် သဘောမထားဘဲ လေးလေးနက်နက် ယူဆပြီး သက်ဆိုင်ရာ အထက်အရာရှိကို သတင်းပို့လိုက်တာကလည်း ဒီလိုရှိပါတယ်။ တကယ်လို့ ဒီအမှုဟာ ဒါလောက်နဲ့တင် မပြီးဘဲ လူ လေးငါးခြောက်ယောက်လောက် သိနေရာက တဖြည်းဖြည်း ပေါက်ကြားပြီး လူများစုကြီးက သိသွားမယ်၊ စစ်တပ်တွေထဲမှာရော၊ အရပ်ထဲမှာရော လူသိရှင်ကြား ဖြစ်သွားမယ်ဆိုရင် ပထမဆုံး တာဝန်ရှိတဲ့ တပ်စုမှူးအနေနဲ့ သူကိုယ်တိုင် နာမည်ပျက်မယ်၊ နောက် သက်ဆိုင်ရာ တပ်ခွဲမှူး၊ တပ်ရင်းမှူးနဲ့ နောက်ဆုံး အမေရိကန်စစ်သားတွေအားလုံး ထိခိုက်ပြီး သိက္ခာကျစရာရှိတယ် မဟုတ်လား။ အထူးသဖြင့် သူ တိုက်ရိုက်အုပ်ချုပ်နေရတဲ့





သူ့လက်အောက်က တပ်သားတွေ ဖြစ်နေတော့ သူ အုပ်ချုပ်မှု ညံ့ဖျင်းလို့ ဒီလို ဖြစ်ရတယ်ဆိုပြီး သူ့အပေါ် ပုံကျလာမှာ သေချာတယ်။

နောက်တစ်ခု အဲဒီတုန်းက တပ်စုမှူး ရယ်လီရဲ့ အထက်အရာရှိ ဖြစ်တဲ့ ဗိုလ်ကြီးအော့တိုဟာ အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ အရေးကြီးတဲ့ နေရာ တစ်နေရာကို ခရီးသွားနေတဲ့အခိုက်ဆိုတော့ သူ့မှာ ပိုပြီး တာဝန်ရှိနေပါတယ်။ အဲဒီ ဗိုလ်ကြီးအော့တိုဟာ အရွယ်ရောက်ကတည်းက စစ်ထဲ ဝင်ပြီး တစ်သက်လုံး စစ်မှုထမ်းဖို့ ဆုံးဖြတ်ထားတဲ့ ရာသက်ပန် စစ်သား တစ်ယောက်ပါပဲ။

မူလ သတ်မှတ်ထားတဲ့ အတိုင်းဆိုရင် ဗိုလ်ကြီးအော့တိုဟာ ခရီးသွား နေရာက နိုဝင်ဘာလ ၂၂ ရက်နေ့မှ ပြန်ရောက်မယ်လို့ ဆိုပါတယ်။ အဲဒီ နိုဝင်ဘာလ ၂၂ ရက်နေ့ကလည်း တိုက်တိုက်ဆိုင်ဆိုင် တိုနီတို့ တိုက်ကင်း ထွက်ရာက ပြန်ရောက်ဖို့ သတ်မှတ်ထားတဲ့ရက် ဖြစ်နေပါတယ်။ ပြီးတော့ တစ်ခုသိရတာက ဗိုလ်ကြီးအော့တိုဟာ စောစောကပြောသလို အရေးကြီးတဲ့ တာဝန်တစ်ခုနဲ့ ခရီးသွားနေရတာမို့ သူ မရှိတုန်း တော်ရုံတန်ရုံကိစ္စဆိုရင် သူ့ဆီ လုံးဝ အကြောင်းမကြားပါနဲ့၊ အင်မတန် ထူးခြားတဲ့ အရေးပေါ်ကိစ္စ ရှိမှ သူရှိရာကို သတင်းပို့ပါလို့ တပ်စုမှူး ရယ်လီကို မှာသွားတယ်ဆိုတာ သိရပါတယ်။

အဲဒီတော့ ဗီယက်နမ်မလေး မော်နဲ့ပတ်သက်တဲ့ အမှုကိစ္စကို 'အရေး မကြီးပါဘူး၊ 'မဆန်းပါဘူး' ဆိုပြီး ကျွန်တော့်ကို တရားပြ နားချခဲ့တဲ့ ရယ်လီဟာ သူကိုယ်တိုင်ကပဲ 'အရေးကြီးတယ်' လို့ ယူဆသလား၊ ဒါမှ မဟုတ် ဒီကိစ္စဟာ အနည်းဆုံး သူ့အထက်အရာရှိကိုတော့ အသိပေးမှဖြစ် မယ်လို့ ယူဆသလား မပြောတတ်ဘူး၊ ကျွန်တော်လည်း သူ့ရုံးခန်းထဲက ထွက်လာရော ဗိုလ်ကြီးအော့တိုရှိတဲ့နေရာကို ဝိုင်ယာလက်နဲ့ လှမ်းပြီး အကျိုး အကြောင်း သတင်းပို့တော့တာပါပဲ။

ဒါပေမဲ့ ဗိုလ်ကြီးအော့တိုဟာ အဲဒီအမှုနဲ့ပတ်သက်ပြီး တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ဆီက တစ်ဆင့် ကြားရရုံတင် မကပါဘူး။ နောက်တစ်နေ့မနက်ကျတော့ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်တို့ဆီကပါ တိုက်ရိုက် ကြားရ သိရဖို့ ဖြစ်လာပါတယ်။

ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော်ဟာ တပ်စုမှူး ရယ်လီရဲ့ အမိန့်အတိုင်း တိုနီတို့ တိုက်ကင်းအဖွဲ့နဲ့ လိုက်မသွားရတော့ဘဲ နောက်တစ်နေ့မနက်ကျတော့ "ရှာဖွေဖျက်ဆီးရေးအဖွဲ့"နဲ့ တစ်နေရာကို လိုက်သွားရပါတယ်။ အဲဒီအဖွဲ့နဲ့ လိုက်သွားရင်း လမ်းမှာ တခြားအမေရိကန် တပ်ဖွဲ့တစ်ဖွဲ့ကို တွေ့ပါတယ်။ အဲဒီအဖွဲ့က ဗီယက်ကောင်းတွေ ပုန်းလှေ့ရှိတဲ့ ဂူတွေ လိုဏ်ခေါင်းတွေကို လိုက်ပြီး လှေ့လာတဲ့ အဖွဲ့ပါပဲ။ အဲဒီအဖွဲ့ထဲမှာ ဗိုလ်ကြီး အော့တိုကို ကျွန်တော် သွားတွေ့တာပါပဲ။

ဗိုလ်ကြီးအော့တိုဟာ ကျွန်တော်တို့တပ်က အရာရှိဆိုတော့ ကျွန်တော်လည်း သူ့ကို မြင်မြင်ချင်း သူနဲ့ သွားတွေ့ပြီး တိုနီတို့ တိုက်ကင်းအဖွဲ့က ကျူးလွန်ခဲ့တဲ့ မုဒိမ်းမှုနဲ့ လူသတ်မှုအကြောင်း အသေးစိတ် သတင်းပို့လိုက်ပါတယ်။

ဗိုလ်ကြီးအော့တိုကလည်း ကျွန်တော်ပြောသမျှ တစ်လုံးမကျန် နားထောင်ပြီး 'အေး ... အေး ကောင်းပြီ၊ ဒီအမှုနဲ့ပတ်သက်လို့ ငါတာဝန်ထားလိုက်၊ ငါ ကြည့်လုပ်လိုက်မယ်' လို့ ပြန်ပြောပါတယ်။ အဲဒီလိုနဲ့ ခဏနေတော့ သူတို့အဖွဲ့နဲ့ ကျွန်တော်တို့အဖွဲ့ဟာ လူချင်းခွဲပြီး၊ ကိုယ်သွားစရာရှိတဲ့ဆီ တစ်နေရာစီ ထွက်လာခဲ့ကြတာပါပဲ။

ဒီလိုနဲ့ နိုဝင်ဘာလ ၂၂ ရက်နေ့ကျတော့ တိုနီနဲ့ ကလပ်တို့ မင်နယယ်တို့ဟာ သတ်မှတ်ထားတဲ့ရက် စေ့သွားလို့ တိုက်ကင်းထွက်ရာက မောမော ပမ်းပမ်းနဲ့ သူတို့ "ဝပ်ကျင်း" ရှိရာစခန်းကို ပြန်ရောက်လာကြပါတယ်။ အဲဒီအချိန်မှာ ရာဗိတစ်ယောက်ကတော့ ဟိုတစ်ခါ ချောက်ထဲလိမ့်ကျတဲ့ ဒဏ်ရာနဲ့ ဆေးရုံက မဆင်းရသေးဘူးလို့ သိရပါတယ်။

အဲဒီလို တိုနီတို့သုံးယောက်လည်း ပြန်ရောက်လာရော ရောက်





ရောက်ချင်းပဲ ဆိုပါတော့။ ဗိုလ်ကြီးအော့တိုက သူနဲ့လာတွေ့ရမယ်ဆိုပြီး အမိန့်ထုတ်ထားတာနဲ့ သူတို့သုံးယောက်စလုံး ဗိုလ်ကြီးရုံးခန်းကို တန်းသွားရပါတယ်။ ဗိုလ်ကြီးအော့တိုရဲ့ ရုံးခန်းကလည်း တပ်စုမှူး ရယ်လီရဲ့ ရုံးခန်းလို ရွက်ဖျင်တဲပါပဲ၊ ဒါပေမဲ့ နည်းနည်းတော့ ပိုကျယ်ပါတယ်။

ရုံးခန်းထဲရောက်တော့ ဗိုလ်ကြီးအော့တိုဟာ သူတို့ကို အဆင်သင့် စောင့်နေတာ တွေ့ရပါတယ်။ ဗိုလ်ကြီးကလည်း အဲဒီနေ့မှ စခန်းကို ပြန်ရောက်လာတာပါ။ ဒါပေမဲ့ သူက အရင်ရောက်နှင့်ပြီး ကျွန်တော်ရဲ့ တိုင်ချက်အရ တိုနီတို့လူစုကို တိုက်ကင်းက ပြန်ရောက်ရောက်ချင်း သူ့ဆီလာတွေ့ရမယ်ဆိုပြီး အမိန့်ထုတ်ထားတာပါပဲ။ အဲဒီတော့ အချိန်က နေ့ခင်း ၂ နာရီလောက် ရှိပါပြီ။

ဒါနဲ့ ရုံးခန်းထဲရောက်လို့ သူတို့သုံးယောက်စလုံးက ဗိုလ်ကြီးကို ပြိုင်တူ အလေးလဲပြုပြီးရော၊ ဗိုလ်ကြီးက ဘာတစ်ခွန်းမှ မပြောဘဲ စားပွဲပေါ်က စာရွက်တစ်ရွက်ကို သူတို့ရှေ့ ထိုးပြလိုက်ပါတယ်။ အဲဒီစာရွက်ပေါ်မှာ "ပြန်ပေးဆွဲမှု၊ မုဒိမ်းမှု၊ လူသတ်မှု" ဆိုပြီး စာလုံးမဲကြီးတွေနဲ့ ရေးထားတာ တွေ့ရပါတယ်။

အဲဒီကျတော့မှ သူတို့သုံးယောက်စလုံး ပျာပျာသလဲနဲ့ မျက်စိမျက်နှာ ပျက်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်နေကြတုန်း ဗိုလ်ကြီးအော့တိုက 'ကဲ ဘယ်လိုဖြစ်ကြတာလဲ၊ ပြောစမ်းပါဦး' ဆိုပြီး တစ်ခွန်းလှမ်းမေးလိုက်ပါတယ်။

ရုတ်တရက် သူတို့သုံးယောက်သား ဘာမှပြန်မပြောနိုင်ဘဲ ကြောင်ပြီး ငိုင်နေကြပါတယ်။ ဒါနဲ့ ဗိုလ်ကြီး အော့တိုက တပ်ကြပ်ကြီး တိုနီရဲ့ မျက်နှာကို စိုက်ကြည့်ပြီး –

'မင်း ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာသိသလဲ' လို့ လှမ်းမေးလိုက်တော့မှ တိုနီက မျက်နှာပိုးသတ်ပြီး ခပ်တည်တည်နဲ့ 'ဗိုလ်ကြီးပြောတာ ကျွန်တော်တို့ ဘာတစ်ခုမှ နားမလည်ဘူး' လို့ ပြန်ပြောပါတယ်။ အဲဒီတော့ ဗိုလ်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်စလုံးကို တစ်ချက်ဝေ့ကြည့်လိုက်ပြီး ‘မင်းတို့ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ သိကြရဲ့လား’ လို့ ထပ်မေးလိုက်ပါတယ်။ ပြီးတော့မှ မယ်နုယယ်ကို လှမ်းကြည့်လိုက်ရင်း ‘ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းတို့အားလုံး ဘာဖြစ်နိုင်တယ်ဆိုတာကော သိကြရဲ့လား’ လို့ တစ်ချက်ဟောက်လိုက်ပါတယ်။ အဲဒီတော့မှ မင်နုယယ်က မျက်နှာသေကလေးနဲ့ ‘ဟုတ်ကဲ့ သိပါတယ် ဗိုလ်ကြီး၊ သေနတ်နဲ့ ပစ်သတ်ခံရတဲ့အထိ ဖြစ်နိုင်ပါတယ်’ လို့ ပြန်ဖြေပါတယ်။

အဲဒီနောက် ဗိုလ်ကြီး အော့တိုက သူတို့အားလုံးကို ‘ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန်ပြည်ထောင်စု ပြန်ပို့ပြီး ခုံရုံးတင်မယ်ဆိုရင် တင်နိုင်တယ်။ ဒါမှမဟုတ် ဒီမှာတင် ခုံရုံးဖွဲ့စစ်ပြီး သေဒဏ်ပေးမယ်ဆိုလည်း ပေးနိုင်တယ် ဆိုတဲ့အကြောင်း’ ဒေါပွပွနဲ့ ပြောပြပါတယ်။ တစ်ဆက်တည်း ဗိုလ်ကြီးက တိုနီတို့လူစု လုပ်ပုံဟာ လူမဆန်တဲ့အကြောင်း၊ ဒီကိစ္စနဲ့ပတ်သက်ပြီး တာဝန်သိတတ်တဲ့ တပ်သားတစ်ယောက်ကြောင့် အခုလို အချိန်မီ သိရတဲ့အကြောင်း ပြောရင်းနဲ့ ကျွန်တော့်နာမည်ကို ထုတ်ပြောလိုက်ပါတယ်။

တိုနီတို့လူစုဟာ အဲသလို ဗိုလ်ကြီးအော့တိုက ကျွန်တော့်နာမည် ထုတ်ပြောလိုက်တဲ့အချိန်မှာ မူလကတည်းက ကြိုတင် တွက်ထားပြီးသားမို့ လားတော့ မပြောတတ်ဘူး။ သိပ်ပြီး အံ့သြသွားတဲ့အမူအရာမျိုး မရှိကြဘူး လို့ ဆိုပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို ဖော်ကောင်တစ်ယောက်အနေနဲ့ ဒေါပွသွားကြပုံ ရပါတယ်။

ဒါကို ဗိုလ်ကြီးအော့တိုကလည်း ရိပ်မိဟန် တူပါတယ်။ ဘာ့ကြောင့် လဲဆိုတော့ သူတို့ရဲ့ မျက်နှာအမူအရာကိုကြည့်ပြီး ဗိုလ်ကြီးက တကယ်လို့ ဒီအတောအတွင်းမှာ ကျွန်တော်သာ တစ်ခုခုဖြစ်ရင် “မင်းတို့တာဝန်”ပဲ ဆိုပြီး သူတို့လူစုကို သတိပေးလိုက်တယ်လို့ သိရပါတယ်။

ဒါပေမဲ့ အဲဒီနေ့က ဗိုလ်ကြီးအော့တိုဟာ တိုနီတို့လူစုကို အဲသလို ခေါ်ကြိမ်းရုံ သတိပေးရုံသာ ပေးပြီး၊ ဘာမှ တရားဥပဒေအရ အရေးမယူပါ





ဘူး၊ အဲ တစ်ခုတော့ရှိတယ်။ တိုနီခေါင်းဆောင်တဲ့ တိုက်ကင်းအဖွဲ့ကိုတော့ အဲဒီနေ့ကပဲ ဖျက်သိမ်းလိုက်ပြီး သူတို့လူစုကိုလည်း တစ်ယောက်စီ တစ်နေရာစီ လူချင်းခွဲပစ်လိုက်ပါတယ်။ အဲဒီလို လူစုခွဲတဲ့နေရာမှာ တိုနီကို တခြား တပ်စုတစ်ခုကို ပြောင်းပစ်လိုက်ပြီး၊ ကာလပ်ကိုတော့ နောက်တန်း တစ်နေရာကို ပို့ပစ်လိုက်ပါတယ်။ ဒါပေမဲ့ မင်နုယယ်ကိုတော့ လက်ရှိ တပ်စုထဲမှာပဲ တပ်စိတ်ချင်းပြောင်းပြီး နေရာချထားလိုက်ပါတယ်။

ဗိုလ်ကြီးအော့တိုဟာ သူတို့သုံးယောက်နဲ့တွေ့ပြီး ခဏကြာတော့ ကျွန်တော့်ကို ခေါ်တွေ့ပါတယ်။ တွေ့ပြီးတော့ စောစောက သူတို့သုံးယောက် ကို ဘယ်လို ခေါ်ကြိမ်းလိုက်တယ်၊ သူတို့လူစုကို ဘယ်လို လူချင်းခွဲပစ်လိုက် တယ်ဆိုတာတွေ ကျွန်တော့်ကို ပြောပြပါတယ်။

မှန်တာပြောရရင် ဗိုလ်ကြီးအော့တိုက တိုနီတို့လူစုကို အဲဒီလို လူချင်း ခွဲပစ်လိုက်တာဟာ ဒီအမှုကို တစ်ဖက်လှည့်နဲ့ အစဖျောက်ပစ်လိုက်တာပဲ ဆိုတာ အဲဒီတုန်းက ကျွန်တော် လုံးဝမရိပ်မိဘူး၊ စဉ်းလည်း မစဉ်းစားမိဘူး။ ဒါပေမဲ့ နောက်တဖြည်းဖြည်းနဲ့ သူဟာ ဒီအမှုနဲ့ပတ်သက်ပြီး အတတ်နိုင်ဆုံး ပြီးပြီးပျောက်ပျောက်ဖြစ်အောင် ကြည့်လုပ်နေတယ်ဆိုတာ သိလာရ တယ်။ သူပြောတဲ့ စကားအတိုင်း ‘ကြည့်လုပ်လိုက်မယ်’ဆိုတာ တကယ် ပါပဲ။ ဒီအမှုနဲ့ပတ်သက်လို့ သူနဲ့ကျွန်တော် သုံးကြိမ်သုံးခါတိတိ တွေ့ခဲ့ပါ တယ်။ တွေ့တဲ့အခါတိုင်း ‘ငါ ကြည့်လုပ်လိုက်ပါမယ်’ ချည်း ပြောတာပါပဲ။ သူပြောသလို ‘ကြည့်လုပ်တယ်’ ဆိုတာလည်း မှန်ပါလိမ့်မယ်။ ဒါပေမဲ့ သူကြည့်လုပ်တယ်ဆိုတာက ဘယ်သူမှ ဘာမှမဖြစ်အောင်၊ ဘယ်သူမှ ပြော စရာမရှိအောင် လုပ်တာမျိုးပါပဲ။

အဲဒီနေ့က ကျွန်တော်နဲ့ ဗိုလ်ကြီး အော့တိုတို့ တွေ့တဲ့အချိန်မှာ တပ်စုမှူး ရယ်လီလည်း အနားမှာ ရှိနေပါတယ်။ ဒါပေမဲ့ ဗိုလ်ကြီးဟာ အဲဒီနေ့က တိုနီရဲ့ လူသတ်မှုအကြောင်း အဓိက မပြောဘဲနဲ့ ဒီလူသတ်မှု ကြောင့် ဘယ်လို ဖြစ်သွားနိုင်တယ်၊ ဘာတွေ ဖြစ်လာနိုင်တယ် ဆိုတာတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောပါတယ်။ 'ဒီအမှုနဲ့ပတ်သက်လို့ ဘယ်လောက် ကြီးကျယ်သွားနိုင်တယ်ဆိုတာ မင်းလည်း စဉ်းစားမိမှာပါပဲ။ ဒီအမှုဟာ တကယ်တော့ နိုင်ငံတကာ အရေးအခင်း တစ်ခုအထိ ဖြစ်လာနိုင်တယ်' ဆိုပြီး သူက ပြောပါတယ်။ ကျွန်တော်ကလည်း 'အဲဒါ မှန်ပါတယ်။ ဒီအမှုဟာ ဒါလောက် အရေးကြီးတဲ့ အမှုမို့ ကျွန်တော် ဗိုလ်ကြီးတို့ကို သတင်းပို့တာပါ' လို့ ပြန်ပြောပါတယ်။

ဒါနဲ့ တစ်ဆက်တည်း ကျွန်တော်ပြောတာက အခုလို ဗီယက်နမ် မလေးတစ်ယောက်ကို ပြန်ပေးဆွဲ၊ မုဒိမ်းကျင့်ပြီး သတ်ပစ်ကြတဲ့နေရာမှာ အမှတ်မထင် မတော်တဆ ဖြစ်ခဲ့တာ မဟုတ်ဘဲ၊ အစကတည်းက စနစ်တကျ ကြိုတင်စီစဉ်ပြီးမှ ကျူးလွန်ခဲ့ကြတာ ဖြစ်တဲ့အကြောင်း ပထမတုန်းကတော့ နောက်သလို ပြောင်သလို ထင်ရပေမယ့် တကယ် လက်တွေ့ကျတော့ သေသေချာချာ ရည်ရွယ်ပြီး သွေးအေးအေးနဲ့ အစီအစဉ်အတိုင်း လုပ်ခဲ့ကြတဲ့အကြောင်း ကျွန်တော် ကြားသမျှ သိသမျှ မြင်သမျှ ပြောပါတယ်။

ဒါပေမဲ့ အဲဒီနေ့က ဗိုလ်ကြီး အော့တိုနဲ့ ကျွန်တော်နဲ့ အချိန်တော်တော်ကြာအောင် စကားပြောခဲ့ကြပြီးနောက် သူနဲ့ ကျွန်တော်တို့ဟာ ခံယူချက်ခြင်း မတူဘူးဆိုတာ တိတိကျကျ သိခဲ့ရပါတယ်။

တစ်ခုတော့ ရှိပါတယ်။ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲ ယူဆမိတာက ဗိုလ်ကြီး အော့တိုဟာ ကျွန်တော်နဲ့ ခံယူချက်ခြင်း မတူပေမယ့် သူဟာ ဒီအမှုကိုတော့ တစ်နည်းနည်းနဲ့ တရားဥပဒေအတိုင်းဖြစ်အောင် လုပ်ပေးလိမ့်မယ်လို့ မျှော်လင့်နေတုန်းပါပဲ။

သူနဲ့ ကျွန်တော်နဲ့ အဲဒီလို ပြောနေကြရင်း တစ်နေရာမှာ သူက ကျွန်တော့်ကို သတိပေးပါတယ်။ တကယ်လို့ ဒီအမှုကို ခုံရုံးတင်ပြီး စစ်မယ်ဆိုရင် ကျွန်တော်ဟာ သက်သေအဖြစ်နဲ့ အစစ်ခံလိမ့်မယ်လို့ ပြောပြီး 'သက်သေလိုက်တယ်ဆိုတာ တကယ့် တကယ်ကျတော့ မလွယ်ဘူး' လို့ သူက





သတိပေးပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း ဒီကိစ္စအတွက် အဆင်သင့်ရှိပါတယ်လို့ ပြောတော့ သူက 'အဲဒီကျရင် မင်းဟာ ဒီတပ်ခွဲက ပြောင်းချင်ပြောင်းရလိမ့်မယ်။ ဒါမှမဟုတ် ရိုးရိုးခြေလျင် စစ်သားဘဝက တခြားတပ်တစ်တပ်ကိုတောင် ရောက်ချင် ရောက်သွားနိုင်တယ်။ အဲဒီလိုဆိုရင် ဘယ့်နှဲ့လဲ' လို့ မေးပါတယ်။

ဒီတော့ ကျွန်တော်ကလည်း ဒီအမှုကို စွဲချက်တင်တဲ့အတွက် ကျွန်တော့်ကို ဘယ်တပ် ပို့ပို့၊ ဘယ်နေရာ ပြောင်းပြောင်း အရေးမကြီးပါဘူးလို့ ပြန်ပြောလိုက်ပါတယ်။ နောက်ဆုံး ကုန်ကုန်ပြောရရင် ကျွန်တော့်ကို ရဟတ်ယာဉ်ပေါ်က စက်သေနတ်သမားအဖြစ်နဲ့ တာဝန်ပေးချင် ပေးဦးတော့၊ ကျွန်တော် မငြင်းပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ စက်သေနတ်လည်း ကောင်းကောင်း ပစ်တတ်တယ်၊ လေယာဉ်နဲ့ ပျံသန်းတဲ့အလုပ်မျိုးကိုလည်း ဝါသနာပါပါတယ် ဆိုတဲ့အကြောင်း စကားကုန်အောင် ပြောလိုက်ရပါတယ်။

နောက်ဆုံးကျတော့ ဗိုလ်ကြီး အော့တိုဟာ တပ်အပြောင်းအရွှေ့ပုံစံစာရွက်တွေ ထုတ်ပြီး သူကိုယ်တိုင် ဖြည့်စရာ ရှိတာတွေ ဖြည့်ပေးပါတယ်။ ပြီးမှ စာရွက်ပေါ်မှာ ကျွန်တော်က လက်မှတ်ထိုးပေးလိုက်ပါတယ်။ ဒီလိုနဲ့ သူနဲ့ကျွန်တော် လူချင်းခွဲပြီး သူ့ရုံးခန်းက ပြန်လာခဲ့ပါတယ်။ ရုံးခန်းထဲက ထွက်ခါနီး သူက ကျွန်တော့်ကို ပြောလိုက်ပါသေးတယ်။ 'ငါ ကြည့်လုပ်လိုက်ပါမယ်ကွာ' တဲ့။

သူနဲ့ အဲဒီလို တွေ့ပြီးတဲ့နောက် လေးရက်လောက် ကြာတဲ့အထိ သူ့ဆီက နောက်ထပ် ဘာသတင်းမှ မကြားရပါဘူး၊ ဒါနဲ့ ကျွန်တော်လည်း သူ့ကို ထပ်တွေ့ဖို့ အခွင့်တောင်းတော့ သူကလည်း အတွေ့ခံပါတယ်။ သူနဲ့ ကျွန်တော်နဲ့ တွေ့တာ အဲဒီအကြိမ်ဟာ နောက်ဆုံးအကြိမ်ပါပဲ။

ဒီတစ်ကြိမ် သူနဲ့ကျွန်တော်နဲ့ တွေ့တော့ အနားမှာ ဘယ်သူမှ မရှိပါဘူး၊ ရုံးခန်းထဲမှာ နှစ်ယောက်တည်း တွေ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တွေ့တွေ့ချင်း ဟိုလူသတ်မှုနဲ့ ပတ်သက်လို့ ဘာများ ထူးသေးသလဲလို့ မေးတော့ သူက ကျွန်တော်မေးတာကို မကြားသလိုလို လုပ်နေပြီး သူကပဲ မေးခွန်းတွေ တသီကြီး တစ်ခုပြီး တစ်ခု ပြန်မေးပါတယ်။

သူမေးတဲ့ မေးခွန်းတွေကတော့ ကျွန်တော်က ဒီအမှုကို ရုံးတင်ဖို့ ကြိုးစားနေတာဟာ၊ ဘာသဘောနဲ့ လုပ်နေတာလဲဆိုတာ လေးလေးနက်နက် စဉ်းစားမိရဲ့လား တဲ့။ ပြီးတော့ အခုလို ဒီအမှုကို စွဲချက်တင်ဖို့ ကြိုးစားနေချိန်မှာ အမေရိကန်စစ်သားတွေဟာ ဗီယက်နမ်တွေအတွက် စစ်မြေပြင်မှာ ဘယ်လောက် ဒုက္ခခံနေရတယ်ဆိုတာ ထည့်စဉ်းစားမိရဲ့လားတဲ့။ နောက် ကိုယ်နဲ့ သွေးဖော်သွေးဖက် တပ်သားတစ်ယောက်ကို စွဲချက်တင်လိုက်တဲ့ အတွက် ကျွန်တော်မှာ ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာမယ်ဆိုတာကော စဉ်းစားမိရဲ့လား၊ ဒီတပ်သားလေးယောက်ဟာ စစ်ခုံရုံးမှာ အစစ်ခံရပြီး ပြစ်မှုထင်ရှားတယ်ဆိုရင် ဘယ်လိုဖြစ်သွားမလဲ။ ပြီးတော့ စစ်ခုံရုံးက တရားသူကြီးတွေနဲ့ ဂျူရီလူကြီးတွေဟာ စစ်သားတွေရဲ့အမှုကို သိသိသာသာကြီး ဘက်လိုက်ပြီး စီရင်ချက် ချတတ်တယ်ဆိုတာကော သိရဲ့လား။ သူတို့ တစ်တွေဟာ စစ်သားတွေအပေါ်မှာ အမြဲတန်း သက်သက်ညှာညှာ စဉ်းစား တတ်တယ်ဆိုတာ ကြားဖူးတယ် မဟုတ်လား စသည်ဖြင့်ပေါ့ဗျာ။ မေးခွန်း တွေ တစ်ခုပြီး တစ်ခု ဆက်တိုက် မေးတော့တာပါပဲ။

နောက်ပြီးတော့ သူက ပြောပါသေးတယ်။ အခုလို စစ်ပွဲအရှိန် ပြင်းထန်နေတဲ့အချိန်မှာ စစ်သားတွေရဲ့ ရာဇဝတ်မှုတွေကို အတတ်နိုင်ဆုံး လျှော့လျှော့ပေါ့ပေါ့ စဉ်းစားဖို့ စစ်ဘက်ဆိုင်ရာ တရားရေးဌာနက အမိန့် ထုတ်ထားတယ်တဲ့။ ဒီအပြင် ခုံရုံးက ချမှတ်လိုက်တဲ့ စီရင်ချက်တွေကို အယူခံဝင်တဲ့အခါမှာ ပိုပြီးတော့ သက်သက်သာသာနဲ့ အပြစ်ဒဏ်ကို လျှော့ပစ်တာကလည်း ရှိသေးတယ်တဲ့။ အထူးသဖြင့် စစ်မြေပြင်မှာ ဖြစ်ခဲ့တဲ့ ရာဇဝတ်ပြစ်မှုတွေအပေါ်မှာ အယူခံရုံးက သာပြီးတော့တောင် သက်သာသေး တယ်တဲ့။





ဗိုလ်ကြီး အောတိုက ကျွန်တော့်ကို အဲဒီလို ဖြစ်နိုင်တဲ့ အလားအလာ တွေ ပြောပြပြီး နောက်ဆုံးကျတော့ ကျွန်တော့်အတွက် အန္တရာယ်ရှိလာနိုင် တယ်ဆိုတာကိုပါ ဖြောင့်ဖြောင့် ပြောပါတယ်။ သူပြောတာက တကယ်လို့ ဒီကောင်တွေဟာ ပြစ်မှုကျူးလွန်တယ်ဆိုတာ ထင်ရှားဦးတော့ ထောင်ဒဏ် များများစားစား ကျမှာ မဟုတ်ဘူးတဲ့။ အဲဒီတော့ 'သူတို့တစ်တွေ ထောင်ထဲ မှာ ကြာကြာမနေရဘဲ ပြန်လွတ်လာပြီးတဲ့နောက် သူတို့ထဲက တစ်ယောက် ယောက်က ဒီအမှုနဲ့ပတ်သက်ပြီး၊ မကျေနပ်လို့ လက်စားချေတဲ့အနေနဲ့ မင်းကို တစ်ခုခု အန္တရာယ်ပြုလာရင် မင်း ဘယ်နဲ့လုပ်မလဲ' တဲ့။

ဒီနေရာမှာ ဗိုလ်ကြီး အောတိုက ကျွန်တော့်အတွက် တကယ်ပဲ စိုးရိမ်လို့ ပြောတာလား၊ ဒါမှမဟုတ် ဒီအမှုနဲ့ပတ်သက်လို့ ခုံရုံးမှာ စစ်လား ဆေးလား မလုပ်စေချင်တဲ့ သဘောနဲ့ ပြောတာလားတော့ မသိဘူး၊ သူပြောပုံ က ကျွန်တော့်ကို ခြိမ်းခြောက်သလိုလိုတောင် ဖြစ်နေပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူပြောတဲ့အတိုင်းဆိုရင် ဒီကောင်တွေဟာ ဒီအမှုနဲ့ပတ်သက်ပြီး အပြစ်ပေးခံချင်မှ ခံရမယ်။ တကယ်လို့ အပြစ်ပေးခံရသည့်တိုင်အောင် ထောင်ဒဏ် နည်းနည်းပါးပါးလောက်ပဲ ကျမှာ သေချာတယ်။ အဲဒီတော့ ထောင်က လွတ်လာရင် လက်စားချေတဲ့သဘောနဲ့ ကျွန်တော့်အသက်ကို ရန်ရှာမှာ စိုးရတယ်။ တကယ်လို့ ကျွန်တော့်ကို ရန်ရှာဖို့ မလွယ်ဘူး ထားပါ တော့၊ ကျွန်တော့်မိန်းမကို ဒုက္ခပေးရင် ဘယ့်နဲ့ လုပ်မလဲတဲ့။

ကဲ...အဲဒီတော့ ခင်ဗျားပဲ စဉ်းစားကြည့်ပါဦး၊ ကျွန်တော်ဟာ မတရားမှုကို မခံမရပ်နိုင်လွန်းလို့၊ တရားတဲ့ဘက်က မှန်တဲ့ဘက်က ရပ်တည် ဖို့ ကြိုးစားတဲ့နေရာမှာ ဘယ်လောက် အန္တရာယ်များသလဲဆိုတာ။

ဒါပေမဲ့ ကျွန်တော်ကတော့ ဒါတွေကို အရေးမစိုက်ပါဘူး၊ ကြောက် လည်း မကြောက်ပါဘူး၊ တစ်ခုပဲရှိတယ်။ ဒီအမှုကို အကြောင်းပြုပြီး လောက ကြီးမှာ အမှန်တရားကို ဖော်ထုတ်ရတာ ထင်သလောက် မလွယ်ဘူးဆိုတာ ကျွန်တော် အကြီးအကျယ် သင်ခန်းစာရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ ကျွန်တော်ဟာ မတရား အစော်ကားခံရရှာပြီး အကြောင်းမဲ့သက်သက် အသတ်ခံသွားရရှာတဲ့ ဗီယက်နမ်မလေးအတွက် မခံချင်တဲ့စိတ်နဲ့ အမှုမှန်ကို ဖော်ထုတ်ဖို့ သံမဏိဒွာန်ချထားပေမယ့်၊ ဒါကို လက်တွေ့ အကောင်အထည် ဖော်တဲ့နေရာမှာတော့ တကယ် မလွယ်ပါဘူး၊ ချော်တာတွေရော၊ မြှောက်တာတွေရော၊ ခြောက်တာတွေရော၊ အမျိုးမျိုး ကြုံခဲ့ တွေ့ခဲ့ရပါတယ်။

အဲဒီနေ့က ဗိုလ်ကြီးအော့တိုနဲ့ နောက်ဆုံးအကြိမ် တွေ့ပြီးတဲ့နောက် တစ်ပတ်လောက် ဘာမှမထူးခြားဘဲ ဖြစ်ခဲ့ပါတယ်။ ဒီအတောအတွင်း ကျွန်တော်ဟာ မူလ တပ်စုမှာပဲ ရှိနေပြီး ကျရာတာဝန်ကို ထမ်းရွက်ခဲ့ရပါတယ်။ အဲဒီတုန်းက နေ့ခင်းမှာ "ရှာဖွေ ဖျက်ဆီးရေး" အဖွဲ့နဲ့လိုက်၊ ညဘက်ကျတော့ ရန်သူတွေကို အလစ်ချောင်း တိုက်၊ ဒါနဲ့ပဲ အချိန်ကုန်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီရက်တွေမှာ ကျွန်တော်ဟာ ကျွန်တော့်အတွက်လည်း ကိုယ့်ကိုယ်ကို "တိုက်ပွဲ"ဝင်ခဲ့ရပါတယ်။ ဗိုလ်ကြီး အော့တိုနဲ့ နောက်ဆုံး တွေ့ခဲ့တုန်းက သူပြောလိုက်တဲ့ စကားတွေကို အနုလုံ ပဋိလုံ အပြန်အလှန် စဉ်းစားခဲ့ရပါတယ်။ သူ့စကားတွေဟာ ကျွန်တော့်အတွက် ချော့လုံးတွေ၊ ခြောက်လုံးတွေ၊ မြှောက်လုံးတွေဆိုတာ သိနေပေမယ့် ကျွန်တော့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရာမှာ အဟန့်အတားတွေ၊ အနှောင့်အယှက်တွေ ဖြစ်နေပါတယ်။ ဒါတွေကို ကျွန်တော် မစဉ်းစားဘဲ မနေနိုင်ပါဘူး၊ နေ့ရော ညရော၊ အချိန်ရှိတိုင်း စဉ်းစားခဲ့ရပါတယ်။ စားရင်း သောက်ရင်းလည်း ဒီအကြောင်း ဒီကိစ္စ၊ သွားရင်းလာရင်းလည်း ဒီအကြောင်း ဒီကိစ္စ၊ ညဘက် တစ်ခါတစ်ရံ တရေးနိုးတဲ့အချိန်မှာတောင် တောင်ကောက်တွေ အော်တဲ့အသံ၊ မျောက်တွေ အော်တဲ့အသံကို နားထောင်ရင်းနဲ့ ဒီကိစ္စ ဒီအကြောင်းကိုပဲ တစိမ့်စိမ့် တွေးနေမိပါတယ်။

အဲဒီနေရာမှာ ကျွန်တော် တစ်ချက်တည်း စဉ်းစားမိတာ တစ်ခုရှိပါ





တယ်။ အဲဒါက ဘာလဲဆိုတော့ စစ်တပ်ရဲ့ ထုံးတမ်းစဉ်လာနဲ့ ပတ်သက်လို့ ပါပဲ။

စစ်တပ်ဆိုတာက ခင်ဗျားသိတဲ့အတိုင်းပဲ။ လူပေါင်းစုံ လူတန်းစားမျိုးစုံနဲ့ ပညာအရည်အချင်း အဆင့်အတန်းမတူတဲ့ လူတွေ စုပေးထားတဲ့ အဖွဲ့အစည်းကြီးတစ်ခုပဲ၊ အဲဒီထဲမှာ ဗိုလ်ကြီးအော့တိုတို့လို၊ တပ်စုမှူး ရယ်လီတို့လို၊ ပညာတတ်တွေလည်း ပါ,ပါတယ်။ တိုနီတို့လို ကျွန်တော်တို့လို ပညာမတတ်တတတ် ကောင်တွေလည်း ပါတယ်။ ဒီကြားထဲကမှာကို စစ်ထဲ မဝင်မနေရ ဥပဒေကြောင့် ဝင်ခဲ့ရတဲ့သူတွေ၊ ကိုယ့်ဆန္ဒနဲ့ကိုယ် စေတနာ့ဝန်ထမ်း ဝင်လာတဲ့ လူတွေလည်း ပါတယ်။ တစ်ခါ ဖွဲ့စည်းပုံအရ အရာရှိ အကြပ်တပ်သားဆိုပြီး ရာထူးအလိုက် အဆင့်ဆင့် တာဝန်ခွဲပြီး အထက်အောက် ကြီးစဉ်ငယ်လိုက် အမိန့်ကို နာခံသွားရတာကလည်း ရှိသေးတယ်။

အဲဒီတော့ စစ်တပ်ဆိုတာဟာ ရိုးရိုးသာမန် အဖွဲ့အစည်း အသင်းအပင်းမျိုးနဲ့ မတူဘူး။ အထူးသဖြင့် အထက်လူက အောက်လူကို အမိန့်နဲ့ အုပ်ချုပ်တဲ့စနစ်ဟာ စစ်တပ်ရဲ့ အထူးခြားဆုံး လက္ခဏာပါပဲ။ အဲဒီစနစ်ဟာ တခြားပြဿနာတွေ တခြားကိစ္စတွေမှာ သိပ်ကောင်းချင် ကောင်းနေပေမယ့် အခု ကျွန်တော်ကြုံတွေ့နေရတဲ့ ပြဿနာမျိုးကျတော့ အကြီးအကျယ် အခက်အခဲ တွေ့ရတယ်လို့ ကျွန်တော် ထင်မိတယ်။

ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ အခု တိုနီတို့လူစု ကျူးလွန်ခဲ့တဲ့ ပြန်ပေးဆွဲမှု၊ မုဒိမ်းမှု၊ လူသတ်မှုတို့ ဆိုတာမျိုးကို ရိုးရိုးသာမန် အရပ်သားတွေအနေနဲ့ဆိုရင် ဒီကိစ္စဟာ လွယ်လွယ်နဲ့ တိုင်ချက်ဖွင့်ပြီး လွယ်လွယ်နဲ့ အမြန်ဆုံး အရေးယူဖြစ်မှာ သေချာပါတယ်။ ဒါပေမဲ့ အခုလို စစ်တပ်ရဲ့ဖွဲ့စည်းပုံနဲ့ အုပ်ချုပ်ပုံစနစ်အရ ဒီလူသတ်မှုကို အရေးယူဖို့၊ မယူဖို့ ဆိုတာက အထက်အရာရှိ တစ်ဦးတည်းရဲ့သဘောအတိုင်း ဖြစ်နေတော့ မခက်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီအမှုမှာ ကျွန်တော်က မခံမရပ်နိုင်လို့ အမှုကလည်း အမှုမှန် ဖြစ်နေလို့ အမှန်တရားဘက်က ရပ်တည်ပြီး အပြစ်ရှိရင် ရှိသလို အရေးယူစေချင်တယ်။ ဒီလို တရားဥပဒေအရ အရေးယူနိုင်အောင် ကျွန်တော်က တိုင်ချက်ဖွင့်ချင်တယ်။ ဒါပေမဲ့ ဒါကို ကျွန်တော့်အထက်အရာရှိက အကြောင်းအမျိုးမျိုးကြောင့်ဆိုပြီး အရေးမယူစေချင်ဘူး၊ တိုင်ချက်ဖွင့်တာကို လက်မခံဘူး ဆိုတော့ ကျွန်တော် ဘယ်လိုလုပ်ရမလဲ။ ကျွန်တော်က ရိုးရိုးသာမန်စစ်သားဆိုတော့ ကျွန်တော့် အထက်အရာရှိရဲ့ အမိန့်ကို ကျွန်တော် ဘယ်လိုလုပ်ပြီး ဆန့်ကျင်လို့ဖြစ်မလဲ။ စစ်တပ်ဆိုတာက အထက်အောက် အဆင့်ဆင့်အမိန့်ကို နာခံကြရတယ်။ အဲဒီတော့ မခက်ဘူးလား။

ကျွန်တော် စဉ်းစားမိသလောက်ဆိုရင် ဒီအမှုနဲ့ပတ်သက်ပြီး ပထမထဲက အထက်အမိန့်ကို မလွန်ဆန်ရဲတဲ့အတွက် ဗီယက်နမ်မလေး မော်ဟာ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှ မရှုမလှ သေခဲ့ရတယ်လို့ပဲ ကျွန်တော်ရဲရဲကြီး ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တိုနီဟာ ကျွန်တော့်ထက် ရာထူးကြီးတယ်၊ ကျွန်တော်က ရိုးရိုးစစ်သား၊ သူက တပ်စိတ်မှူး။ အဲဒီတော့ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ သူ မတရားလုပ်တာ၊ သူ မတရား စော်ကားတာကို မြင်တွေ့နေရပေမယ့် အထက်အမိန့်ကို နာခံရမယ်ဆိုတဲ့ စနစ်အရ သူလုပ်သမျှ ကျွန်တော် ဘာမှပြန်ပြောခွင့် မရှိ၊ ကန့်ကွက်ခွင့်လည်း မရှိတဲ့အတွက် ဗီယက်နမ်မလေးဟာ မရှုမလှနဲ့ အသေဆိုး သေခဲ့ရရှာတယ် မဟုတ်လား။

အဲဒီတော့ အထက်အမိန့်ကို မှားမှားမှန်မှန် အဆင့်ဆင့် အမြဲနာခံရမယ်ဆိုတဲ့ ပုံစံကြီးဟာ လောလောဆယ် ဒီကိစ္စမှာ အမိက တရားခံပဲလို့ ကျွန်တော် လေးလေးနက်နက် စဉ်းစားမိပါတယ်။ ကျွန်တော်ဆိုလိုတာက ဒါပါပဲ။

ဒါနဲ့ပတ်သက်လို့ ဗိုလ်ကြီးအော့တိုကိုလည်း ကျွန်တော် အပြစ်မတင်ပါဘူး။ သူလည်း ဒီစနစ်နဲ့ ဒီပုံစံအတိုင်း အထက်အမိန့်ကို လိုက်နာနေ





ရတဲ့ လူပါပဲ။ ကျွန်တော့်ထက် သူက ရာထူးကြီးသလို သူ့ထက် ရာထူးကြီးတဲ့လူကလည်း ရှိပါသေးတယ်။ အဲဒီတော့ "သူ့ထက်သူ လူစွမ်းကောင်းချည်းပဲ" ဆိုတာလို ရာထူးတစ်ဆင့် ငယ်တဲ့လူက ရာထူးတစ်ဆင့် ကြီးတဲ့လူရဲ့အမိန့်ကို အဆင့်ဆင့် နာခံသွားကြတယ်ဆိုတော့ ဘယ်သူ့ဘယ်သူမှ အပြစ်ဆိုလို့ မရအောင် ဖြစ်နေတာပါပဲ။

လူတစ်ယောက်ဟာ စစ်ထဲဝင်လိုက်လို့ စစ်သားတစ်ယောက် ဖြစ်သွားတာနဲ့ တစ်ပြိုင်နက် သူ့ရဲ့ ကိုယ်ပိုင်ကျင့်ဝတ် သိက္ခာတွေအတွက် ငဲ့ကွက်နေစရာ မလိုတော့ပါဘူး၊ သူဟာ စစ်တပ်ထဲမှာရှိနေသမျှ အဆင့်ဆင့်အမိန့် နာခံတဲ့ ပုံစံထဲမှာ ရှိနေသမျှ သူကြိုက်သလို လုပ်နိုင်ခွင့် မရှိတော့ပါဘူး။

ဒါ့ထက် ပြောရဦးမယ်။ အဲဒီရက်တွေတုန်းက တစ်ဖက်ကလည်း ဒီလို အခက်အခဲတွေ ကြုံတွေ့နေရတဲ့အထဲ တခြားဖက်က စိတ်ပျက်စရာ စိတ်အားငယ်စရာတွေ ကြုံတွေ့ရပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ အခုလို ဗီယက်နမ်မလေးတစ်ယောက် မတရားစော်ကားခံရ အသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက်လို့ တစ်စတစ်စ လူသိများလာပြီး ဒီကိစ္စအတွက် ကျွန်တော်က တရားသဖြင့်ဖြစ်အောင် ကြိုးပမ်းနေတယ်ဆိုတာ သိတဲ့လူတွေ တစ်စွန်းတစ်စ သိလာကြပါတယ်။ ဒါပေမဲ့ အဲဒီလူတွေဟာ ဒီကိစ္စကို ရေးကြီးခွင်ကျယ် သဘောမထားဘဲ ခပ်ပေါ့ပေါ့ပဲ သဘောထားကြတာကို တွေ့ရတော့ ကျွန်တော့်မှာ တော်တော်စိတ်ပျက်မိပါတယ်။ အားလည်းငယ်မိပါတယ်။

ဒီကြားထဲက တပ်ကြပ် ကာလီလို ကျွန်တော်နဲ့ အမြင်ချင်း အယူအဆချင်း တူတဲ့လူလည်း နည်းနည်းပါးပါးတော့ ရှိပါတယ်။ ဒါပေမဲ့ များသောအားဖြင့်ကတော့ သူတို့ အထက်အရာရှိတွေ မြင်သလို ယူဆသလိုပဲ မြင်ကြ၊ ယူဆကြတာ တွေ့ရပါတယ်။ စစ်မြေပြင်မှာ ခဏတဖြုတ် အနားပေးတဲ့အချိန်မှာရော၊ တစ်ခါတစ်လေ ရိက္ခာရုံမှာ စားကြသောက်ကြတဲ့ အခါမှာရော၊ ခဏခဏ ဒီသဘောမျိုးတွေ တွေ့ရ ကြားရပါတယ်။

တချို့က ဗိုလ်ကြီးအော့တို ပြောတဲ့ပုံစံမျိုးအတိုင်း ဘာမဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖိုးမတန်တဲ့ မော်ရဲ့ အသက်တစ်ချောင်းအတွက်နဲ့ နောက်ထပ် တိုနီလို လူ့အဖိုးတန်တွေရဲ့ အသက်တွေ ဆုံးရှုံးအောင် ဘာ့ကြောင့် ခုံရုံးမှာ စွဲချက်တင်ချင်ရတာလဲလို့ ပြောကြပါတယ်။ တချို့ကတော့လည်း တပ်စုမှူး ရယ်လီပြောသလို စစ်ဆိုတာကိုက အကြမ်းပတမ်း သတ်ရဖြတ်ရတဲ့ အလုပ်ပဲ။ ဒါကို ဘယ်သူကမှ တားလို့ ဆီးလို့ မရဘူးဆိုတာ သိရက်သားနဲ့ ဘာ့ကြောင့် ဒီကိစ္စမှာ ကြီးကြီးကျယ်ကျယ် ပုံကြီးချဲ့ချင်ရတာလဲ၊ ဘာညာနဲ့ ပြောကြတာလည်း ရှိပါတယ်။ တချို့ကဆိုရင် ဒီလို ပြန်ပေးဆွဲတာတို့၊ မုဒိမ်းကျင့်တာတို့၊ လူသတ်တာတို့ဆိုတဲ့ ပြစ်မှုမျိုးတွေကို ဗီယက်ကောင်း ပြောက်ကျားတွေလည်း လုပ်ကြတာပဲ၊ ကျူးလွန်ကြတာပဲဆိုပြီး ဆင်ခြေပေးကြပါတယ်။ တစ်ခါက အမေရိကန်ပြည်ထောင်စု အိုကလာဟိုးမာပြည်နယ်က စစ်သားတစ်ယောက်နဲ့ ကျွန်တော်နဲ့ ကတုတ်ကျင်းထဲ ဆင်းပြီး အိပ်ခဲ့တဲ့ညကဆိုရင် ကျွန်တော့်ကို အဲဒီစစ်သားက 'ဟေ့ကောင်၊ မင်းပြောတဲ့ ဗီယက်နမ်မလေးဟာ ဗီယက်ကောင်းပြောက်ကျား မဟုတ်ဘူးလို့ မင်း သေချာပေါက် ပြောနိုင်ရဲ့လား' ဆိုပြီး အမေးတောင် ခံခဲ့ရပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ အဲဒီရက်တွေတုန်းက လူတကာရဲ့ မျက်စောင်းထိုး ခံခဲ့ရပါတယ်။ မေးငေါ့ ခံခဲ့ရပါတယ်၊ ရန်သူ ဗီယက်ကောင်းတွေနဲ့ မတိုက်ရဘဲ၊ ကျွန်တော်တို့ အချင်းချင်း ပြန်ပြီး စစ်တိုက်နေရသလို ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီစစ်မျက်နှာမှာတော့ ကျွန်တော်ဟာ "တစ်ယောက်နဲ့ အများ" ဆိုသလို ကျွန်တော့်ဖက်က ကျွန်တော်တစ်ယောက်တည်းလိုလိုပဲ ရှိခဲ့ပါတယ်။

ပထမတော့ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ အဲဒီအဖြစ်အပျက်တွေနဲ့ ကြုံတွေ့ပြီး၊ စခန်းပြန်ရောက်စက ကျွန်တော့်ကိုယ် ကျွန်တော် 'ငါဟာ တိုနီတို့လိုကောင်တွေရဲ့ တပ်စိတ်နဲ့ ရောပြီး ပါလာတာဟာ၊ ငါ့အတွက် ကံဆိုးချင်လို့ပဲ၊ တခြားရဲဘော်တွေနဲ့ တခြားတပ်စိတ်သာဆိုရင် ဒီလို စိတ်မချမ်းသာစရာ ကြုံရ တွေ့ရမှာ မဟုတ်ဘူး' လို့ ကိုယ့်ကိုယ်ကို စိတ်ထဲက





ထင်ခဲ့ ယူဆခဲ့မိပါတယ်။ ဒါပေမဲ့ နောက်တော့ ဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်တော်နဲ့ တွေ့သမျှ လူတိုင်းဟာ တိုနီတို့ဖက်က အမျိုးမျိုး ကာကွယ်ပြီး ပြောပြောနေကြတော့ ကျွန်တော့်ပတ်ဝန်းကျင်မှာ ရှိရှိသမျှ အမေရိကန်စစ်သားတွေ၊ စစ်ဗိုလ်တွေအားလုံးဟာ တိုနီတို့ ကလပ်တို့လို ကောင်တွေချည်းပါလားလို့တောင် စိတ်ထဲက ထင်လာမိတယ်။ တကယ်ပါပဲ၊ ကျွန်တော့်မျက်စိအောက်မှာ နာမည်တွေ၊ ကိုယ်ပိုင်အမှတ်တွေနဲ့ ရာထူးတံဆိပ်တွေ အမျိုးမျိုး မြင်နေရပေမယ့် သူတို့မျက်နှာတွေ အားလုံးဟာ တိုနီတို့ ကလပ်တို့နဲ့ တစ်ရုပ်တည်း တစ်ပုံစံတည်းလို့ပဲ ထင်နေမိတယ်။

တကယ်ပါ ကျွန်တော့်စိတ်ထဲမှာတော့ တောင်ဗီယက်နမ်မှာ ရှိနေကြတဲ့ အမေရိကန်စစ်သားတွေ စစ်ဗိုလ်တွေမှန်သမျှ 'ဒီပုတ်ထဲက ဒီပဲ' ချည်းပါပဲ။

***

www.burmeseclassic.com

www.burmeseclassic.com

## မွေ့ဆေရာနှင့် တွေ့ဆုံခြင်း

ကျွန်တော့်ပတ်ဝန်းကျင်မှာ အဲသလို စိတ်ပျက်စရာတွေ စိတ်အားငယ်စရာတွေနဲ့ မခံချင်စရာတွေ တွေ့နေရတဲ့အထဲက ကျွန်တော့်မှာ စိတ်ဓာတ်တက်စရာ အားရစရာကောင်းတဲ့ အခြေအနေကို တဖြည်းဖြည်း တွေ့လာရပါတယ်။

ဒီလို တွေ့လာရတာကလည်း ဘယ်သူကမှ စိတ်ဓာတ်တက်အောင် အားပေးလို့ မဟုတ်ပါဘူး။ ကျွန်တော့်ဘာသာ စိတ်ရှည်လက်ရှည်နဲ့ တဖြည်းဖြည်း အပြန်အလှန် စဉ်းစားပြီး စိတ်ဓာတ်မြှင့်ယူရတာပါပဲ။ အဲဒါက ဘယ်လိုလဲဆိုတော့ ဗိုလ်ကြီးအော့တို ပြောလိုက်တဲ့ စကားထဲက 'ကြည့်လုပ်တာပေါ့' ဆိုတဲ့ စကားလုံးကို သေသေချာချာ အလေးအနက် စဉ်းစားကြည့်ရင်းနဲ့ တဖြည်းဖြည်း ခေါင်းထဲပေါ်လာတဲ့ အသိပါပဲ။

ကျွန်တော်ဟာ ဗိုလ်ကြီး အော့တိုရဲ့ စကားအသုံးအနှုန်းနဲ့ လုပ်နည်းလုပ်ဟန်ကို အကြိမ်ပေါင်း တစ်ရာထက်မနည်း စဉ်းစားကြည့်မိပါတယ်၊ ဗိုလ်ကြီးအော့တိုပြောတဲ့ စကားတွေအရဆိုရင် ကျွန်တော်ဟာ ဒီအမှုကို ဖျော်ကောင်လုပ်ပေမယ့် ဘာမှအရာရောက်မှာ မဟုတ်ဘူး။ နောက်ဆုံး ခုံရုံးမှာ တင်စစ်ဦးတော့ တိုနီတို့လူစုအတွက် မသကာ ထောင်လေးငါးခြောက်လ





လောက်ပဲ ကျမယ်၊ ဒါမှမဟုတ် ကွင်းလုံးကျွတ် လွတ်ချင်တောင် လွတ်လိမ့်ဦးမယ်လို့ သူက ပြောခဲ့ပါတယ်။

အဲဒီတော့ ကျွန်တော် စဉ်းစားကြည့်တယ်၊ ဒီ ဗိုလ်ကြီး အော့တိုဟာ ဘာ့ကြောင့် ဒီကိစ္စကို ခုံရုံးမတင်ဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ကာကွယ်နေရတာလဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာ့ကြောင့် ကျွန်တော့်ကို သုံးကြိမ်သုံးခါ တိတိ ခေါ်တွေ့ရသလဲ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ ကျွန်တော့်မိန်းမရဲ့ အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်တယ်ဆိုပြီး ဘာ့ကြောင့် ခြိမ်းခြောက်ရသလဲ၊ တိုနီတို့လူစုကို ဘာ့ကြောင့် လူချင်းခွဲပြီး တပ်ပြောင်းပစ်ခဲ့ရတာလဲ။ နောက်ဆုံး ဘာ့ကြောင့် ကျွန်တော့်ကိုပါ တပ်ပြောင်းပေးဖို့ စီစဉ်ရတာလဲ၊ ဒါတွေဟာ ကျွန်တော့်အတွက် ကျွန်တော် ကျေနပ်အောင် "ပျားရည်နဲ့ ဝမ်းချ" တယ်ဆိုရင်လည်း ကျွန်တော့်လို ဘာမဟုတ်တဲ့ ရိုးရိုးစစ်သား တစ်ယောက်ကို ဘာ့ကြောင့် ဒါလောက် ဂရုတစိုက် လိုက်လျောရတာလဲ။ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင် ဘာမှမထင်ရှားတဲ့ အညတရ ဗီယက်နမ်တောသူလေးတစ်ယောက် သေရတဲ့ကိစ္စကို ဘာ့ကြောင့် ဗိုလ်ကြီးအော့တိုဟာ အဖက်ဖက်က ဖုံးဖို့ ဖိဖို့ အစွမ်းကုန် ကြိုးစားခဲ့ရတာလဲ။

အဲဒီမေးခွန်းတွေကို တစ်ခုပြီး တစ်ခု ဆက်ပြီး စဉ်းစားကြည့်ရင်းနဲ့ ကျွန်တော့်ခေါင်းထဲမှာ အသိဉာဏ်တစ်ခု ဝင်လာပါတယ်။ အဲဒါကတော့ တခြားမဟုတ်ဘူး၊ ဒီကိစ္စကို တကယ် တာဝန်ရှိတဲ့လူတွေက၊ တကယ်အမှန်အတိုင်း သိသွားရင်၊ တာဝန်သိသိနဲ့ လေးလေးနက်နက် အရေးယူကြလိမ့်မယ်။ ဒါ့ကြောင့် ဗိုလ်ကြီး အော့တိုဟာ ဒီကိစ္စကို အောက်ခြေမှာတင် ဖုံးဖုံးဖိဖိနဲ့ ကြိတ်ပြီး ခြေရာပျောက်ပစ်ဖို့ ကြိုးစားနေတယ်လို့ ကျွန်တော် တစ်ထစ်ချ ယူဆမိပါတယ်။

အဲဒီတော့ ဒီအမှုနဲ့ပတ်သက်ပြီး ဒီအတိုင်းသာ စခန်းသွားရောက် တော့ ကျွန်တော်ဟာ အဆင့်ဆင့် အမိန့်နာခံရတဲ့ သောင်ထဲမှာ ပိတ်မိနေပြီး ဘယ်လိုမှ လှုပ်နိုင်မှာ မဟုတ်ဘူး။ ဒီကိစ္စကို တကယ်တမ်း မသိစေရလောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက် အကောင်အထည် ဖော်ချင်ရင်၊ အမှန်တရားဘက်က တကယ်ရပ်တည်ပြီး တကယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မယ့် အထက်အရာရှိတစ်ယောက်ယောက်ကို အားကိုးမှ ဖြစ်မယ်လို့ ကျွန်တော် နောက်ဆုံးကောက်ချက်ချမိပါတယ်။

အဲဒီ အယူအဆနဲ့ အဲဒီအတွေးအခေါ် ဝင်လာတာနဲ့ တစ်ခါတည်း အမှောင်ထဲမှာ မမြင်မကန်းနဲ့ စမ်းတဝါးဝါး ဖြစ်နေရာက အလင်းရောင်တစ်ခု မြင်လိုက်ရသလို သိပ်အားတက်သွားမိပါတယ်။ မျက်စိလည် လမ်းမှားနေတဲ့ လူတစ်ယောက်၊ လမ်းမှန်ကို ပြန်တွေ့လိုက်ရသလို ဝမ်းအသာကြီးသာသွားမိပါတယ်။

ဒါနဲ့ ဒီအတောအတွင်းမှာ အရေးကြီးတဲ့ အဖြစ်အပျက်တစ်ခုကို ပြောရဦးမယ်။

နိုဝင်ဘာလ ၃၀ ရက်နေ့မှာ ကျွန်တော်ဟာ ကင်းတပ်စိတ်တစ်ခုနဲ့ ကင်းလှည့်သွားရင်း၊ တစ်နေရာမှာ ဗီယက်ကောင်း နှစ်ယောက်သုံးယောက်ကို ရိပ်ခနဲ မြင်လိုက်ရတာနဲ့၊ ကျွန်တော်တို့အားလုံး နောက်ယောင်ခံ လိုက်သွားကြပါတယ်။ ကျွန်တော်တို့ ရဲဘော်တွေဟာ တောတန်းကလေးနှစ်ခုကြားမှာ အဲသလို ဗီယက်ကောင်းတွေကို အသာနောက်ယောင်ခံလိုက်နေတုန်း ဖြုန်းဆို တစ်ဖက်တောတန်းဆီက ကျွန်တော်တို့ တပ်စိတ်ရှိရာသေနတ်နဲ့ လှမ်းပစ်ခံလိုက်ရပါတယ်။

ရုတ်တရက် မမျှော်လင့်ဘဲ အပစ်ခံလိုက်ရတော့ ကျွန်တော်တို့လည်း ဘာမှပြန်မလုပ်နိုင်ဘဲ ဖြစ်သွားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့တပ်စိတ်မှူးက ချက်ချင်း 'ပြန်ပစ်၊ ပြန်ပစ်' ဆိုပြီး အမိန့်ပေးတာနဲ့ ကျွန်တော်တို့လည်း သေနတ်သံလာရာ တောတန်းဖက်ကို ချိန်ပြီး တဒိုင်းဒိုင်းနဲ့ ပြန်ပစ်ကြပါတယ်။ ဒါပေမဲ့ တစ်ဖက်က ရန်သူကို လုံးဝမမြင်ရဘဲ သူတို့လှမ်းပစ်တဲ့ ကျည်ဆံတွေဟာ ဖရိုဖရဲဖြစ်နေတဲ့ ကျွန်တော်တို့ ပတ်ပတ်လည်မှာ ဖုတ်တထောင်းထောင်းနဲ့ ကျလာတာ တွေ့ရပါတယ်။





နောက်ဆယ်စက္ကန့် ဆယ့်ငါးစက္ကန့်လောက်ကြာတော့ အဲဒီတောတန်းဖက်က ပစ်သံခတ်သံတွေ ရပ်သွားပြီး တောတန်းနောက်က စစ်သားတွေ ထွက်လာတာ တွေ့ရပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း အပစ်ရပ်ပြီး သေသေချာချာ လှမ်းကြည့်လိုက်တော့ လား ... လား အဲဒီစစ်သားတွေဟာ၊ ကျွန်တော်တို့လူတွေ ဖြစ်နေရုံတင်မကဘူး၊ တပ်ရင်းမှူး ရယ်လီရဲ့တပ်က တခြားတပ်စိတ်တစ်စိတ် ဖြစ်နေတာ တွေ့ရပါတယ်။

အဲဒီတော့မှ ကျွန်တော်တို့ တပ်စိတ်မှူးက အရမ်းကာရော လူမှားပစ်ရပါ့မလား ဆိုပြီး အဲဒီတပ်စိတ်မှူးကို မအေနှမနဲ့ လှမ်းတုတ်တာပေါ့၊ ဟိုတပ်စိတ်မှူးကလည်း ပျာပျာသလဲနဲ့ တောင်းပန်ပါတယ်။ သူတို့ဖက်က မှားသွားတဲ့အကြောင်း၊ တောတန်းတစ်ဘက်မှာ သူတို့တပ်စိတ်က စိုက်စိုက်စိုက်စိုက်နဲ့ ချီတက်လာတုန်း ဒီဖက်က ဖြုန်းကနဲ ခြေသံတွေကြားတာနဲ့ ကေန္တ ရန်သူပဲဆိုပြီး လှမ်းပစ်မိတဲ့အကြောင်း၊ နောက်မှ ဒီဖက်က ကျွန်တော်တို့ တပ်စိတ်မှူးက 'ပြန်ပစ်၊ ပြန်ပစ်' ဆိုပြီး အင်္ဂလိပ်လို အော်သံကြားလိုက်တော့မှ လူမှားမှန်းသိပြီး အပစ်ရပ်လိုက်ရတဲ့အကြောင်း တောင်းတောင်းပန်ပန်နဲ့ ရှင်းပြပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တပ်စိတ်နဲ့ သူတို့တပ်စိတ်၊ တောတန်းနှစ်ခုအလယ်မှာ တစ်ဖက်နဲ့တစ်ဖက် မျက်နှာချင်းဆိုင်ပြီး "ကံကောင်းလို့ မသေကုန်တယ်" ဆိုတဲ့ သဘောမျိုးနဲ့ ကိုးရိုးကားရား ရုတ်ရုတ်သဲသဲ ဖြစ် လိုက်ကြပါတယ်။ ကျွန်တော်တို့ တပ်စိတ်မှူးကလည်း ဒေါပွပွနဲ့ ကြိမ်းမောင်းပြီး "သူ ဗီယက်နမ်စစ်မြေပြင် ရောက်တာကြာပြီ၊ တစ်ခါမှ ဒီလိုလူမှားပြီး အပစ်မခံရဘူး" ဆိုပြီး ရှူးရှူးရှဲရှဲ ဖြစ်နေပါတယ်။

ကျွန်တော်လည်း ကျွန်တော်တို့တပ်စိတ်မှူး ဒေါပွပွနဲ့ ကြိမ်းနေတုန်း ဟိုဖက်က တစ်စိတ်မှာ ဘယ်သူတွေများ ပါသလဲဆိုပြီး တစ်ယောက်ချင်း ဂရုစိုက်ကြည့်လိုက်တော့၊ လား လား ... တိုနီရဲ့တပ်စိတ်မှာ ကျွန်တော်နဲ့ အတူတူပါဖူးတဲ့ မင်နယယ်ကို သွားတွေ့တာပါပဲဗျာ။ ဒါပေမဲ့ အဲဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ ထူးခြားတာက မင်နယယ်ကို ကျွန်တော် ကောင်းကောင်း မှတ်မိပေမယ့် သူကတော့ ကျွန်တော့်ကို တစ်ခါမှ မမြင်ဘူးတဲ့ လူတစ်ယောက်လို ခပ်တည်တည် စိုက်ကြည့်နေတာ တွေ့ရပါတယ်။

ဒီလိုနဲ့ သူ့နဲ့ကျွန်တော်နဲ့ တစ်ယောက်ကိုတစ်ယောက် နှုတ်မဆက်ဘဲ ကြောင်နေမိကြတုန်း သူ့မျက်နှာအမူအရာကို ကြည့်ရင်းနဲ့ ကျွန်တော် သူ့ကိုဖြစ်ဖြစ် သူ့တပ်စိတ်မှူးကိုပဲဖြစ်ဖြစ် မေးစရာ မေးခွန်းနှစ်ခု ခေါင်းထဲမှာ ဖျတ်ခနဲ ပေါ်လာတယ်။ ကျွန်တော်မေးချင်တဲ့ မေးခွန်းနှစ်ခုကတော့ တခြား မဟုတ်ပါဘူး၊ 'အဲဒီတပ်စိတ်ထဲက ကျွန်တော်တို့ကို ပထမဆုံး စပစ်တာ ဘယ်သူလဲ' ဆိုတဲ့ မေးခွန်းနဲ့ 'နောက်ဆုံးပစ်လိုက်တာ ဘယ်သူလဲ' ဆိုတဲ့ မေးခွန်းတွေပါပဲ၊ အဲဒီတုန်းက အဲဒီမေးခွန်းနှစ်ခုကို မေးချင်လိုက်တာမှ လျှာကို ယားနေတာပဲ။ ဒါပေမဲ့ မင်နယယ်ဆိုတဲ့အကောင်ရဲ့ အတွင်းစိတ်ဓာတ်က ဘယ်လိုဆိုတာ မသိရတော့ ကျွန်တော့်အနေနဲ့ အဲဒီမေးခွန်းတွေရဲ့ အဖြေကို စိတ်ကူးနဲ့တောင် မှန်းပြီး ဖြေလို့မတတ်ပါဘူး။

ကဲလေ ... ဒါတွေ အသာထားပါတော့၊ ရှေ့ဆက်ပြီး ပြောပါ့မယ်။

အဲဒီလိုဖြစ်ပျက်ပြီး နောက်တစ်နေ့ကျတော့ ကျွန်တော်ဟာ ဗိုလ်ကြီးအော့တိုရဲ့ အမိန့်အရ ရက်ကလစ်ဆိုတဲ့ စခန်းကို ပြောင်းခဲ့ရပါတယ်။ အဲဒီ ရက်ကလစ်စခန်းဟာ မိုင် ၇၀ လောက်ဝေးပြီး အန်ခေးဆိုတဲ့ မြို့ကလေးနဲ့ မလှမ်းမကမ်းမှာ ရှိပါတယ်၊ အမှတ် ၁ လေကြောင်းချီ တပ်မရဲ့ အခြေစိုက်စခန်းပါပဲ။

ကျွန်တော်ဟာ အဲဒီအခြေစိုက် စခန်းရောက်ပြီး ကျွန်တော့်အတွက် တာဝန်အသစ်အနေနဲ့ ရဟတ်ယာဉ် စက်သေနတ်သမားအဖြစ် တာဝန်ယူဖို့ ဆိုင်ရာက အမိန့်ကို စောင့်နေခဲ့ရပါတယ်။ အဲဒီအမိန့်ကို ဗိုလ်ကြီး အော့တိုက ကျွန်တော် တပ်ပြောင်းတဲ့ စာရွက်စာတမ်းတွေနဲ့အတူ ရဟတ်ယာဉ်တပ်ဖွဲ့ အရာရှိဆီကတစ်ဆင့် ပို့ပေးဖို့ စီစဉ်ထားပါတယ်။ ဒီအတောအတွင်း ကျွန်တော့်ကို စခန်းတပ်မှူးက ယာယီတာဝန်တစ်ခု ချပေးပါတယ်။





အဲဒီတာဝန်က ဘာလဲဆိုတော့ အဆောက်အဦး ဆောက်တဲ့ တာဝန်ပါ၊ အဲဒီအချိန်က အမှတ် ၁ လေကြောင်းချီတပ်ရဲ့ အခြေစိုက်စခန်းမှာ အမေရိကန်တပ်သားပေါင်း နှစ်သောင်းနီးပါးလောက် ရှိလာတာမို့၊ ဒီတပ်သားတွေအတွက် အဆောက်အဦးတွေ ကမန်းကတန်း ပြီးအောင် ဆောက်နေကြရပါတယ်။ ကျွန်တော်ကလည်း နဂိုကတည်းက လက်သမားအလုပ်ကို ဝါသနာပါလေတော့ ဆောက်လုပ်ရေးဖက်ကို တာဝန်ချပေးလိုက်တာဟာ ကျွန်တော့်အတွက် အတော်နေရာကျပါတယ်၊ ဝမ်းလည်းသာပါတယ်။

ရက်ကလစ်စခန်းကို ပြောင်းလာရတာဟာ ကျွန်တော့်အတွက် လောလောဆယ် ကျွန်တော်ဝါသနာပါတဲ့ လက်သမားအလုပ်လုပ်ရလို့တောင် ဝမ်းသာတာ မဟုတ်ပါဘူး။ တခြား ပိုပြီး ဝမ်းသာမိတဲ့အကြောင်း ရှိပါသေးတယ်၊ အဲဒါကတော့ ကျွန်တော် အနိုင်အမာ ဆုံးဖြတ်ထားတဲ့ ဗီယက်နမ်မလေး မော်နဲ့ပတ်သက်ပြီး အမှန်တရားကို ဖော်ထုတ်ဖို့အတွက် ဟိုစခန်းမှာထက် ဒီစခန်းမှာ ပိုပြီး အခွင့်အလမ်း သာမယ်လို့ ယုံကြည်တဲ့အတွက်ပါပဲ။

ကျွန်တော် အရင်နေခဲ့ရတဲ့ စခန်းမှာက နေ့စဉ် နေ့တိုင်းလိုလို တိုက်ခိုက် ပစ်ခတ်နေခဲ့ရပြီး၊ အခု ဒီအခြေစိုက်စခန်းမှာတော့ ဒီလို တိုက်ရခိုက်ရ၊ ပစ်ရ ခတ်ရတဲ့ အလုပ်က မရှိသလောက်ပါပဲ။ နောက်ပြီးတော့ ဟိုစခန်းက တပ်စုကလေး တစ်ခုပဲရှိပြီး လူက အင်မတန် နည်းပါတယ်။ အခု ဒီမှာဆိုတော့ လူတွေက ထောင်နဲ့ သောင်းနဲ့ချီပြီး တပ်မကြီးတစ်ခုလုံး စခန်းချတဲ့ နေရာဆိုတော့ ကျွန်တော့်အတွက် ကူညီဆောင်ရွက်ပေးမယ့် လူကို ပိုပြီးရှာလို့ လွယ်လိမ့်မယ် ထင်ပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ရက်ကလစ်စခန်းကို ရောက်ရောက်ချင်းပဲ၊ ကျွန်တော့်ကိစ္စမှာ ကူညီနိုင်မယ့်လူကို ဘယ်လိုလူပဲဖြစ်ဖြစ် ဆိုပြီး ရှာတော့တာပါပဲ။

အဲဒီလို ရှာခဲ့တဲ့အတိုင်း ကျွန်တော်ရောက်ပြီး တနင်္ဂနွေနေ့ တစ်ပတ်လောက်အကြာမှာ မမျှော်လင့်ဘဲ တွေ့တော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ ညနေဘက်မှာ ကျွန်တော်နဲ့ တခြားရဲဘော်နှစ်ဆယ်လောက်ဟာ၊ စစ်တန်းလျားတစ်ခုကို ဆောက်နေကြရာက အလုပ်ချိန်စေ့သွားလို့ တစ်နေ့တာအတွက် အလုပ်သိမ်းဖို့ ပြင်ဆင်နေကြပါတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်တို့နဲ့ လုပ်ဖော်ကိုင်ဘက် ဘွိုက်ဆိုတဲ့ လက်သမားရဲဘော်ဟာ ကျွန်တော်တို့နားက အမှတ်တမဲ့ ဖြတ်သွားတဲ့ တရားဟောမွေဆရာတစ်ယောက်ကို လှမ်းနှုတ်ဆက်ပြီး သူနဲ့ စကားသွားပြောနေတာတွေ့ရပါတယ်။

အဲဒီ မွေဆရာဟာ ကျွန်တော်တို့ တပ်သားတွေအတွက် တပ်မဌာနချုပ်က သီးသန့်တာဝန်ပေးပြီး ခန့်ထားတဲ့ မွေဆရာပါ။ အရပ်က ခြောက်ပေလောက်၊ နှာခေါင်းရှည်ရှည်နဲ့ ဥပဓိရုပ် ကောင်းကောင်းပါပဲ၊ သူ့ပခုံးမှာလည်း ဗိုလ်ကြီးအဆင့် ဘားသုံးဘား တပ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင် လက်သမားဆရာ ဘွိုက်နဲ့ အဲဒီမွေဆရာတို့ စကားပြောနေကြတာကို ကြည့်ရခြင်းအားဖြင့် တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးနဲ့ လေးလေးစားစား ရှိကြတာကို ကျွန်တော်တို့ သတိထားမိပါတယ်။

ကျွန်တော်တို့ဟာ အရင့် အရင်တုန်းက အဲဒီမွေဆရာကို တစ်ခါမှ သတိထားပြီး မကြည့်မိပါဘူး။ နောက်ပြီးတော့ လက်သမားဆရာ ဘွိုက်နဲ့ ပတ်သက်လို့လည်း ထွေထွေထူးထူး သိပ်ပြီး မသိပါဘူး။ ဒီလူဟာ အာရိုဇိုးနားပြည်နယ်က "ကောင်းဘွိုင်" တစ်ယောက် ဆိုတာရယ်၊ အလုပ်ကို တစ်နေ့လုံး ကြိုးကြိုးစားစားနဲ့ မမောမပန်း လုပ်နိုင်တယ်ဆိုတာရယ်၊ စကားနည်းပြီး အေးအေးဆေးဆေး နေတတ်တယ် ဆိုတာရယ် ... ဒါလောက်ပဲ သိရပါတယ်။

ဒါပေမဲ့ အဲဒီနေ့က သူနဲ့ မွေဆရာနဲ့ စကားပြောနေကြတာကို အကဲခတ်ကြည့်ရင်းနဲ့ ကျွန်တော့်စိတ်ထဲမှာ ဒီလူဟာ ကျွန်တော့်အတွက် တစ်ဖက်တစ်လမ်းက အကူအညီပေးနိုင်လိမ့်မယ်လို့ တစ်ထစ်ချ မှတ်ယူလိုက်ပါတယ်။ တစ်ဆက်တည်း ဒီလူကတစ်ဆင့် မွေဆရာကို တွေ့ပြီး





ကျွန်တော့် ဆုံးဖြတ်ချက်အတိုင်း၊ ဗီယက်နမ်မလေး မော်ရဲ့ အမှုကို ဖော်ထုတ်ရရင် မုချ ဖြစ်နိုင်လိမ့်မယ်လို့လည်း အခိုင်အမာ ယုံကြည်မိပါတယ်။ သူတို့နှစ်ယောက် စကားပြောနေကြတဲ့ ဟန်အမူရာနဲ့ မျက်နှာအနေအထားတွေကို ကြည့်ရခြင်းအားဖြင့် ဒီမွေဆရာကတစ်ဆင့် ကြိုးစားရင် အထက်အမိန့်ကိုအောက်က အဆင့်ဆင့် နာခံနေရတဲ့ အချုပ်အနှောင်ဘဝက ကျွန်တော်မုချ လွတ်မြောက်နိုင်လိမ့်မယ်လို့ တစ်ထစ်ချ ယူဆမိပါတယ်။

တစ်ခု သတိရလို့ ပြောရဦးမယ်၊ ကျွန်တော်ဟာ ဒီအမှုကိစ္စနဲ့ ပတ်သက်လို့ မွေဆရာတစ်ယောက်ယောက်ကို ဖွင့်ပြီး တိုင်ပင်ဆွေးနွေးဖို့ တပ်စုမှူးရယ်လီကို တစ်ခါက ခွင့်တောင်းခဲ့ဖူးပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ရယ်လီက သဘောမတူတာနဲ့ ဒီအကြံဟာ အထမမြောက်ခဲ့ပါဘူး။ ဒီလို မွေဆရာတစ်ယောက်ကို ဖွင့်ပြီး တိုင်ပင်ဖို့ အကြံရတာကလည်း တခြားကြောင့် မဟုတ်ပါဘူး၊ ဗိုလ်ကြီးအော့တိုက 'အကြောင်းအကျိုးနဲ့ အကောင်းအဆိုးကို ခွဲခြားသိနိုင်ဖို့ ဆင်ခြင်တုံတရားဆိုတာ ရှိရမယ်' လို့ တစ်ခါက ပြောဖူးလို့ပါ။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကို မွေဆရာတစ်ယောက်ယောက်နဲ့ တိုင်ပင်ဆွေးနွေးတာဟာ လမ်းအမှန်ဆုံးပဲလို့ ကျွန်တော် ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမွေဆရာတွေဟာ၊ ဆင်ခြင်တုံတရား ရှိဖို့အတွက် အဓိကထားပြီး လူတွေကို ဟောပြော ဆုံးမနေကြတဲ့အတွက်ပါပဲ။ တကယ်တော့လည်း ဆင်ခြင်တုံတရားဆိုတာဟာ၊ ရိုးရိုး သာမန်ငြိမ်းချမ်းနေတဲ့ ကာလမှာရော စစ်ဖြစ်နေတဲ့ အချိန်မှာပါ လူတိုင်း လိုက်နာရမယ့် ကျင့်ဝတ်တစ်ခုပါပဲ။ ကျွန်တော်တို့ရဲ့ ခန္ဓာကိုယ်မှာ ခြေတွေလက်တွေရှိမှ အင်္ဂါစုံတယ်လို့ ပြောကြသလို၊ ဆင်ခြင်တုံတရားဟာလည်း ကျွန်တော်တို့ရဲ့အတွက် မရှိမဖြစ်တဲ့ အင်္ဂါရပ် တစ်ခုပါပဲ။

ဒီလိုနဲ့ ကျွန်တော်ဟာ အဲဒီအချိန်ကစပြီး စိတ်ဓာတ်တက်လာပါတယ်၊ စိတ်အားလည်း ထက်သန်လာပါတယ်။ ဒီလို စိတ်တက်ကြွမှုနဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အားထက်သန်မှုကြောင့် ဓမ္မဆရာကို အမြန်ဆုံး တွေ့ရအောင် ကြိုးစားမိပါတယ်၊ သူ့ကို တွေ့မှဖြစ်မယ်၊ သူကလွဲလို့ တခြားလူနဲ့ဆိုရင် ဖြစ်မှာမဟုတ်ဘူးလို့လည်း စိတ်ထဲက ယူဆနေမိပါတယ်။ နောက်ပြီးတော့ ဒီဓမ္မဆရာကို တွေ့ရဖို့ကလည်း လက်သမားဆရာ ဘိုက်ကတစ်ဆင့် ဆက်သွယ်မှဖြစ်မယ်လို့ ယုံကြည်မိပါတယ်။ အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ဒီကိစ္စအောင်မြင်ဖို့အတွက် ဒီတစ်နည်းပဲ ရှိတယ်ဆိုပြီး တခြားနည်းကိုတောင် မစဉ်းစားရဲလောက်အောင် ဖြစ်မိပါတယ်။

ဒါကြောင့်လည်း ကျွန်တော်ဟာ ဘိုက်နဲ့ တွေ့ဖို့ကိစ္စမှာ တော်တော်လေး သတိထားပြီး ကြိုးစားရပါတယ်။ ကျွန်တော့်စိတ်ထဲမှာ သူ့ဆီ တိုက်ရိုက်တန်းသွားပြီး ဒီအမှုကိစ္စကို တစ်ခါတည်း ပြောချလိုက်လို့ ဖြစ်မှဖြစ်ပါ့မလား ဆိုပြီး စိုးရိမ်မိပါတယ်။ ဒီလို ဆိုင်းမဆင့် ဗုံမဆင့် တစ်ခါတည်း ပြောချလိုက်ရင် ကျွန်တော်တို့ ဟိုအရင်တပ်ရက တပ်သားတွေလို ကျွန်တော့်အကြံအစည်ကိုများ ခါးခါးသီးသီး ငြင်းပစ်လိုက်လေမလား၊ ဒါမှမဟုတ် တခြား တပ်သားတွေလို ဘိုက်ဟာ တိုနီတို့ဘက်က ရှေ့နေများ လိုက်နေမှာလား စသည်ဖြင့်ပေါ့ဗျာ၊ စိုးရိမ်လို့ မဆုံးနိုင်အောင် ဖြစ်နေမိပါတယ်။

ဒီလိုနဲ့ ကျွန်တော်ဟာ နောက်ထပ် နှစ်ရက်လုံးလုံး စောင့်ပြီး ဘိုက်ရဲ့ စိတ်နေသဘောထားနဲ့ လုပ်ပုံကိုင်ပုံကို အကဲခတ် ကြည့်ခဲ့ပါတယ်။ ဒါဟာ တစ်နည်းအားဖြင့်တော့ ဒီကိစ္စအတွက် လုံခြုံမှုရှိအောင်လုပ်တဲ့ သဘောပါပဲ။ ဘိုက်ဟာ ကျွန်တော်ထင်တာထက် ပိုပြီး စိတ်ချရမှု အားကိုးရမှု ဖြစ်မယ်လို့ စိတ်ထဲက ယူဆမိပါတယ်။ တကယ်လို့ သူဟာ ကျွန်တော့်ကို ဓမ္မဆရာနဲ့ မိတ်ဆက်မပေးဘူးဆိုရင် ဘယ့်နဲ့လုပ်မလဲ၊ အဲဒီလိုဆိုရင် သူဟာ အနည်းဆုံး ဒီကိစ္စနဲ့ပတ်သက်ပြီး တခြားကို မပေါက်ကြားဘဲ ရေငုံနှုတ်ပိတ်နေမယ့် လူစားမျိုး ဟုတ်မဟုတ် သိထားဖို့လိုတယ် မဟုတ်လား။

ဒါ့ကြောင့် ကျွန်တော်ဟာ ဒီအတောအတွင်း လုပ်ဖော်ကိုင်ဘက်တွေဆီက တစ်ဖက်လှည့်နဲ့ သွယ်ဝိုက်ပြီး ဘိုက်အကြောင်းကို အမှတ်မထင်





သတင်းရနိုင်သမျှ ရအောင် "နှိုက်" ကြည့်ခဲ့ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော် တစ်ဖက်လှည့်နဲ့ စုံစမ်းတဲ့ လူတွေဟာ ကျွန်တော့်အပေါ်မှာလည်း သံသယ မဖြစ်အောင် ဘိုက်ကလည်း မရိပ်မိအောင် တတ်နိုင်သမျှ ပိပိရိရိ လုပ်ခဲ့ရပါတယ်။

ကျွန်တော် မှတ်မိပါသေးတယ်။ အဲဒီလို ဘိုက်အကြောင်း သိနိုင်သမျှ သိရအောင် လူတော်တော်များများဆီက "အစ်" နေတုန်း၊ တစ်ခါတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးအဖွဲ့ထဲက လူတစ်ယောက်နဲ့ မျက်နှာသစ်ရင်း မှတ်ဆိတ်ရိတ်ကြရင်းနဲ့ ဒီလူဟာ ဘိုက်အကြောင်း တော်တော်လေး သိပုံရတယ်ဆိုပြီး စကားစကြည့်မိပါတယ်။ ကျွန်တော့်အထင်နဲ့အမြင် ပါစင်အောင် လွဲတာပါပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလူဟာ အာရီဖိုးနားပြည်နယ်သား ဆိုတာတောင်မှ ကျွန်တော်ပြောပြလို့ သိရပြီး၊ သူက ကျွန်တော့်ကို ပြန်ပြောလိုက်ပါသေးတယ်၊ 'အော် ဟုတ်လား၊ ဒီလူက အာရီဇိုးနားကကိုး၊ အေးဗျာ၊ ကျွန်တော်ဖြင့် စစ်ကြီးပြီးရင် အဲဒီကို ပထမဆုံးသွားပြီး အေးအေးဆေးဆေး အနားယူဖို့တောင် စိတ်ကူးထားတယ်' လို့ အဲဒီလူက ပြန်ပြောလိုက်ပါသေးတယ်။

အဲဒီလို ကမောက်ကမလေးတွေ တစ်ခါနှစ်ခါလောက် တွေ့ရတာက လွဲလို့ ကျွန်တော် လေ့လာစုံစမ်းလို့ ရသလောက်ကတော့ ဘိုက်ဟာ အရာရာမှာ အလေးအနက် သဘောထားတတ်ပြီး တည်တည်တံ့တံ့နဲ့ လေးစားထိုက်တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် အသေအချာ သိလာရပါတယ်။

ဒါနဲ့ တစ်နေ့ကျတော့ ကျွန်တော်တို့ လက်သမားဆရာတွေ ညနေစာ စားအပြီး၊ ကျွန်တော်ဟာ ဘိုက်ကို အမှတ်တမဲ့ လမ်းလျှောက်ရအောင်ဆိုပြီး သူနဲ့ နှစ်ယောက်သား ထွက်လာခဲ့ကြပါတယ်။ လမ်းလျှောက်ထွက်လာရာမှာ သူနဲ့ကျွန်တော်နဲ့ နှစ်ယောက်ထဲပေမယ့် ကျွန်တော်ဟာ မော်နဲ့ပတ်သက်ပြီး ဖြစ်ခဲ့ပျက်ခဲ့သမျှကို အကုန်ပြောမပြသေးဘဲ တိုနီတို့လူစုက ကောင်မလေးကို ပြန်ပေးဆွဲပြီး မုဒိမ်းကျင့်ကြတာလောက်ပဲ ပြောပြပါတယ်။ သတ်ပစ်ကြတဲ့အထိ ပြောမပြပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဘွိုက်ဟာ ဒီလောက်ကြားရုံနဲ့ အဲဒီကိစ္စကို စိတ်ပါလက်ပါ ဂရုတစိုက် နားထောင်ပြီး နောက်ဆုံးကျတော့ ဒီကိစ္စနဲ့ပတ်သက်လို့ ဓမ္မဆရာနဲ့ တိုင်ပင်ကြည့်တာဟာ အကောင်းဆုံးပဲလို့ သူကိုယ်တိုင်က အကြံပေးလာပါတယ်။ ဒါနဲ့ ကျွန်တော်တို့နှစ်ယောက်ဟာ အဲဒီညက ဓမ္မဆရာနေတဲ့အိမ်ကို သုတ်သီးသုတ်ပျာနဲ့ ချက်ချင်း ရောက်သွားကြတာပါပဲ။

ဓမ္မဆရာအိမ် ရောက်တော့မှပဲ ကျွန်တော်ဟာ အဲဒီဆရာရဲ့ အမည်တွေ ဘာတွေ သိရပါတယ်၊ သူ့နာမည်က ကပ် လို့ခေါ်ပါတယ်။ အမေရိကန်ပြည်ထောင်စု အူတာပြည်နယ် အော့ဒင်မြို့ဇာတိပါ၊ တပ်ထဲမှာတော့ စောစောက ကျွန်တော်ပြောတဲ့အတိုင်း သူ့ရာထူးက မိုလ်ကြီးပါ။

အဲဒီညက ဓမ္မဆရာနဲ့ သူ့အိမ်မှာ ကျွန်တော်တို့ ဝိုင်းဖွဲ့ပြီး စကားပြောကြတော့ ည ဆယ်နာရီ ရှိနေပါပြီ။ သူနဲ့ စကားပြောရတာဟာ ကျွန်တော့်ရင်ထဲမှာ ကျွန်တော်နဲ့ အင်မတန် ရင်းနှီးတဲ့ မိတ်ဆွေ တပ်ကြပ်ကာလီနဲ့ ပြောရတာထက်တောင် လွတ်လွတ်လပ်လပ်ရှိတယ်လို့ ထင်မိပါတယ်။ ပြီးတော့ အေးအေးဆေးဆေးနဲ့ လေးလေးနက်နက် ရှိတယ်လို့လည်း စိတ်ထဲက ခံစားမိပါတယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် အဲဒီညက မဟာရားမှု အနှောင်အဖွဲ့က လွတ်မြောက်လာတဲ့ လူတစ်ယောက်လိုပဲ ခံစားမိပါတယ်။

ကျွန်တော်နဲ့ ဓမ္မဆရာနဲ့ စကားပြောနေတဲ့ တစ်ချိန်လုံး ဘွိုက်ဟာ အနားမှာ ရှိနေပါတယ်။ သူဟာ ကျွန်တော့်အတွက် အတော်ကြီးကို အကူအညီ ပေးရှာပါတယ်၊ စောစောက သူနဲ့ကျွန်တော်နဲ့ နှစ်ယောက်တည်း လမ်းလျှောက်လာတုန်းက သူ့ကို မော်အသတ်ခံရတဲ့အထိ ကျွန်တော် ပြောမပြခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ ဓမ္မဆရာ စကားပြောနေကြတဲ့ အချိန်မှာ သူ့ကို အကဲခတ်ရသလောက် သူဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး အားလုံး တစ်ခုမကျန် ပြောပြသင့်တဲ့ လူတစ်ယောက်ဆိုတာ ကျွန်တော် နားလည်လိုက်ပါတယ်။

ဓမ္မဆရာကလည်း ကျွန်တော်ပြောပြတဲ့ အဖြစ်အပျက်ကို တော်တော်





စိတ်ဝင်စားပါတယ်၊ ဂရုတစိုက်လည်း နားထောင်ပါတယ်။ ဒီအချိန်မှာ ကျွန်တော်နဲ့အတူ အနားမှာ ဘွိုက်ရှိနေတာဟာ တစ်မျိုးပိုပြီး ကောင်းသွားပါတယ်၊ သူရှိနေတဲ့အတွက် ကျွန်တော်ဟာ ဒီအဖြစ်အပျက်ကို ရိုးရိုးသားသားနဲ့ အမှန်အတိုင်း ပြောပြနေတယ်ဆိုတာ ပိုပြီး ထင်ရှားနေပါတယ်။

အဲဒီညက ဓမ္မဆရာဟာ ကျွန်တော်ပြောပြတဲ့ အဖြစ်အပျက်တစ်ခုလုံးကို စိတ်ဝင်စားတယ် ဆိုပေမယ့် တစ်ချိတစ်ချိမှာ သူ ဝင်ဝင်ပြီး ထောက်လိုက်တဲ့ မေးခွန်းတွေကြောင့် ကျွန်တော့်မှာ အဖြေရ ကြပ်သလိုလို ဖြစ်သွားမိပါတယ်။

နောက်မှ ကျွန်တော်သိရတာက ဓမ္မဆရာဟာ ဘုန်းကြီးမဝတ်ခင်က ဆော့လိပ်မြို့မှာ ရဲအဖွဲ့ဝင်တစ်ယောက်အဖြစ်နဲ့ ဆယ်နှစ်လောက်တောင် အမှုထမ်းခဲ့ဖူးတယ်လို့ သိရပါတယ်။

ဓမ္မဆရာဟာ အဲဒီညက ကျွန်တော်ပြောပြသမျှကို အလစ်မှာ အမှားစောင့်ဖမ်းတဲ့ သဘောမျိုးနဲ့ နားထောင်ခဲ့တယ်လို့ သူက နောက်တော့ ပြောပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့စိတ်ထဲမှာ ကျွန်တော်ဟာ မုဒိမ်းမှုကျူးလွန်တဲ့နေရာမှာ လုံးဝမပါဘူးဆိုတာကို တိတိကျကျ ခိုင်ခိုင်လုံလုံ သိချင်တဲ့အတွက်ပဲလို့ ဆိုပါတယ်။ ဒီအကြောင်းတွေကို အခုလို သူ့ကိုလာ ပြောပြနေတာဟာ၊ အမှုကျူးလွန်တုန်းက အတူတူပါပြီး အခုမှ ကျွန်တော်ဟာ အစိုးရသက်သေအဖြစ်နဲ့ ဖော်ကောင်လုပ်ပြီး သေဒဏ်မကျအောင် တစ်ဖက်လှည့်နဲ့ ကိုယ်လွတ်ရုန်းသွားတဲ့ သဘောမျိုးများလား ဆိုပြီး ဓမ္မဆရာက ကျွန်တော့်စကားထဲမှာ အမှားစောင့်ဖမ်းတဲ့ သဘောပါပဲ။

ဒါကြောင့်မို့ သူဟာ ကျွန်တော်ပြောနေတဲ့ကြားထဲက ခဏခဏ ဝင်ဝင်ပြီး မေးခွန်းတွေ မေးပါတယ်။ အထူးသဖြင့် သူ့စိတ်ထဲမှာ ရှေ့စကားနဲ့ နောက်စကား မညီဘူးလို့ ထင်ရတဲ့ နေရာတွေမှန်သမျှ ထပ်ထပ်ပြီး အသေးစိတ် ပြန်မေးပါတယ်။ နောက်ဆုံးကျတော့မှ ကျွန်တော်ဟာ ခေါ်ဆိုတဲ့ ဗီယက်နမ်မလေးရဲ့ အသက်ကို ကယ်ချင်ပေမယ့် ဘယ်လိုမှ မတတ်နိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ပိုက်ကြည့်ခဲ့ရတယ်။ ဒီလို လက်ပိုက်ကြည့်နေရတာကို မခံမရပ်နိုင်လွန်းလို့ သူ့ဆီကို အခုလိုလာပြီး အမှန်အတိုင်း တင်ပြဆွေးနွေးတယ်ဆိုတာ မမွှဆရာဟာ ကောင်းကောင်းကြီး သဘောပေါက်သွားပါတယ်။

***

## ကနေဒီအလောင်းကို ခွဲစိတ်ခဲ့ရသူ

အဲဒီညက ကျွန်တော်ဟာ မမွှဆရာကို တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ဖြစ်ပျက်ခဲ့သမျှ တစ်ခုမကျန် ပြန်ပြောပြလိုက်တာ ည ၁၂ နာရီ ထိုးမှပဲ စာတ်လမ်းဆုံးပါတယ်။

နောက်ဆုံးကျတော့မှ ကျွန်တော်ဟာ အခုလို အမှန်တရားကို ဖော်ထုတ်ချင်တဲ့ဆန္ဒနဲ့ မမွှဆရာကို လာပြီး တိုင်ပင်ဆွေးနွေးတယ်ဆိုတာ ပေါက်ကြားသွားရင် ကျွန်တော့်အတွက် 'အသက်အန္တရာယ်တောင် စိုးရိမ်ရပါတယ်' လို့ သူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်ပါတယ်။ ကျွန်တော်ပြောတာကို သူလည်း ကောင်းကောင်းကြီး သဘောပေါက်ပါတယ်။ သူကတောင် ကျွန်တော့်ကို ပြန်ပြောပါသေးတယ်၊ 'ဟုတ်ပါတယ်' တဲ့ 'မင်းအနေနဲ့ ဒီလို စိုးရိမ်စရာပါပဲ' တဲ့၊ 'အထူးသဖြင့် အခု မင်းတို့ ငါတို့ တိုက်နေရတဲ့ တောင်ဗီယက်နမ်စစ်ပွဲမျိုးမှာ ပိုပြီး စိုးရိမ်ရတာပေါ့' တဲ့၊ 'ဒီလိုစစ်ပွဲမျိုး၊ ဒီလိုနေရာမျိုးမှာ ငါတို့ စစ်သားတစ်ယောက်ဟာ စစ်မြေပြင်မှာဖြစ်ဖြစ်၊ စစ်မြေပြင် မဟုတ်တဲ့နေရာမှာ ဖြစ်ဖြစ်၊ ဘယ်အရပ်က ဘယ်သူပစ်လိုက်မှန်း မသိရတဲ့ ကျည်ဆန်နဲ့ သေခဲ့ရတာဟာ မဆန်းတော့ပါဘူး၊ ရိုးနေပါပြီ' တဲ့။

ဖူးပွင့်ဝေဝေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေ့ဆရာက ပြောပါသေးတယ်။ 'အခု တောင်ဗီယက်နမ်မှာ တို့အမေရိကန်စစ်သားတွေ ထောင်နဲ့သောင်းနဲ့ချီပြီး ရှိနေတဲ့အတွက်၊ မင်းပြောတဲ့ တိုနီတို့လို ကောင်တွေက မရေမတွက်နိုင်အောင် ပါနေတာပဲ၊ အဲဒီလိုကောင်တွေအနေနဲ့ ဒီအမှုမျိုးမှာ မင်းကို အရေးကြီးတဲ့ အစိုးရသက်သေအဖြစ် မပါအောင် လုပ်ချင်ရင် အလွယ်လေးပါ။ သူတို့လက်ထဲမှာ အမ် ၁၆ ရိုင်ဖယ် အမြဲကိုင်ထားတာပဲ' တဲ့၊ မေ့ဆရာက ဒီအတိုင်းပဲ ပွင့်ပွင့်လင်းလင်း ပြောပါတယ်။

မေ့ဆရာဟာ သူ့ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောသလို ကျွန်တော့်သဘောထားကိုလည်း ပွင့်ပွင့်လင်းလင်းနဲ့ ဘွင်းဘွင်းပဲ မေးပါတယ်။ အထူးသဖြင့် ကျွန်တော်ဟာ ဒီအမှုကို 'ရေဆုံးမြေဆုံး' လိုက်ဖို့ ဆုံးဖြတ်ပြီးပြီလား၊ ဒီကြားထဲမှာ တွေ့ရမယ့် အခက်အခဲတွေ၊ အနှောင့်အယှက်တွေကို ခံနိုင်ရည်ရှိပါ့မလား၊ တကယ်လို့ ခုံရုံးရောက်ရင် ဟိုဖက်က ရှေ့နေတွေရဲ့ ကမောက်ကမနဲ့ ချောက်ကျမဲ့ မေးခွန်းတွေကို စိတ်ရှည်ရှည်နဲ့ ဖြေနိုင်ပါ့မလား၊ ဒီထက်ပိုပြီး အရေးကြီးတာက အစိုးရသက်သေအဖြစ်နဲ့ ခဏခဏ ရုံးထွက်ရတဲ့အခါ တစ်ယောက်ယောက်က တစ်နေ့နေ့မှာ ရန်ရှာနိုင်တယ်ဆိုတာကော သတိပြုမိရဲ့လား စသည်ဖြင့်ပေါ့ဗျာ၊ အဖက်ဖက်က တွေ့ကြုံရမယ့် အခက်အခဲတွေ ရင်ဆိုင်ရမယ့် အကျပ်အတည်းတွေကို တစ်ခုပြီးတစ်ခု ပြောရင်းနဲ့ မေးခွန်းထုတ်ပါတယ်။

ဒီနေရာမှာ ဗိုလ်ကြီးအော့တိုနဲ့ မေ့ဆရာနဲ့ ကွာတာ ရှိပါတယ်။ ကျွန်တော်နဲ့ ဗိုလ်ကြီးအော့တိုနဲ့ တွေ့တုန်းကလည်း ဒီလို အခက်အခဲ အကြပ်အတည်းတွေကို ဗိုလ်ကြီးကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါပဲ။ ဒါပေမဲ့ အဲဒီတုန်းက ဗိုလ်ကြီးအော့တို ပြောပုံက ဒီအမှုကို လူသိရှင်ကြား မဖြစ်အောင် ဖုံးတဲ့ ဖိတဲ့သဘောတွေ၊ ဒီအမှုကို ခုံရုံးမတင်ဖြစ်အောင် ကျွန်တော့်ကို ခြိမ်းခြောက်တဲ့သဘောတွေ အများကြီးပါတယ်လို့ ကျွန်တော် သိရပါတယ်။





အခု မေ့ဆရာ ပြောပုံကတော့ ဒီသဘောမျိုး မဟုတ်ပါဘူး၊ ဒီအမှုကို ဖုံးချင်ဖိချင်တဲ့သဘော၊ ကျွန်တော့်ကို ကြောက်အောင် ခြောက်တဲ့သဘောမျိုးတွေ လုံးဝ မပါပါဘူး၊ သူ ပြောတာတွေက ရိုးရိုးသားသား ရှိသလောက် ကျွန်တော့် သဘောထားကို တိတိကျကျ သိချင်လို့ ပွင့်ပွင့်လင်းလင်း မေးမြန်းစုံစမ်းတဲ့ သဘောလို့ ကျွန်တော် ခံယူမိပါတယ်။ ဥပမာပြောရရင်၊ အခိုင်အမာ တပ်စွဲထားတဲ့ ရန်သူ့စခန်းတစ်ခုကို အလစ်ဝင်ပြီး ဖျက်ဆီးပစ်ရမယ့် အသေခံတပ်ဖွဲ့မှာ တပ်မှူးလုပ်တဲ့လူက သူ့တပ်သားတစ်ယောက်ကို 'ဒီကောင် တကယ်အသေခံရဲတဲ့ သတ္တိရှိရဲ့လား၊ စိတ်ဓာတ် ခိုင်မာရဲ့လား၊ ရန်သူကို တကယ် အပြတ်အသတ် တိုက်မယ့်ကောင်လား' ဆိုတာ စုံစမ်းကြည့်တဲ့သဘော၊ စစ်ဆေးကြည့်တဲ့သဘောမျိုးပါပဲ။

ဒါနဲ့ နောက်ဆုံးကျတော့ ဒီအမှုနဲ့ ပတ်သက်ပြီး၊ ကျွန်တော်ဟာ ဘယ်လိုအခက်အခဲနဲ့တွေ့တွေ့၊ ဘယ်လို အကျပ်အတည်းနဲ့ပဲ ရင်ဆိုင်ရရင်ဆိုင်ရ အမှန်တရားဘက်က ခိုင်ခိုင်မာမာ ရပ်တည်ဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ မေ့ဆရာ ကောင်းကောင်းကြီး သဘောပေါက်သွားပါတယ်၊ လက်လည်း လက်ခံသွားပါတယ်။

အဲဒီလို သဘောပေါက်လို့ လက်လည်း လက်ခံလိုက်ရော၊ မေ့ဆရာဟာ အဲဒီညက ကျွန်တော်တို့နဲ့ စကားပြောရာက ချက်ချင်းထပြီး တယ်လီဖုန်း ကောက်ဆက်တော့တာပါပဲ၊ သူဆက်တဲ့ဌာနက စီအိုင်ဒီ (CID)လို့ခေါ်တဲ့ "ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေး" (Criminal Investgation Division) အဖွဲ့ဆိုတာ သိရပါတယ်။ ဒါပေမဲ့ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ဘယ်လောက်အ,ပြီး ဘယ်လောက်တောကျသလဲဆိုတော့ ကျွန်တော်တို့ အမေရိကန်စစ်တပ်မှာ အဲဒီစီအိုင်ဒီဆိုတဲ့ "ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးအဖွဲ့" ရှိတယ်ဆိုတာ အရင်က သိလည်းမသိဘူး၊ လုံးဝ ကြားလည်း မကြားဖူးဘူး။

ဒါနဲ့ အဲဒီလို ဖုံးဆက်ပြီးနောက် ဆယ်မိနစ်လောက်လည်း ကြာရော



www.burmeseclassic.com

www.burmeseclassic.com



အဲဒီဌာနက စုံစမ်းစစ်ဆေးရေး အရာရှိနှစ်ယောက် ကျွန်တော်တို့ရှိရာ ဓမ္မဆရာအိမ်ကို ပေါက်ချလာပါပဲ။

သူတို့ရောက်လာပြီး ဓမ္မဆရာရဲ့ အစီအစဉ်အရ ကျွန်တော်ဟာ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ဗီယက်နမ်မလေးတစ်ယောက် မတရားကျင့်ခံရပြီး၊ အသတ်ခံရတဲ့ အမှုကို ပထမဆုံး တရားဝင်တိုင်ချက် ဖွင့်ရပါတယ်။ အဲဒီ ပထမတိုင်ချက်ကတော့ တိုတိုတုတ်တုတ်ပါပဲ၊ ကျွန်တော် မှတ်မိသလောက် တရားဝင် ကျွန်တော် ရေးလိုက်တဲ့ တိုင်ချက်ထဲမှာ ဘယ်နေ့ ဘယ်ရက်က ဘယ်နေရာမှာ ဘယ်လိုဖြစ်ခဲ့တယ်။ ဒီအမှု ကျူးလွန်ရာမှာ ဘယ်သူတွေ ပါပါတယ်ဆိုတာနဲ့ 'ဒီအမှုအတွက် ကျွန်တော်ဟာ ဒီနေ့အထိ တအုံနွေးနွေးနဲ့ စိတ်မချမ်းမသာ ဖြစ်ခဲ့ရလို့၊ နောက်ဆုံး ဒီနေ့ ဒီရက် ဒီည ဒီအချိန်မှာ ဓမ္မဆရာ ဗိုလ်ကြီး ကပ်ဆီကို လာပြီး ဖွင့်ပြောပါတယ်။ နောက်ဆုံး သူနဲ့တိုင်ပင်ပြီး အခုလို တိုင်ချက်ဖွင့်ရခြင်း ဖြစ်ပါတယ်' ဆိုတာလောက်ပါပဲ။

စီအိုင်ဒီအဖွဲ့ဝင်နှစ်ယောက်ကလည်း ကျွန်တော့် တိုင်ချက်ကို လက်ခံပြီး၊ ကျွန်တော့်ကို မေးခွန်းတချို့ မေးပါတယ်၊ သူတို့ကြည့်ရတာ ဒီအမှုနဲ့ ပတ်သက်လို့ ဘာမှ ထူးထူးခြားခြား ဖြစ်ပုံမရပါဘူး၊ အံ့ဩတဲ့ လက္ခဏာလည်း မတွေ့ရပါဘူး၊ သာမန် ရိုးရိုးပဲ အေးအေးဆေးဆေးနဲ့ မေးရိုးမေးစဉ် အတိုင်း မေးကြတာပါပဲ၊ သူတို့ တာဝန်ရှိသလောက် ဆောင်ရွက်ကြတဲ့ သဘောမျိုးပါပဲ။

ဒါနဲ့ သူတို့နှစ်ယောက်လည်း ကျွန်တော့်တိုင်ချက်ကို လက်ခံပြီး မေးစရာရှိတဲ့ မေးခွန်းတချို့ မေးပြီး ချက်ချင်းပဲ ပြန်ထွက်သွားကြပါတယ်။

ကျွန်တော်တို့လည်း ဓမ္မဆရာအိမ်က ပြန်ခဲ့ကြပါတယ်။

အဲ ...နောက်တစ်နေ့မနက်လည်းကျရော ကျွန်တော်လည်း အချုပ်ခန်းထဲ ရောက်သွားတာပါပဲ။

ကျွန်တော့်ကို အချုပ်ခန်းထဲ မထည့်ခင် စီအိုင်ဒီ အရာရှိတွေက





ပြောပါသေးတယ်။ 'ဒါ မင်းကို ဖမ်းချုပ်တာ မဟုတ်ဘူး' တဲ့ 'အဲဒီအမှုနဲ့ ပတ်သက်လို့ မင်းမှာ တစ်ခုခု အန္တရာယ်ဖြစ်မှာစိုးတဲ့အတွက် လုံခြုံအောင် ခေါ်ထားရတာ' တဲ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော် အချုပ်ခန်းထဲ ဝင်ခဲ့ရတာတော့ အမှန်ပါ၊ ကျွန်တော့် စိတ်ထဲကတော့ တွေးမိပါတယ် 'အင်း ...တိုက်ပွဲတော့ စပြီ' လို့။

ဒါပေမဲ့ ကျွန်တော်ဟာ အချုပ်ခန်းထဲမှာ ကြာကြာမနေလိုက်ရပါဘူး။ နှစ်နာရီ သုံးနာရီလောက်နေတော့ ကျွန်တော့်ကို အချုပ်က ပြန်လွှတ်လိုက်ပါတယ်။

ကျွန်တော့် အခြေအနေကလည်း အဲဒီအချိန်ကစပြီး ပြောင်းလာပြီလို့ ဆိုရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအမှုနဲ့ ပတ်သက်ပြီး စောစောပိုင်းကဆိုရင် ကျွန်တော် တစ်ယောက်ထဲ လိုလိုပဲ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အခု ကျွန်တော့်ဘက်က ဆောင်ရွက်ပေးမယ့်လူတွေ ပေါ်လာပါပြီ။

အမှန်ကတော့ ဒီအမှုနဲ့ ပတ်သက်လို့ သက်ဆိုင်ရာကို ပထမ တိုင်ချက်ဖွင့်ပြီးတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီအမှုဟာ တကယ့်အမှုမှန် ဟုတ် မဟုတ် စုံစမ်းဖို့ လိုပါသေးတယ်။ အဲဒီတော့ တရားဥပဒေ အုပ်စိုးရေးရဲ့ အကိုင်းအခက်တစ်ခုဖြစ်တဲ့ စီအိုင်ဒီတပ်ဖွဲ့ဟာ ဒီအမှုနဲ့ ပတ်သက်ပြီး လိုအပ်တဲ့ သက်သေ အထောက်အထားတွေ အချက်အလက်တွေကို စုဆောင်းရ မေးမြန်းရပါသေးတယ်။ အဲဒီလို အချက်အလက် အထောက်အထားတွေ စုဆောင်းမေးမြန်း စုံစမ်းကြတာဟာ ကျွန်တော့် ရည်မှန်းချက်ကို အကောင်အထည် ဖော်တာပါပဲ၊ တစ်နည်းအားဖြင့် ကျွန်တော့်အတွက် ဘက်တော်သားတွေ များလာတဲ့သဘောပါပဲ။

ဒီလိုနဲ့ ဗီယက်နမ်မလေး မော် အသတ်ခံရတဲ့အမှုနဲ့ ပတ်သက်ပြီး စုံစမ်းထောက်လှမ်းရေးဟာ သက်ဝင် လှုပ်ရှားလာခဲ့ပါတယ်။

ကျွန်တော်ကိုယ်တိုင်လည်း စီအိုင်ဒီတပ်ဖွဲ့က ပါရဂူတွေရဲ့ မေးမြန်း စုံစမ်းတာကို အကြိမ်ကြိမ် ခံခဲ့ရပါတယ်။ အဲဒီ ပါရဂူတွေထဲမှာ ထောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းရေး ပါရဂူတွေ၊ တရားဥပဒေ ပါရဂူတွေ၊ လက်နက်ဘက်ဆိုင်ရာ ပါရဂူတွေ၊ ဆေးဘက်ဆိုင်ရာ ပါရဂူတွေနဲ့ ကျည်ဆန်ဘက်ဆိုင်ရာ ပါရဂူတွေပါ မျိုးစုံပါပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်ဟာ ဒီအမှုနဲ့ပတ်သက်လို့ ပထမ တိုင်ချက်ဖွင့်တဲ့လူ ဖြစ်နေတဲ့အတွက် ကျွန်တော့်ကို အရင်တာဝန်ကျတဲ့နေရာမှာ မထားတော့ဘဲ တာဝန်ပြောင်းပေးခဲ့ပါတယ်။ ကျွန်တော်ဟာ တရားဥပဒေ စိုးမိုးရေးအဖွဲ့ဖြစ်တဲ့ စီအိုင်ဒီနဲ့ ဆက်သွယ်နေတဲ့အတွက် ကျွန်တော့်ကို ရက်ကလစ်စခန်းမှာရှိတဲ့ အမှတ် ၅၄၅ တပ်ထိန်းအဖွဲ့ကို ပြောင်းပြီး တာဝန်ချပေးလိုက်ပါတယ်။

အဲဒီတော့ ကျွန်တော့်တာဝန်ဟာ အရင်နဲ့ လုံးဝမတူတော့ဘဲ အခု ဆိုရင် တပ်ထိန်းယူနီဖောင်းဝတ်ပြီး အရေးကြီးတဲ့ အထက်အရာရှိကြီးတွေကို စောင့်ကြပ်ရတဲ့တာဝန်မျိုး၊ အရေးကြီးတဲ့ အဆောက်အဦးတွေမှာ ဂိတ်စောင့်ရတဲ့ တာဝန်မျိုးတွေ ယူခဲ့ရပါတယ်။ တစ်ခါတစ်ခါတော့လည်း ကျွန်တော်တို့ အခြေစိုက်စခန်း ပတ်လည်မှာ ဗီယက်ကောင်းတွေရဲ့ လှုပ်ရှားမှု အရိပ်အရောင်တွေ ရှိ မရှိ လှည့်ပြီး စစ်ဆေးရပါတယ်။ တစ်ခါတစ်ရံ ညနေဘက် ၄ နာရီလောက် တပ်ထိန်းဘတ်စ်ကားပေါ်တက်ပြီး နှစ်မိုင်လောက်ဝေးတဲ့ အန်ခေးမြို့ကို တာဝန်နဲ့ လိုက်သွားရပါတယ်။ အန်ခေးမြို့ဟာ အရက်ဆိုင်တွေ၊ ဘီန်းခန်းတွေ၊ ဆေးခြောက်ရောင်းတဲ့ ဆိုင်တွေနဲ့ "ကြက်" တွေ သိပ်ပေါလွန်းလို့ ကျွန်တော်တို့ စစ်သားတွေက အဲဒီမြို့ကို 'ဒုစရိုက်မြို့တော်' လို့ ခေါ်ကြပါတယ်။ အန်ခေးမြို့ကို "ဒုစရိုက်မြို့တော်" လို့ ခေါ်ကြသလို ကျွန်တော်တို့ တပ်ထိန်းအဖွဲ့က ဘတ်စ်ကားကြီးကိုလည်း "ခိုးသမား ယာဉ်ရထား" လို့ ပြောင်ပြီး ခေါ်ကြပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်တို့ တပ်ထိန်းတွေဟာ "ဒုစရိုက်မြို့တော်" က အရက်ဆိုင်တွေမှာ အလွန်အကျွံမူးပြီး အောက်ခြေလွတ်နေကြတဲ့ ဖိုးငနဲစစ်သားတွေကို တစ်ပြုံကြီး ဖမ်းပြီး အဲဒီဘတ်စ်ကားကြီးနဲ့ နေတိုင်း သယ်လာရလို့ပါပဲ။





ကျွန်တော်ဟာ မူလက ဒီအခြေစိုက်စခန်းမှာ ရဟတ်ယာဉ်ပေါ် လိုက်ပြီး စက်သေနတ်ပစ်ရတဲ့ တာဝန်ယူဖို့ ရှိပါတယ်။ ဒါပေမဲ့ ဒီအမှုကို တိုင်ချက်ဖွင့်ပြီးတဲ့နောက်တော့ စီအိုင်ဒီအဖွဲ့က ကျွန်တော့်ကို ဒီတာဝန် ယူဖို့ ခွင့်မပြုတော့ပါဘူး။ ဒါ့ကြောင့် ကျွန်တော်ရဲ့ တပ်ပြောင်းတဲ့ စာရွက်တွေပေါ်မှာ ဖောက်စက်နဲ့ အပေါက်ကလေးတစ်ခု ဖောက်ထားပါတယ်၊ အဓိပ္ပာယ်ကတော့ ဒီစာရွက်ပိုင်ရှင်စစ်သားဟာ သူတို့စီအိုင်ဒီရဲ့ အုပ်ချုပ်မှု အောက်မှာ ရှိတယ်။ ဒီစစ်သားကို စီအိုင်ဒီ သဘောမတူဘဲ ဘာတာဝန်မှ မပေးရဘူးဆိုတဲ့ သဘောပါပဲ၊ ကျွန်တော့်ကိုလည်း သူတို့က ပြောင်ဖွင့် ပြောပါတယ် 'ရဟတ်ယာဉ် စက်သေနတ်သမားအဖြစ်နဲ့ လိုက်ရတာ အန္တရာယ်သိပ်များတယ်' တဲ့ 'မင်းဟာ အစိုးရသက်သေအဖြစ်နဲ့ အစစ်ခံ စရာ ရှိနေသေးတဲ့အတွက် မင့်ကို အသေမခံနိုင်သေးဘူးလို့' ပြောပါတယ်။

ကျွန်တော့်ကို အချုပ်ထဲထည့်တဲ့နေ့က နှစ်နာရီ သုံးနာရီလောက် ကြာတော့ တပ်ထိန်းနှစ်ယောက်က အချုပ်ခန်းကို လာဖွင့်ပြီး တပ်ထိန်း အရာရှိချုပ်ဆီ ခေါ်သွားပါတယ်။ ဟိုကျတော့ ကျွန်တော့်ကို ထပ်ပြီးတော့ စစ်ဆေးပါတယ်။

ထုံးစံအတိုင်း စီအိုင်ဒီနဲ့ တပ်ထိန်းအဖွဲ့က ဒီအမှုမှာ ကျွန်တော့် ကိုပါ မသင်္ကာကြပါဘူး။ စီအိုင်ဒီကဆိုရင် ကျွန်တော့်ကို ဒီအကြောင်း ဖွင့်ပြောပါတယ်။ ဒါပေမယ့် သူတို့က ကျွန်တော့်အတွက် တရားဥပဒေအရ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကိုလည်း ပြောပြပါတယ်။ အဲဒီ အခွင့် အရေးတွေထဲမှာ တကယ်လို့ ကျွန်တော်ဟာ သူတို့မေးတဲ့ မေးခွန်းတွေထဲက မဖြေဘဲ နေချင်တဲ့ မေးခွန်းကို လုံးဝမဖြေဘဲ နေနိုင်တယ်ဆိုတာကိုလည်း ပြောကြပါတယ်။ ဒီအခွင့်အရေးဟာ ကျွန်တော်တို့ အမေရိကန် ပြည်ထောင်စု ရဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထဲမှာကို အတိအလင်း ပြဋ္ဌာန်းထားပြီး ပြည်ထောင်စုသားတိုင်း ဒီအခွင့်အရေးကို ခံစားခွင့်ရှိတယ်လို့ သိရပါတယ်။

အဲဒီလို တပ်ထိန်းအဖွဲ့နဲ့ စီအိုင်ဒီတပ်ဖွဲ့က ကျွန်တော့်ကို မေးခွန်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အမျိုးမျိုးမေးပြီးလို့ အားရကျေနပ်တဲ့အခါကျတော့မှ စီအိုင်ဒီရဲ့ ညွှန်ကြားချက်အရ ကျွန်တော်ဟာ မှုခင်းဖြစ်ပွားရာ တောင်ကုန်းအမှတ် ၁၉၂ ကို လိုက်ပြဖို့ စီစဉ်ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အစစ်ခံတဲ့အထဲမှာ ဗီယက်နမ်မလေး မော်ရဲ့အလောင်းဟာ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ခုထက်ထိ ရှိနေပါလိမ့်မယ်လို့ ပါထားတာကိုး။

ဒါနဲ့ ဒီဇင်ဘာလ ၉ ရက်နေ့ မနက်စောစောမှာ ကျွန်တော်နဲ့အတူ ထိပ်တန်းအရာရှိကြီးတွေပါတဲ့ အဖွဲ့တစ်ဖွဲ့ဟာ တောင်ကုန်းအမှတ် ၁၉၂ ရှိရာကို ထွက်လာခဲ့ကြပါတယ်။ ကျွန်တော်တို့အဖွဲ့နဲ့အတူ တိုက်ခိုက်ရေး တပ်စိတ် တစ်စိတ်လည်း လက်နက် အပြည့်အစုံနဲ့ ပါလာပါတယ်။ တကယ်လို့ လမ်းမှာ ဗီယက်ကောင်းတွေက အလစ်ချောင်းတိုက်ရင် ပြန်ခုခံနိုင်အောင်ဆိုပြီး တိုက်ခိုက်ရေး တပ်စိတ်တစ်စိတ်ကို ခေါ်လာတာပါပဲ။

အဲဒီတပ်စိတ်အပြင် ကျွန်တော်နဲ့ပါလာတဲ့ အရာရှိတွေကတော့ ဗိုလ်မှူးကြီးတစ်ယောက်၊ ဗိုလ်မှူးတစ်ယောက်နဲ့ စီအိုင်ဒီအဖွဲ့ဝင်တွေပါပဲ၊ ဗိုလ်မှူး ကြီးက ကျွန်တော်တို့အဖွဲ့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့ လိုက်လာတာပါ၊ စီအိုင်ဒီ အဖွဲ့ဝင်တွေထဲမှာတော့ ဓာတ်ခွဲဆရာတွေ လက်နက် ပါရဂူတွေနဲ့ ကျည်ဆန် အမျိုးမျိုး နားလည်ကျွမ်းကျင်တဲ့ ပါရဂူတွေလည်း ပါပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ အဲဒီနေ့က မနက်စောစော အန်ခေးမြို့က နေပြီး လေယာဉ်နဲ့ စခန်းတစ်ခုကို ပျံလာခဲ့ကြပါတယ်။ အဲဒီစခန်းဟာ ဗိုလ်ကြီး အော့တိုရဲ့ တပ်ခွဲဌာနချုပ်နဲ့ သိပ်မဝေးလှပါဘူး၊ အဲဒီစခန်းကို ရောက်တော့ ဗိုလ်ကြီး အော့တိုကိုယ်တိုင် ကျွန်တော်တို့အဖွဲ့နဲ့ လာတွေ့ပြီး သူပါ အဖွဲ့ဝင်တစ်ယောက်အဖြစ်နဲ့ လိုက်လာပါတယ်။

ဗိုလ်ကြီးအော့တိုဟာ အဲဒီနေ့က ကျွန်တော့်ကို တွေ့ပေမယ့် နှုတ်မဆက်ပါဘူး၊ စကားလည်း မပြောပါဘူး။ ဒါပေမဲ့ သူဟာ ဒီအဖွဲ့ ရောက်လာမယ်ဆိုတာရော၊ ကျွန်တော် ပါလာမယ် ဆိုတာရော၊ နောက်ပြီးတော့ သူကိုယ်တိုင် ဒီအဖွဲ့နဲ့ လိုက်ရမယ်ဆိုတာပါ ကြိုတင်ပြီး အကြောင်းကြားထား





လို့ သိနေပုံရပါတယ်၊ သူ့ကြည့်ရတာ သိပ်ပြီး အံ့သြတဲ့ လက္ခဏာ မတွေ့ရပါဘူး။

ကျွန်တော်တို့အဖွဲ့ဟာ အဲဒီလေယာဉ်ဆိုက်တဲ့ စခန်းကနေပြီး တောင်ကုန်း အမှတ် ၁၉၂ ကို ခြေကျင် ချီတက်ခဲ့ကြရပါတယ်။ တောင်ကြားတွေ လျှိုတွေ မြောင်တွေကို ဖြတ်ပြီး၊ ၆ နာရီလုံးလုံး တော်တော်လေး ခဲခဲယဉ်းယဉ်းနဲ့ လာခဲ့ကြရပါတယ်။ ကျွန်တော်တို့ အဖွဲ့ဝင်တွေထဲက တော်တော်များများဟာ ဒီလိုခရီးကြမ်းမျိုးကို တစ်ခါမှ မသွားဘူးလို့လား မပြောတတ်ဘူး၊ တောင်ကုန်းအမှတ် ၁၉၂ ရဲ့ တောင်ထိပ်ကို ရောက်တဲ့အခါကျတော့ သူတို့တွေဟာ ခြေကုန်လက်ပန်းကျပြီး မတ်တတ်က လဲတော့မလိုတောင် ဖြစ်နေတာ တွေ့ရပါတယ်။

ကျွန်တော်လည်း တောင်ထိပ်ပေါ် ရောက်ရောက်ခြင်း ပတ်ဝန်းကျင် မြေအနေအထားနဲ့ ရှုမျှော်ခင်းတွေကို သတိထားပြီး ကြည့်လိုက်မိပါတယ်၊ အထူးသဖြင့် ဗီယက်နမ်မလေး မော်ကို တိုနီတို့ လူစုက သတ်ပစ်ခဲ့ကြတဲ့ ကျောက်ဆောင်ကြီးရှိရာကို ဂရုစိုက်ပြီး ရှာကြည့်ပါတယ်။

အဲဒီမှာ တစ်ခုထူးခြားတာက တိုနီတို့ တပ်စိတ်နဲ့ ဒီတောင်ထိပ်ကို ကျွန်တော်ရောက်တုန်းက မော်အသတ်ခံရတဲ့ နေရာမှာရှိတဲ့ ကျောက်ဆောင်ကြီးဟာ တစ်ခုထဲလို့ ထင်ရပေမယ့် အခုတစ်ခေါက် သေသေချာချာ ကြည့်လိုက်တော့ အဲဒီနေရာမှာ အဲဒီပုံစံမျိုးနဲ့ ကျောက်ဆောင်ကြီးနှစ်ခု ရှိနေတာကို တွေ့ရပါတယ်၊ ပိုပြီး ကျွန်တော့်စိတ်ထဲမှာ အံ့သြမိတာက အဲဒီကျောက်ဆောင်ကြီးနှစ်ခုဟာ တစ်ခုနဲ့တစ်ခု ခွဲလို့မရအောင် ပုံသဏ္ဍာန်ရော၊ အရွယ်ရော၊ အနိမ့်အမြင့်ရော အားလုံး ချွတ်စွပ်တူနေတာကို တွေ့ရပါတယ်။

မော် အသတ်ခံရတာဟာ ဒီကျောက်ဆောင်ကြီးတစ်ခုခုပေါ်မှာ ဖြစ်ရမယ်ဆိုတာတော့ သေချာပါတယ်။ ဒါပေမဲ့ ဘယ်ကျောက်ဆောင်ပေါ်မှာလဲဆိုတာ ရတ်တရက် ပြောမပြနိုင်အောင် ဖြစ်နေတယ်။

ဒါနဲ့ ကျွန်တော်လည်း ကျန်တဲ့အဖွဲ့ဝင်တွေအတွက် အချိန်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လှပန်း မဖြစ်ရအောင် နီးတဲ့ ကျောက်ဆောင်ကြီးတစ်ခုဆီကို ကျွန်တော် တစ်ယောက်ထဲ ခဲခဲ ယဉ်းယဉ်းနဲ့ ကုပ်ကပ်ပြီး ဆင်းကြည့်ပါတယ်။ ဒါပေမဲ့ အဲဒီကျောက်ဆောင်နားတစ်ဝိုက်မှာ ဘာမှ ထူးထူးခြားခြား မတွေ့ရပါဘူး၊ အဲဒီတော့မှ အပေါ်ကို ပြန်တက်လာပြီး တောင်ကမ်းပါးယံမှာ အဖွဲ့ဝင်တွေ စောင့်နေကြတဲ့ နေရာလည်း ပြန်ရောက်ရော၊ တခြားကျောက်ဆောင်ကြီးကို လက်ညှိုးထိုးပြပြီး 'ကောင်မလေးအလောင်း အဲဒီအနားမှာ ရှိပါတယ်' လို့ တပ်တပ်အပ်အပ် ပြောချလိုက်ပါတယ်။

ပထမ ကျွန်တော် တစ်ယောက်တည်း သွားကြည့်တဲ့ ကျောက်ဆောင်နဲ့ အခု ကျွန်တော် လက်ညှိုးထိုးပြတဲ့ ကျောက်ဆောင်ဟာ တစ်ခုနဲ့ တစ်ခု မီတာ ၇၀ လောက် ဝေးပါတယ်။

အဲဒီ ဒုတိယကျောက်ဆောင်ရှိရာကို ကျွန်တော်ပဲ ရှေ့ကဦးဆောင်ပြီး သွားပါတယ်။ ကျန်တဲ့ လူတွေအားလုံးလည်း ကျွန်တော့်နောက်က စုပြုံပြီး လိုက်လာကြပါတယ်။

ကျွန်တော်ပြောတဲ့အတိုင်းပါပဲ၊ အဲဒီ ဒုတိယကျောက်ဆောင်ကြီး ရှိတဲ့နေရာလည်း ရောက်ရော၊ မော်ရဲ့အလောင်းကို တန်းတွေ့ရတာပါပဲ။

အလောင်းကတော့ ထုံးစံအတိုင်း တော်တော်ကို ပုံပျက်ပန်းပျက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီ။ သူ့ခမျာ အသတ်ခံရတာ တနင်္ဂနွေသုံးပတ်လောက် ရှိပြီဆိုတော့ ဘယ်သူဘယ်ဝါဆိုတာတောင် ပြောဖို့မလွယ်တော့ပါဘူး။ ရာသီဥတုဒဏ်ကြောင့် အသွေးအသားတွေဟာ ပုပ်ပွဆွေးမြေ့ပြီး မြေသြဇာဖြစ်တဲ့နေရာက ဖြစ်နေပါပြီ။ ဖုံတွေ သဲတွေ ကျောက်စရစ်ခဲ တွေနဲ့ သစ်ရွက်တွေနဲ့ရောပြီး ခန္ဓာကိုယ်တစ်ခုလုံးဟာ အပုပ်နံ့တထောင်းထောင်း ယင်တလောင်းလောင်းနဲ့ မြင်မကောင်းအောင် ဖြစ်နေရှာပါပြီ။

ကျွန်တော်ကတော့ တစ်ပိုင်းတစ်စ ဆွေးမြေ့စုတ်ပြတ်ပြီး ကျန်နေတဲ့ အနက်ရောင် အင်္ကျီဘောင်းဘီစလေးတွေနဲ့ ခေါင်းက ဆံပင်ကို ကြည့်ပြီး မော်ရဲ့ အလောင်းပဲဆိုတာ တိတိကျကျ ပြောရဲပါတယ်။ ဘယ်မပြောရဲစရာ





ရှိမလဲဗျာ၊ အခုလို တောကြီးတောင်ကြီးထဲ လွှန်ခဲ့တဲ့ အရက် ၂၀ ကျော်လောက်က ဒီနေရာမှာ ရက်ရက်စက်စက် အသတ်ခံရရှာတာဟာ သူကလွဲလို့ ဘယ်သူဖြစ်ရဦးမှာလဲ။

ဒါနဲ့ ကျွန်တော်နဲ့ပါတဲ့ အဖွဲ့ဝင် အရာရှိတွေလည်း ကျွန်တော်ပြတဲ့ မော်ရဲ့အလောင်းကို ဝိုင်းအုံ စုပြုံကြည့်ကြပါတယ်။ ဒါပေမဲ့ အလောင်းက လူရုပ်တောင် မပီတော့အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့ ဒီအနိဋ္ဌာရုံကို သိပ်ပြီး ကြာကြာ ကြည့်ချင်ကြပုံ မရပါဘူး။ ပြီးတော့ သူတို့စိတ်ထဲမှာ ထူးထူးခြားခြား ထိခိုက်ခံစားရပုံ မပေါ်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်း ဒီရုပ်ပျက်ဆင်းပျက် ဖြစ်နေတဲ့ အလောင်းကို ကြည့်ပြီး စိတ်ထိခိုက်နေမိပါတယ်၊ ရင်လည်း နာမိပါတယ်။ ကျွန်တော် စိတ်ထိခိုက်သလို ရင်နာသလို သူတို့တစ်တွေ စိတ်မထိခိုက်တာ ရင်မနာတာလည်း မဆန်းပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့တစ်တွေဟာ မော်ရဲ့ ရှူးရှူးဝါးဝါး အော်သံနဲ့ ငိုရှိုက်သံတွေကို ကျွန်တော် ကြားသလိုမှ မကြားခဲ့ကြရပဲကိုး။

ဒါကြောင့်မို့လည်း သူတို့တစ်တွေဟာ မော်ရဲ့အလောင်းကို ဘယ်လိုမှ ထူးထူးခြားခြား စိတ်ထိခိုက်ပုံမရဘဲ လုပ်ရိုးလုပ်စဉ် တာဝန်ဝတ္တရားအရ ဆောင်ရွက်တဲ့သဘောနဲ့ လုပ်ကြကိုင်ကြတာပါပဲ။

ကျွန်တော်တို့အဖွဲ့ဟာ အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်မှူးကြီးရဲ့ အမိန့်အရ မော်ရဲ့ အလောင်းပတ်ပတ်လည် ပေသုံးဆယ်လောက်ကို တိုင်စိုက်အကွက်ရိုက်ပြီး အဲဒီတစ်ဝိုက်ကို ဂရုတစိုက် အသေးစိတ် လေ့လာကြပါတယ်။ အဲဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ တွေ့ရတဲ့ သက်သေခံ ပစ္စည်းမှန်သမျှကိုလည်း အမှတ်အသားနဲ့တကွ စုဆောင်းကြပါတယ်။ အဲဒီအထဲမှာ ကျည်ဆန်အခွံတွေ ကျည်ဆန်ထိပ်ဖူးတွေနဲ့ သံတိုသံစ ခဲတိုခဲစတွေလည်း ပါပါတယ်။

တစ်ချိန်တည်းမှာပဲ မော်ရဲ့အလောင်းက ပုပ်သိုးဆွေးမြေ့နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသားစတချို့နဲ့ ဆံပင်တွေ အရိုးစတွေကိုလည်း သက်ဆိုင်ရာ ဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲပြီးစစ်ဆေးကြည့်ဖို့ ယူခဲ့ကြပါတယ်။

ပြီးတော့မှ မော်ရဲ့အလောင်းတစ်ခုလုံးကို ရာဘာအိတ် အရှည်တစ်ခုနဲ့ ထည့်ယူကြပါတယ်။ အဲဒီ ရာဘာအိတ်အရှည်က တိုက်ပွဲမှာကျဆုံးတဲ့ စစ်သားတွေရဲ့အလောင်းကိုထည့်ဖို့ သေသေချာချာ ဆေးရည်တွေ ဘာတွေနဲ့စိမ်ပြီး လုပ်ထားတဲ့ စစ်တပ်သုံး ရာဘာအိတ်တစ်မျိုးပါ။

အဲဒီလို သက်သေခံ အထောက်အထား ရှာတဲ့လူက ရှာ၊ သိမ်းတဲ့လူက သိမ်း၊ ထည့်တဲ့လူက ထည့်နေကြတုန်း ပါလာတဲ့ ဓာတ်ပုံဆရာတွေကလည်း ပုံအမျိုးမျိုးကို နေရာအမျိုးမျိုး၊ ထောင့်အမျိုးမျိုးကနေပြီး ရိုက်ယူကြပါတယ်။ နေ့ခင်း နှစ်နာရီ သုံးနာရီလောက် နေရောင်အောက်မှာ ဓာတ်ပုံဆရာတွေရဲ့ မီးရောင်ဟာ တဖျပ်ဖျပ်နဲ့ပဲ။ ဒီဓာတ်ပုံတွေဟာ အမှုစစ်ဆေးတဲ့အခါ တစ်နည်းနည်းနဲ့ သက်သေခံ အထောက်အထားအဖြစ် တင်ပြဖို့ပါပဲ။

နောက်ပိုင်းကျတော့ အဲဒီ တောင်ကုန်းအမှတ် ၁၉၂ ပေါ်က သယ်လာခဲ့ကြတဲ့ သက်သေခံ ပစ္စည်းတွေထဲက ရာဘာအိတ်အရှည်နဲ့ ထည့်ယူလာတဲ့ မော်ရဲ့အလောင်းကို ဆေးဂုံမှာရှိတဲ့ အမေရိကန် ပြည်ထောင်စုတပ်မတော် ရင်ခွဲရုံကို ပို့ပြီး စစ်ဆေးကြည့်ကြတယ်လို့ သိရပါတယ်။

အဲဒီအလောင်းကို ဆေးဂုံမြို့မှာ ဆရာဝန်ကြီးနှစ်ယောက်က တာဝန်ယူပြီး စစ်ဆေးကြပါတယ်။ အဲဒီ ဆရာဝန်ကြီးနှစ်ယောက်မှာ တစ်ယောက်က ပရော်ဖက်ဆာ တာဒါအိုဆိုတဲ့ ဂျပန်အမျိုးသား ဆရာဝန်ကြီးပါ။ ပရော်ဖက်ဆာ တာဒါအိုဟာ ဂျပန်ပြည် တိုကျိုတက္ကသိုလ်က မနုဿဗေဒဆိုင်ရာ ပါရဂူကြီးတစ်ဦးလို့ သိရပါတယ်။ နောက်တစ်ဦးကတော့ အမှတ် ၉ ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲဌာနက အကြီးဆုံးအရာရှိဖြစ်တဲ့ ဗိုလ်မှူးကြီး ပိုင်ရီဖင့်ဆိုတဲ့ ပုဂ္ဂိုလ်ပါပဲ။ အဲဒီပုဂ္ဂိုလ်ကြီးဟာ ကျွန်တော်တို့ အမေရိကန် တပ်မတော်မှာ အင်မတန် ထင်ရှားကျော်ကြားတဲ့ ခန္ဓာဗေဒဆိုင်ရာ ပါရဂူတစ်ဦးဆိုတာ သိရပါတယ်။





အခု ကျွန်တော်ပြောပြခဲ့တဲ့ ဆရာဝန်ကြီး ဗိုလ်မှူးကြီး ပိုင်ရီဖင့်ဟာ တခြားသူ မဟုတ်ပါဘူး။ ၁၉၆၃ ခုနှစ်က သမ္မတ ကနေဒီ လုပ်ကြံခဲ့တုန်းက သမ္မတ ကနေဒီရဲ့အလောင်းကို ခွဲစိတ် စစ်ဆေးခဲ့ရတဲ့ ဆရာဝန်ကြီးတစ်ဦးပါပဲ။

ဟုတ်ပါတယ်၊ အမှန်ပါပဲ။ အဲဒီ ၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလက လူသတ်သမား အော့စ်ဝေါလ်ရဲ့ လုပ်ကြံမှုကြောင့် သေဆုံးခဲ့ရတဲ့ သမ္မတ ကနေဒီအလောင်းကို စစ်ဆေးခဲ့ရတဲ့ ဆရာဝန်ကြီး ပိုင်ရီဖင့်ဟာ အခု ၁၉၆၆ ခုနှစ် ဒီဇင်ဘာလကျတော့ အမေရိကန် စစ်သားတစ်စုက မုဒိမ်းကျင့်ပြီး သတ်ပစ်ခဲ့ကြတဲ့ ဗီယက်နမ်မလေး မော်ရဲ့အလောင်းကို စစ်ဆေးကြည့်ရှုနေရပြန်ပါပြီ။

လူ့ဘဝဆိုတာ အင်မတန် ဆန်းကျယ်ပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com

## သေသူကို ရှင်သူက တ,ရသောဘဝ

နောက်တစ်ပတ်လောက်ကြာတော့ ကျွန်တော်ဟာ အဲဒီ တောင်ကုန်းအမှတ် ၁၉၂ ကို တစ်ခေါက်ထပ်ပြီး သွားခဲ့ရပါသေးတယ်။ အကြောင်းကတော့ နောက်ထပ် လိုအပ်တဲ့ သက်သေခံပစ္စည်းတွေနဲ့ အချက်အလက် အထောက်အထားတွေ စုဆောင်းဖို့အတွက်ပါပဲ။ ဒါပေမဲ့ အဲဒီ ဒုတိယအခေါက်မှာတော့ ပထမအခေါက်လောက် လူမများတော့ပါဘူး။

ကျွန်တော်နဲ့ပါလာတဲ့ စီအိုင်ဒီအဖွဲ့ဝင်တွေဟာ အဲဒီနေရာမှာ နောက်ထပ် သက်သေခံပစ္စည်း အထောက်အထားတွေများ တွေ့လိုတွေ့ငြားဆိုပြီး ထပ်ရှာ ကြည့်ကြပါတယ်။ စီအိုင်ဒီတစ်ယောက်က သစ်ရွက်ခြောက်တွေအောက်ကို လှံစွပ်တစ်ချောင်းနဲ့ ထိုးဆွ မွှေနှောက်ပြီးရှာတော့ လက်ချောင်းရိုးကလေးတွေနဲ့ သွားတွေကို ထပ်တွေ့ရပါတယ်။ ပြီးတော့ ကျည်ဆန်ထိပ်ဖူး အစအနကိုလည်း တွေ့ရပါသေးတယ်။ ဒါတွေအားလုံးကို ပလပ်စတစ်အိတ်နဲ့ ထည့်ပြီး ယူလာခဲ့ကြပါတယ်။

အဲဒီလို တောင်ကုန်းအမှတ် ၁၉၂ ကို နှစ်ခေါက်တိတိ ကွင်းဆင်းပြီး ယူလာခဲ့ကြတဲ့ သက်သေခံပစ္စည်းတွေဟာ အမှုစစ်ဆေးတဲ့ တရားခွင်မှာ အင်မတန်အရေးကြီးတဲ့ အထောက်အထားတွေ ဖြစ်လာပါတယ်။

ဥပမာဆိုရင် လက်နက်မျိုးစုံနဲ့ ကျည်ဆန်မျိုးစုံအကြောင်း နားလည်ကျွမ်းကျင်တဲ့ ပါရဂူတွေရဲ့ စစ်ဆေးချက်အရ မော်ရဲ့ အလောင်းနားမှာ





တွေ့ရတဲ့ ကျည်ဆန်ခွံ အစအနနဲ့ ကျည်ဆန်ထိပ်ဖူး အစအနတွေဟာ အမ် ၁၆ ရိုင်ဖယ်က ကျည်ဆန်ရဲ့ ထိပ်ဖူးတွေပဲဆိုတာ တိတိကျကျ ပြောနိုင်ကြပါတယ်။ ပြီးတော့ ကျည်ဆန်ခွံနဲ့ ထိပ်ဖူးတွေကို အသေးစိတ် စစ်ဆေးကြည့်ခြင်းအားဖြင့် ဗီယက်နမ်မလေး မော်ဟာ သေနတ်နဲ့ အနီးကပ် ပစ်သတ်ခံရတယ်ဆိုတာလည်း သူတို့က ရုံးတော်မှာ အခိုင်အမာ ထွက်နိုင်ကြပါတယ်။ သူတို့ရဲ့ ဒီထွက်ချက်ဟာ 'မော်ကို ကလပ်က အနားကပ်ပြီး သေနတ်နဲ့ပစ်သတ်ခဲ့တယ်' ဆိုတဲ့ စွပ်စွဲချက်ကို ထောက်ခံရာ ရောက်ပါတယ်။

စောစောက ကျွန်တော်ပြောတဲ့ ဆရာဝန်ကြီး ပရော်ဖက်ဆာ တာဒါအိုနဲ့ ဗိုလ်မှူးကြီး ပိုင်ရီဖင့်တို့လည်း ရုံးတော်မှာ သက်သေအဖြစ်နဲ့ အစစ်ခံကြပါတယ်။ သူတို့နှစ်ယောက်စလုံးကလည်း ဆေးဂုံမြို့မှာ မော်ရဲ့ အလောင်းကို သူတို့ စစ်ဆေးတွေ့ရှိသမျှ အချက်အလက်တွေကို ထွက်ဆိုသွားကြပါတယ်။ သူတို့ရဲ့ ထွက်ဆိုချက်အရ မော်ဟာ မသေခင်က နံရိုးကြားနဲ့လည်ပင်းကို ဓားနဲ့သုံးချက် အထိုးခံရတဲ့ လက္ခဏာမျိုးတွေ့ရပြီး သူ့ဦးခေါင်းခွံကို စစ်ဆေးကြည့်ခြင်းအားဖြင့် အင်မတန်ပြင်းထန်တဲ့ ပေါက်ကွဲမှုဒဏ်နှစ်ခုကြောင့် ဦးခွံဟာ ကွဲထွက်နေတာကို တွေ့ရတဲ့အကြောင်း အတိအကျ ပါပါတယ်။

နောက်ပြီးတော့ မော်ရဲ့အရိုးနဲ့ ကိုယ်ခန္ဓာ ဖွဲ့စည်းပုံကို ကြည့်ရခြင်းအားဖြင့် သူဟာ 'မွန်ဂို' အမျိုးအနွယ် ဖြစ်တဲ့အကြောင်း၊ သူ့အသက်ဟာ ၁၈ နဲ့ ၂၀ ကြားမှာရှိပြီး အရပ်က ငါးပေ လေးလက်မခွဲ ရှိတာကို တွေ့ရကြောင်းတွေလည်း ဆရာဝန်ကြီးနှစ်ယောက်က ထွက်ဆိုသွားကြပါတယ်။ အရပ် ငါးပေလေးလက်မခွဲ ဆိုတာနဲ့ ပတ်သက်လို့ ဆရာဝန်ကြီးတွေရဲ့ တွေ့ရှိချက်ဟာ မော်နဲ့ ကျွန်တော် တွေ့တုန်းက မှန်းတာထက်တော့ နည်းနည်းပိုနေပါတယ်။

ပရော်ဖက်ဆာ တာဒါအိုကဆိုရင် ဘယ်လောက်အထိ ထိရှသလဲဆိုတော့ သူ့ရဲ့ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာထဲမှာ 'ဒီမိန်းကလေးဟာ



www.burmeseclassic.com

www.burmeseclassic.com



တခြားမွန်ဂိုမျိုးဆက်ဖြစ်တဲ့ အမျိုးသမီးတွေနဲ့ နှိုင်းယှဉ်ကြည့်လိုက်ရင် သူရဲ့ ကြွင်းကျန်တဲ့ အရိုးဆက် အနေအထားကို ကြည့်ခြင်းအားဖြင့် ကိုယ်ခန္ဓာ အချိုးအစား အင်မတန် ပြေပြစ်ပုံရတယ်' လို့တောင် ဖော်ပြထားပါတယ်။ အဲဒီ ပရော်ဖက်ဆာကြီးဟာ နှယ်နှယ်ရရ မဟုတ်ပါဘူး။ အဲဒီအချိန်က သူစစ်ဆေး လေ့လာခဲ့ဖူးတဲ့ လူ့ခန္ဓာကိုယ်ပေါင်း သုံးသောင်းငါးထောင် ကျော်ပြီလို့ သိရပါတယ်။ အဲဒီလောက်အထိ အတွေ့အကြုံများခဲ့တဲ့ ဆရာဝန်ကြီးပါ။

ဒါထက် ကျွန်တော် အရေးကြီးတဲ့ အဖြစ်အပျက်တွေ ကျန်သွားတယ်၊ အဲဒါကတော့ တိုနီတို့လူစုအကြောင်းပါ။

ကျွန်တော် စောစောက ပြောခဲ့တဲ့အတိုင်း ဒီဇင်ဘာလ ၉ ရက်နေ့က ကျွန်တော်နဲ့ တပ်မတော်အရာရှိကြီးတွေ စီအိုင်ဒီအဖွဲ့ဝင်တွေ တောင်ကုန်း အမှတ် ၁၉၂ ပထမအခေါက် သွားခဲ့ကြပြီး နောက်တစ်နေ့ ဒီဇင်ဘာ ၁၀ ရက်နေ့မှာပဲ တိုနီရယ်၊ ကလပ်ရယ်၊ မင်နယယ်နဲ့ ရာဖီရယ် သူတို့လေးယောက်စလုံးကို ဆိုင်ရာက ဖမ်းချုပ်ခဲ့ကြပါတယ်။

အဲဒီအချိန်က သူတို့လေးယောက်ဟာ တစ်ယောက် တစ်နေ့ရာစီ တာဝန်ကျနေတဲ့အတွက် တပ်ထိန်းတွေက သူတို့ကို တစ်နေ့ရာစီ လိုက်ပြီး ဖမ်းခဲ့ရပါတယ်။

သူတို့လေးယောက်ကို အဲသလို တစ်နေ့ရာစီ လိုက်ဖမ်းပြီးတဲ့နောက် အဲဒီနေ့ ညနေဖက်ကျတော့ လေးယောက်စလုံးကို ခေါ်အလာမှာ သူတို့ဟာ ဗိုလ်ကြီးအော့တိုရဲ့ တပ်စခန်းနားက ဖြတ်လာရပါတယ်။ ဒါနဲ့ သူတို့က ခွင့်တောင်းလို့ ဗိုလ်ကြီး အော့တိုနဲ့ ခဏဝင်တွေ့ဖို့ တပ်ထိန်းက ခွင့်ပြုပါတယ်။ ဗိုလ်ကြီး အော့တိုက သူတို့လေးယောက် ဗီယက်နမ်မလေး သတ်မှုနဲ့ အဖမ်းခံရပြီဆိုတာ သိရတော့ 'ဒီကိစ္စကို ငါလည်း အတတ်နိုင်ဆုံး ဖုံးဖုံးဖိဖိ လုပ်ခဲ့တာပဲ၊ ဒါပေမဲ့ အခုမှတော့ ငါ ဘာမှ မတတ်နိုင်ဘူး' လို့ ပြောလွှတ်လိုက်ပါတယ်။





ဒါနဲ့ တိုနီတို့လေးယောက်ကို အန်ခေးမှာရှိတဲ့ တပ်ထိန်းဌာနချုပ် ခေါ်သွားပြီး အဲဒီမှာ ပဏာမ စစ်ဆေးမေးမြန်းတယ်လို့ သိရပါတယ်။ နောက် အဲဒီကမှတစ်ဆင့် ရမန်ယူပြီး လောင်းတင်မြို့က အချုပ်စခန်းကို ပို့ပြီး ချုပ်ထားပါတယ်။

တပ်ထိန်းနဲ့ စီအိုင်ဒီအဖွဲ့ဝင်တွေဟာ ဒီအမှုနဲ့ပတ်သက်လို့ အမှုမှန်တယ် မမှန်ဘူးဆိုတာ သိပ်ပြီး ရှည်ရှည်ဝေးဝေး စစ်ဆေးမနေရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရာဖီနဲ့ မင်နယယ်တို့ ညီအစ်ကို နှစ်ယောက်စလုံးက လွယ်လွယ်နဲ့ပဲ 'ဖြောင့်ချက်' ပေးလိုက်ကြလို့ပါပဲ။ သူတို့ လက်မှတ်ထိုးပြီး တရားဝင် ရေးပေးကြတဲ့ ဖြောင့်ချက်အရ ကျွန်တော် တိုင်ချက်ဖွင့်ခဲ့တဲ့ 'တောင်ကုန်း အမှတ် ၁၉၂ ပေါ်မှ အဖြစ်အပျက်' ဟာ အမှန်ပဲဆိုတာ ထင်ရှားနေပါတယ်။ 'တောင်ကုန်အမှတ် ၁၉၂ ပေါ်မှ အဖြစ်အပျက်' ဆိုတာက ဗီယက်နမ်မလေး မော် အသတ်ခံရတဲ့ အမှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အမေရိကန်တပ်တွေထဲမှာ ခေါ်ကြတဲ့ အခေါ်အဝေါ် တစ်ခုပါပဲ။ နောင်ကျတော့ ဒီအမှုကို အားလုံးက ဒီအတိုင်းပဲ ခေါ်ကြ ပြောကြ ရေးကြပါတယ်။

မင်နယယ်နဲ့ ရာဖီတို့ ဖြောင့်ချက်ပေးတုန်းက စီအိုင်ဒီအဖွဲ့ဝင် တစ်ယောက်က မင်နယယ်ကို မေးခွန်းတစ်ခု မေးတယ်။ 'ဒီကောင်မလေးကို ဘယ်သူတွေက မုဒိမ်းကျင့်သလဲ၊ ဒါမှမဟုတ် ဘယ်သူက ကာမစပ်ယှက်သလဲ' ဆိုတော့ မင်နယယ်က ပြန်ဖြေပါတယ်။ 'တပ်ကြပ် တိုနီရယ်၊ ကလပ်ရယ်၊ ရာဖီရယ်၊ ကျွန်တော်ရယ် ဒီကောင်မလေးကို မုဒိမ်းကျင့်ကြပါတယ်၊ အဲရစ်ဆင် (ကျွန်တော်) ကတော့ ဒီကောင်မလေးကို မုဒိမ်းလည်း မကျင့်ဘူး၊ ဘာတစ်ခုမှ ထိခိုက်နစ်နာအောင် မလုပ်ပါဘူး' လို့ ဖြေခဲ့တယ်ဆိုတာ ကျွန်တော် သိရပါတယ်။

မင်နယယ်နဲ့ ရာဖီတို့က အဲသလို အမှန်အတိုင်း ဖြောင့်ချက်ပေးကြပေမယ့် တိုနီနဲ့ ကလပ်ကတော့ 'ဘူး' ခံနေပါတယ်။ သူတို့မှာ ဘာအပြစ်မှ မရှိဘူး၊ ဘာအမှုမှလည်း မကျူးလွန်ခဲ့ဘူးလို့ ငြင်းနေခဲ့ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တိုနီကတော့ အိုကီစွနဲ့ပတ်သက်ပြီး သူ့ကို သက်သက်မဲ့ ချောက်ချတာပါ၊ မတ်ရားစွပ်စွဲတာပါဆိုပြီး အကြောက်အကန် ငြင်းပါတယ်။

သူတို့ တိုက်ကင်းမထွက်ခင် ညနေမှာ ပြောခဲ့တဲ့ စကားတွေကို ပြန်ပြီးမေးတော့ 'ဒါဟာ သက်သက် ရယ်စရာပြောတာပါ' တဲ့။ အဲဒီတုန်းက သူပြောခဲ့တာက 'ဒို့ တိုက်ကင်း ငါးရက်ထွက်ရတုန်း မိန်းမငါးယောက်ခေါ်သွားပြီး တစ်လမ်းလုံး အပျင်းပြေ နောက်ပြောင်သွားရရင် ကောင်းမယ်' လို့ပဲ ပြောခဲ့တာပါတဲ့၊ 'အဲဒီလို သူကပြောတော့ အားလုံးကတောင် ဝိုင်းရယ်ကြပါသေးတယ်' တဲ့။

မော်နေတဲ့ရွာကို သွားတဲ့အကြောင်း မေးကြည့်တော့ အဲဒီရွာကို သွားတာဟာ ဗီယက်ကောင်းတွေကို ရှာဖို့ သွားတဲ့အကြောင်း၊ ဒီကောင်မကလေးကို ဖမ်းလာခဲ့တာကလည်း သူ့ကို တဲထဲမှာ မသင်္ကာစရာ တွေ့ရလို့ ဖမ်းခဲ့ရတယ် ဆိုတဲ့အကြောင်း ဆင်ခြေပေးပါတယ်။

နောက်ဆုံးကျတော့ ဒီအမှုနဲ့ပတ်သက်ပြီး ၁၉၆၇ ခုနှစ်၊ နွေရာသီမှာ ခုံရုံးဖွဲ့ပြီး လေးကြိမ်တိတိ စစ်ဆေးပါတယ်။ မတ်လ အလယ်လောက်မှာ အားလုံး ဆယ်ရက်လောက် ကြာပါတယ်။

စစ်ဆေးတဲ့ နေရာကတော့ ရက်ကလစ်စခန်းမှာရှိတဲ့ ရုံးခန်းမှာပါပဲ။ အဲဒီရုံးခန်းက ပေ ၃၀ ပတ်လည်လောက် ကျယ်ပြီး အပေါ်ကတော့ သွပ်မိုးထားပါတယ်။

ရာသီကလည်း နွေရာသီ၊ နေကလည်း သိပ်ပူတော့ ရုံးခန်းထဲမှာ ပန်ကာတွေ တပ်ပေးထားပြီး ပန်ကာသံတွေ တဝီဝီနဲ့ပါပဲ။ အဲဒီကြားထဲက ရုံးခန်းအပြင်ဘက်မှာ စခန်းအတွက် လျှပ်စစ်ဓာတ်အားပေးတဲ့ ဒီဇယ် အင်ဂျင်သံကလည်း တဂျုံးဂျုံးနဲ့ မြည်နေတော့ အမှုစစ်နေတုန်း ရှေ့နေတွေဟာ သက်သေထွက်ချက်တွေကို ကောင်းကောင်း မကြားရလို့ အော်အော် အပြောခိုင်းရတာ အမောပါပဲ။

ဒီအမှုမှာပါတဲ့ ရှေ့နေတွေ၊ သက်သေတွေ၊ ခုံအဖွဲ့ဝင်တွေနဲ့ အရာရှိ





တွေ၊ အကြပ်တပ်သားတွေ အားလုံး အမှုစစ်နေတဲ့ ရက်အတွင်း ရုံးခန်းပတ်ပတ်လည်မှာ တဲတွေနဲ့ နေကြရပါတယ်။ ညတိုင်ကျရင် အခြေစိုက်စခန်းရဲ့ အစွန်အဖျားကနေပြီး ရန်သူရှိမယ်ထင်တဲ့ နေရာကို လှမ်း လှမ်းပစ်လိုက်တဲ့ အမြောက်သံကလည်း တအုံးအုံးနဲ့ နားကို ငြီးနေတာပါပဲ။

အမှုစစ်ဆေးနေတဲ့ အတောအတွင်း တရားခွင်မှာ ကျွန်တော် တွေ့ရမြင်ရ ကြားရတာတွေကတော့ ကျွန်တော့်အတွက် မျက်စိရှုပ်စရာ နားရှုပ်စရာတွေချည်းပါပဲ။ အထူးသဖြင့် ဥပဒေနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းတွေ၊ စကားလုံးတွေနဲ့ အကိုးအကားအတွေဟာ ကျွန်တော်လိုကောင်အတွက် နားမလည်နိုင်စရာတွေချည်းပါပဲ။ တစ်ခါတစ်ခါ စစ်ဥပဒေက ဘယ်လိုဘယ်လို ဆိုပြီး၊ တစ်ခါတစ်ခါကျတော့ အရပ်သားဥပဒေမှာ ဘယ်လို ဆိုထားတယ်၊ ဘယ်လို ပြဋ္ဌာန်းထားတယ်ဆိုပြီး ပြောကြ ဆိုကြ ကိုးကား လျှောက်လဲကြတာတွေဟာ ရှုပ်ရှက်ခပ်နေတာပါပဲ။ ခပ်လှမ်းလှမ်းက အမြောက်သံတွေ တအုံးအုံးနဲ့ ကြားနေရတဲ့အချိန်မှာ ကျွန်တော်တို့က ဒီရုံးခန်းထဲမှာ တရားဥပဒေအတွက် စစ်ဆေးမေးမြန်း ငြင်းခုန်နေကြတာဟာ၊ ကျွန်တော့်စိတ်ထဲ ထူးဆန်းသလိုလိုတောင် ထင်မိပါတယ်။

ကျွန်တော်ဟာ ဒီလို စစ်ခုံရုံးတွေ၊ တရားစီရင်တဲ့ နေရာတွေကို တစ်ခါမှ မရောက်ဖူးပါဘူး။ ဒါ့ကြောင့် ခုံရုံးရဲ့ အစဉ်အလာတွေနဲ့ လုပ်ထုံးလုပ်နည်းတွေကိုလည်း ဘာမှနားမလည်ပါဘူး။ အဲဒီတော့ တချို့နေရာတွေမှာ တော်တော် ကသိကအောက်နိုင်တယ်လို့ ထင်မိပါတယ်။ ဥပမာဆိုပါတော့ တရားခံဖက်က လိုက်တဲ့ရှေ့နေတွေဟာ တရားခွင်မှာ အမှုစစ်ဆေးတဲ့အချိန်မဟုတ်ဘဲ ခဏအနားပေးထားတုန်း ကျွန်တော့်ဆီလာပြီး၊ အမှုနဲ့ ပတ်သက်တဲ့ မေးခွန်းတွေကို တောင်တစ်ခွန်း မြောက်တစ်ခွန်း မေးကြပါတယ်။ ဒါကို ကျွန်တော်ကလည်း ထုံးတမ်းစဉ်လာတွေ နားမလည်တဲ့အကြောင်း ဆိုတော့ သူတို့မေးသမျှ ဖြေလိုက်တာပါပဲ။

ဒါပေမဲ့ နောက်အချိန်စေ့လို့ အမှုပြန်စစ်တော့ အဲဒီ တရားခံရှေ့နေ



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ စောစောက ကျွန်တော့်ကိုမေးခဲ့တဲ့ မေးခွန်းတွေကို တရားခွင်မှာ ထပ်မေးပြန်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အမှုစစ်ဆေးတဲ့ နေရာမှာပါတဲ့ စီအိုင်ဒီအဖွဲ့ဝင်တစ်ယောက်က 'ဒီလိုလုပ်တာဟာ နည်းလမ်းမကျဘူး' လို့ ကျွန်တော့်ကို ပြောပြပါတယ်။ ဒါပေမဲ့ ခက်တာက အဲဒီစီအိုင်ဒီအဖွဲ့ဝင် ကိုယ်တိုင်က တရားဥပဒေနဲ့ ပတ်သက်လို့ ရုံးထုံးစံတွေကို ဘယ်လောက် နားလည်တယ်ဆိုတာ ကျွန်တော်လည်း မပြောတတ်ပါဘူး။

အဲဒီထဲက ရှေ့နေတစ်ယောက်ဆိုရင် မင်နယယ်ကို မေးခွန်းမထုတ်ခင် 'တကယ်လို့ မင်နယယ်ဟာ သူမေးတဲ့ မေးခွန်းတွေကို မဖြေချင်ရင် မဖြေဘဲ နေနိုင်တယ်ဆိုတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပါ အခွင့်အရေး ရှိတဲ့အကြောင်း' ထုံးစံအတိုင်းပြောဖို့ မေ့သွားတာ တွေ့ရပါတယ်။

အမှန်အတိုင်းဆိုရင် ကျွန်တော်ဟာ ဒီအမှုမှာ တပ်မတော်ရဲ့ အရေးအကြီးဆုံးသက်သေ မဟုတ်လား။ အဲဒီတော့ ဒီအမှုကို တာဝန်ယူပြီး တရားစွဲရတဲ့ အမှုလိုက် အရာရှိကြီးဟာ ကျွန်တော့်ကို ရုံးတော်မှာ ဘယ်လို နေရမယ်၊ ဘယ်လို ထိုင်ရမယ်၊ ဘယ်လို ထွက်သင့်တယ်၊ ဘာတွေ လိုက်နာရမယ်ဆိုတာ ပြောပြသင့်တာပေါ့။ ဟုတ်တယ် မဟုတ်လား။ ဒါပေမဲ့ သူက ဒါတွေ ပြောမပြတဲ့ပြင် ကျွန်တော့်ကို ဒီအမှုနဲ့ပတ်သက်ပြီး သတိတောင် ပေးလိုက်သေးတယ်။ သူ သတိပေးတာက ဗိုလ်ကြီးအော့တိုတို့၊ မေ့ဆရာတို့ စောစောက သတိပေးတာမျိုးပါပဲ။ ဒီအမှုမှာ ကျွန်တော်ဟာ အဓိကသက်သေ အဖြစ်ပါနေတဲ့အတွက် ကျွန်တော်ရော၊ ကျွန်တော့်မိန်းမပါ တစ်ခုခု အန္တရာယ်ဖြစ်နိုင်တဲ့အကြောင်း၊ ဒါကြောင့်မို့ ကျွန်တော်ဟာ ဒီကိစ္စကို ဂရု တစိုက်နဲ့ အလေးအနက်ထားပြီး အပြန်ပြန် အလှန်လှန် စဉ်းစားသင့်တဲ့ အကြောင်း ဘာညာနဲ့ပေါ့ဗျာ။

နောက်တစ်ခု အဲဒီအမှုလိုက်အရာရှိက ကျွန်တော့်ကို အကြံပေးတာ ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်ဟာ အမှုမစစ်ခင် စိတ်ရောဂါ ဆရာဝန်တစ်ယောက်ယောက်နဲ့ တွေ့ပြီး စမ်းသပ် စစ်ဆေးကြည့်ရင်





ကောင်းမယ်၊ သူဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော်ဟာ စိတ်နောက် နေတဲ့ လူရူးတစ်ယောက် ဟုတ် မဟုတ် အခိုင်အမာ သိထားဖို့ဆိုတဲ့သဘော ပါပဲ။

ပထမတော့ သူက အဲဒီလို အကြံပေးတာကို ကျွန်တော် ဒေါပွသွားမိတယ်။ ဒါပေမဲ့ နောက်တော့ သူက အကျိုးအကြောင်း ရှင်းပြတယ်။ သူ ရှင်းပြတာက တကယ်လို့ တရားခွင်မှာ တရားခံဖက်က ရှေ့နေတွေက ကျွန်တော့်ကို စိတ်မကောင်းတဲ့ လူတစ်ယောက် စိတ်နောက်ပြီး ဦးနှောက် ခပ်ချောင်ချောင်ဖြစ်နေတဲ့ လူတစ်ယောက်လို့ စွပ်စွဲလာရင်၊ ကိုယ့်ဘက်က တိတိကျကျ ခိုင်ခိုင်မာမာ ပြန်ပြီး ငြင်းနိုင်အောင်၊ သက်သေပြနိုင်အောင် စိတ်ရောဂါကု ဆရာဝန်တစ်ယောက်ဆီက ထောက်ခံစာ ဆေးလက်မှတ် ယူထားဖို့လိုတဲ့ အကြောင်းပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ဗီယက်နမ်မလေး မော်ကို မတရားကျင့်ကြတုန်းက ကျန်တဲ့ လေးယောက်က ပါပြီး၊ ကျွန်တော်တစ်ယောက်တည်း မပါဘဲနေတဲ့အတွက် ကျွန်တော်လို ငယ်ငယ်ရွယ်ရွယ် စစ်သားတစ်ယောက်က ဒီကိစ္စမျိုးကို စိတ် မပါဘဲ ငြင်းပယ်ခဲ့တာဟာ သဘာဝနဲ့ ဆန့်ကျင်ပြီး ပုံမှန်စိတ်မျိုးမဟုတ်ဘဲ စိတ်နောက်နေလို့သာ ဖြစ်ရမယ်ဆိုပြီး တရားခံရှေ့နေတွေက စွပ်စွဲလာစရာ အကြောင်း ရှိတယ်လို့ အမှုလိုက်ရှေ့နေက ကျွန်တော့်ကို ပြောပြပါတယ်။

ကျွန်တော်ဖြင့် အဲဒီလို အယူအဆမျိုး အတွေးအခေါ်မျိုးကို ဒီတစ်ခါ ပဲ ကြားဖူးပါတယ်ဗျာ။

ဒါပေမဲ့ သူက ကျွန်တော့်ထက်ပိုပြီး ပညာအရည်အချင်းရော၊ အတွေ့ အကြုံရော၊ ဗဟုသုတတွေပါ တစ်ပြုံတစ်ခေါင်းကြီး ရှိထားတဲ့လူဆိုတော့ သူပြောသလိုပဲ နားထောင်ပြီး၊ သူခိုင်းသလိုပဲ လုပ်ပါတယ်။

ဒါနဲ့ ကျွန်တော့်မှာ အမှုမစစ်ခင် ခုံရုံးမဖွင့်ခင် တနင်္ဂနွေ တစ်ပတ် [illegible]ဘက်အလိုမှာ ရက်ကလစ်စခန်းက စိတ်ရောဂါကု ဆရာဝန်တစ်ယောက် [illegible] သွားတွေ့ဖြစ်အောင် တွေ့လိုက်ရသေးတယ်။ အဲဒီဆရာဝန်က 'ခင်ဝေ'။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က စစ်တပ်ထုံးစံအတိုင်း ဘဲမြီးပုံနဲ့ပါပဲ။ ဒါပေမဲ့ သူ့ဘဲမြီးက သိပ်တိုလွန်းနေတော့ ကတုံးဆံထောက်တောင် မဟုတ်တော့ပါဘူး၊ တကယ့်ကတုံးရိတ်ထားတဲ့ အတိုင်းပါပဲ။

အဲ သူနဲ့တွေ့တော့ စိတ်ရောဂါဆရာဝန်ပီပီ ထုံးစံအတိုင်း ကျွန်တော့်ကို စိတ်နဲ့ဆိုင်တဲ့ မေးခွန်းမျိုးတွေ မေးတာပါပဲ။ 'ခင်ဗျားအမေကို ခင်ဗျားချစ်ရဲ့လား၊ ခင်ဗျားမိန်းမဆီက စာမရတာ ဘယ်လောက် ကြာပြီလဲ' ဆိုတဲ့ မေးခွန်းမျိုးတွေပေါ့။ အဓိပ္ပာယ်ကတော့ ဗီယက်နမ်မလေးတစ်ယောက်ကို တခြားလူတွေ မတရားကျင့်ကြတဲ့နေရာမှာ ကျွန်တော်တစ်ယောက်တည်း ခါးခါးသီးသီး ငြင်းခဲ့တဲ့အတွက် မိန်းမတွေနဲ့ ပတ်သက်ပြီး ကျွန်တော့်စိတ်ဟာ မူမှန်ရဲ့လား၊ ဖောက်ပြန်နေသလား၊ သာမန်လူတွေနဲ့ မတူဘဲ ဦးနှောက်ချောင်နေသလားစသဖြင့် လေ့လာကြည့်တဲ့သဘောနဲ့ တူပါတယ်။ ဒါကလည်း ကျွန်တော့်အထင် ပြောတာပါ၊ မှန်ချင်မှလည်း မှန်မှာပါ။

အဲဒီဆရာဝန်က ကျွန်တော့်ကို အဲဒီလို မေးခွန်းမျိုး တစ်ခုမေးလိုက်၊ ကျွန်တော်က ဖြေလိုက်၊ နောက် အကြာကြီးနေပြီးမှ နောက်မေးခွန်းတစ်ခုမေးလိုက်၊ ကျွန်တော်က ထပ်ဖြေလိုက်နဲ့ မေးခွန်းတစ်ခုနဲ့ တစ်ခုကို အကြာကြီး အကြာကြီးနေပြီးမှ မေးပါတယ်။ ဘာသဘောလဲတော့ မသိဘူးပေါ့ဗျာ၊ ဒီလိုနဲ့ မိနစ်နှစ်ဆယ်လောက် တောင်တစ်ခွန်း မြောက်တစ်ခွန်း မေးပြီးတော့မှ စာရွက်ကလေး တစ်ရွက်ပေါ်မှာ 'စကားပြောရာတွင် မူမမှန်သည့် လက္ခဏာများ မတွေ့ရ၊ အေးအေးဆေးဆေးဖြင့် တည်ငြိမ်မှုရှိသည်' ဆိုပြီး ရေးပေးလိုက်ပါတယ်။

ဒါ့ထက် ပြောရဦးမယ်၊ အဲဒီဆရာဝန်ဟာ ကြည့်ရတာ သဘောကောင်းပုံ ရပါတယ်။ ကျွန်တော့်ကို အဲသလို မေးခွန်းတွေ မေးလို့ စစ်ဆေးပြီးတဲ့နောက်၊ သူက တိုနီတို့လူစုအကြောင်းနဲ့ တခြားအကြောင်းတွေ အလ္လာပ-သလ္လာပ ပြောနေပါသေးတယ်။ တိုနီတို့အကြောင်း ပြောရင်းနဲ့ သူက စစ်ကြောင့် လူတွေ အကျင့်စာရိတ္တ ပျက်ပြားရတဲ့အကြောင်း၊ နဂိုက





စိတ်ဓာတ်ပျက်ပြားနေတဲ့ လူတွေဟာ စစ်အတွင်းမှာ ပိုပြီး ဆိုးလာကြတဲ့အကြောင်းတွေ တသီတတန်းကြီး လျှောက်ပြောနေပါသေးတယ်။ ပြီးတော့မှ အခု သူလုပ်နေတဲ့အလုပ်ဟာ အဓိပ္ပာယ်မရှိတဲ့အကြောင်း ဒီ့ထက်ပိုပြီး အကျိုးရှိတဲ့အလုပ်တွေ လုပ်နိုင်ဖို့အတွက် စစ်ကြီး မြန်မြန်ပြီးစေချင်တဲ့အကြောင်း ကျွန်တော့်ကို ပြောလိုက်ပါသေးတယ်။

အမှုစစ်ဆေးတဲ့ အတောအတွင်း ခုံရုံးမှာ ကျွန်တော်တွေ့ရတဲ့ အတွေ့အကြုံမျိုးကတော့ ဘယ်တုန်းကမှ မတွေ့ဘူး မကြုံဘူးပါဘူး။ စိတ်ရှုပ်စရာလည်း ကောင်းပါတယ်၊ စိတ်မချမ်းသာစရာလည်း ကောင်းပါတယ်၊ အထူးသဖြင့် ဒီအမှုမှာ အဓိကသက်သေအဖြစ် ကျွန်တော် အစစ်ခံရတာဟာ တောင်ကုန်းအမှတ် ၁၉၂ ပေါ်က ရင်နာစရာ အဖြစ်အပျက်တွေကို ပြန်ပြီး သတိရစရာ ဖြစ်နေပါတယ်။

ပြီးတော့ ကျွန်တော် ခင်ဗျားကို ဒီအကြောင်း ပထမဆုံးပြောတုံးက ပါခဲ့တဲ့ အတိုင်းပါပဲ။ တရားခွင်မှာ အမှုတစ်မှုကို စစ်တယ် ဆေးတယ်ဆိုတာဟာ တစ်ဖက်နဲ့တစ်ဖက် 'ငါ့စကား နွားရ' ဆိုသလို အနိုင်လု ပြောကြတာတွေ၊ တစ်ယောက်ကို တစ်ယောက် ချောက်ကျတာတွေ၊ တစ်ယောက်အမှားကို တစ်ယောက်က စောင့်ပြီး လစ်ရင် လစ်သလို တွယ်ကြ အုပ်ကြတဲ့ သဘောမျိုးတွေ များတာပါပဲ။

ကျွန်တော့်မေးတဲ့ မေးခွန်းတွေဟာ ဘယ်လောက်ပဲ တိကျပေမယ့်၊ ကျွန်တော့် ထွက်ချက်တွေဟာ ဘယ်လောက်ပဲ အသေးစိတ်ကျပေမယ့် အမှုနဲ့ဘာမှမပတ်သက်သလို အသေးအဖွဲဖြစ်အောင် လုပ်ပစ်ကြတာပါပဲ။ တကယ်တော့ ရှေ့နေတွေဟာ တစ်ဖက်နဲ့ တစ်ဖက် အနိုင်လု 'ကစား' နေကြသလိုပါပဲ။

ဒါပေမဲ့ ကျွန်တော့်အနေနဲ့ကတော့ အမှုစစ်နေတဲ့ တစ်ချိန်လုံး စိတ်ထဲမှာ စွဲစွဲမြဲမြဲ လက်ခံထားတဲ့ အချက်တစ်ခုတော့ ရှိပါတယ်။ ဒါကဘာလဲဆိုတော့ ကျွန်တော်ဟာ ဒီအမှုမှာ အမှုလိုက်အရာရှိရဲ့ အဓိကသက်



www.burmeseclassic.com

www.burmeseclassic.com



သေအဖြစ်နဲ့ အခုလို အစစ်ဆေးခံနေတာဟာ တောင်ကုန်းအမှတ် ၁၉၂ ပေါ်တုန်းက ကျွန်တော့်သေနတ်ကို ကိုင်ပြီး ကျောက်တုံးကြီးတစ်တုံးရဲ့ဘေးမှာ အဓိဋ္ဌာန်ပြုခဲ့တဲ့ ကျွန်တော့်ဆုံးဖြတ်ချက်ကို ဆောင်ရွက်နေတာပဲလို့ စိတ်ထဲက ယူဆထားပါတယ်။ အဲဒီအဓိဋ္ဌာန်ကတော့ မော်အသတ်ခံရတာကို ကမ္ဘာက သိအောင် ငါလုပ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ပါပဲ။

နောက်တစ်ခုက အစိုးရသက်သေအဖြစ်နဲ့ ခုံရုံးမှာ အစစ်ခံရတယ်ဆိုတာလည်း သိပ်မလွယ်လှပါဘူး၊ ကျွန်တော့်အတွက်တော့ အတွေ့အကြုံတွေ အများကြီး ရလိုက်ပါတယ်။

စောစောက ကျွန်တော့် အမှုလိုက်အရာရှိက ကြိုတင်ပြီး တွက်ထားတဲ့အတိုင်းပဲ၊ တရားခံ ရှေ့နေကြီးက ကျွန်တော်ဟာ စိတ်ဓာတ်ဖောက်ပြန်နေတဲ့ လူတစ်ယောက်လို့ တရားခွင်မှာ စွပ်စွဲလာပါတယ်။ ဒါပေမဲ့ ကျွန်တော့်ဘက်က ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း ကျွန်တော်ဟာ စိတ်ကောင်းနေတဲ့ လူတစ်ယောက်၊ စိတ်ရောဂါ လုံးဝမရှိတဲ့ လူတစ်ယောက်ပါဆိုတာ ဆရာဝန်ရဲ့ ထောက်ခံချက်ကို ပြလိုက်တော့မှ ကိစ္စအေးသွားပါတယ်။

ကျွန်တော့်ကို အဲသလို စိတ်ဖောက်ပြန်ပြီး ရူးနေတဲ့ လူတစ်ယောက်ပါလို့ စွပ်စွဲတာဟာ တခြား စွပ်စွဲချက်တွေနဲ့စာရင် တော်သေးတယ်လို့ ဆိုရပါမယ်။ ကျွန်တော့်ကို စွပ်စွဲကြတဲ့အထဲမှာ ကျွန်တော်ဟာ လူလိမ်လူညာတစ်ယောက်၊ သတ္တိကြောင်ပြီး သူရဲဘောနည်းတဲ့ လူတစ်ယောက်၊ နောက်ဆုံး မော်ကို သတ်ပစ်ခဲ့တဲ့ တရားခံဟာ တိုနီတို့လူစု မဟုတ်ဘဲ၊ ကျွန်တော်သာ တကယ့်လူသတ်သမား တရားခံအစစ်ပါဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုး စွပ်စွဲကြပါတယ်။

တရားခံရှေ့နေတစ်ယောက်ကဆိုရင် 'ကျွန်တော်ဟာ တိုနီရဲ့ အမိန့်အရ မော်ကို ပစ်သတ်ခဲ့ပါတယ်၊ ဒီလိုပစ်သတ်ရာမှာ ကျွန်တော်ကိုင်တဲ့ လောင်ချာနဲ့ လက်ပစ်ဗုံးတပ်ပြီး ကျွန်တော်ကိုယ်တိုင် ပစ်သတ်ခဲ့ပါတယ်' လို့ မျက်စိမှိတ်ပြီး စွပ်စွဲခဲ့ပါတယ်။ ဒါပေမဲ့ သူ့စွပ်စွဲချက်ဟာ အရာမရောက်





ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ တရားခံ ရာဖီရဲ့ထွက်ချက်မှာ အခင်းဖြစ်ပွားတုန်းက ကျွန်တော်ရှိနေတဲ့နေရာက လှမ်းကြည့်ရင် ဗီယက်နမ်မလေး ရောက်နေတဲ့နေရာကို လုံးဝ မမြင်နိုင်ပါဘူးလို့ အတိအလင်း ပါပါတယ်။ ဒါ့ကြောင့် မော်ကို ကျွန်တော်က လက်ပစ်ဗုံးတပ်ထားတဲ့ လောင်ချာနဲ့ လှမ်းပစ်တယ်ဆိုတာ လုံးဝ ယုတ္တိမရှိဘဲ ဖြစ်သွားပါတယ်။ ဒါ့ထက် ပိုပြီး ထင်ရှားတာက ကျွန်တော်ကိုင်တဲ့ လောင်ချာလက်ပစ်ဗုံးအခွံဟာ ခဲနဲ့ လုပ်ထားတာ မဟုတ်ဘဲ၊ ကြေးနဲ့ လုပ်ထားတာ ဖြစ်ပါတယ်။ မော်ရဲ့ ခန္ဓာကိုယ်နဲ့ သူ့အလောင်းနားမှာ တွေ့ရတဲ့ ကျည်ဆန်ခွံနဲ့ ထိပ်ဖူး အစအနတွေက ခဲနဲ့ လုပ်ထားတာ ဖြစ်နေပါတယ်။ ဒါ့ကြောင့် မော်ကို ထိမှန်အောင်ပစ်လိုက်တဲ့ လက်နက်ဟာ ကျွန်တော်ကိုင်ထားတဲ့ လက်နက်မဟုတ်ဘူးဆိုတာ သိပ်ပြီး ထင်ရှားနေပါတယ်။ ကျွန်တော်ကိုင်ထားတဲ့ လက်နက်က လက်ပစ်ဗုံးတပ်ထားတဲ့ လောင်ချာဖြစ်နေပြီး၊ မော်အပစ်ခံရတဲ့ လက်နက်ဟာ အမ် ၁၆ ရိုင်ဖယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရပါဘူး။

တရားခံ ရှေ့နေတွေဟာ အမှုစစ်ဆေးတဲ့ လေးကြိမ်လေးခါစလုံး ကျွန်တော့်ကို သတ္တိကြောင်တဲ့ လူတစ်ယောက်၊ သွေးပျက်တတ်တဲ့ လူတစ်ယောက်ဖြစ်အောင် အမျိုးမျိုးလှည့်ပတ်ပြီး မေးခွန်းထုတ်ကြပါတယ်။ သူတို့လိုချင်တဲ့ အဓိပ္ပာယ်က ကျွန်တော်လို သွေးပျက်တတ်တဲ့ လူတစ်ယောက်ဟာ တကယ့်တကယ် အကျဉ်းအကြပ်ကျလို့ တစ်ခုခု အမှားအယွင်းလုပ်မိတဲ့အခါမျိုးကျရင် ကိုယ့်လူအချင်းချင်းကို ပြန်ပြီး အပြစ်ဖို့တတ်တယ်၊ ပုံချတတ်တယ်ဆိုတဲ့ သဘောမျိုးရောက်အောင် လုပ်တာပါပဲ။

တစ်နေရာမှာဆိုရင် ရှေ့နေတစ်ယောက်က ကျွန်တော့်ကို 'ခင်းတပ်ကြပ်တိုနီကို ကြောက်တယ် မဟုတ်လား' လို့ မေးပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း ပြန်ဖြေလိုက်ပါတယ်။ 'ကြောက်တယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ သူ့မှာ လက်နက်မရှိရင်တော့ ကျွန်တော် မကြောက်ပါဘူး' လို့ ဖြေလိုက်ပါတယ်။ နောက်တစ်ခါ တရားခံရှေ့နေတစ်ယောက်က



www.burmeseclassic.com

တောင်ကုန်းအမှတ် ၁၉၂ပေါ်က အဖြစ်အပျက်မတိုင်ခင် ကျွန်တော် ခေါင်းဆောင်တဲ့ တပ်စိပ်ကို အလစ်ချောင်း အတိုက်ခံတာနဲ့ ပတ်သက်ပြီး 'အဲဒီတုန်းက မင်း တပ်ကို အန္တရာယ်ရှိမှန်း သိရက်သားနဲ့ သတိမပေးဘဲ ချိတက်ခိုင်းပြီး မင်းကိုယ်တိုင်ကတော့ ချုံပုတ်ထဲမှာ ဝင်ပုန်းနေတယ်ဆိုတာ ဟုတ်သလား' လို့ မေးပြန်ပါတယ်။ ဒါကိုလည်း ကျွန်တော်က 'လုံးဝ မဟုတ်ပါဘူး' လို့ ဖြေလိုက်ရပါတယ်။

ကျွန်တော်က အဲသလို ခပ်ပြတ်ပြတ် ဖြေလိုက်တော့ ရှေ့နေက နောက်ထပ် ထပ်ဆင့်မေးခွန်းတွေ တစ်သီကြီး မေးပြန်ပါတယ်။ အဲဒီတုန်းက သူမေးပုံနဲ့ ကျွန်တော် ဖြေခဲ့ပုံကို မှတ်မိသလောက် ပြောရမယ်ဆိုရင်–

'အဲဒီလို ရန်သူက အလစ်ချောင်းတိုက်တဲ့အချိန်မှာ မင်းက ဘယ်လို တုံ့ပြန်ခဲ့သလဲ၊ မင်းကိုင်ထားတဲ့ လက်နက်နဲ့ ရန်သူကို ပြန်ပစ်သေးသလား'

'အဲဒီတုန်းက ကျွန်တော်ဟာ တပ်ရဲ့နောက်ပိုင်း ရောက်နေလို့ ပစ်ဖို့ အခွင့်အရေး မရလိုက်ပါဘူး'

'အဲဒီတုန်းက မင်းစိတ်ထဲမှာ ကြောက်မိသလား'

'ကျွန်တော် မကြောက်ပါဘူး'

'မင်း တကယ် မကြောက်ဘူးလား'

'မကြောက်ပါဘူး'

'မင်းဟာ အဲဒီအချိန်မှာ ကြောက်လွန်းလို့ ကြောင်ပြီး ဒီတိုင်း မလှုပ် မယှက်နဲ့ အသေလို ရပ်နေတယ်ဆိုတာ ဟုတ်သလား'

'မဟုတ်ပါဘူး'

'ဒါဖြင့် မင်းဟာ အဲဒီတုန်းက ဘယ်သူ့ကိုမှ ကြောက်တဲ့စိတ် မရှိဘူးလား'

'မရှိပါဘူး'

ကျွန်တော့်ကို အဲဒီရှေ့နေက 'ကြောက်တတ်တဲ့ လူတစ်ယောက်' လို့ ထင်လာအောင် အဲဒီလို အမျိုးမျိုး လှည့်ပတ်မေးပြီး နောက်တစ်ယောက်





ကတော့ ကျွန်တော်ဟာ ဒီအမှုမှာ ကိုယ်လွတ်ရန်းချင်လို့၊ တိုနီတို့ လူစုအပေါ် အပြစ်တွေ ပုံချပြီး လုပ်ကြံစွပ်စွဲတဲ့ သဘောမျိုးရောက်အောင် အကြိမ်ကြိမ် အခါခါ မေးခဲ့ပါတယ်။ သူ့မေးခွန်းထဲမှာ ကျွန်တော်ဟာ တိုနီတို့တပ်စိပ် မှာ တာဝန်မယူချင်လို့ သူတို့အပေါ်မှာ လုပ်ဇာတ်ခင်းပြီး စွဲချက်တွေ တင်တဲ့ အနေမျိုးရောက်အောင် မေးတာတွေ ပါပါတယ်။ အဲဒီထဲမှာ ကျွန်တော် ဟာ ရဟတ်ယာဉ်နဲ့လိုက်ပြီး စက်သေနတ်ပစ်သမားအဖြစ် တာဝန် ပြောင်း ယူချင်တယ်ဆိုတာနဲ့ ပတ်သက်လို့ ကျွန်တော်က 'ရဟတ်ယာဉ်ပေါ်က စက်သေနတ်ပစ်ရတဲ့ အလုပ်ဟာ အန္တရာယ်များလွန်းလို့ ဒီတာဝန်ယူဖို့ ထည့်တောင် မစဉ်းစားမိပါဘူး' လို့ ပြန်ပြောပါတယ်။ အဲဒီတော့ ရှေ့နေက 'မင်းရဲ့ အစစ်ခံချက် တစ်နေရာမှာ မင်းဟာ ဒီတပ်က ပြောင်းချင်ပါတယ် လို့ အစစ်ခံခဲ့တာ မေ့သွားပြီလား' လို့ ကျွန်တော့်ကို ပြန်ဟောက်ပါတယ်။

အဲဒီနေရာကျတော့ ကျွန်တော်ကလည်း ချက်ချင်း ပြန်ဖြေလိုက် ပါတယ်။ 'ဟုတ်ပါတယ်၊ ဒီတပ်က ပြောင်းချင်တယ်လို့ ကျွန်တော် အစစ် ခံခဲ့တာကို မမေ့ပါဘူး သတိရပါတယ်၊ မှန်လည်း မှန်ပါတယ်။ ကျွန်တော် ဟာ ဒီတပ်စိတ် ဒီတပ်စုကတင် မဟုတ်ပါဘူး၊ ဒီတပ်ခွဲကတောင် ပြောင်း ချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုအလုပ်မျိုးတွေ လုပ်နေကြတဲ့ ဒီလို တပ်ခွဲမှာ ကျွန်တော်ဆက်နေလို့ မဖြစ်ဘူးဆိုတာ တွေ့နေရလို့ပါပဲ။ ကျွန်တော် သိရသလောက် ကျွန်တော်တို့ဟာ ဒီနေရာကို စစ်တိုက်ဖို့ ရောက် လာကြတယ်လို့ ကျွန်တော် နားလည်ပါတယ်။ ဒါပေမဲ့ အခုလို ဘာတစ်ခု မှ အပြစ်မရှိတဲ့ လူတစ်ယောက်ကို သတ်ပစ်တဲ့ အလုပ်မျိုးဟာ စစ်တိုက် တာနဲ့ ဘာမှမဆိုင်ဘူးလို့ ကျွန်တော် ပြောရပါတယ်' လို့ ကျွန်တော်က ဘွင်းဘွင်းပဲ ပြောပစ်လိုက်ပါတယ်။

ကျွန်တော့်ကို ဒီတပ်က ပြောင်းဖို့ ကြိုးစားခဲ့တယ်လို့ တစ်ဖက်က စွပ်စွဲသလို အခြားတစ်ဖက်ကလည်း ကျွန်တော်ဟာ မော်ကို လွတ်အောင် လုပ်နိုင်ရက်သားနဲ့ မလုပ်ခဲ့တာကိုလည်း ယုတ္တိမရှိဘူး၊ မဖြစ်နိုင်ဘူးဆိုပြီး

www.burmeseclassic.com



ရှုပ်ထွေးကြပါသေးတယ်။ အဲဒီ 'တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်' အရ၊ ကျွန်တော်ဟာ တဲထဲမှာ မော်နဲ့ နှစ်ယောက်ထဲ ကျန်ရစ်ခဲ့တုန်းက ဘာ့ကြောင့် ဒီကောင်မလေးကို လွှတ်မပစ်ခဲ့သလဲဆိုတဲ့ မေးခွန်းမျိုး မေးလာပါတယ်။

'မင်းနဲ့ အဲဒီ ဗီယက်နမ်မလေး နှစ်ယောက်ထဲ ရှိနေတယ်ဆိုတဲ့ အချိန်တုန်းက မင့် စိတ်ထဲမှာ တစ်နေရာက ဗီယက်ကောင်းတွေပဲ ဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြားလူသံတွေပဲ ဖြစ်ဖြစ် ကြားရလို့ အဲဒီနေရာကို သွားကြည့်နေတုန်း မင်းပြန်လာတော့ တဲထဲမှာ ကောင်မလေး မရှိတော့ဘဲ ထွက်ပြေးသွားတယ်ဆိုပြီး တိုနီတို့ကို ညာပြောဖို့ စိတ်မကူးမိဘူးလား' လို့ ရှေ့နေတစ်ယောက်က ကျွန်တော့်ကို မေးပါတယ်။ ကျွန်တော်ကလည်း 'စိတ်မကူးမိပါဘူး' လို့ ပြောလိုက်ပါတယ်။ အဲဒီလို ဖြေလိုက်တော့ ရှေ့နေက ကျွန်တော့်ကို ဘာပြောတယ် မှတ်သလဲ၊ 'မင်းဟာ မင့်အသက်ရှင်ဖို့အတွက် ကောင်မလေး အသက်ကို သေအောင် လုပ်လိုက်တာပေါ့' တဲ့။

တစ်ခါတစ်ခါတော့လည်း ကျွန်တော်ဟာ တရားခွင်မှာ သူတို့ကို ကိုးရိုးကားရားဖြစ်အောင် လုပ်ရပါသေးတယ်။ တိုနီက တိုက်ကင်းထွက်တဲ့မနက်မှာ ကောင်မလေးတစ်ယောက်ကို ဆွဲဖို့ ရွာတစ်ရွာ ဝင်တာဟာ စစ်တပ်ရဲ့ ထုံးစံအရ၊ 'မျက်နှာစိမ်းတွေကို ဝင်ရှာတာ မဖြစ်နိုင်ဘူးလား' လို့ ရှေ့နေတစ်ယောက်က မေးပါတယ်။ အဲဒီတော့ ကျွန်တော်က 'ဒါ မဖြစ်နိုင်ပါဘူး၊ ဘာလို့လဲဆိုတော့ ဒီရွာသူရွာသားတွေ အားလုံးဟာ 'မျက်နှာစိမ်းတွေချည်းပါပဲ' လို့ ပြန်ဖြေလိုက်ပါတယ်။

နောက်တစ်ခါ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ဒီကောင်မလေး ရှိနေရင် ကျွန်တော်တို့ တိုက်ကင်းတစ်ဖွဲ့လုံးရဲ့ အန္တရာယ်ကို မစိုးရိမ်ဘူးလားလို့ ရှေ့နေတစ်ယောက်က မေးပြန်ပါတယ်။ အဲဒါကို ကျွန်တော်က 'ဒီကောင်မလေး ကျွန်တော်တို့ တိုက်ကင်းအဖွဲ့နဲ့အတူ ရှိနေတာကို ဘယ်သူမှ မသိပါဘူး၊ ဒါ့ကြောင့် စိုးရိမ်စရာ မရှိပါဘူး' လို့ ဖြေလိုက်ရပါတယ်။





တရားခွင်မှာ တွေ့ရကြုံရတာနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ဟာသဉာဏ် မရှိဘူး ရှိတယ်။ ကျွန်တော်ဟာ ရယ်စရာ မောစရာ ပြောတတ်တယ်၊ မပြောတတ်ဘူး ဆိုတာတောင် ပြဿနာ ဖြစ်ရပါသေးတယ်။ ဖြစ်ပုံက တရားခံပြ သက်သေတွေထဲက တပ်ကြပ်တစ်ယောက်က အစစ်ခံသွားတဲ့ အထဲမှာ ကျွန်တော်နဲ့ပတ်သက်လို့ ကျွန်တော်ဟာ 'တခြား တပ်သားတွေလို ရယ်တာ မောတာလည်း မတွေ့ရဘူး၊ နောက်တာ ပြောင်တာလည်း မရှိဘူး၊ အမြဲသဖြင့် တိတ်တိတ်ဆိတ်ဆိတ် နေတတ်ပါတယ်' လို့ ပြောသွားပါတယ်။

အဲဒါကို အမှုလိုက် အရာရှိက ကြားဖြတ် မေးခွန်းတစ်ခု မေးပါတယ်၊ မေးပုံက

'မင်း ပြောသလို သူ့မှာ ဟာသဉာဏ်မရှိဘူးဆိုတာက၊ သူဟာ ဟိုဟိုသည်သည် လျှောက်သွားပြီး နောက်လိုက် ပြောင်လိုက်၊ မြင်သမျှ တွေ့သမျှကို ရယ်စရာပြောလိုက် မလုပ်တတ်ဘူးဆိုတဲ့ သဘောလား'

'ဟုတ်ပါတယ်'

'ဒါဖြင့် သူဟာ တခြားတပ်သားတွေနဲ့ အားလပ်နေတဲ့ အချိန်တွေမှာ စုစုဝေးဝေးနဲ့ ပျော်ပျော်ပါးပါး မနေဘူးလား။ ဒါမှမဟုတ် သူဟာ အပေါင်းရ အသင်းရ ခက်တဲ့လူလား၊ ဒါမှမဟုတ် သူဟာ အမြဲတန်း အတိုက်အခံ လုပ်တတ်တဲ့ လူစားမျိုးလား'

'မဟုတ်ပါဘူး၊ ဒီလိုလည်း မဟုတ်ပါဘူး၊ သူ့ကို လူတိုင်းက မလိုလားတဲ့သဘော မဟုတ်ပါဘူး။ ကျွန်တော်ဆိုလိုတာက သူဟာ သာမန်ရိုးရိုး လူတွေနဲ့ မတူဘူး၊ နေရာတကာမှာ လေးလေးနက်နက် သဘောထားတတ်တယ်လို့ ဆိုလိုတာပါ'

တရားခွင်မှာ ပြောကြဆိုကြ၊ မေးကြမြန်းကြတာတွေကတော့ အဲဒီ အတိုင်းပါပဲ၊ တစ်ယောက်တစ်ပေါက် ဆိုတဲ့အတိုင်းပါပဲ။

အဲဒီထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ သက်သေတစ်ယောက် ရှိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူက ဘယ်သူလဲဆိုတော့ သေသွားတဲ့ မော်ရဲ့ညီမလေး ဖန်သီလော့ ဆိုတာပါပဲ။

တခြားသူတွေတော့ မပြောတတ်ဘူး၊ ကျွန်တော့်အတွက်ကတော့ အဲဒီ ဖန်သီလော့ဆိုတဲ့ ကောင်မလေးကို မြင်ရ တွေ့ရတာဟာ သေသွားတဲ့ သူ့အစ်မ မော်ကို မျက်စိထဲပြန်ပြီး မြင်ယောင်မိပါတယ်။ သူ့ခမျာ တရားခွင်မှာ မျက်လုံးကလေး ကလယ်ကလယ်နဲ့ ကြောက်ကြောက်ရွံ့ရွံ့ ဖြစ်နေရှာပါတယ်။ သူ့စိတ်ထဲမှာ "ဒီအမေရိကန်စစ်သားတွေဟာ ငါ့အစ်မကိုလည်း ဈွဲခေါ်သွားပြီး သတ်ပစ်လိုက်ကြပြီ၊ အခုလည်း ငါ့ကို စစ်ဆေးမေးမြန်းပြီး သတ်ပစ်ကြဦးမှာလား" လို့ စိုးရိမ်နေတဲ့ဟန်မျိုး ပေါက်နေပါတယ်။

ဖန်သီလော့ကို စစ်တော့ စကားပြန်နဲ့တစ်ဆင့် စစ်ရဆေးရ မေးရမြန်းရပါတယ်။ သူအစစ်ခံတဲ့အထဲမှာ သူ့အစ်မ မော်ကို အမေရိကန်စစ်သားတွေက မနက်လင်းအားကြီး ရွာထဲ ဝင်ဆွဲ ခေါ်သွားပြီးတဲ့နောက်၊ အဲဒီနေ့က သူ့အမေနဲ့သူနဲ့ တစ်နေ့လုံး တောထဲ လိုက်ရှာကြရတဲ့အကြောင်း၊ နောက် တောင်ဗီယက်နမ် အစိုးရတပ်နဲ့တွေ့လို့ အကျိုးအကြောင်း ပြောပြပြီး၊ တောင်ကုန်းအမှတ် ၁၉၂ ပေါ်အထိ လိုက်ရှာကြတဲ့အကြောင်း၊ အဲဒီတောင်ကုန်းပေါ် တစ်နေရာမှာ မော်ရဲ့ ဘရာစီယာလေးကို တွေ့ရတဲ့အကြောင်း၊ အဲဒီ ဘရာစီယာလေးမှာ သွေးတွေ စွန်းနေတာတွေ့ရလို့ စိုးရိမ်ပူပန်မိတဲ့အကြောင်း၊ နောက် အဲဒီတောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ တွေ့ရတဲ့ တဲကလေးကို တောင်ဗီယက်နမ် စစ်သားတွေက မီးရှို့ပစ်လိုက်တဲ့အကြောင်း၊ သူ့ခမျာ တုန်တုန်ယင်ယင်နဲ့ အစစ်ခံသွားရှာပါတယ်။

ဖန်သီလော့ရဲ့ အစစ်ခံချက်အရ နောက်ဆုံး အဖြစ်အပျက်ကတော့ အခုဆိုရင် သူ့အမေလည်း အိမ်မှာ မရှိတော့ဘဲ ပျောက်နေပါတယ်တဲ့။ သူတို့ ကြားရသိရသလောက် သူ့အမေကို ဗီယက်ကောင်းတွေက ပြန်ပေးဆွဲသွားတယ်လို့ ဆိုပါတယ်။ အကြောင်းကတော့ သူတို့သားအမိဟာ တောင်ဗီယက်နမ်စစ်သားတွေကို တောင်ကုန်းအမှတ် ၁၉၂ပေါ်က ဗီယက်ကောင်း





တွေရဲ့ လက်နက်တွေ ဖွက်ထားတဲ့နေရာကို ပြတဲ့အတွက် အခုလို ဖြစ်ရတယ်လို့ ဖန်သီလော့က အစစ်ခံသွားပါတယ်။

အခုဆိုရင် ဖန်သီလော့ဟာ အစ်မလည်းသေ၊ အမေလည်း ပြန်ပေးဆွဲခံရတဲ့အတွက် အဲဒီရွာမှာ မနေတော့ဘဲ၊ သူ့အဖေနဲ့ တခြားရွာတစ်ရွာကို ပြောင်းနေကြတယ်လို့ သိရပါတယ်။ အဲဒီရွာကလည်း ပထမနေတဲ့ရွာနဲ့ တော်တော်လေး ဝေးတယ်လို့ ပြောပါတယ်။

ကျွန်တော်ဟာ ဖန်သီလော့တို့ မိသားစုအကြောင်းကို ကြားရတော့ ပိုပြီးစိတ်မကောင်းဖြစ်ရပြန်ပါတယ်။ သေသွားတဲ့ မော်အတွက် ရင်နာလို့ မဆုံးသေးခင် အမေတကွဲ အဖေတကွဲနဲ့ အမျိုးမျိုး ဆင်းရဲဒုက္ခရောက်နေကြရှာတဲ့ သူတို့ဘဝကို တွေးမိတိုင်း စိတ်မချမ်းသာ ဖြစ်ရပါတယ်။ "သေသူကို ရှင်သူ တရတယ်" ဆိုတာ တောင်ဗီယက်နမ် ပြည်သူတွေရဲ့ ဘဝပါပဲဗျာ။

***

www.burmeseclassic.com

www.burmeseclassic.com

## "အမိန့်" နှင့် "ဆင်ခြင်တုံတရား"

တရားရုံးမှာ ဖန်သီလော့ကို စစ်ဆေးတာဟာ သိပ်မကြာပါဘူး၊ နာရီပိုင်းလောက်နဲ့ပဲ ပြီးသွားပါတယ်။ အဲဒီနောက်တော့ သူ့ကို ကျွန်တော် ဆက်မတွေ့ရတော့ဘူး။

တရားရုံးမှာ ရက်အများဆုံး၊ အချိန်အကြာဆုံး အစစ်ခံရတဲ့လူကတော့ ကျွန်တော်ပါပဲ။ ဒါပေမဲ့ တရားလိုပြ သက်သေအနေနဲ့ အစစ်ခံတဲ့လက နည်းနေပြီး တရားခံဘက်က သက်သေတွေက အရေအတွက် ပိုများပါတယ်။ အဲဒီတရားခံပြ သက်သေတွေ အားလုံးဟာ တရားခံတွေကို ကာကွယ်သွားကြတာပါပဲ၊ ဒီလို ကာကွယ်တဲ့နေရာမှာလည်း ဒီတရားခံတွေဟာ ဘယ်လောက် သတ္တိပြောင်မြောက်တယ်၊ ဘယ်လောက် တာဝန်ကျေပွန်တယ်၊ ဘယ်လောက် စစ်သားပီသတယ်ဆိုတာကို တခမ်းတနား ချီးကျူးကြ တာချည်းပါပဲ။

တရားခံပြ သက်သေတွေထဲမှာလည်း တချို့ကလွဲလို့ ကျန်တဲ့ သက်သေတွေ တော်တော်များများမှာ တစ်ခါက တရာခံတိုနီတို့လူရှုနဲ့ စစ်မြေပြင်မှာ အတူလက်တွဲပြီး တိုက်ခဲ့ကြဖူးတဲ့ လူတွေချည်းပါပဲ။ သူတို့နဲ့ တရားခံ တိုနီဟာ တိုက်ပွဲတွေမှာ တစ်ယောက်နဲ့တစ်ယောက် အသက်ပေးပြီး





တစ်ယောက်အသက် တစ်ယောက် ကယ်ခဲ့ကြဖူးတဲ့ လူတွေပေါ့။ ပြောမနာဆိုမနာနဲ့ အင်မတန်ရင်းနှီးကြတဲ့ ရဲဘော်ရဲဘက်တွေပဲ ဆိုပါတော့။

သူတို့ရဲ့ အစစ်ခံချက်အရဆိုရင် တိုနီတို့လူစုကို စစ်မြေပြင်မှာ တိုက်ရင်းခိုက်ရင်း တွေ့ရမယ့်အစား အခုလို တရားခံအဖြစ်နဲ့ ဝက်ခြံကလေးထဲမှာ တွေ့ရတာဟာ သူတို့အတွက် ဝမ်းနည်းလို့မဆုံးအောင် ဖြစ်ရပါတယ်လို့ ပြောသွားကြပါတယ်။ သူတို့စိတ်မှာ တိုနီရဲ့တပ်စိတ်က ရဲဘော်ဆိုရင်၊ တခြားနေရာမှာ မသေရဘူး၊ အင်အားကြီးတဲ့ ရန်သူကို အနိုင်တိုက်တဲ့ တိုက်ပွဲမှာသာ ကျဆုံးရမယ်လို့ ယူဆထားကြတဲ့အကြောင်း အားရပါးရ ပြောသွားကြပါတယ်။

ကျွန်တော် သတိထားမိသလောက်ဆိုရင် တရားခံလေးယောက်ထဲမှာ တိုနီက ခေါင်းဆောင်ဖြစ်နေလို့လား မသိဘူး၊ တရားခံပြ သက်သေတွေအတော်များများဟာ တိုနီကိုပဲ ထူးထူးခြားခြား ချီးမွမ်းခန်းဖွင့်သွားကြတာ တွေ့ရပါတယ်။ တပ်စုမှူး ရယ်လီကဆိုရင် တိုနီကို "တာကယ့်စံပြသူရဲကောင်း" တစ်ယောက်အဖြစ်နဲ့ ချီးကျူးသြဘာ ထောပနာပြုသွားပါတယ်။ သူ့ထွက်ချက်မှာ 'တပ်ကြပ်ကြီးတိုနီဟာ ကျွန်တော် တွေ့ဖူးသမျှထဲမှာ အကျင့်စာရိတ္တရော၊ စွမ်းရည်သတ္တိရော အထူးချွန်ဆုံး လူတစ်ယောက်ပါ' လို့တောင် လက်ကုန်နိုက်ပြီး ချီးကျူးသွားပါတယ်။ နောက်ပြီးတော့ တိုနီဟာ သူသိသမျှ တိုက်ခိုက်ရေးစစ်သားတွေထဲမှာ အကောင်းဆုံး စစ်သားတစ်ယောက်ပါလို့လဲ သိဒ္ဓိတင်သွားပါတယ်။ ဒါတင်မကပါဘူး၊ ရယ်လီဟာ တိုနီကို 'အင်မတန်တော်တဲ့ စစ်သားတစ်ယောက်' လို့ ကင်ပွန်းတပ်သွားတဲ့အပြင် 'သူဟာ သူ့ကိုပေးလိုက်တဲ့ တာဝန်မှန်သမျှ ကျေပွန်အောင် ဆောင်ရွက်ခဲ့တာချည်းပါပဲ။ ဒါကြောင့် ကျွန်တော်က သူ့ကို စစ်သားတစ်ယောက်အနေနဲ့ အမြင့်ဆုံးအဆင့် ပေးခဲ့ပါတယ်' လို့ ဖော်ထုတ် အစစ်ခံသွားပါသေးတယ်။

တိုနီနဲ့ပတ်သက်လို့ အစစ်ခံကြတဲ့အထဲမှာ သူဟာ စစ်သားမဝင်မနေရ



www.burmeseclassic.com

www.burmeseclassic.com



ဥပဒေကြောင့် မဟုတ်ဘဲ၊ စေတနာ့ဝန်ထမ်း ဘော်လံတီယာအဖြစ်နဲ့ သူကိုယ်တိုင်က လိုလိုလားလား စစ်ထဲဝင်ခဲ့တဲ့အကြောင်း၊ သူဟာ မကြာခင် ကြေးနီတံဆိပ် သူရဲကောင်းဘွဲ့ ရဖို့ စာရင်းထဲမှာ ပါနေတဲ့အကြောင်း၊ နိုင်ငံရပ်ခြားမှာ သူ့ရဲ့တိုက်ရည်ခိုက်ရည်ကြောင့် ဆုတံဆိပ် ငါးကြိမ်တိတိ ရခဲ့ဖူးတဲ့အကြောင်း၊ အကောင်းဆုံး အတော်ဆုံး စစ်သည်တော်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပြီးတဲ့အကြောင်း စသည်ဖြင့် တိုနီရဲ့ဂုဏ်ပုဒ်တွေကို ဖော်ထုတ်ပြောပြသွားကြပါတယ်။

အဲဒီအထဲမှာ အထူးခြားဆုံးနဲ့ အထင်ရှားဆုံး ထွက်ချက်တစ်ခုကတော့ တိုနီဟာ တောင်ဗီယက်နမ် စစ်မြေပြင်ကို မလာခင်က စံပြစစ်သည်တော်အဖြစ် သတ်မှတ်ခြင်းခံရပြီး၊ သမ္မတ ဂျွန်ဆင်ရဲ့ သမ္မတကျမ်းသစ္စာကြိမ်ဆိုပွဲ စစ်ရေးပြအခမ်းအနားကို တက်ဖို့ အရွေးခံရပြီးပြီဆိုတဲ့ အစစ်ခံချက်ပါပဲ။ အဲဒီသမ္မတ ကျမ်းသစ္စာကျိန်ဆိုပွဲ စစ်ရေးပြ အခမ်းအနားမှာ အမေရိကန် တပ်မတော်တစ်ခုလုံးက လက်ရွေးစင် စစ်သားနှစ်ရာပဲ ရွေးချယ်လေ့ရှိတယ်လို့ သိရပါတယ်။

တရားခံပြ သက်သေတွေက အဲသလို တိုနီရဲ့ ဂုဏ်ပုဒ်တွေကို အံ့ချီးမကုန်အောင် ဖော်ထုတ်ပြီး တင်ပြလာကြတော့ ဒီမှာ စဉ်းစားစရာတစ်ခု ဖြစ်လာပါတယ်။ အဲဒါက ဘာလဲဆိုတော့ လူတစ်ယောက်ဟာ ရန်သူကို ရဲရဲဝံ့ဝံ့နဲ့ စွန့်စွန့်စားစား တိုက်ခဲ့ ခိုက်ခဲ့တယ်။ တကယ်လည်း သူရသတ္တိနဲ့ အဖက်ဖက်က ပြည့်စုံတယ်ဆိုတာ မှန်တယ်။ ဒါပေမယ့် အဲဒီလို အရည်အချင်းတွေနဲ့ပြည့်စုံတဲ့ စစ်သားတစ်ယောက်ဟာ အရပ်သူ အရပ်သားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို သတ်ဖြတ်ဖျက်ဆီး နှောင့်ယှက် စော်ကားလာလျှင် အဲဒီစစ်သားကို ခွင့်လွှတ်ရမှာလား၊ ဘေးမဲ့ပေးရမှာလား ဆိုတဲ့ ပြဿနာ ပေါ်လာပါတယ်။ စစ်တိုက်ရာမှာ တော်တာနဲ့ တရားဥပဒေကို ချိုးဖောက် ကျူးလွန်တာနဲ့ ရောထွေးပြီး မစဉ်းစားမိဖို့ လိုတယ်လို့ ထင်ပါတယ်။





အဲဒီနှစ်ခုကို ရောထွေးပြီး စဉ်းစားရင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်မှာ သေချာပါတယ်။

အခုလည်း ဒီအတိုင်းပါပဲ၊ ဒီနှစ်ခုကို ရှင်းရှင်းလင်းလင်း မခွဲခြားဘဲ ရောထွေးပြီး စဉ်းစားကြတဲ့အတွက် မော်အသတ်ခံရတဲ့ အမှုကို စစ်ဆေးတဲ့ နေရာမှာ တစ်ခါတစ်ခါ ဘောင်လွတ်လွတ်သွားတာကို တွေ့ရပါတယ်။

ဒါကြောင့်ပါပဲ၊ အဲဒီအမှုစစ်နေတဲ့ အတောအတွင်းမှာ "တကယ်လို့ စစ်သားတစ်ယောက်ဟာ အရပ်ထဲမှာ လူသတ်မှု ကျူးလွန်ခဲ့ရင် ဒီစစ်သားကို စစ်တပ်ထဲမှာဆက်ပြီး လက်ခံသင့် လက်မခံသင့်" ဆိုတဲ့ မေးခွန်းကို အမှုလိုက်အရာရှိက တရားခံတွေနဲ့ တရားခံပြ သက်သေတွေကို မေးတော့ တရားခံရှေ့နေတွေက လုံးဝမကန့်ကွက်ဘဲ နေခဲ့ကြပါတယ်။

တကယ်ကတော့ ဒီမေးခွန်းဟာ မေးစရာ မလိုပါဘူး။ ဒီမေးခွန်းရဲ့ အဖြေဟာ ရှင်းနေပြီးသားပါ၊ တကယ်လို့ အရပ်ထဲမှာ လူသတ်မှု ကျူးလွန်ခဲ့ကြောင်း ထင်ရှားနေတဲ့ စစ်သားတစ်ယောက်ကို စစ်တပ်ထဲမှာ ဆက်ပြီး နေခွင့်ပြုရင် အဲဒီစစ်သားကို တပ်ထဲမှာ လူသတ်မှုထပ်ပြီး ကျူးလွန်ခွင့်ပြုရာရောက်မှာပါပဲ။

ဒါပေမဲ့ ဒီမေးခွန်းကို ရက်ကလစ်စခန်းက ခုံရုံးမှာ ကျိုးကြောင်းဆင်ခြင်တဲ့တရားနဲ့ မေးတာမျိုး မဟုတ်ဘဲ၊ သက်သေတစ်ယောက်ကို ချည်ပြီး တုပ်ပြီး လုပ်ချင်တာနဲ့ အစိုးရသိက္ခာ အကျခံပြီး ပေါ့ပေါ့ဆဆ မေးခဲ့သလို ဖြစ်နေပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်ပြီး 'အဲဒီစစ်သားကို တပ်ထဲမှာ မထားသင့်ပါဘူး' လို့ ဖြေလိုက်ရင်လည်း ဒီလိုဖြေတဲ့ တရားခံပြသက်သေဟာ ကိုယ်နဲ့ တိုက်ဖော်တိုက်ဖက် ရဲဘော်ကို စွန့်ပစ်ရာရောက်သွားမယ်၊ တကယ်လို့ 'တပ်ထဲမှာ ဆက်ထားသင့်ပါတယ်' ဆိုရင်လည်း စစ်ဆိုတာဟာ ရာဇဝတ်ကောင်တွေကို စုပြီး အလုပ်ပေးထားတဲ့ စီမံကိန်းကြီးတစ်ခုလို သဘောထားရာ ရောက်သွားနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားခွင်မှာ ကျွန်တော်မြင်တွေ့ရသလောက်ကတော့ ဒီမေးခွန်းဟာ တရားခံပြ သက်သေတွေအတွက် အတော်လေး ခိုလို့ခုလု ဖြစ်သွားခဲ့ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ဒီမေးခွန်းဟာ သူတို့အတွက် ဖြေလည်းအခက် မဖြေလည်းအခက် မဟုတ်လား။ ဒီမေးခွန်းကို သူတို့အထဲက ဗိုလ်ကြီး အောင့်တိုတစ်ယောက်ပဲ တိတိကျကျ ပြတ်ပြတ်သားသား ဖြေသွားပါတယ်။ 'တကယ်လို့ တိုနီဟာ မုဒိမ်းမှုနဲ့လူသတ်မှု ကျူးလွန်ကြောင်း ထင်ရှားရင် တိုနီကို သူ့တပ်ထဲမှာ ဆက်ပြီးမထားနိုင်ဘူး' လို့ ဗိုလ်ကြီး အောင့်တိုက အတိအလင်း ပြောသွားပါတယ်။

ဒါပေမယ့် ဗိုလ်ကြီးအောင့်တိုရဲ့ လက်ထောက်အရာရှိကတော့ တစ်မျိုးဖြေသွားပါတယ်။ သူက တိုနီကို တပ်ထဲက ထုတ်ပစ်ဖို့ဆိုတာကို ဒေါနဲ့မောနဲ့ ခုခံကာကွယ်သွားပါတယ်။ အဲဒီတုန်းက အမှုလိုက်အရာရှိနဲ့ အဲဒီစစ်ဗိုလ်နဲ့ အပြန်အလှန် ပြောကြတာတွေကို ကျွန်တော် ဟောဒီအမှုတွဲမှတ်တမ်းထဲက ဖတ်ပြပါမယ်။

မေး။ ။ 'ပြည်ထောင်စုတပ်မတော်မှာ လူသတ်သမား ရာဇဝတ်ကောင်တွေအတွက် နေရာရှိတယ်လို့ လူကြီးမင်း ထင်ပါသလား'

ဖြေ။ ။ 'အမှုလိုက်အရာရှိ ခင်ဗျား၊ တပ်ကြပ်ကြီး တိုနီဟာ ကျွန်တော်တို့တပ်ကို လွှန်ခဲ့တဲ့နှစ် ဖေဖော်ဝါရီလလောက်က ရောက်လာပြီး ကျွန်တော့်လက်အောက်မှာ တာဝန်ယူခဲ့ပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ ရိုင်ဖယ်သေနတ်ကိုင် တပ်စုမှူးအဖြစ် ဆောင်ရွက်နေပါတယ်။ ဒီနေ့ သူတပ်ကြပ်ကြီး ဖြစ်နေတာကို ကျွန်တော်တို့က သူ့ကို ယုံကြည်စိတ်ချစွာနဲ့ တာဝန်ပေးလိုက်လို့ ...'

မေး။ ။ 'လူကြီးမင်းကို ဒါလောက် အသေးစိတ် ရှင်းပြနေဖို့ မေးတာ မဟုတ်ပါဘူး။ ကျွန်တော်မေးတာက ရှင်းရှင်းလေးပါ၊ ပြည်ထောင်စုတပ်မတော်မှာ လူသတ်သမားတွေကို လက်ခံထားသင့်သလားလို့ မေးပါတယ်။ အဲဒါ ထားသင့်သလား၊ မထားသင့်ဘူးလား'





ဖြေ။ ။ 'ဒါကတော့ မထားသင့်ပါဘူး။ သူတို့ ကျသင့်တဲ့အပြစ်ဒဏ်ကို ခံပြီးအထိ တပ်ထဲမှာ မထားသင့်ပါဘူး၊ တစ်ခုရှိတာက သူတို့ကို ပြန်လည် ပြုပြင်ပြီးတဲ့နောက်တော့ ပြန်လက်ခံသင့်တာ အမှန်ပါပဲ။ ဒီမှာ ကွာခြားချက်ရှိတယ်လို့ ကျွန်တော်ထင်ပါတယ်'

မေး။ ။ 'လူကြီးမင်း ဆိုလိုတာက အပြစ်ပေးတဲ့နေရာမှာ လျော့လျော့ပေါ့ပေါ့ ပေးသင့်တယ်လို့ ဆိုလိုတဲ့သဘောလား'

ဖြေ။ ။ 'ဒါကတော့ ယေဘုယျ ခြုံပြောတာပါ။ ဒါပေမဲ့ အခုဒီ သီးသန့်အမှုမှာတော့'

မေး။ ။ 'ဒါဟာ လူသတ်မှုပါ၊ ကျွန်တော်ပြောနေတာက လူသတ်မှုအကြောင်းပါ၊ ဘယ်သီးသန့်အမှုအကြောင်းကိုမှ ပြောနေတာ မဟုတ်ပါဘူး'

ဖြေ။ ။ 'ဟုတ်ကဲ့၊ ကောင်းပါပြီ၊ တကယ်လို့ တစ်စုံတစ်ယောက်ဟာ လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားရင်၊ အဲဒီလူကို အပြစ်ပေးသင့်ပါတယ်။ ဒါပေမယ့် တိုနီကိုတော့ ကျွန်တော့်အနေနဲ့ ပုဂ္ဂိုလ်ရေးအရ သိထားတဲ့ လူတစ်ယောက်မို့လို့ တပ်ထဲမှာ ပြန်ပြီး လက်ခံမှာပါပဲ'

အမှုလိုက်အရာရှိနဲ့ ဗိုလ်ကြီးအောင့်တိုရဲ့ လက်ထောက်အရာရှိဟာ အဲသလိုတောင် တစ်ယောက်နဲ့တစ်ယောက် အချီအချ ပြောခဲ့ကြပါတယ်။

တရားခံတွေထဲမှာတော့ ရာဖီတစ်ယောက်ပဲ သူကျူးလွန်ခဲ့တဲ့ ပြစ်မှုအတွက် ဝမ်းနည်းပက်လက် ဖြစ်နေတဲ့ အမူအရာကို တွေ့ရပါတယ်။ သူ့အစစ်ခံချက်မှာဆိုရင် ကလပ်ကို ပြင်းပြင်းထန်ထန် အပြစ်တင်သွားပါတယ်။ အဲဒီ အစစ်ခံချက်ကလည်း အင်မတန် ထိရောက်ပါတယ်။ ရာဖီက အဲသလို ကလပ်ကို အပြင်းအထန် ထိခိုက်အောင် အစစ်ခံဖို့အတွက် လွယ်လွယ်နဲ့ ဆုံးဖြတ်ချက်မကျပါဘူး၊ နှစ်ရက်လုံးလုံး ကြာပြီးမှ ဒီလိုဖြစ်တာပါ။

ဖြစ်ပုံက ရာဖီကို ခုံရုံးက အပြစ်ပေးပြီးတဲ့နောက် ကလပ်ကို စစ်ဖို့ နှစ်ရက်အလိုမှာ လောင်ဘင်းက အချုပ်စခန်းမှာ ကလပ်က ရာဖီကို ရုံးကျ



www.burmeseclassic.com

www.burmeseclassic.com



ရင် သက်သက်ညှာညှာ အစစ်ခံဖို့ ကပ်ပြောပါတယ်။ အဲဒီလိုပြောရင်းနဲ့ ကလပ်က ရာဖီကို 'ငါတို့ကို ချောက်ကျအောင် အစစ်ခံရင်တော့ မင်းကို တစ်သက်လုံး မကျေဘူးမှတ်ထား' လို့ ကြိမ်းခဲ့ပါတယ်။

အဲဒီမှာတင် ရာဖီလည်း အကျပ်ရိုက်ပြီး နောက်ဆုံးကျတော့ သူ့ဟာ သူ အမြင်မှန်ရသွားပါတယ်။ အဲဒီတော့မှ သူလည်း ရက်ကလစ်စခန်းက ကက်သလစ်ဘုန်းတော်ကြီးတစ်ပါးကို ပင့်ပြီး သူ့တိုက်ကင်းအဖွဲ့သားတွေ အပေါ်မှာပဲ သစ္စာစောင့်ရမလား၊ ဒါမှမဟုတ် ကိုယ်ကျင့်တရားနဲ့ သိက္ခာကို စောင့်ရမလားဆိုတာ မဝေခွဲနိုင်ဘဲ ဖြစ်နေတဲ့အကြောင်း ဖွင့်ပြီး ဝန်ခံပါတယ်။

ကလပ်ရဲ့ရှေ့နေက ဆင့်ခေါ်တဲ့အတွက် ရုံးတော်ကို အဲဒီကက်သလစ်ဘုန်းတော်ကြီး ကြွလာပြီး အစစ်ခံပါသေးတယ်။ အဲဒီ အစစ်ခံတဲ့ အထဲမှာ သူဟာ ရာဖီကို 'ကလပ်အတွက် ဘာမှ ကာကွယ်ပေးနေစရာ မလိုဘူး' လို့ ပြောခဲ့ကြောင်း ထွက်ဆိုခဲ့ပါတယ်။ ဘုန်းတော်ကြီး ပြောတဲ့ စကားထဲမှာ 'မင်းမှာ ကလပ်အတွက် သက်ညှာထောက်ထားဖို့ ဘာတာဝန်မှ မရှိဘူး၊ မင်းမှာ ရှိတဲ့တာဝန်က မင်းမိန်းမရယ်၊ မင်းသားသမီးနဲ့ အခု အသတ်ခံရတဲ့ ကလေးမလေးအတွက်ပဲ သက်ညှာဖို့ ထောက်ထားဖို့ပဲ ရှိတယ်။ အထူးသဖြင့် အမှန်တရားနဲ့ လူ့အဖွဲ့အစည်းအတွက် သက်ညှာဖို့ ပိုပြီးတာဝန်ရှိတယ်' လို့ ပြောခဲ့ပါတယ်။

အဲဒီဘုန်းတော်ကြီးက အစစ်ခံတဲ့အထဲမှာ 'သူဟာ အမေရိကန်ပြည်ထောင်စု တက္ကဆပ်စ်ပြည်နယ်မှာရှိတဲ့ ရာဖီရဲ့ အစ်ကိုတော်တစ်ယောက် ဆီကိုလည်း "ရာဖီ လူသတ်မှုနဲ့ အပြစ်ပေးခံရတဲ့အကြောင်း" သူ့မိန်းမကို ပြောပေးဖို့ လှမ်းပြီး အကြောင်းကြားလိုက်ပြီ' ဆိုတာလည်း အမိန့်ရှိသွား ပါတယ်။

တရားခံလေးယောက်အနက်က ရာဖီတစ်ယောက် အဲသလို နောင်တ ရသွားခဲ့ပေမယ့် ကျန်တဲ့ တရားခံတွေကတော့ ဒီလိုမဟုတ်ပါဘူး။ ရုံးတော်မှာ အမှုစစ်နေတဲ့ အတောအတွင်း သူတို့တစ်တွေရဲ့ အပြုအမူတွေဟာ





တော်တော့်ကို မထီလေးစား နိုင်လှပါတယ်။ သူတို့အမူအရာ မျက်နှာပေးတွေကလည်း "ဒီအမှုဟာ လုံးဝ ယုတ္တိယုတ္တာ မရှိဘဲနဲ့ သက်သက်မဲ့ လုပ်ကြံပြီး စွပ်စွဲတဲ့ အမှုပဲဆိုတာ ရှင်းနေပါတယ်" ဆိုတဲ့ အမူအရာ မျက်နှာပေးမျိုးနဲ့ "အပြည့်" ပါပဲ။ သူတို့ရဲ့ ထွက်ချက်တွေမှာဆိုရင်လည်း သူတို့တစ်တွေဟာ အခုလို ကြမ်းတမ်းခက်ထန်ပြီး နှစ်ရှည်လများ တိုက်ခိုက်နေရတဲ့ စစ်မြေပြင်မှာ သူတို့ဘဝကို မြှုပ်နှံထားရတဲ့အတွက် တရားဥပဒေအရ အပြစ်ပေးတဲ့ ပုံစံမျိုးတွေတောင် မမှတ်မိသလောက် ဖြစ်နေကြပါပြီလို့ ထည့်ပြီး ဖော်ပြခဲ့ကြပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ သူတို့ဟာ အသက်ကို ပဓာနမထားဘဲ စွန့်စွန့်စားစား စစ်တိုက်နေရတဲ့အတွက် ဘယ်အပြစ်မျိုးပဲ ကျူးလွန်ကျူးလွန်၊ သူတို့ကို အရေးမယူသင့်ဘူးဆိုတဲ့ သဘောပါပဲ။

တရားဥပဒေကိုရော၊ ရုံးတော်ကိုရော အဲဒီလို မထီလေးစားလုပ်တဲ့ အပြုအမူမျိုးက တစ်ကြိမ်ထက်တစ်ကြိမ် ပိုပြီး ထင်ရှားလွန်းမက ထင်ရှားလာတော့ မင်နယယ်ကို စစ်တဲ့နေ့ကဆိုရင် အမှုလိုက်အရာရှိက ဒီပြဿနာကို အတိအလင်း ဖွင့်မေးယူရတဲ့အထိ ရောက်သွားပါတယ်။

အဲဒီတုန်းက မေးတဲ့ မေးခွန်းတွေနဲ့ အဖြေတွေကို ကျွန်တော် ဒီအမှုတွဲ မှတ်တမ်းထဲကပဲ ဖတ်ပြပါမယ်။

မေး။ ။ 'မင်းဟာ ဒီ မုဒိမ်းမှုနဲ့ လူသတ်မှု ကျူးလွန်ရာမှာ ပါခဲ့သလား'

ဖြေ။ ။ 'မပါခဲ့ပါဘူး'

မေး။ ။ 'ဒီလိုဆိုရင် အစိုးရက မင်းကို သက်သက်မဲ့ မတရားသဖြင့် ဖမ်းပြီး ခုံရုံးတင်တယ်လို့ မင်းစိတ်ထဲက ယူဆနေသလား'

ဖြေ။ ။ 'ဒီလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော်ဟာ အစိုးရကို လုံးဝ ဆန့်ကျင်တဲ့ သဘောမျိုး မရှိပါဘူး'

မေး။ ။ 'ကောင်းပြီ၊ ဒါဖြင့် မင်းဟာ ဒီအမှုမှာ လုံးဝ ပါဝင်ကျူးလွန်ခြင်း မရှိခဲ့ဘူးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဖြေ။ ။ 'ဟုတ်ပါတယ်၊ မရှိခဲ့ပါဘူး'

မေး။ ။ 'ဒါဖြင့် မင်းကို ခုံရုံး မတင်သင့်ဘူးပေါ့'

ဖြေ။ ။ 'ဟုတ်ပါတယ်၊ မတင်သင့်ပါဘူး'

မေး။ ။ 'ဒီလိုဆိုရင် မင်း ရာထူးတိုးဖို့ကိစ္စ ဆိုင်းငံ့ အထားခံရတာကို အချုပ်ထဲကနေပြီး တိုင်စာပို့တယ်ဆိုတာ မှန်သလား'

ဖြေ။ ။ 'ကျွန်တော်တို့မြို့က အထက်လွှတ်တော်အမတ်ဆီ ရေးတဲ့ စာထဲမှာ ထည့်ရေးလိုက်တာပါ၊ အဲဒီစာထဲမှာ ကျွန်တော်ဟာ မှားယွင်းပြီး အဖမ်းခံနေရတဲ့အကြောင်း ထည့်ရေးလိုက်ပါတယ်'

ရုံးတော်မှာ မင်နယယ်ရဲ့ ထွက်ချက်တွေကတော့ အဲဒီအတိုင်းပါပဲ။

အမှန်အတိုင်းဆိုရင် မင်နယယ်ဟာ ရုံးမရောက်ခင်က သူ မုဒိမ်းမှု ကျူးလွန်ခဲ့ပါတယ်ဆိုတာ စီအိုင်ဒီအရာရှိတွေဆီမှာ ဖြောင့်ချက်ပေးထားခဲ့ပြီးသားပါ။ ဒါပေမဲ့ ရုံးရောက်တော့ တစ်မျိုးဖြစ်သွားပါတယ်။ ရုံးမှာ သူ အစစ်ခံတဲ့အခါကျတော့ သူဟာ ဒီကိစ္စကို အများနဲ့အတူ မရှောင်မလွှဲသာဘဲ လုပ်ခဲ့ရပါတယ်။ ဒီလိုလုပ်ရတာဟာလည်း စစ်စည်းကမ်းအရ လုပ်ရတာမို့ သူ့မှာ အပြစ်မရှိပါဘူးဆိုပြီး လျှောက်လဲချက်ပေးပါတယ်။

ဒီနေရာမှာ မင်နယယ်ဟာ ကျွန်တော့်စိတ်ထဲ တစ်ခါက ဖြစ်ပေါ်ခဲ့တဲ့ ခံစားမှုမျိုး တင်ပြသွားပါတယ်။ သူ့တင်ပြချက်ထဲမှာ သူအပါအဝင် အမေရိကန် စစ်သားတစ်စုကို တိုက်ပွဲမဆင်းခင် တောင်ဗီယက်နမ်က စခန်းတစ်နေရာမှာ ဆယ်ရက်တိတိ အပြင်းအထန် သင်တန်းပေးခဲ့တဲ့အကြောင်း ထည့်ပြောသွားပါတယ်။ အဲဒီသင်တန်းမှာ သက်ဆိုင်ရာ အထက်အရာရှိတွေက ဘယ်လို မှာလိုက်သလဲဆိုတော့ 'တကယ်လို့ မင်းတို့ဟာ ကံအားလျော်စွာ ဗီယက်နမ်ကို မင်းတို့အရင် အနည်းဆုံး ခြောက်လလောက်စောပြီး ရောက်နေတဲ့ လူဟောင်းတွေနဲ့တွဲပြီး တိုက်ပွဲဆင်းရတဲ့ အခါမျိုးကျရင် သူတို့ခိုင်းတာသာလုပ်၊ ဒါမှလည်း မင်းတို့လည်း အသက်ရှည်မယ်' လို့ မှာလိုက်ပါ





တယ်တဲ့၊ ဒီ မှာကြားချက်အရ အမိန့်ကို တိတိကျကျ လိုက်နာရမယ်ဆိုတဲ့ အချက်ဟာ သူတို့ခေါင်းထဲမှာ ရိုက်သွင်းထားသလို စွဲနေပါတယ်လို့ မင်နယယ်က အစစ်ခံသွားပါတယ်။

နောက်ပြီးတော့ သူပြောသွားတဲ့အထဲမှာ 'တကယ်လို့ သူဟာ တိုနီရဲ့ အမိန့်ကို တော်လှန်ပြီး ဗီယက်နမ်မလေးရှိရာ တဲထဲကို ဝင်မသွားခဲ့ဘူးဆိုရင် သူ့လူတွေက သူ့ကို ဝိုင်းပယ်ခံရမှာလည်း စိုးရပါတယ်' လို့ ပါပါတယ်။

ဒီနေရာမှာ အမှုလိုက်အရာရှိက 'ဒီလိုဆိုရင် အဲရစ်ဆင် (ကျွန်တော်) ကတော့ ဘာဖြစ်လို့လဲ၊ အဲဒီ တဲထဲ မဝင်ဘဲ နေသလဲ' ဆိုတော့ မင်နယယ်က 'အဲရစ်ဆင်က လူတစ်မျိုးပဲ၊ အဲဒီတုန်းက သူဟာ ဗီယက်နမ်ရောက်ခါစ "အသစ်စက်စက်" ပဲ ရှိသေးတာ၊ ကျွန်တော်က သူ့အရင် တစ်လလောက် စောပြီး ရောက်နေတာပဲ' လို့ ပြန်ဖြေသွားပါတယ်။

အဲဒီနောက် ကျွန်တော်ဟာ သူရဲဘောကြောင်ပြီး သတ္တိနည်းတဲ့ လူတစ်ယောက်ဖြစ်ကြောင်း သူက ထပ်ပြောပြန်တော့ အမှုလိုက်အရာရှိက ကြားဖြတ် မေးခွန်းတွေ မေးပါတယ်။

အဲဒီမေးခွန်းတွေကတော့ ဒီမှာပါ။

မေး။ ။ 'အဲရစ်ဆင်ဟာ တိုနီကို ဘယ်လိုတုံ့ပြန်ခဲ့သလဲ၊ ဒီနေရာမှာ မင်းကိုယ်မင်း အဲရစ်ဆင်ထက် ပိုပြီး သတ္တိရှိတယ်လို့ ယူဆသလား'

ဖြေ။ ။ 'ကျွန်တော့်ကိုယ် ကျွန်တော် အဲရစ်ဆင်ထက် ပိုပြီး သတ္တိရှိတယ်လို့ မထင်ပါဘူး၊ ကျွန်တော် ဒီလိုဆိုလိုတာ မဟုတ်ပါဘူး'

မေး။ ။ 'ဒါဖြင့်ရင် မင်းနဲ့အတူ ပါလာတဲ့ တပ်သားတွေက မင်းကို မုဒိမ်းသမားတစ်ယောက်လို့ အထင်ခံရအောင် ဘာ့ကြောင့် လုပ်ခဲ့ရတာလဲ'

ဖြေ။ ။ 'ဒါကတော့ တပ်သားတွေအားလုံး စိတ်ကျေနပ်အောင်



www.burmeseclassic.com

www.burmeseclassic.com



တဲထဲကို ဝင်လိုက်တာက ပိုကောင်းတယ်လို့ ပါပဲ၊ အခြေအနေ ပိုကောင်း သွားအောင်ပဲ ဆိုရမလား ဘယ်လိုဆိုရမလဲ မသိဘူး၊ အခြေအနေအားလုံး အစစ အဆင်ပြေအောင်ပဲ ဆိုပါတော့။ ကျွန်တော်တို့ တပ်ဖွဲ့တစ်ခုလုံး ချောချောရှုရှုနဲ့ ဘာပြဿနာမှ မပေါ်ရအောင် လုပ်ခဲ့တာပါပဲ'

မေး။ ။'စစ်တပ်ဆိုတာ၊ စည်းကမ်းတို့ အမိန့်တို့နဲ့ ဆင်ခြင်တုံတရား တွေကြားမှာ ဘယ်ဟာ ရွေးချယ်ရမယ်လို့ ညွှန်ပြထားတာကို မင်း မယုံဘူးလား'

ဖြေ။ ။'တပ်မတော်ကတော့ လူကြီးမင်းတို့ တပ်မတော် လုပ်နည်း လုပ်ဟန်အတိုင်း လိုက်နာဖို့ပဲ မျှော်လင့်ပါတယ်၊ အဲဒါကတော့ "အမိန့်ကို နာခံဖို့ပါပဲ'

***

## ငွေတစ်ဆယ် ပြန်တောင်းမည့်သူ

ဒီလိုနဲ့ ကျွန်တော်တို့အမှုဟာ လေးကြိမ်တိတိ စစ်ဆေးပြီးတော့၊ အဆုံးသတ်သွားခဲ့ပါတယ်။

ဒီအမှုမှာ တာဝန်ကျတဲ့ ဂျူရီလူကြီး လေးဦးရဲ့ ဆုံးဖြတ်ချက်အရ၊ တရားခံတွေဟာ မုဒိမ်းမှု၊ သို့မဟုတ် တစ်ခုခုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားတယ်၊ ဒါ့ကြောင့် အပြစ်ရှိတယ်လို့ စီရင်ချက်ချခဲ့ကြပါတယ်။

ဒါနဲ့ အဲဒီစီရင်ချက်အရ တရားခံ လေးယောက်စလုံး ရိုးရိုးသာမန် စစ်သားဘဝကို လျှော့ချပြီး၊ တပ်မတော်က "ဂုဏ်သရေမဲ့ဖွာ" နဲ့ အထုတ်ခံကြရပါတယ်။ လစာတွေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေလည်း အားလုံး ရုပ်သိမ်းလိုက်ပါတယ်။ ဒါပေမဲ့ အဲဒီထဲက ရာဖီတစ်ယောက်ကိုတော့ ရသင့်ရထိုက်တဲ့ လစာထဲက လစဉ် ဒေါ်လာငါးဆယ်ကို ရှစ်နှစ်တိတိ ဖြတ်တောက်ပြီး ပေးဖို့ ဆုံးဖြတ်ပါတယ်။

အပြစ်ဒဏ်အနေနဲ့ကတော့ သူတို့လေးယောက်စလုံးကို အမေရိကန်ပြည်ထောင်စု ကင်းဆပ်စ်ပြည်နယ်၊ ဖို့တ်ဗင်ဝါ့သ်မြို့မှာရှိတဲ့ "ပြည်ထောင်စု တပ်မတော် စည်းကမ်းထိမ်းသိမ်းရေး အကျဉ်းထောင်" မှာ အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ကျခံဖို့ စီရင်ချက်ချလိုက်ပါတယ်။

ဖူးပွင့်ဝေဝေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ စီရင်ချက်ထဲမှာတော့ ဂျူရီလူကြီးတွေ တစ်ဦးနဲ့တစ်ဦး သုံးသပ်ပုံချင်း မတူတဲ့အတွက် အယူအဆကွဲပြားတဲ အချက်တွေ ပါလာပါတယ်။

တရားခံလေးဦးအနက် အပြစ်ဒဏ် အနည်းဆုံးကျတာကတော့ ရာဗီပါပဲ။ သူ့ကို မုဒိမ်းမှုနဲ့ ကြိုတင်ကြံစည်ခြင်းမရှိတဲ့ လူသတ်မှုအတွက် ဆိုပြီးတော့ ထောင်ဒဏ်ရှစ်နှစ် ချလိုက်ပါတယ်။ သူ ဒီလိုအပြစ်ဒဏ် အနည်းဆုံးကျတာကလည်း ရုံးတော်မှာ အမှုစစ်ဆေးစဉ်က ပူးပေါင်း ဆောင်ရွက်တဲ့ သဘောထားရှိလို့ပဲ ထင်ပါတယ်။

ကလပ်ကိုတော့ မုဒိမ်းမှုနဲ့ ကြိုတင် ကြံစည်ခြင်းမရှိတဲ့ လူသတ်မှုအတွက် ထောင်ဒဏ်တစ်သက် ချလိုက်ပါတယ်။ မင်နယယ်ကတော့ မုဒိမ်းမှုအတွက် ထောင်ဒဏ် ၁၅ နှစ် ကျပါတယ်။ ကျွန်တော့်အတွက် အံ့သြစရာအကောင်းဆုံးကတော့ တိုနီပါပဲ။ စီရင်ချက်ထဲမှာ တိုနီဟာ "မုဒိမ်းမှုနဲ့ ပတ်သက်လို့ အပြစ်တစ်စုံတစ်ရာ မတွေ့ရဘဲ၊ ကြိုတင်ကြံစည်ခြင်းမရှိတဲ့ လူသတ်မှုမှာသာ အပြစ်ရှိတယ်" ဆိုပြီးတော့ ထောင်ဒဏ် ဆယ်နှစ်ပဲ ချလိုက်တာ တွေ့ရပါတယ်။

တိုနီကို အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး၊ စီရင်ချက်မချခင် တစ်နေ့မှာ ဥပဒေဘက်ဆိုင်ရာ အရာရှိက သူ့ကို 'ဒီအမှုနဲ့ပတ်သက်လို့ ရုံးတော်မှာ ဘာပြောချင်သေးသလဲ' လို့ မေးတော့ သူက အကျယ်တဝင့် စီကာပတ်ကုံး ပြောသွားပါသေးတယ်။ သူက 'ကျွန်တော်ဟာ လူသတ်တာတွေ အမြောက်အမြား မြင်ဖူးတွေ့ဖူးပါတယ်။ ဒီလို လူသတ်တဲ့အလုပ်ကလည်း ကျွန်တော်တို့ရဲ့ အလုပ်ဝတ္တရား ဖြစ်နေပါတယ်။ ဒီလိုသတ်ရတာကလည်း ကျွန်တော်တို့ဟာ ကိုယ်က သတ်ရင်သတ်၊ ကိုယ်က မသတ်ရင် ကိုယ်အသတ်ခံရမယ် ဆိုတဲ့ အဖြစ်မျိုးကြောင့်ပါ၊ တစ်ခါတစ်ရံ ကျွန်တော်တို့ဟာ ရန်သူကို ခါးခါးသီးသီး မုန်းတီးပါတယ်။ ဒါပေမဲ့ အမြဲတမ်းတော့ မဟုတ်ပါဘူး၊ လွန်ခဲ့တဲ့ အောက်တိုဘာလတုန်းက အမှတ် ၂ "သာယာစစ်ဆင်ရေး" မှာ ကျွန်တော်





တစ်ခုကြုံဖူးပါတယ်။ အဲဒီတုန်းက ကျွန်တော်ဟာ မီးလောင်နေတဲ့ တဲတစ်တဲကို ဝင်ပြီး ဗီယက်နမ်တွေကို ကယ်ခဲ့ရဖူးပါတယ်။ အဲဒီအချိန်မှာ မီးတွေ တဟုန်းဟုန်း တောက်လောင်နေတဲ့ တဲထဲက ကလေးတွေကို ဗီယက်နမ်တချို့က အတင်းဝင်ပြီး ဆွဲထုတ်ကြရပါတယ်။ သူတို့တစ်တွေဟာ မီးခိုးလုံးရိုက်ပြီး အသက်မရှူနိုင်အောင် ဖြစ်နေကြပါတယ်။ ကျွန်တော်ဟာ အဲဒီတုန်းက မေ့မြောပြီး အသက်မရှူနိုင်အောင် ဖြစ်နေတဲ့ ဗီယက်နမ်မလေး တစ်ယောက်ကို ပါးစပ်ခြင်းတေ့ပြီး အသက်ပြန်ရှူနိုင်အောင်၊ အသက်ပြန်ရှင်လာအောင် လုပ်ခဲ့ရပါတယ်။ ဒီအဖြစ်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ ဒီမှာ သတ်တဲ့ဖြတ်တဲ့ အလုပ်တစ်ခုထဲ လုပ်နေတာ မဟုတ်ပါဘူး' ဆိုပြီး တိုနီက တော်တော် ခပ်ရှည်ရှည်လေး ပြောသွားပါတယ်။

သူ အဲဒီလိုပြောသွားပြီးတဲ့နောက်၊ သူ့ရှေ့နေက သူ့အတွက် လျှောက်လဲချက်ပေးတဲ့နေရာမှာ "အသက် နှစ်ဆယ်သာ ရှိသေးတဲ့ တိုနီဟာ၊ တိုက်ကင်းပေါင်း ငါးဆယ်၊ ခြောက်ဆယ်၊ ခုနစ်ဆယ်လောက်အထိ ခေါင်းဆောင်ပြီး တိုက်ခဲ့ဖူးတဲ့အကြောင်း" ထုတ်ဖော်ပြီး တင်ပြသွားပါသေးတယ်။ နောက်ပြီးတော့မှ 'ဒီအမှုဟာ ဖြစ်ရိုးဖြစ်စဉ်အရ ဖြစ်ရတာ မဟုတ်ပါဘူး' ဆိုပြီး 'ဒီ ထူးခြားတဲ့အမှုနဲ့ ပတ်သက်လို့ တင်ပြစရာ အချက်တစ်ချက် ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဒီအမှုဟာ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တာ မဟုတ်ပါဘူး၊ ဒီထက်ပိုပြီး တိကျအောင် ပြောရမယ်ဆိုရင် ဒီအမှုဟာ ယဉ်ကျေးမှု ကြီးစိုးလွှမ်းမိုးတဲ့ နေရာဒေသမှာ ဖြစ်ခဲ့တာလည်း မဟုတ်ပါဘူး၊ ဒီအမှုဟာ တစ်ဖက်နဲ့တစ်ဖက် သတ်ဖြတ်တိုက်ခိုက်နေကြတဲ့ စစ်မြေပြင်မှာ ဖြစ်ခဲ့တာပါ' လို့ နောက်ဆုံး နိဂုံးချုပ် လျှောက်လဲသွားပါတယ်။

ဒီလိုနဲ့ ဒီအမှုကို စီရင်ချက်ချပြီးသွားလို့ တနင်္ဂနွေနှစ်ပတ်လောက် နေတော့ ခုံရုံးမှာ စကားပြန်လုပ်ခဲ့တဲ့ ဗီယက်နမ် ကျောင်းဆရာတစ်ယောက်ဆီက ကျွန်တော် သတင်းတစ်ခု ကြားရပါတယ်။ အဲဒီကျောင်းဆရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ အမှုစစ်နေတဲ့ အတောအတွင်းမှာ မိတ်ဆွေဖြစ်နေပြီး တော်တော်လေး ရင်းနှီးသွားခဲ့ကြပါတယ်။ သူ့ဆီက ကြားရတဲ့ သတင်းကတော့ တခြားမဟုတ်ပါဘူး၊ မော်ရဲ့ညီမလေး ဖန်သီလော့ဟာ အခု သူ့ရွာမှာ မရှိတော့ဘဲ ပျောက်သွားပြန်ပြီဆိုတဲ့ သတင်းပါပဲ။

သူပြောပြတဲ့အတိုင်းဆိုရင်တော့ ဖန်သီလော့ကို သူ့အမေလိုပဲ ဗီယက်ကောင်းတွေက ပြန်ပေးဆွဲသွားကြတယ်လို့ ဆိုပါတယ်။ ဒီလိုဆိုတော့ သူတို့အဖေတစ်ယောက်ပဲ ရွာမှာ ကျန်တော့မှာပေါ့။ အခုလောက်ဆိုရင် အဘိုးကြီးတောင် ရှိမှ ရှိပါဦးတော့မလား မသိဘူး၊ အဲဒီတော့ ကျွန်တော်တို့ အမေရိကန်တပ်တွေဟာ ဗီယက်ကောင်းရဲ့ရန်ကို ကာကွယ်မပေးဘူးလို့ ဘယ်သူ ပြောနိုင်သေးသလဲ၊ မှန်ပါတယ်။ ကျွန်တော်တို့ အချင်းချင်းကြားမှာတော့ ကျွန်တော်တို့ဟာ မော်တို့မိသားစု တစ်ခုလုံးကို ဂရုစိုက်ကြပါတယ်၊ ကာကွယ်စောင့်ရှောက်ခဲ့ကြပါတယ်။ ဒီထက်ပိုပြီး ကျွန်တော်က ဘာများ ပြောနိုင်ဦးမှာလဲ၊ ဘာများ ပြောစရာရှိသေးလို့လဲ။

အမှုကိစ္စပြီးပေမယ့် ကျွန်တော့်အနေနဲ့ တာဝန်မပြောင်းရသေးပါဘူး၊ ရဟတ်ယာဉ်ပေါ်မှာ စက်သေနတ်သမားအဖြစ်နဲ့ တာဝန်မယူရသေးဘဲ ဖြစ်နေပါတယ်။

အဲဒီလို ဖြစ်ရတာကလည်း တခြားကြောင့် မဟုတ်ပါဘူး။ ကျွန်တော်တို့ခုံရုံးတွေရဲ့ ထုံးစံအတိုင်း၊ ဒီခုံရုံးက ချလိုက်တဲ့ စီရင်ချက်တွေဟာ အလိုအလျောက် အထက်ရုံးမှာ ပြန်ပြီး စဉ်းစားတာ စစ်ဆေးတာတွေ ရှိနေဦးမှာဆိုတော့ အဲဒီကျရင် ကျွန်တော်ဟာ အဓိကသက်သေအဖြစ်နဲ့ ပြန်ပါစရာ ရှိနေပါသေးတယ်။ ဒါကြောင့် အထက်က ကျွန်တော့်ကို တာဝန်ပြောင်းမပေးသေးဘဲ၊ မူလအတိုင်း အခြေစိုက်စခန်းမှာ တပ်ထိန်းအဖြစ်နဲ့ ဆက်ပြီး တာဝန်ယူနေရပါတယ်။

ကျွန်တော့်အတွက် ကံကောင်းတာက ကျွန်တော်ဟာ ဒီအတောအတွင်း မုဒိမ်းမှုတို့ လူသတ်မှုတို့နဲ့ ပတ်သက်တဲ့ နေရာမျိုးမှာ တာဝန်မကျ





ခဲ့ပါဘူး၊ အသေးအဖွဲ ဥပဒေချိုးဖောက်မှုလေးတွေပဲ ကိုင်ရတွယ်ရတာ ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာက “ဒုစရိုက်မြို့တော်” ကို အလှည့်ကျသွားပြီး “ခိုးသမားယာဉ်ရထား” ခိုးငနဲ့စစ်သားတွေကို ဖမ်းရတဲ့အခါမျိုးမှာတောင် လွန်ခဲ့တဲ့ နို့ဝင်ဘာလထဲကဖြစ်ခဲ့တဲ့ တောင်ကုန်းအမှတ် ၁၉၂ပေါ်က အဖြစ်အပျက်ကို ပြန်သတိရပြီး၊ တရားဥပဒေနဲ့ပတ်သက်တဲ့ သဘောတွေကို ဟိုဟိုသည်သည် စဉ်းစား နေမိတတ်ပါတယ်။

မှန်တဲ့အတိုင်း ဝန်ခံရရင် ခုံရုံးက စီရင်ချက်ပြီးတဲ့နောက် ကျွန်တော်ဟာ မော်နဲ့ပတ်သက်လို့ စိတ်ထဲက ကြိုးစားပြီး မေ့မေ့ပျောက်ပျောက်ဖြစ်အောင် နေခဲ့ပါတယ်။ ဒီအကြောင်းကို စကားထဲတောင် ထည့်မပြောမိအောင် သတိထားပြီး ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးပဲ နေခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်နဲ့အတူ တာဝန်ကျတဲ့ တပ်ထိန်းရဲဘော်တွေကို ဒီအကြောင်း နဲ့ပတ်သက်လို့ စကားမစမိအောင် တမင်ရှောင်နေခဲ့ပါတယ်။ တကယ်လို့ ဒီအကြောင်းကို သူတို့နဲ့ စကားစမိရင်လည်း သူတို့ဟာ တရားဥပဒေ ထိန်းသိမ်းရေးသမားတွေ ဖြစ်နေပေမယ့် ဒီအမှုနဲ့ပတ်သက်လာရင် ကျွန်တော်နဲ့ အတိုက်အခံ ပြောလာကြမှာ သေချာပါတယ်။

အထူးသဖြင့် ကျွန်တော်ဟာ အဲဒီရက်ပိုင်းအတွင်းက ပိုပြီး သတိထားခဲ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်က နွေအကုန် မိုးအကူးဆိုတော့ မုတ်သုန်လေနဲ့အတူ မိုးကလည်း နေ့တိုင်းလိုလို ဒလဟော ရွာချနေတော့ ကျွန်တော်တို့ တပ်ထိန်းအဖွဲ့ဝင်တွေဟာ အပြင်အပကို အရင်ကလို ပုံမှန် မထွက်နိုင်ကြဘူး။ အဲဒီလိုအခါမျိုးမှာ တပ်ထိန်းတွေဟာ အပြင်မထွက်နိုင်ဘဲ ကိုယ့်စခန်းမှာပဲ စုဝေးပြီး ကုပ်နေကြတဲ့အခါဆိုတော့ တစ်ယောက်မဟုတ် တစ်ယောက်ကစပြီး၊ တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်ကို ပြောလာ မေးလာမှာ စိုးရပါတယ်။ အဲဒီလို မေးလာကြရင် နောက်ဆုံးကျတော့ ကျွန်တော် လုပ်ခဲ့ကိုင်ခဲ့တာနဲ့ ပတ်သက်လို့ ပြဿနာဖြစ်ပြီး မကျေနပ်တဲ့ လေသံမျိုးတွေ ထွက်လာကြမှာ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



**ထွက်လည်း** ထွက်လာတာပါပဲ၊ အဲဒီလို သတိထားပြီး ဒီအကြောင်း**ကို စကားမစပ်မိအောင်** နေတဲ့ကြားထဲက၊ တစ်နေ့တော့ တပ်ထိန်းတစ်**ယောက်က** ဆိုင်းမဆင့် ဗုံမဆင့်ဘဲနဲ့ ကျွန်တော့်ကို အသားလွှတ်လာပြီး **ဆဲဖန်ပါတယ်**။ 'ဒီကိစ္စမှာ အသတ်ခံရတဲ့လူဟာ အမေရိကန် စစ်သားတစ်ယောက်ဆိုရင် ခင်ဗျား လုပ်တာကိုင်တာကို ကျွန်တော် နားလည်နိုင်ပါသေးတယ်။ ဒါပေမဲ့ ဗီယက်နမ်လူမျိုးတစ်ယောက်အတွက် ဒီလိုလုပ်တယ်ဆိုတော့ ခင်ဗျားကို ကျွန်တော်ဖြင့် နားကို မလည်နိုင်ဘူး' လို့ ပြောပါတယ်။ ဒါပေမဲ့ အဲဒီတပ်ထိန်းဟာ ဒီကိစ္စနဲ့ပတ်သက်လို့ သိပ်ပြီး တစ်ဖက်သတ်အမြင်မျိုး မရှိပါဘူး။ နောက်ဆုံးတော့ သူက ပြောပါတယ်။ 'လူဆိုတာ အမှားနဲ့ မကင်းကြပါဘူးဗျာ' တဲ့။

တစ်ခုတော့ ရှိပါတယ်။ ကျွန်တော်နဲ့အတူ တာဝန်ကျတဲ့ တပ်ထိန်းအဖွဲ့ဝင်တွေဟာ ဒီကိစ္စမှာ ကျွန်တော် လုပ်ခဲ့ ကိုင်ခဲ့တာကို သိပ်တော့ ဘဝင်မကျကြပါဘူး။ ဒါပေမဲ့ သူတို့သဘောထားဟာ ကျွန်တော် အရင်နေခဲ့တဲ့ တပ်စုက တပ်သားတွေလောက်တော့ မဆိုးပါဘူး၊ ပြင်းလည်း မပြင်းထန်ကြပါဘူး။ ဒါတော့ ကျွန်တော် ရဲရဲကြီး ပြောနိုင်ပါတယ်။

အဲ...ဆိုးတာက ကျွန်တော်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ဟာ မော်ကို မေ့ပစ်ဖို့ ကြိုးစားနေတဲ့အထဲက မေ့လို့မရဘဲ ဖြစ်နေပါတယ်။ ဒီအကြောင်းကို မစဉ်းစားဘဲ နေမိအောင်လည်း ကြိုးစားရင်းက စဉ်းစားနေမိပါတယ်။

အဲဒီလို တပ်ထိန်းတွေဆီက ပြောကြဆိုကြ ဝေဖန်ကြတဲ့အသံတွေကြောင့် ဒီအကြောင်းကို ပြန်ပြီး စဉ်းစားမိနေတုန်းမှာပဲ၊ ဒီအမှုနဲ့ပတ်သက်လို့ နောက်ဆက်တွဲ သတင်းတွေ ကြားလာရပြန်တော့ လုံးဝ မစဉ်းစားဘဲ နေလို့မရအောင် ဖြစ်လာမိပါတယ်။

အဲဒီနွေအကုန် မိုးအကူးမှာပဲ၊ ကာလပ်နဲ့ပတ်သက်လို့ မူလ ချမှတ်လိုက်တဲ့ အပြစ်ဒဏ်ကို ပြင်ဆင် ချမှတ်လိမ့်မယ်ဆိုတဲ့ သတင်းကို ကျွန်တော်





ကြားလာရပါတယ်။ ဘယ်လိုလဲဆိုတော့ ကာလပ်ရဲ့ရှေ့နေက ဂျူရီအဖွဲ့ဝင်လူကြီးတွေကို အသနားခံစာ တင်တယ်လို့ သိရပါတယ်။ အဲဒီအသနားခံစာကို ဂျူရီလူကြီးနှစ်ဦးက လက်ခံလိုက်တယ်လို့ ဆိုပါတယ်။ ဒီလို လက်ခံလိုက်ခြင်းအားဖြင့် ကာလပ်ဟာ မူလ စီရင်ချက်ချထားတဲ့ အပြစ်ဒဏ်က လျော့တော့မှာ သေချာသလောက် ဖြစ်သွားပါတယ်။

ကျွန်တော်ဟာ အဲဒီသတင်းကို ကြားလိုက်ရတော့ စိတ်ထဲက တွေးမိတယ်၊ "ဒီအမှုဟာ လုံးဝ ဆုံးခန်းတိုင်သေးတာ မဟုတ်ဘူး၊ အဲဒီတော့ ဘာမှ သေသေချာချာ ရေရေရာရာ မပြောနိုင်သေးဘူး" လို့ တွေးမိပါတယ်။ တစ်ချိန်ထဲမှာပဲ တစ်ခါက ဗိုလ်ကြီးအော့တို ကျွန်တော့်ကို သတိပေးလိုက်တဲ့ စကားကို ပြန်သတိရမိပါတယ်။ အဲဒါက ဘာလဲဆိုတော့ တရားခံတိုနီတို့အပေါ် ချမှတ်လိုက်တဲ့ အပြစ်တွေ ထောင်ဒဏ်တွေဟာ၊ တဖြည်းဖြည်း လျော့ရင်း လျော့ရင်းနဲ့ နောက်ဆုံးကျတော့ လုံးဝ အပြစ်မရတော့ဘဲ "ကွင်းလုံးကျွတ်" လွတ်သွားနိုင်တယ် ဆိုတာပါပဲ။

ဗိုလ်ကြီးအော့တိုက ဒီလိုဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်ကို သတိပေးခဲ့ပါတယ်။ အခုတော့ သူ သတိပေးတဲ့အတိုင်းဖြစ်မယ့် အရိပ်နိမိတ်တွေ စလာပြီလို့ ကျွန်တော့်စိတ်ထဲ တွေးမိလာပါတယ်။

ဒီအတောအတွင်း ဇူလိုင်လနောက်ပိုင်း နေ့တစ်နေ့မှာ ကျွန်တော်ဟာ ကျွန်တော့်တပ်မှူးဆီက မမျှော်လင့်ဘဲ စာတစ်စောင် ရခဲ့ပါတယ်။ ကျွန်တော့်တပ်မှူးဆိုတာက အမှတ် ၁ လေကြောင်းချီတပ်မရဲ့ အကြီးဆုံးတပ်မကြီးမှူးဖြစ်တဲ့ ဗိုလ်ချုပ် တော်လ်ဆင်ဆီကပါ၊ စာထဲမှာပါတဲ့ အဓိပ္ပာယ်အတိုချုပ်ကတော့ ကျွန်တော့်ကို ချီးကျူးဂုဏ်ပြုတဲ့ သဘောပါပဲ။

ဒီအမှုနဲ့ပတ်သက်လို့ ဒီစာဟာ ကျွန်တော့်တစ်သက်မှာ အင်မတန်အရေးကြီးတဲ့စာလို့ ယူဆပါတယ်။ ဒါကြောင့်မို့ အဲဒီစာကို ကျွန်တော်ဂရုတစိုက် သိမ်းထားခဲ့ပါတယ်။ အခု ဒီအံဆွဲထဲမှာပဲ ရှိပါတယ်။ ခင်ဗျားအနေနဲ့ ပိုပြီး တိတိကျကျ သိရအောင် ဒီစာကို မူရင်းအတိုင်း ကျွန်တော်ဖတ်ပြပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



၁။ တပ်သားလေးယောက်က ဗီယက်နမ် မိန်းမပျိုလေးတစ်ဦးအား မတရားကျင့်ကြ၍ သတ်ဖြတ်ခဲ့သောအမှုနှင့် စပ်လျဉ်း၍ မကြာမီက စစ်ဆေး ပြီးစီးသွားခဲ့သည့် စစ်ခုံရုံးတွင် အမှန်တရားအတိုင်း ဖြစ်အောင် ပါဝင်ဆောင်ရွက်ခဲ့သည့် သင်၏ အရေးပါအရာ ရောက်သော လုပ်ဆောင်ချက်များအတွက် သင့်အား ချီးကျူး ဂုဏ်ပြုလိုက်သည်။ ဤအရေးကြီးသောဖြစ်ရပ်နှင့် စပ်လျဉ်း၍ အထက်အရာရှိများအား သင်၏ တာဝန်ကျေပွန်စွာ သတင်း ပေးပို့မှုနှင့် ရုံးတော်တွင် ဆက်လက် ထွက်ဆိုချက်များသည် ကြမ်းကြုတ် ရက်စက်လှသော ဤရာဇဝတ်ပြစ်မှုအတွက် တာဝန် ရှိသူများအား ဖော်ထုတ်ရာ၌ လည်းကောင်း၊ အရေးယူ စစ်ဆေး ရာ၌ လည်းကောင်း၊ အထူးလိုအပ်သော အချက်အလက်များ ဖြစ်ခဲ့သည်။

၂။ ထို့ပြင်လောက် အရေးကြီးလှသော လများအတွင်း သင်၏ ကြီးမား လှသော စွမ်းဆောင်ချက်များသည် လွန်စွာ အရေးပါလှကြောင်း သတိပြုမိသည်။ သင်၏ စွမ်းဆောင်ချက်များသည် လွယ်ကူ လှသောအလုပ် မဟုတ်သည်မှာ ထင်ရှားသည်။ သို့ပါလျက် သင်သည် အမေရိကန် စစ်သည်တော်တစ်ဦးအဖြစ် သင်၏ တာဝန်ကို ထမ်းရွက်ခဲ့သူ ဖြစ်သည်။ သင် ထုတ်ဖော်ပြသခဲ့သော သူရသတ္တိနှင့် ခိုင်မာသောစွဲကို အကြောင်းပြု၍ ကျွန်ုပ်သည် သင့်အား ဤတပ်မတွင် ရှိနေခြင်းအတွက် ဂုဏ်ယူမိကြောင်း သင် သိစေလိုသည်။

ပွန်-ရေ၊ တော်လ်ဆင်
မေဂျာ ဂျင်နရယ်
အမေရိကန်ပြည်ထောင်စု တပ်မတော်ဌာနချုပ်

အခု ကျွန်တော်ဖတ်ပြခဲ့တဲ့ အတိုင်းပါပဲ၊ ဗိုလ်ချုပ် တော်လ်ဆင်ရဲ့





စာဟာ ဒီအမှုတစ်လျှောက်လုံးမှာ ကျွန်တော်ရဲ့ လုပ်ဆောင်ချက်ကို အတိ အလင်း အားပေးခဲ့တဲ့ တစ်ခုတည်းသော တရားဝင် ထောက်ခံချက်ပါ။

အမှုပြီးတဲ့နောက် ဗိုလ်ချုပ် တော်လ်ဆင်ဆီက အဲဒီ တရားဝင် ထောက်ခံချက်ရခဲ့သလို၊ အမေရိကန်ပြည်ထောင်စု ပြန်ရောက်ပြီးမှ ဒီအမှု အတွက် ချောက်ကျမလို့ သိသိလေးလိုတော့တဲ့ အဖြစ်တစ်ခုကိုလည်း ကျွန်တော် ကြုံခဲ့တွေ့ခဲ့ရပါသေးတယ်။

အဲဒီအဖြစ်ကတော့ ဒီလိုပါ။

ကျွန်တော်ဟာ ကျွန်တော်ရဲ့ စစ်မှုထမ်းရက်ကုန်ဆုံးလို့ တောင် ဗီယက်နမ်က ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ အပြီးပြန်လာခဲ့ရပါ တယ်။ ကျွန်တော်တို့ တိုက်ကင်းအဖွဲ့က ဗီယက်နမ်မလေး မော်ကို ရွာထဲ ဝင်ဆွဲခဲ့တဲ့အချိန်နဲ့ တွက်ကြည့်လိုက်ရင် တစ်နှစ်လောက်အကြာမှာ ဆိုပါ တော့။

အဲဒီ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ ကျွန်တော်တို့ စစ်သားတစ်စုဟာ တောင်ဗီယက်နမ် ကမ်ရမ်းပင်လယ်အော် လေဆိပ်ကနေပြီး၊ အမေရိကန် ပြည်ထောင်စုကို လေယာဉ်တစ်စင်းနဲ့ ဦးတည် ပျံသန်းလာခဲ့ကြပါတယ်။

လေယာဉ်ပေါ်မှာတော့ ကျွန်တော့်လို ရက်စေ့လို့ အပြီးပြန်ရတဲ့ လူတွေနဲ့ ခွင့်ယူပြီး ပြန်တဲ့ စစ်သားတွေနဲ့ တစ်စင်းလုံး အပြည့်ပဲဆိုပါတော့။ သီချင်းတကြော်ကြော်နဲ့ အစွမ်းကုန် ပျော်လာကြပါတယ်။ ပျော်မယ်ဆိုလည်း ပျော်စရာပါပဲ၊ နေ့သေမလား၊ ညသေမလား၊ ရန်သူ့လက်ချက်နဲ့ သေရ မလား၊ ကိုယ့်အချင်းချင်း လူမှားပစ်လို့ သေရမလားဆိုတဲ့ ဘဝမျိုးက ခဏတဖြုတ်ပဲဖြစ်ဖြစ် အပြီးအပိုင်ပဲဖြစ်ဖြစ် လွတ်မြောက်လာကြတဲ့ လူတွေ အနေနဲ့ တကယ် ပျော်စရာ ကောင်းလှပါတယ်။

ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော်ဟာ စိတ်ရှိလက်ရှိ ကိုယ်လွှတ် လက်လွှတ် မပျော်နိုင်ပါဘူး။ မပျော်ခဲ့ပါဘူး၊ ထုံးစံအတိုင်း ကျွန်တော့်မျက်စိ အောက်မှာ မရှုမလှနဲ့ လူ့ဘဝကို စွန့်လွှတ်သွားရရှာတဲ့ ဗီယက်နမ်မလေး



www.burmeseclassic.com

www.burmeseclassic.com



မော်ဟာ မျက်စိထဲက မထွက်နိုင်သေးဘဲ ဖြစ်နေပါတယ်။ တကယ်တော့ မော်ဟာ တောင်ဗီယက်နမ်မှာ ကျွန်တော် စစ်မှုထမ်းခဲ့ရတဲ့ သက်တမ်းတစ်လျှောက် ကျွန်တော့်အတွက် အင်မတန် ကြီးမားတဲ့ ရုပ်ပုံလွှာတစ်ခုလို ဖြစ်နေပါတယ်။

လေယာဉ်ပေါ်က လှမ်းကြည့်လို့ မြင်နေရတဲ့ ဗီယက်နမ်တောင်ပိုင်းက တောတောင်ရေမြေ သဘာဝရှုခင်းတွေကို နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ငုံ့ကြည့်ရင်း၊ ကျွန်တော့်တစ်သက်မှာ မေ့ရက်နိုင်ရာမရှိတဲ့ တောင်ကုန်းအမှတ် ၁၉၂ ဟာဖြင့် ဘယ်နေရာ ဘယ်နားလောက်မှာပဲဆိုပြီး မှန်းဆနေမိပါတယ်။

ကျွန်တော့်မျက်စိအောက်မှာ လေယာဉ်ပေါ်က မြင်ရတဲ့ သဘာဝရှုခင်းအလှတွေနဲ့ ဆေးရောင်စုံခြယ်ထားသလို ကြည့်မဝအောင်ဖြစ်နေတဲ့ တောင်ဗီယက်နမ်ဟာ တကယ်မြေပြင်ကို ဆင်းကြည့်လိုက်ရင် မီးဟုန်းဟုန်းတောက်လောင်ပြီး သေနတ်သံ အမြောက်သံနဲ့ ရိုက်သံ ငိုသံ အော်သံတွေ ဆူညံနေတဲ့ "လောကငရဲ" နဲ့ ဘာမှမခြားပါလား ဆိုပြီး၊ ဒီနိုင်ငံက ဒီပြည်သူတွေအတွက် ယူကြုံမရအောင် ဖြစ်မိပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့အတွက် တပ်မတော်က စင်းလုံးငှားပေးလိုက်တဲ့ ပုဂ္ဂလိကပိုင် လေယာဉ်ကြီးဟာ အမေရိကန်ပြည်ထောင်စု ဆီးယက်တဲလ်ပြည်နယ်က ဖို့လုဝစ္စဆိုတဲ့မြို့ကို သတ်မှတ်ထားတဲ့ အချိန်အတိုင်း ဆိုက်ရောက်လာခဲ့ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ဒီလေဆိပ်မှာပဲ ဆင်းပြီး ဒီကမှတဆင့် ကိုယ့်စရိတ်နဲ့ကိုယ် လိုရာခရီးကို ဆက်သွားကြဖို့ပါပဲ။

ကျွန်တော်လည်း ကျွန်တော့်ဇာတိရပ်မြေဖြစ်တဲ့ မင်နီဆိုတာပြည်ကို ခရီးဆက်ဖို့ စီစဉ်ထားပါတယ်။ အဲဒီမှာ တစ်လလောက် အနားယူရင်းနဲ့ ကျွန်တော့်အတွက် တပ်က ထွက်တဲ့ တရားဝင်ခွင့်ပြုချက်ကို စောင့်ဖို့လို့ရှိပါတယ်။

ဒါနဲ့ ဆီယက်တဲလ် လေဆိပ်ကနေပြီး မင်နီဆိုတာပြည်နယ်ကို လေယာဉ်နဲ့ပဲ ခရီးဆက်ဖို့ စီစဉ်ရင်းနဲ့ ကျွန်တော့်မှာ မမျှော်လင့်ဘဲ ခိုးလို့ခုလု





ဖြစ်ရပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဆီယက်တဲလ်က မင်နီဆိုတာကို သွားဖို့ လေယာဉ်လက်မှတ်ဝယ်တော့ ကျွန်တော့်မှာ ပါတဲ့ငွေနဲ့ မလုံလောက်ဘဲ ဆယ်ဒေါ်လာလိုနေတာ တွေ့ရပါတယ်။

ပထမတော့ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိဘဲ ရှုပ်ရှက်သွားပါတယ်။ နောက်တော့မှ ကံအားလျော်စွာ မင်နီဆိုတာကို ပြန်မယ့် အသိတစ်ယောက်နဲ့တွေ့လို့ သူ့ဆီက ငွေတစ်ဆယ် ခဏချေးပြီး လက်မှတ်ဝယ်ရပါတယ်။ အဲဒီမိတ်ဆွေကလည်း တခြားလူမဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူ တောင်ဗီယက်နမ်ကို တစ်နှစ်ကျော်ကျော်လောက်က စောစောရောက်သွားတဲ့ စစ်သားတစ်ယောက်ပါပဲ၊ အမြောက်တပ်မှာ တာဝန်ကျနေတော့ တောင်ဗီယက်နမ်မှာ သူနဲ့ ကျွန်တော်တစ်ခါမှ မတွေ့ခဲ့ရပါဘူး၊ အခု သူလည်း ရက်ရှည်အိမ်အပြန် ဒီလေဆိပ်ကျမှ ကျွန်တော်နဲ့ လူချင်းဆုံကြတာပဲ ဆိုပါတော့။

သူကလည်း ကျွန်တော့်တွေ့တော့ အားရဝမ်းသာ နှုတ်ဆက်ပြီး ငွေတစ်ဆယ်ကိုလည်း ရှောရှောရှုရှုနဲ့ ချေးပါတယ်။

ဒီလိုနဲ့ သူရော ကျွန်တော်ရော အဲဒီလေဆိပ်က ထွက်တဲ့ လေယာဉ်တစ်စင်းပေါ်မှာ အတူတူ မျက်နှာချင်းဆိုင်ထိုင်ပြီး လိုက်လာခဲ့ကြပါတယ်။ လေယာဉ်ထွက်လာပြီး တော်တော်လေးကြာတော့မှ သူက ကျွန်တော့်မျက်နှာကို စိုက်ကြည့်ရင်း အခုမှ မှတ်မိတဲ့ ပုံစံမျိုးနဲ့ ဖြန်းဆို ကောက်ခါငင်ကာ ပြောချလိုက်ပါတယ်။ သူက 'ဟေ့ နေပါဦးကွ၊ ဟို ဗီယက်နမ်မလေး အခုတုန်းက ဖော်ကောင်လုပ်ခဲ့တာ မင်း မဟုတ်လား၊ အစ်စ်ပေါ့၊ မင်း အတော်သောက်သုံးမကျတဲ့ကောင်ပဲ' ဆိုပြီး ကျွန်တော့်ကို "ချဲ" တော့ တာပါပဲ။

အဲဒီအချိန်မှာ ကျွန်တော်တို့ စီးလာတဲ့ လေယာဉ်က အမြင့် ပေသုံးသောင်းကျော်မှာ ပျံနေပါပြီ။ ကျွန်တော် ထင်ပါတယ်၊ တကယ်လို့သာ ဆယောင်မှာ မဟုတ်ဘဲ ဒီလေယာဉ်ဟာ လေဆိပ်က ထွက်မလာသေးဘဲ မြေပြင်မှာ ရှိနေသေးမယ်ဆိုရင် ဒီလူဟာ သူ့ဆီက ကျွန်တော်ချေးထားတဲ့ ငွေတစ် ဆယ်ကို ချက်ချင်းပြန်တောင်းမှာ သေချာပါတယ်။

***

www.burmeseclassic.com

www.burmeseclassic.com

## ကွင်းလုံးကျွတ် လွတ်သွားခြင်း

မင်နီဆိုတာနယ်ကို ပြန်ရောက်တော့ ကျွန်တော်ဟာ မင်နီပုလစ်မြို့က ဒီတိုက်ခန်းကလေးမှာပဲ နေခဲ့ပါတယ်။ ဒီတိုက်ကလေးကို ကျွန်တော် မရှိတုန်း ကျွန်တော့်ဇနီးကပဲ ကြည့်ရှု ထိန်းသိမ်းခဲ့ပါတယ်။

ကျွန်တော်ဟာ ခွင့်ရက်မစေ့မချင်း တစ်လလုံးလုံး ဒီမြို့ကလေးမှာပဲ ကျွန်တော့်ဇနီးနဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေနဲ့အတူ နေခဲ့ပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်ဇနီးနဲ့ မိတ်ဆွေသင်္ဂဟတွေအပြင်၊ ကျွန်တော်နဲ့အတူ အမြဲရှိနေတာကတော့ "မော်" ပါပဲ။ မော်ဟာ ကျွန်တော့်စိတ်အာရုံထဲမှာ အမြဲထင်ဟပ်နေပါတယ်။ ရှေ့လာမယ့် ဖြေကျရင် ကျွန်တော်တပ်က လုံးဝထွက်ခွင့်ရပြီး ကျွန်တော့်ဘဝ နောင်ရေးအတွက် အလုပ်လုပ်ဖို့ စဉ်းစားတဲ့နေရာမှာတောင် မော်နဲ့ပတ်သက်တဲ့ အတိတ်က ဖြစ်ရပ်တွေကို အခြေခံပြီး စဉ်းစားမိပါတယ်။ ရှေ့လျှောက် နေရေးထိုင်ရေးအတွက် အလုပ်လုပ်ဖို့ သိပ်မစဉ်းစားပါဘူး၊ လူ့ဘဝနဲ့ပတ်သက်တဲ့ အတွေးအခေါ်တွေ အယူအဆတွေပဲ ခေါင်းထဲ ဝင်ဝင်လာပါတယ်။ ဒီအတွေးအခေါ် အယူအဆတွေဝင်လာတာကလည်း တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်ကို ပြန်ပြန်ပြီး သတိရနေမိလို့ပါပဲ။





ကျွန်တော့်စိတ်ထဲမှာ အဲဒီအဖြစ်အပျက်ကို အကြောင်းပြုပြီး ကျွန်တော်ဟာ နှစ်ပေါင်းအတော်ကြာအောင် ဒီအဖြစ်အပျက်ထဲက သင်ခန်းစာတွေ ထုတ်ယူရလိမ့်ဦးမယ်လို့ပဲ ထင်နေမိပါတယ်။ ဒါကြောင့်လည်း ကျွန်တော့်ကိုယ် ကျွန်တော် ဆုံးဖြတ်လိုက်မိပါတယ်။ ကျွန်တော်ဟာ ဝမ်းရေးအတွက် ဘယ်အလုပ်မျိုးပဲ လုပ်ရလုပ်ရ၊ အရေးမကြီးဘူး၊ အရေးကြီးတာက ကျွန်တော်ရဲ့ ဘဝပဲလို့ ဆုံးဖြတ်ထားပါတယ်။ ဘဝဟာ ကျွန်တော့်အတွက် သီးသန့်ရှိနေပါမယ်၊ ဒီလိုမှ မရှိရင် ကျွန်တော် တောင်ဗီယက်နမ်မှာ တိုက်ကင်းထွက်ရာက မသေမပျောက် အိမ်ပြန်ရောက်လာတာဟာ ဘာမှ အဓိပ္ပါယ်မရှိဘူးလို့ပဲ ဆိုရပါမယ်။

ကျွန်တော့်ဇနီးကတောင် ကျွန်တော့်စိတ်ဓာတ်ကို အတဲ့ခတ်မိ... ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် တောင်ဗီယက်နမ်က ပြန်ရောက်တဲ့နေ့၊ လေဆိပ်မှာ ကျွန်တော်နဲ့ တွေ့တွေ့ချင်း ကျွန်တော်ဟာ သူ့အပေါ်မှာ အရင်ဗီယက်နမ်ကို မသွားခင်ကထက် ပိုပြီးကြင်နာတဲ့ အရာအရာတွေ တွေ့ရတယ်လို့ ကျွန်တော့်ကို ပြန်ပြောပါတယ်။

ဗီယက်နမ်မလေး မော်နဲ့ပတ်သက်ပြီး ကျွန်တော့်ဇနီးလည်း စိတ်ထိခိုက်ရှာပါတယ်။ သူလည်းပဲ ဒီကောင်မလေးအကြောင်း အမြဲလိုလို စဉ်းစားနေမိပါတယ်။ ကျွန်တော်တို့ ဇနီးမောင်နှံဟာ ဒီကောင်မလေး သေသွားရှာရတာကို အကြောင်းပြုပြီး၊ ဒီအကြောင်းကို စဉ်းစားမိတိုင်း တစ်ယောက်အပေါ် တစ်ယောက် ပိုပြီးတော့ ယုယမိကြပါတယ်။

ကျွန်တော့်ဇနီးဟာ၊ ကျွန်တော် ပြန်မရောက်ခင်ကတည်းက ဒီအကြောင်းတွေ အားလုံး တစ်ခုမကျန် သိထားပြီးသားပါ။ ဒါကြောင့်လည်း သူဟာ ကျွန်တော့်စာတွေဖတ်ပြီး ကျွန်တော် စိတ်ထိခိုက်နေတယ်ဆိုတာ သိရလို့ နေ့တိုင်းလိုလို ကျွန်တော့်ဆီ စာထည့်ရှာပါတယ်။ ကျွန်တော်ကြိုက်တတ်တဲ့ အသုံးအဆောင် ပစ္စည်းလေးတွေလည်း ပို့ ပို့ ပေးရှာပါတယ်။

အခုဆိုရင်ပဲ ကျွန်တော် အိမ်ပြန်ရောက်ပြီးတဲ့နောက်ပိုင်း ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဇနီးဟာ ဗီယက်နမ်မလေး မော်အကြောင်းကို ဘယ်တော့မှ အစဖော်မပေးပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ဒီအဖြစ်အပျက်ကို ဘယ်လောက်အထိ အစွဲအလမ်းကြီးနေတယ်ဆိုတာ သူသိထားလို့ပါပဲ။ သူကအဲသလို အစဖော်မပေးပေမယ့် ဒီအကြောင်းကို ကျွန်တော်ကိုယ်တိုင်က မမျှော်လင့်ဘဲ ပြန်ပြန်ပြီး အစဖော်နေမိပါတယ်။

ကျွန်တော်နဲ့ ကျွန်တော့်ဇနီးဟာ အဲဒီ ၁၉၆၇ ခုနှစ်၊ ခရစ္စမတ်ပွဲတော်ရက်အတွင်းက ကျွန်တော်တို့ ဘိုးဘွားတွေရဲ့ ဇာတိဖြစ်တဲ့ ဟိုမြောက်ပိုင်းကမြို့ကလေးတစ်မြို့ကို အလည်သွားခဲ့ကြပါတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့နှစ်ဖက်ဆွေမျိုးတွေလည်း ရှိကြပါတယ်။

ကျွန်တော်တို့ အဲဒီမြို့ကလေးမှာ ရှိတုန်း၊ တစ်နေ့တော့ ကျွန်တော့်ဦးလေးတစ်ယောက်က ဗီယက်နမ်မလေး မော်အကြောင်း ကျွန်တော့်ကိုမေးပါတယ်။ အဲဒီဦးလေးကို ကျွန်တော် အင်မတန် ခင်လည်း ခင်ပါတယ်။ ဒါပေမဲ့ အဲဒီတုန်းက ကျွန်တော်ဟာ စိတ်မကောင်းဖြစ်နေတာနဲ့ ကျွန်တော့်ဦးလေးကို "ဒီကောင်မလေးအကြောင်း မပြောပါရစေနဲ့" လို့ တောင်းပန်ခဲ့ပါတယ်။

ဧပြီလရောက်တော့ ခွင့်ရက်လည်း စေ့သွားလို့ ကျွန်တော်ဟာ ကော်လိုရာဒို ပြည်နယ်က ဖို့ကာဆန်မြို့ကို သွားပြီး အမှုထမ်းသက်တမ်း ၂ နှစ်စေ့တဲ့အကြောင်း သတင်းပို့ရပါတယ်။ အဲဒီ ဖို့ကာဆန်မြို့ကလေးမှာ စစ်ထဲမဝင်မနေရ ဥပဒေနဲ့ပတ်သက်လို့ လာကြတဲ့လူတွေ တစ်ပြုံကြီး တွေ့ခဲ့ရပါတယ်။ အဲဒီထဲမှာ ကျွန်တော့်လို သက်တမ်းစေ့သွားတဲ့ လူတွေရောအခုမှ စစ်ထဲဝင်ရပြီး ဗီယက်နမ်သွားရမယ့် လူတွေရော စုံလို့ပါပဲ။

ကျွန်တော်ဟာ စစ်မှုထမ်း သက်တမ်းစေ့သွားပေမယ့် ယာယီအားဖြင့် တပ်ထိန်းအဖွဲ့မှာပဲ ဆက်ပြီး တာဝန်ယူရပါသေးတယ်။

ဒီအမေရိကန်မှာတော့ တောင်ဗီယက်နမ်လို မဟုတ်ပါဘူး။ ကျွန်တော့်တာဝန်ဟာ ပိုပြီး သက်သာပါတယ်။ အေးအေးဆေးဆေးလည်း ရှိပါတယ်။





နောက်တစ်ခု ကောင်းတာက ဖို့ကာဆန်မှာ ရှိကြတဲ့ တပ်တိန်းအဖွဲ့ဝင်တွေဟာ ဗီယက်နမ်မလေး မော်နဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဘာတစ်ခုမှ မမေးကြပါဘူး။ ဒီလို မမေးကြတာကလည်း ဒီကိစ္စဟာ ကျွန်တော်နဲ့ပတ်သက်နေတဲ့အကြောင်း သူတို့ မသိကြလို့နဲ့ တူပါတယ်။

အဲဒီမြို့မှာ ကျွန်တော်နဲ့ ထူးထူးခြားခြား ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် တွေ့ခဲ့ပါတယ်။ သူကတော့ ရေတပ်က ကပ္ပတိန်တစ်ယောက်ပါပဲ။ သူလည်းပဲ တောင်ဗီယက်နမ်မှာ တစ်နှစ်ခွဲလုံးလုံး တိုက်ခိုက်လာခဲ့ရပြီး၊ အခုတပ်က ထွက်တော့မယ့်ဆဲဆဲပါပဲ။

ကျွန်တော်ဟာ အဲဒီရေတပ်ကပ္ပတိန်နဲ့ တော်တော်လေး ရင်းနှီးလာတဲ့အတွက် တစ်ညနေတော့ သူ့ကို ဗီယက်နမ်မလေး မော်အကြောင်း ပြောပြလိုက်ပါတယ်။ ကပ္ပတိန်ဟာ ကျွန်တော်ပြောတဲ့ အဖြစ်အပျက်တွေ ကြားရတော့ တော်တော့်ကို တုန်လှုပ် ချောက်ချားသွားပါတယ်။ သူ အဲဒီလို တုန်လှုပ်ချောက်ချားသွားတာကို မြင်လိုက်ရတော့ ကျွန်တော်တောင် စိတ်ထဲကတစ်မျိုးဖြစ်သွားမိပါတယ်။ သူ့အမူအရာကိုကြည့်ပြီး စိတ်လည်း ဝင်စားသွားမိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အမှန်အတိုင်း ဝန်ခံရရင် တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်နဲ့ ပတ်သက်လို့ တစ်ခါတစ်ခါ ကျွန်တော်စဉ်းစားမိတာ ရှိပါတယ်။ 'တကယ်လို့ ငါဟာ အဲဒီအဖြစ်အပျက်တွေနဲ့ တွေ့ရကြုံရတဲ့အချိန်မှာ ဗီယက်နမ်ကို တစ်လလောက်စောပြီး ရောက်ခဲ့မိရင် ဒီလိုစိတ်ထိခိုက်ချင်မှ ထိခိုက်မယ်။ အဲဒီလိုသာဆိုရင် ငါဟာ ကျန်တဲ့တပ်သားတွေလိုပဲ သဘောထားမိလိမ့်မယ်' လို့ တွေးမိပါတယ်။ ဒါပေမဲ့ အခုတော့ဒီအတွေးဟာ မမှန်ဘူးဆိုတာ သိရပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ အခု ကြည့်လေ၊ ကျွန်တော့်ရှေ့မှာတင် ရေတပ်ကပ္ပတိန်ရဲ့ ခံစားချက်ကို ကျွန်တော်တွေ့နေရပြီ၊ ဒီကပ္ပတိန်ဟာ တောင်ဗီယက်နမ်မှာ တိုနိုတို့ ကာလပ်တို့ထင် မကဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တွေ့ဖူးသမျှ လူတွေထက် ပိုပြီး အချိန်ကြာကြာ တိုက်ပွဲတွေ တိုက်လာခဲ့တဲ့ လူပဲ။ အဲဒီလိုလူက အခု ဒီအဖြစ်အပျက်ကို ကြားလိုက်ရတာနဲ့ ကျွန်တော် ခံစားခဲ့ရသလို ထပ်တူထပ်မျှ ခံစားနေရပါတယ်။

တကယ်တော့ လူတွေရဲ့ စိတ်နေစိတ်ထားနဲ့ အကျင့်စာရိတ္တဆိုတာ အင်မတန် ဆန်းကြယ်ပါတယ်။ အခု ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေ ရေတပ် ကပ္ပတိန်ကို ကြည့်ပါလား။

ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ ဘာသာတရားနဲ့ ပတ်သက်ပြီး အလေးအနက် ယုံကြည်ကြပါတယ်။ ဒီလို ဘာသာတရားကို အလေးအနက် ယုံကြည်ပြီး၊ စိတ်ဝင်စားမှုကြောင့် စစ်နဲ့ပတ်သက်တဲ့ အတွေ့အကြုံတွေ အပေါ်မှာ သူနဲ့ကျွန်တော်နဲ့ အမြင်ချင်း လာတူနေကြတာ တွေ့ရပါတယ်။ ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေဟာ ရန်သူကို အနီးကပ် လက်တစ်ကမ်း တိုက်ပွဲတွေကို တိုက်ခဲ့ကြဖူးပါတယ်။ ဒီလိုတိုက်ပွဲမျိုးတွေနဲ့ ပတ်သက်လို့ တော့ အတွေ့အကြုံခြင်း သိပ်မကွာဘူးဆိုတာ သံသယရှိစရာ မလိုပါဘူး။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ နိုင်ငံခြားမှာရှိတုန်း သီးခြားတွေ့ခဲ့ကြုံခဲ့ရတာ ကတော့ လူတွေဟာ စိတ်ဓာတ်တွေ ပျက်ပြားပြီး ဖောက်ထိုးမိုးမျှော် ဖြစ်နေ ကြတဲ့ အချက်ပါပဲ။ ဒီနေရာမှာ ကျွန်တော်ကိုယ်တိုင် ပါဝင် တွေ့ကြုံခဲ့ရတဲ့ အဖြစ်အပျက်မျိုးဟာ အင်မတန် ထင်ရှားတဲ့ ဥပမာတစ်ခုပါပဲ။

ကျွန်တော်တို့အားလုံးရဲ့ စိတ်ဓာတ်ထဲမှာ ခံယူထားကြတဲ့ သဘောတရားတစ်ခုက 'တို့ဟာ မကြာခင် မိနစ်ပိုင်းအတွင်း သေချင် သေသွားနိုင်တယ်။ အဲဒီတော့ တို့မသေခင် လုပ်သွားတဲ့အလုပ်ကို ကောင်းတယ် ဆိုးတယ်လို့ ခွဲခြားနေစရာ ဘာလိုသေးသလဲ' ဆိုတဲ့ သဘောထားပါပဲ။ ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့ ကျွန်တော်ဟာ အဲဒီနေရာမျိုးမှာ ကြာကြာနေခဲ့ရလေလေ၊ ဒီသဘောထားမျိုးဟာ မမှန်ဘူးဆိုတာ ပိုပြီး သဘောပေါက်လာလေလေ ဖြစ်ခဲ့ရပါတယ်။

အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ဟာ လူ့ဘဝမှာ ကြာကြာနေရ





မှာ မဟုတ်တော့တဲ့အတွက် ကျွန်တော်တို့ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို ပိုပြီး ဂရုတစိုက် စောင့်ထိန်းဖို့ လိုတယ်ဆိုတဲ့ အချက်ပါပဲ။

ဒါ့ကြောင့်မို့လည်း ကျွန်တော်ဟာ ဘာသာတရားကို ယုံကြည်လေးစားပြီး စိတ်ပါဝင်စားတာပါပဲ။ ဒါကို တစ်ယောက်ယောက်က တစ်မျိုးတစ်ဖုံ ခေါ်ချင်လည်း ခေါ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အယူအဆကတော့ ရှင်းရှင်းလေးပါ။ ကျွန်တော်တို့ လုပ်ခဲ့တဲ့အလုပ်အတွက် ကျွန်တော်တို့မှာ အဖြေရှိရပါမယ်၊ ကျွန်တော်တို့ဟာ တစ်ယောက်ယောက်ကို တစ်ခုခု အဖြေ ပေးရပါလိမ့်မယ်။ ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ ပြန်ပြီး အဖြေပေးတဲ့ အခါလည်း ပေးရပါလိမ့်မယ်။

တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်ကို ကျွန်တော်က မေ့ပစ်ချင်ပေမယ့် မေ့ပစ်လို့မရလောက်အောင် အခြေအနေတွေကလည်း ဖန်တီးပေးနေပါတယ်။

ဖြစ်ပုံက ကျွန်တော် ဗိုကာဆန်မြို့ကလေးမှာ တပ်ထိန်းဘဝနဲ့ တာဝန်ယူနေတုန်းမှာပဲ ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလထဲကျတော့ ဒီအမှုနဲ့ ပတ်သက်ပြီး နောက်ထပ် သက်သေလိုက်စရာ ဖြစ်လာပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ တရားခံ မင်နယယ်ကို အမှုပြန်စစ်ဖို့ အထက်ရုံးက အမိန့်ကျလာလို့ပါပဲ။

အဲဒီအမိန့်ကျလာတဲ့ အကြောင်းရင်းကလည်း မင်နယယ်ကို ပထမဆုံးအကြိမ် စီအိုင်ဒီက စစ်ခဲ့ဆေးခဲ့တဲ့နေရာမှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပေးခဲ့ပါတယ်။ အဲဒီထဲမှာ မင်နယယ်ဟာ စီအိုင်ဒီတွေ မေးတဲ့ မေးခွန်းတွေထဲက သူ မဖြေချင်တဲ့ မေးခွန်းမှန်သမျှ မဖြေဘဲ ရှောင်နေနိုင်တယ်။ နောက်ပြီးတော့ အမှုအတွက် ကြိုက်တဲ့ ရှေ့နေတစ်ယောက်ကို ငှားနိုင်တယ် ဆိုတဲ့ အခွင့်အရေးတွေ ပါပါတယ်။

ဒါပေမဲ့ ဒီမှာ ကတ်သီးကတ်သတ် ဖြစ်လာပုံက စီအိုင်ဒီဟာ မင်နယယ်ကို ရှေ့နေငှားနိုင်ခွင့်ရှိတယ်လို့ ပြောတဲ့အချိန်က တကယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် ရှေ့နေခ အကုန်အကျခံပြီး မငှားနိုင်ရင် ဒါမှမဟုတ် မငှားချင်ရင် အစိုးရကခန့်ထားတဲ့ ရှေ့နေတစ်ယောက်ကို အစိုးရစရိတ်နဲ့ ငှားပေးပါမယ် ဆိုတဲ့အကြောင်း ထည့်မပြောခဲ့ဘူးဆိုပြီး ဒီအတွက် မင်နယယ်ရဲ့အမှုကို ပြန်စစ်စေလို့ အထက်ရုံးက အမိန့်ချမှတ်လိုက်တာပါပဲ။

ကျွန်တော်ဖြင့် အဲဒီ ကတ်သီးကတ်သတ် အကြောင်းပြချက်ကို ကြားရတော့ ဥပဒေဆိုတာ မျှောကြိုးလိုပဲ၊ ဆွဲချင်သလို ဆွဲဆန့်လို့ရတယ် ဆိုတဲ့ စကားကို အများကြီး သဘောပေါက်သွားမိပါတယ်။

တကယ်ကတော့ တောင်ဗီယက်နမ်လို နေရာမျိုးမှာ အစိုးရခန့် ရှေ့နေ ရှိနေဖို့ဆိုတာက အင်မတန် ခဲယဉ်းပါတယ်။ နောက်ပြီးတော့ တောင် ဗီယက်နမ်မှာ ဒီအခွင့်အရေးမျိုးနဲ့တူတဲ့ အလားတူ အခွင့်အရေးတွေကို တပ်မတော် ဌာနချုပ်က ပေးထားပြီးသားပါပဲ။ တကယ့်တကယ်တော့လည်း ကျွန်တော် သိရသလောက် ဒီအမှုနဲ့ပတ်သက်လို့ မင်နယယ်ရော၊ တခြား တရားခံတွေရော၊ နောက်ဆုံး ကျွန်တော်ကိုယ်တိုင် အပါအဝင် တစ်ပြား တစ်ချပ်မှ ရှေ့နေခ မပေးခဲ့ရပါဘူး။ ဒါ အမှန်ပါပဲ။

ဒါပေမယ့် အဲဒါကိုပဲ ဝါရှင်တန် မြို့တော်က ကြီးကြီး မာစတာ သုံးယောက်ပါတဲ့ အယူခံအဖွဲ့က စီအိုင်ဒီတွေရဲ့ ဘာမဟုတ်တဲ့ ဟာကွက် ကလေးကို ရောမချို့ယွင်းချက်ကြီး တစ်ခုအနေနဲ့ ရှုမြင်သုံးသပ်ပြီး မင်နယယ်ကို ပြန်စစ်စေဆိုတဲ့ အမိန့်တော်မြတ် ချမှတ်လိုက်ကြတာပါပဲ။

ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်ရှေ့နေရုံးချုပ်က ဗိုလ်မှူးကြီး တစ်ယောက်က ကျွန်တော့်ကို ပြောပါတယ်။ 'ဒီကောင် ကံကောင်းသွားတာ တခြားအယူခံအဖွဲ့ဆိုရင် တစ်မျိုးစဉ်းစားမှာ' လို့ ပြောပါတယ်။

ဘာပဲ ဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ သူတို့ချိန်းတဲ့အတိုင်း သွားရတာပေါ့။

ဒီတစ်ခါတော့ အမှုက မင်နယယ်ထောင်ကျနေတဲ့ ဖိုလီဗင်ဝါ့သို မှာ စစ်မယ်ဆိုတော့ အဲဒီကိုပဲ သွားရပါတယ်။ ဒါပေမဲ့ ဒီအမှုကို တော





ဗီယက်နမ် ရက်ကလစ်စခန်းမှာ ပထမအကြိမ် စစ်ပြီးလို့ တရားခံတွေလည်း ထောင်ကျပြီး တစ်နှစ်လောက်ကြာပြီးမှ အမေရိကန်ပြည်ထောင်စုမှာ ပြန်စစ် ဦးမယ်ဆိုတော့ ကျွန်တော့်အနေနဲ့ တယ်ပြီး စိတ်ပါလက်ပါ မရှိလှဘူးပေါ့ ဗျာ၊ တစ်ခါ ဟိုရောက်တော့ ဒီအမှုကို အခုပြန်စစ်တဲ့နေရာမှာ ကျွန်တော်ဟာ သိပ်ပြီး အရေးကြီးလှတဲ့ သက်သေမဟုတ်ဘူး။ ကျွန်တော် မပါရင်လည်း ဖြစ်နေတာပဲဆိုတာ သိရတော့ သာပြီး စိတ်ပျက်မိတာပေါ့။

နောက်တစ်ခု သိရတော့ ကျွန်တော့်စိတ်ထဲမှာ ကတ်သီးကတ်သတ်နဲ့ ဘာမှအရေးမကြီးဘူးလို့ ထင်ရတဲ့ စီအိုင်ဒီတွေရဲ့ ချို့ယွင်းချက်ဟာ ဒီရောက် တော့ တကယ့်ရောမ ပြဿနာကြီးတစ်ခု ဖြစ်နေပါတယ်။ တရားခံဘက်က ဒီတစ်ကွက်ထဲနဲ့ပဲ အနိုင်ရမယ်လို့ သတင်းတွေကလည်း ထွက်နေပါတယ်။ အမှုကို ရုံးမတင်ခင် ပထမဆုံး စစ်ချက်ယူတုန်းက စီအိုင်ဒီတွေရဲ့ အမှတ် တမဲ့ ပေါ့ဆမှုကြောင့် မင်နယယ်ရဲ့ ဖြောင့်ချက်ဟာ တရားမဝင်ဘဲ ဖြစ်နေ တယ်။ ဒီဖြောင့်ချက် တရားမဝင်တဲ့အတွက် မူလခုံရုံးက စီရင်ချက်ဟာလည်း တရားမဝင်ဘူးဆိုတဲ့ လေသံတွေ ထွက်နေပါတယ်။

ဒါနဲ့ပတ်သက်လို့ အမှုလိုက်အရာရှိကလည်း ဒီတစ်ခါ ပြန်စစ်ရင် သူ့ဘက်က ရှုံးမှာပဲလို့ ကျွန်တော့်ကို ကြိုပြီးတောင် ပြောပါတယ်။ ရုံးကျ တော့လည်း အမှုစစ်တဲ့နေ့က ခဏအနားပေးတုန်း တရားသူကြီးက ရုံး သတင်းထောက်တစ်ယောက်ကို ပြောနေတာ ကျွန်တော် ကြားလိုက်ရပါ တယ်။ 'ဒီအမှုကတော့ သက်သက် ပြည်သူလူထုရဲ့ အခွန်တော်တွေကို ဖြုန်းပစ်နေတာပဲ' တဲ့။

ဩော် ဒါထက် ကျွန်တော် တစ်ခုပြောဖို့ မေ့သွားတယ်။ ဒီအမှုကို ပြန်စစ်တဲ့နေရာမှာ ကျွန်တော်ဟာ တရားလိုဘက်က၊ အစိုးရဘက်က မဟုတ်တော့ဘဲ တရားခံဘက်ကပေးတဲ့ တရားခံပြသက်သေအဖြစ်နဲ့ လာရ တာကို ကျွန်တော် မပြောမိသေးဘူး။ ကျွန်တော့်ကို တရားခံ မင်နယယ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေကိုယ်တိုင်က သက်သေအဖြစ်နဲ့ စာရင်းပေးလိုက်လို့ ဒီတစ်ခါတော့ ကျွန်တော်ဟာ မင်နယယ်ဘက်က လိုက်ရတဲ့ သက်သေပဲဆိုပါတော့။

ဒါပေမဲ့ တရားခွင်မှာ စစ်တာမေးတာ သိပ်မကြာပါဘူး၊ ခဏပါပဲ။ မေးတဲ့အကြောင်းကလည်း အချက်တစ်ချက်တည်းပါ။ အဲဒါကတော့ မင်နယယ်ဟာ အမှုဖြစ်ပွားစဉ်က ဗီယက်နမ်မလေးကို သတ်ဖို့ တိုနီက အမိန့်ပေးတာကို ငြင်းဆန်ခဲ့သလား၊ မငြင်းဆန်ခဲ့ဘူးလား ဆိုတဲ့ အချက်ပါပဲ။ ဒါကို ကျွန်တော်ကလည်း 'ငြင်းဆန်ခဲ့ပါတယ်' လို့ မှန်တဲ့အတိုင်း အစစ်ခံခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက မင်နယယ်ဟာ ကောင်မလေးကို သတ်ဖို့ တိုနီက အမိန့်ပေးတာကို အကြောက်အကန် ငြင်းဆန်ခဲ့တာ ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေတာပဲ။

ကျွန်တော်ဟာ အခု ဒီအမှု ပြန်စစ်တော့မှ မဟုတ်ပါဘူး၊ တောင်ဗီယက်နမ်မှာ ပထမဆုံးအကြိမ် ဒီအမှုစစ်တုန်းကလည်း တရားခံ ရာဗီနဲ့ ပတ်သက်လို့ ဒီအတိုင်း အစစ်ခံခဲ့သေးပါတယ်။

ဒီလိုနဲ့ ဖိုလီဗင်ဝါ့သ်မြို့မှာ ဒီအမှုကို နှစ်ရက်တိတိ ပြန်စစ်ပြီး တရားသူကြီးက တရားခံ မင်နယယ်ကို တရားသေ လွှတ်ပစ်လိုက်တဲ့အကြောင်း စီရင်ချက် ချလိုက်ပါတယ်။ ဗိုလ်ကြီးအော့တိုပြောတဲ့ "ကွင်းလုံးကျွတ်" ပဲ ဆိုပါတော့ဗျာ။

တရားခွင်မှာ တရားသူကြီးက အဲဒီလို စီရင်ချက်လဲ ချပြီးရော မင်နယယ်ဟာ သွားကြီးဖြီးပြီး ပြုံးဖြဲဖြဲနဲ့ ကျွန်တော့်ကို လာနှုတ်ဆက်ပါတယ်။ သူက ကျွန်တော့်လက်ကို အားပါးတရ ဆွဲနှုတ်ဆက်ပြီး ပါးစပ်ကလည်း အာလုပ်သံကြီးနဲ့ ပြောလိုက်ပါသေးတယ်၊ 'ဘယ်လိုမှ စိတ်မရှိပါဘူးကွာ' တဲ့၊ အဲဒီလိုလည်း ပြောပြီးရော ကျွန်တော်က ဘာမှပြန်မပြောရသေးခင် ဒီကောင် ခပ်သုတ်သုတ်နဲ့ ရုံးခန်းထဲက ထွက်သွားပါလေရောဗျား။

သူထွက်သွားတော့မှ ကျွန်တော်လည်း သူပြောသွားတဲ့ စကားကို စဉ်းစားကြည့်မိတယ်။ 'စိတ်မရှိပါဘူးဆိုတာက ဘယ်သူက ဘယ်သူ့ကို





စိတ်ရှိရမှာလဲ၊ ကျွန်တော်က စိတ်ရှိရမှာလား၊ သူကပဲ စိတ်ရှိရမှာလား၊ အဲဒါ ကျွန်တော် လုံးဝစဉ်းစားလို့ မရပါဘူး။

အမှုပြီးသွားလို့ ဖိုကာဆန်မြို့ကို လေယာဉ်နဲ့ပြန်လာရင်း လမ်းမှာ ကျွန်တော့်ဘာသာ တစ်ယောက်တည်း တွေးလာမိပါတယ်။ 'အင်း၊ မင်နယယ်တစ်ယောက်တော့ "ကွင်းလုံးကျွတ်" သွားပြီ၊ ကျန်တဲ့သုံးယောက်ပဲ "ကွင်းလုံးကျွတ်" ဖို့ လိုတော့တယ်' လို့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ဘတ်စ်ကားပေါ်မှ ရုပ်ပုံလွှာ

ဒီလိုနဲ့ ဧပြီလကျတော့ ကျွန်တော်ဟာ တပ်က အပြီးအပိုင် ဂုဏ်သရေရှိစွာနဲ့ ထွက်ခွင့်ရခဲ့ပါတယ်။

စစ်တပ်နဲ့ အဲဒီလို လုံးဝ သံယောဇဉ်ပြတ်ခဲ့ပေမယ့် "ထောင်ကုန်းအမှတ် ၁၉၂" နဲ့ကတော့ အဆက်မပြတ်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီဧပြီလထဲမှာပဲ ကျွန်တော်ဟာ ဒီအမှုနဲ့ပတ်သက်တဲ့ နောက်ဆက်တွဲသတင်းကို ကြားလာရပြန်ပါတယ်။

ကျွန်တော်ကြားရတဲ့ သတင်းအရဆိုရင် ဗီယက်နမ်မှာရှိတဲ့ ဂျူရီလူကြီးနှစ်ယောက်ရဲ့ ထောက်ခံချက်နဲ့ တင်လိုက်တဲ့ ကာလပ်ရဲ့ အသနားခံစာဟာ နောက်ဆုံးကျတော့ အပြန်ပြန် အလှန်လှန် စဉ်းစားကြပြီးတော့ ထောင်ဒဏ် တစ်သက် စီရင်ချက်ချထားခံရတဲ့ ကာလပ်ကို အနှစ် ၂၀ အထိ လျှော့ပစ်လိုက်တယ်လို့ သိရပါတယ်။ အဲဒီကတစ်ဆင့် နောက်ခြောက်လလောက်ကြာတော့ ကာလပ်ရဲ့ အမှုဟာ ဗီယက်နမ်ကနေ အမေရိကန်ပြည်ထောင်စုကို ရောက်လာပြီး အယူခံအဖွဲ့ရဲ့ ပြန်လည် သုံးသပ်ချက်အရ ထောင်ဒဏ် ၈နှစ် အထိ လျှော့သွားခဲ့ပါတယ်။

အဲဒါနဲ့ တစ်ချိန်တည်းလိုလိုမှာပဲ ရာဖီနဲ့ တိုနီတို့အမှုတွေကိုလည်း တခြားအယူခံအဖွဲ့တစ်ဖွဲ့က စဉ်းစားပြီး ရာဖီကို ထောင်ဒဏ် ၈ နှစ်က





၄ နှစ်၊ တိုနီကို ထောင်ဒဏ် ၁၀ နှစ်က ၈ နှစ် အသီးသီး လျှော့ပစ်လိုက်တယ်လို့ ကြားရပါတယ်။

သူတို့တစ်တွေရဲ့ အပြစ်ဒဏ်တွေကို ခုလို လျှော့ပစ်ဖို့ စဉ်းစားတဲ့နေရာမှာ အကြောင်းအချက်တွေ အမျိုးမျိုးပါဝင်တယ်လို့ ဆိုပါတယ်။ ဒီအထဲမှာ သူတို့ရဲ့နောက်ကြောင်းရာဇဝင်တွေနဲ့ လုပ်ဆောင်ချက်တွေလည်း ပါတယ်လို့ သိရပါတယ်။ ကျွန်တော် ကြားရသိရသလောက် သူတို့ရဲ့ နောက်ကြောင်း ရာဇဝင်တွေကလည်း တော်တော်လေး စိတ်ဝင်စားစရာ ကောင်းတယ်လို့ ဆိုရပါမယ်။

ဥပမာ တိုနီဆိုရင် သူဟာ အင်မတန်ဆင်းရဲတဲ့ မိဘနှစ်ပါးက မွေးဖွားလာပြီး၊ သူ အရွယ်မရောက်ခင်မှာပဲ သူ့အမေနဲ့အဖေနဲ့ ကွဲသွားခဲ့ကြပါတယ်။ နောက် ဖို့လီဗင်ဝါသ်မြို့က အရာရှိကြီးတစ်ယောက်ဆီက ရတဲ့ အထောက်အထားတွေအရ တိုနီဟာ ကျောင်းပညာ ကိုးတန်းအထိ သင်ခဲ့ဖူးပြီး၊ ငယ်ငယ်က ရာဇဝတ်မှု ကျူးလွန်တာတွေ ရဲအဖွဲ့က အဖမ်းအဆီးတွေ တစ်ခါမှ မခံရဘူး၊ မရှိခဲ့ဘူးလို့ ဆိုပါတယ်။ ဘာသာရေးနဲ့ပတ်သက်လို့လည်း သူဟာ ရိုမင်ကက်သလစ် ဘာသာဝင်တစ်ယောက်ဖြစ်ပြီး နယူးယောက်မြို့တော် အထက်ပိုင်းက စည်သွတ်အစားအစာလုပ်တဲ့ စက်ရုံတစ်ခုမှာ အလုပ်လုပ်ခဲ့ဖူးတယ်လို့ သိရပါတယ်။

တိုနီနဲ့ပတ်သက်တဲ့ ထူးခြားချက်တစ်ခုကတော့ သူဟာ စစ်တပ်ထဲမှာ အမှုထမ်းခဲ့တဲ့ ကာလအတောအတွင်း ဒေါ်လာငါးထောင် စုခဲ့တယ်ဆိုတဲ့ အချက်ပါပဲ။ ဒါနဲ့ပတ်သက်လို့ သူ့ကို ကောက်ချက်ချခဲ့ကြတာက၊ "ကြမ်းကြမ်းတမ်းတမ်းနဲ့ သက်စွန့်ဆံဖျား လုပ်ရတဲ့ စစ်တပ်ထဲမှာ နေခဲ့ရပေမယ့် သူဟာ သူ့ဘဝနောင်ရေးအတွက် စဉ်းစဉ်းစားစားနဲ့ ထိန်းသိမ်းတတ်တယ်၊ ဆုတွေ လာဘ်တွေကို မျှော်ကိုးပြီးတိုက်တဲ့ စစ်သားတစ်ယောက်လို့ သူ့ကိုယ်သူ သဘောထားတတ်တယ်" လို့ သတ်မှတ်ခဲ့ကြပါတယ်။

ကာလပ်နဲ့ ပတ်သက်လို့ကတော့ ရုံတော်မှာ ထွက်ခဲ့ကြတဲ့ သက်သေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ချက်တွေဟာ သူ့ရဲ့ရာဇဝတ်ပြစ်မှုကို ထင်ရှားစေသလား၊ မထင်ရှားစေဘူးလား ဆိုတာရယ်၊ သူ့အပေါ်မှာ ချထားတဲ့ အပြစ်ဒဏ်ကို လျှော့သင့် မလျှော့သင့်ဆိုတာကို အဓိကထားပြီး စဉ်းစားခဲ့တယ်လို့ သိရပါတယ်။ အဲဒီလို စဉ်းစားတဲ့အခါမှာ ကလပ်ရှိရာ ထောင်ထဲကို သွားပြီး စုံစမ်းခဲ့တဲ့ ရှေ့နေတစ်ယောက်က 'ကလပ်ဟာ၊ အတွေးအခေါ် ရင့်သန်ပြီး ရိုးရိုးသာမန်လူတွေထက် အသိဉာဏ် ထက်သန်ပါတယ်' လို့ ရုံးတော်ကို အစီရင်ခံခဲ့ပါတယ်။ အဲဒီရှေ့နေကပဲ 'တကယ်လို့ ကလပ်ဟာ၊ လူ့အဖွဲ့အစည်းထဲကို ပြန်ဝင်ခွင့်ရမယ်ဆိုရင် သူ့ကို လူကောင်းသူကောင်းတစ်ယောက်လို ပြန်ဆက်ဆံကြမယ်ဆိုရင် သူဟာ တက္ကသိုလ်တစ်ခုခုမှာ အင်္ဂလိပ်စာနဲ့ဖြစ်ဖြစ် ဒဿနိကဘာသာနဲ့ဖြစ်ဖြစ် ဘွဲ့ရနိုင်စရာ အလားအလာရှိပါတယ်' လို့ ထင်မြင်ချက် ပေးခဲ့ပါတယ်။ သူ့ဘဝ နောက်ကြောင်းရာဇဝင်နဲ့ပတ်သက်လို့ကတော့ သူလည်း တိုနီလို ဆင်းရဲတဲ့ မိသားစုက ပေါက်ဖွားပြီး ငယ်ငယ်က မိဘနှစ်ပါး ကွဲသွားကြတဲ့အဖြစ်နဲ့ ရင်ဆိုင်ခဲ့ရတာပါပဲ။

တိုနီတို့ ကလပ်တို့ဟာ ဆင်းရဲတဲ့ မိဘတွေက ပေါက်ဖွားလာတဲ့ အကြောင်းပြောတော့၊ ကျွန်တော့်မိဘတွေကကော ချမ်းသာကြလို့လားလို့ မေးစရာရှိပါတယ်။ ကျွန်တော်လည်း သူတို့လိုပါပဲ။ ကျွန်တော်ငယ်ငယ်က မိဘနှစ်ပါးစလုံး အင်မတန် ဆင်းရဲကြပါတယ်။ ကျွန်တော် ခုနစ်နှစ်သားအရွယ်ကတည်းက မနိုင်မနင်းနဲ့ လယ်ထွန်စက်မောင်းတဲ့ အလုပ်ကို လုပ်ခဲ့ရပါတယ်။

ကျွန်တော့်အသက် ၁၀ နှစ်မှာပဲ ကျွန်တော့်အဖေ ဆုံးသွားခဲ့ပါတယ်။ အဲဒီအချိန်မှာ ဆင်းရဲလိုက်တာဆို ကုန်းကောက်စရာ မရှိလောက်အောင်ပါပဲ၊ ဒုက္ခလည်း အင်မတန်ရောက်ခဲ့ပါတယ်။ ဆောင်းရာသီကျလို့ ဇန်နဝါရီလများဆိုရင် သုညအောက်ဒီဂရီ ငါးဆယ်လောက် ရောက်နေပြီး နှင်းခဲတွေဟာ တစ်အိမ်လုံး ဖုံးနေတာပဲ။ မီးသွေးတောင် လုံလောက်အောင် မဝယ်နိုင်ခဲ့ပါဘူး။ အိမ်အပြင်မှာ နှင်းခဲတွေ တောင်ပုံရာပုံဖြစ်နေလို့ အိမ်ဝင်းထဲက ကောက်





ရိုးတဲကို သွားချင်ရင် ကြိုးတန်းလုပ်ပြီးမှ ကြိုးကို ကိုင်သွားလို့ ရပါတယ်။ ကျွန်တော့်ဘဝဟာ အဲဒီလောက် ဆင်းရဲဒုက္ခ ရောက်ခဲ့ရတာပါပဲ၊ ကဲ ဒါတွေထားပါတော့။

ကျွန်တော်စစ်ထဲက အငြိမ်းအပိုင်ထွက်ပြီးတဲ့နောက် အေးအေးဆေးဆေးနဲ့ အစစအရာရာ စိတ်ချမ်းသာအောင် ကြိုးစားပြီး နေခဲ့ပါတယ်။ တပ်ကထွက်လို့ ဖို့ကာဆန်က ပြန်လာပြီး၊ ဒီမြို့ကလေးမှာပဲ အခြေစိုက်နေခဲ့ပါတယ်။

အသက်မွေးဝမ်းကြောင်း အလုပ်အနေနဲ့ကတော့ ကျွန်တော်ဟာ အရင်လုပ်ခဲ့ဖူးတဲ့ လက်သမားအလုပ်ကို သိပ်မလုပ်ချင်တော့ပါဘူး၊ အမှန်တော့ လက်သမားအလုပ်ဟာ ကျွန်တော် အင်မတန် ချစ်မြတ်နိုးတဲ့အလုပ်ပါ၊ ဝါသနာလည်း ပါပါတယ်။ စစ်ထဲ ပါမသွားခင်က ဒီအလုပ်လုပ်ခဲ့တာပဲ။

ဒါပေမယ့် စစ်ထဲက ပြန်လာပြီး၊ စစ်ပြန်ရဲဘော်တွေရဲ့ ထုံးစံအတိုင်းပဲ ထင်ပါရဲ့၊ ကျွန်တော်ဟာ အရင်အလုပ်ကို မလုပ်ချင်တော့ဘဲ တခြား လုပ်ငန်းတစ်ခုခုကို ပြောင်းလုပ်ချင်တဲ့စိတ် ရှိနေပါတယ်။ လူရောစိတ်ပါ ပြောင်းလာတဲ့သဘောလည်း ဖြစ်နိုင်ပါတယ်။

အဲဒီတုန်းက ကျွန်တော့်စိတ်ထဲမှာ ရဲအဖွဲ့မှာပဲ ဆက်လုပ်ဖို့ စိတ်အားထက်သန်နေပါတယ်။ တောင်ဗီယက်နမ် ရက်ကာလစ်စခန်းမှာကတည်းက တပ်ထိန်း (စစ်ရဲ) အလုပ်ကို လုပ်လာခဲ့တော့ ဒီအလုပ်ကိုပဲ ဆက်လုပ်ချင်စိတ် ပေါက်နေပါတယ်။

ဒါနဲ့ ကျွန်တော်ဟာ ပြည်နယ် အဝေးပြေးလမ်းမကြီးတွေကို စောင့်ရတဲ့ မော်တော်ဆိုင်ကယ် ရဲအဖွဲ့မှာ လျှောက်လိုက်ပါတယ်။ အဲဒီမှာ တစ်ခုခုကျသွားတာက ကျွန်တော့်အရပ်အမောင်းဟာ သူတို့သတ်မှတ်ထားတဲ့ အရပ်ထက် တစ်လက်မတိတိ လျော့နေတဲ့အတွက် ကျွန်တော် အဲဒီအလုပ်ကို လက်လျှော့ခဲ့ရပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ နောက်တော့ အဲဒီအလုပ်ကို လက်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ရတာလည်း ခပ်ကောင်းကောင်းပဲလို့ ထင်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအလုပ်မရတာနဲ့ အရင် ကျွန်တော်ဝါသနာပါတဲ့ လက်သမားအလုပ်ကိုပဲ ပြန်လုပ်ပြီး၊ ဒီမြို့က ကုန်ပဒေသာတိုက်ကို ဘီရိုတွေ ကြောင်အိမ်တွေ သွင်းရင်းနဲ့ တော်တော်လေး ငွေဝင်လမ်း ဖြောင့်လာခဲ့ပါတယ်။

ဒါပေမဲ့ မှန်တာပြောရရင် ကျွန်တော်ဟာ လက်သမားအလုပ်ကို ပြန်လုပ်စက၊ တော်တော်ကြာအောင် စိတ်မပါဘဲ ဖြစ်နေခဲ့ပါသေးတယ်။ အဲဒီအချိန်က ကျွန်တော့်ပတ်ဝန်းကျင်မှာ မြင်မြင်သမျှ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးဟာ ဘာအဓိပ္ပာယ်မှမရှိဘဲ ခြောက်ကပ်ကပ်နဲ့ ပျင်းရိငြီးငွေ့စရာတွေချည်း ဖြစ်နေခဲ့ပါတယ်။ ကျွန်တော်နဲ့အတူ လုပ်ဖော်ကိုင်ဖက် လက်သမားဆရာတွေကိုရော၊ တစ်နေကုန် တစ်နေခန်း ရွှေပေါ်ထိုး၊ လွှတိုက်၊ သံရိုက် စတဲ့ အလုပ်တွေကိုရော၊ နောက်ဆုံး ကျွန်တော် အင်မတန် မြတ်နိုးတဲ့ လက်သမားပညာကိုပါ စိတ်ကုန်ပြီး ငြီးငွေ့နေခဲ့ရပါတယ်။

နောက်တော့ မဖြစ်ချေဘူးဆိုပြီး ကျွန်တော့်စိတ်ကို ကျွန်တော် ပြန်ပြီး ထိန်းရချုပ်ရပါတယ်။ ကိုယ့်ကိုယ်ကို ဝေဖန်ရေး ပြန်လုပ်ယူရတယ်ပဲ ဆိုပါတော့၊ အထူးသဖြင့် ကျွန်တော် ဗီယက်နမ်က ပြန်ရောက်စတုန်းက ဆုံးဖြတ်ခဲ့တဲ့အတိုင်း အသက်မွေးဝမ်းကျောင်းအတွက် ဘာအလုပ်ပဲ လုပ်ရလုပ်ရ ကိုယ့်ဘဝကိုယ် အဓိပ္ပာယ်ရှိအောင် နေသွားမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးကို ပြန်ပြီး မွေးယူလိုက်တော့မှ တော်တော်လေး နေသာထိုင်သာ ရှိသွားပါတယ်။ စောစောက ပတ်ဝန်းကျင် မြင်မြင်သမျှကို မကျေနပ်တာတွေ အားမရတာတွေလည်း အဲဒီကျမှ ပျောက်သွားပါတော့တယ်။

ဒါနဲ့ စိတ်ဓာတ်ကို ပိုပြီး ခိုင်မာအောင်ဆိုတဲ့ အနေမျိုးနဲ့ မင်နီဆိုတာ တက္ကသိုလ်က အခမဲ့ သင်တန်းတစ်ခုမှာ စာရင်းသွင်းပြီး အချိန်မှန် သွားတက်ပါတယ်။ အဲဒီသင်တန်းက သက်ကြီးတက္ကသိုလ် သဘောမျိုးပါပဲ။ ပညာကို ပြည့်စုံအောင် မသင်ခဲ့ရတဲ့ လူကြီးတွေအတွက် ဖွင့်ပေးထားတဲ့ သင်တန်းပါ။ ပညာရှာတဲ့နေရာမှာ ပျိုတယ် အိုတယ်ဆိုတာ မရှိဘူးမဟုတ်လား။





ကျွန်တော်ဟာ တစ်ချိန်တည်းမှာပဲ ဘာသာရေးနဲ့ပတ်သက်လို့လည်း အရင်ကထက်ပိုပြီး လေ့လာလိုက်စားခဲ့ပါတယ်။ ဘုရားရှိခိုးကျောင်းနဲ့ ပတ်သက်တဲ့ ဝေယျာဝစ္စအလုပ်တွေလည်း တတ်နိုင်သမျှ ကြိုးစားလုပ်ခဲ့ပါတယ်။ မကြာသေးခင်ကပဲ အထက်တန်းကျောင်းသူကျောင်းသား အရွယ်ရောက်နေတဲ့ ယောကျ်ားကလေးတွေနဲ့ မိန်းကလေးတစ်စုကို ကျွန်တော်ကိုယ်တိုင်ပဲ ခေါင်းဆောင်ပြီး မင်နီဆိုတာနဲ့ ကနေဒါအကြားမှာရှိတဲ့ ရေကန်ကြီးထဲက ကျွန်းတစ်ကျွန်းပေါ်ကို ခေါ်သွားပြီး တရားအားထုတ်ခဲ့ကြပါသေးတယ်။

တကယ်တော့ ကျွန်တော်ဟာ ငယ်ငယ်က ဘာသာရေးကို မလေ့လာမလိုက်စားခဲ့ရပါဘူး၊ ဘုရားရှိခိုးကျောင်း ဆိုတာလည်း မသွားဘူးသလောက်ပါပဲ။ ကျွန်တော့်မိဘတွေဟာ တနင်္ဂနွေနေ့ဆိုရင် ဘုရားရှိခိုးကျောင်း သွားလေ့ သွားထ မရှိကြပါဘူး။ အခု ဒီအသက်အရွယ်ရောက်မှပဲ ဘာသာရေးကို လေ့လာလိုက်စားလာမိပါတယ်။

ကျွန်တော်ဟာ အဲသလို အဖက်ဖက်က ကြိုးစားအားထုတ်တာနဲ့ အမျှ၊ တခြားလူတွေကို မကြာခင် အမှီလိုက်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဘာတွေ အမှီလိုက်နိုင်လိမ့်မယ် ဆိုတာတော့ လောလောဆယ် ကျွန်တော် ဂဃနဏ မပြောနိုင်သေးဘူးပေါ့ဗျာ။

ကျွန်တော့်အလုပ်နဲ့ ပတ်သက်လို့ ကျွန်တော် ကိုယ်ပိုင်လက်သမားအလုပ်ရုံကလေးတစ်ခု ဖွင့်ဖို့ စိတ်ကူးထားတာတော့ ရှိပါတယ်။ တစ်ခါတစ်ခါတော့လည်း လယ်ကလေး ယာကလေး လုပ်ချင်တဲ့စိတ် ပေါက်လာမိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကိုယ်ကျွန်တော် လယ်သမားတစ်ယောက်အနေနဲ့ နိုင်နိုင်နင်းနင်း လုပ်နိုင်မယ် မထင်ပါဘူး။

အခုလို အလုပ်အကိုင် အတည်တကျနဲ့ ချောင်ချောင်လည်လည် နေခဲ့ရပေမယ့် တောင်ကုန်းအမှတ် ၁၉၂ ပေါ်က အဖြစ်အပျက်ကတော့ ကျွန်တော့်ကို တစ္ဆေခြောက်သလို ခြောက်တုန်းပါပဲ။ ဒါကို ကျွန်တော် အတတ်နိုင်ဆုံး မေ့ပစ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အဖျက်နဲ့ ပတ်သက်လို့ ကျွန်တော့်မှာ အားသစ်အင်သစ်နဲ့ လူသစ်စိတ်သစ် ဘဝသစ်ကို ရခဲ့တာမှန်ပေမယ့်၊ ကျွန်တော် ခံစားရတဲ့ ခံစားချက်တွေနဲ့ ကျွန်တော့်အပေါ်မှာ ဝေဖန် ရှုတ်ချခဲ့ကြတာတွေကို ကျွန်တော် နာကြည်း လွန်းလို့ပါပဲ။

ဒီခံစားချက်တွေနဲ့ နာကြည်းချက်တွေကို စဉ်းစားမိတိုင်း ကျွန်တော့် ရဲ့ ဘဝနောင်ရေးအတွက် အားငယ်သလိုလို ဖြစ်မိပါတယ်။ ပြီးတော့ ဒီဘဝ နောင်ရေးဆိုတာကလည်း ဘယ်လောက်ရှည်လျားမယ်ဆိုတာ မပြောနိုင်ဘူး မဟုတ်လား။

အခုဆိုရင် ကျွန်တော့်အသက်ဟာ ငယ်ပါသေးတယ်။ သိပ်မကြီး သေးပါဘူး၊ ဒါပေမဲ့ ကျွန်တော့်မျက်နှာဟာ တော်တော်ရင့်နေပြီလို့ ဆိုရ ပါမယ်။ ကျွန်တော်တင် မဟုတ်ပါဘူး၊ ကျွန်တော်နဲ့အတူ ဒီဇာတ်လမ်းမှာ ပါခဲ့ကြတဲ့ တိုနီနဲ့ တိုက်ကင်းအဖွဲ့ဝင်တွေအားလုံးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ မျက်နှာတွေ ရင့်ပြီး လူကြီးရုပ် ပေါက်နေကြပါပြီ။

တစ်ခုတော့ ရှိပါတယ်။ ကျွန်တော်ဟာ ဘယ်လောက်ပဲ အသက်ကြီး ကြီး အသက်ကြီးလာလေလေ ကျွန်တော့်အသိဉာဏ်လည်း ရင့်သန်လာလေ လေ ဖြစ်မှာပါပဲ။ အသက်ကြီးတော့ အတွေ့အကြုံလည်း များလာမယ် မဟုတ်လား။ ကဲ ထားပါတော့၊ ရှည်လျားထွေပြားလှတဲ့ ဟိုအမှုကိုပဲ ဆက် ပြောဦးမယ်။

ပြီးခဲ့တဲ့ ဆောင်းတွင်းတုန်းက စစ်ဘက်ဆိုင်ရာ အယူခံရုံးက ရာဖီရဲ့ အမှုကို ပြန်ပြီး စဉ်းစားခဲ့ပါတယ်။ အဲဒီရုံးဟာ စစ်ဘက်ရဲ့ မှုခင်းတွေနဲ့ပတ် သက်လို့ အယူခံရုံးတွေထဲမှာ အကြီးဆုံးရုံးပါပဲ။ အဲဒီရုံးကနေပြီး ရာဖီရဲ့ အမှုနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တစ်ခု ကျလာပါတယ်။ ဒီဆုံးဖြတ်ချက်က တော့ ဒီအမှုမှာ ရာဖီပေးတဲ့ ဖြောင့်ချက်ဟာ "မသန့်ရှင်းဘူး" ဆိုတဲ့ ဆုံးဖြတ် ချက်ပါပဲ။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ မင်နယယ်ပေးခဲ့တဲ့ ဖြောင့်ချက်လို ရာဖီရဲ့ဖြောင့်ချက်ဟာလည်း သူ့မှာ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေကို





အပြည့်အစုံ မသိဘဲနဲ့ ပေးခဲ့တဲ့ ဖြောင့်ချက်ဖြစ်နေလို့ တရားမဝင်ဘူး ဆိုတဲ့ သဘောပါပဲ။

ဒါ့ကြောင့်မို့လို့ ထောင်ထဲရောက်နေတဲ့ ရာဖီကို မင်နယယ်လိုပဲ နောက်တစ်ကြိမ်ပြန်ပြီး စစ်ဆေးရမယ်ဆိုပြီး အယူခံရုံးအဖွဲ့ဝင် လူကြီးတွေက အမိန့်ချမှတ်လိုက်ပါတယ်။ ဒါနဲ့ အဲဒီအမိန့်အရ ရာဖီကို မင်နယယ်တုန်းက လိုပဲ သူ ထောင်ကျနေတဲ့ ဖို့လီဗင်ဝါ့သ်မြို့မှာ နောက်တစ်ကြိမ် ရုံးထုတ်ပြီး စစ်ပြန်ပါတယ်။

ဒီတစ်ခါတော့ ကျွန်တော် ကံကောင်းတယ်လို့ ဆိုရပါမယ်၊ ဘာဖြစ် လို့လဲဆိုတော့ ဒီတစ်ခါ ကျွန်တော့်ကို တရားခံဘက်ကရော၊ တရားလိုဘက် ကရော၊ ဘယ်ဘက်ကမှ သက်သေစာရင်းထဲ မထည့်လို့ ကျွန်တော့်မှာ သက်သေလိုက်ရတဲ့ တာဝန်တစ်ခု ငြိမ်းသွားပါတယ်။

ကျွန်တော် သက်သေ မလိုက်ရတဲ့အတွက်လည်း တော်တော့်ကို စိတ်ချမ်းသာမိပါတယ်။ ဘာ့ကြောင့် စိတ်ချမ်းသာရသလဲဆိုတော့ ကျွန်တော် ဟာ ရိုးရိုး သာမန်အရပ်သားဘဝနဲ့ပဲ အေးအေးဆေးဆေး နေချင်တာက တစ်ကြောင်း၊ နောက်ပြီးတော့ အခု ရာဖီရဲ့အမှုကို ပြန်စစ်မယ်ဆိုတာလည်း မင်နယယ်အမှုကို ပြန်စစ်တုန်းကလိုပဲ ဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်စိတ်ထဲ ယူဆထားပြီးသားမို့ပါပဲ။ အရင် မင်နယယ်ကို ပြန်စစ်တုန်းကလိုပဲ အခု ရာဖီကိုလည်း သူပေးခဲ့တဲ့ ဖြောင့်ချက်ဟာ မသန့်ရှင်းဘူး၊ မစင်ကြယ်ဘူး ဆိုပြီးတော့ ဒီမသန့်ရှင်းတဲ့ ဖြောင့်ချက်ကို အခြေခံထားပြီး သူ့အပေါ် အစိုးရ ဘက်ကပေးခဲ့တဲ့ လျှောက်လဲချက်တွေဟာလည်း မခိုင်လုံဘူး။ ဒါ့ကြောင့် ရာဖီကိုလည်း တရားသေ ကွင်းလုံးကျွတ် လွှတ်စေဆိုပြီး စီရင်ချက်ချဦးမှာပဲ လို့ ကျွန်တော် တစ်ထစ်ချ တွက်ထားပါတယ်။

ဒါပေမယ့် ဒီတစ်ခါတော့ ကျွန်တော့်အနေနဲ့ တော်တော့်ကို အံ့သြ သွားမိပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ၁၉၆၉ ခုနှစ် ဇွန်လထဲမှာ ရာဖီအမှု ကို ပြန်စစ်တော့ ကျွန်တော်ထင်သလို မဟုတ်ဘဲ ရာဖီဟာ ကြိုတင်ကြံရွယ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းမရှိတဲ့ လူသတ်မှုကို ကျူးလွန်ခဲ့ကြောင်း ထင်ရှားတယ်ဆိုပြီး ဒုတိယအကြိမ် အပြစ်ရှိတယ်လို့ ရုံးတော်က အမိန့်ချမှတ်လိုက်လို့ပါပဲ။

ဒါနဲ့ အခုတစ်ကြိမ် ပြန်စစ်ဆေးလို့ ပြစ်မှုထင်ရှားကြောင်း တွေ့ရတဲ့အတွက်ဆိုပြီး ရာဖီကို ထောင်ဒဏ်လေးနှစ်နဲ့ သူ့လစာထဲက လစဉ် ဒေါ်လာငါးဆယ်ဖြတ်ဖို့ စီရင်ချက် ချလိုက်ပါတယ်။ ဒီစီရင်ချက်ဟာ လောလောဆယ် သူခံနေရတဲ့ အပြစ်ဒဏ်အတိုင်းပါပဲ၊ ဘာမှမထူးပါဘူး။ အခု သူ့အပေါ် ချမှတ်ထားတဲ့ အပြစ်ကလည်း ထောင်ဒဏ်လေးနှစ်နဲ့ လစဉ် ဒေါ်လာငါးဆယ် အဖြတ်ခံရတဲ့ အပြစ်ပါပဲ။

ဒါပေမဲ့ ရာဖီအတွက် ကံကောင်းတယ်ပဲ ဆိုရမလား၊ ဥပဒေရဲ့ ရှုပ်ချည် နှပ်ချည် သဘောကိုပဲ အံ့သြရမလားတော့ မသိဘူး။ အခု နောက်တစ်ကြိမ်ချလိုက်တဲ့ စီရင်ချင်ဟာ စီရင်ချက်အသစ် ဖြစ်နေတဲ့အတွက်ဆိုပြီး နောက်တစ်ကြိမ် စီရင်ချက်ကို ထုံးစံအတိုင်း နောက်တစ်ကြိမ် အသစ်ပြန်ပြီး သုံးသပ်ပါလေရောဗျာ။

ဒီလို ပြန်ပြီးသုံးသပ်တဲ့ အခါကျတော့ ဗိုလ်ချုပ်ဝါသ်က တပ်မှူးချုပ်ရဲ့အမိန့်အရ ရာဖီကို ထောင်ဒဏ် လေးနှစ်ကနေပြီး ထောင်ဒဏ် နှစ်ဆယ့်နှစ်လ (တစ်နှစ်နဲ့ ဆယ်လ) အထိ လျှော့ပစ်လိုက်ပြန်ပါတယ်။

အဲဒီကျတော့မှ ရာဖီဟာ အပိုဆုပေါက်တော့တာပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ နောက်ဆုံး အမိန့်ချလိုက်တဲ့အချိန်ကျတော့ ရာဖီဟာ ထောင်ထဲမှာနေခဲ့ရတာက နှစ်ဆယ့်နှစ်လထက် ကျော်နေတဲ့အတွက် ဒီအမိန့်လည်း ချလိုက်ရော ရာဖီလည်း ထောင်ထဲက တစ်ခါတည်း တန်းလွတ်တာပါပဲ။ ဒါလည်း "ကွင်းလုံးကျွတ်" တစ်မျိုးပဲလို့ ဆိုရမလားတော့ မသိဘူးပေါ့ဗျာ။

အဲအခုဆိုရင် ရာဖီဟာ အမေရိကန်ပြည်ထောင်စုတပ်မတော်မှာပဲ ဆက်လက်အမှုထမ်းရင်းနဲ့ နောက်ဆုံးအကြိမ် သူ့အပေါ် ချလိုက်တဲ့ အပြစ်ဒဏ်ကို ဆိုင်ရာက အတည်ပြုတဲ့ အမိန့်ကျလာမယ့်နေ့ကို စောင့်နေလေရဲ့။ သူ့အမှုတွဲက ဆိုင်ရာအထက်ရုံးကို ရောက်နေတာ စက်တင်ဘာလထဲကပါပဲ။





ဘာပဲဖြစ်ဖြစ် ရာဖီအတွက်ကတော့ "ပန်းပန်လျက်" ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့၊ အခု နောက်ဆုံးစီရင်ချက်ကို အထက်ရုံးက အတည်ပြုတဲ့အမိန့်ဖြစ်စေ သို့မဟုတ် ထပ်ပြီးတော့တောင် အပြစ်ဒဏ်လျှော့တဲ့အမိန့် ဖြစ်စေ ကျလာချင်လာမှာကိုး။ အဲဒီတော့ သူ့အတွက် ဘာပဲဖြစ်ဖြစ် အမြတ်ချည်းပါပဲ။ အရှုံး မရှိနိုင်ပါဘူး၊ အရှုံး မရှိတဲ့အပြင် အကယ်၍များ အထက်ရုံးက ရာဖီဟာ သူ့အပေါ်ချမှတ်လိုက်တဲ့ တရားဝင် အပြစ်ဒဏ်ထက် ပိုပြီး ထောင်ထဲမှာ ငါးလခြောက်လကြီးများတောင် နေခဲ့ရတယ်လို့ ဆုံးဖြတ်သတ်မှတ်လိုက်ရင် တပ်မတော်ရဲ့ ဥပဒေနဲ့ ထုံးတမ်းစဉ်လာအရ၊ အဲဒီ ငါးလခြောက်လအတွက် ရာဖီဟာ "ဘက်ပေး" Back Pay လစာဟောင်းတွေတောင် ပြန်ထုတ်ရပြီး ပွစရာအကြောင်း ရှိပါသေးတယ်။

နောက် ရာဖီကို တပ်က "ဂုဏ်သရေမဲ့စွာ" ထုတ်ပစ်ခဲ့တာကိုလည်း အဲဒီ အထက်ရုံးက ပြန်ပြင်ချင်လည်း ပြင်နိုင်ခွင့်ရှိတယ်လို့ သိရပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ရာဖီ အခုလို လွတ်သွားတာကို ဘယ်လိုမှ သဘောမထားပါဘူး၊ စိတ်မချမ်းသာလည်း မဖြစ်မိပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရက်ကလစ်ခုံရုံးမှာတုန်းက ဒီအမှုနဲ့ပတ်သက်လို့ ရာဖီ အကြီးအကျယ် နောင်တရသွားခဲ့တာကို အားလုံး အထင်အရှား မြင်လိုက်တွေ့လိုက်ကြရလို့ပါပဲ။

အဲ ... ဒါပေမယ့် အခု ရာဖီလွတ်သွားသလို၊ မင်နယယ်လွတ်ခဲ့သလို တိုနီတို့ ကလပ်တို့ "ကွင်းလုံးကျွတ်" လွတ်သွားမှာကိုတော့ ကျွန်တော်လုံးဝမလိုလားရိုး အမှန်ပါပဲ။ သူတို့နဲ့ပတ်သက်လို့လည်း အဲဒီအချိန်အထိ အထက်ရုံးတွေက ဘာသံမှ ထူးထူးခြားခြား မကြားရပါဘူး။

ဒါပေမဲ့ အခုနောက်ဆုံး လွန်ခဲ့တဲ့ နှစ်ပတ်သုံးပတ်လောက်က ကြားရတဲ့ သတင်းအတိုင်း ဆိုရင်တော့၊ တိုနီနဲ့ ကလပ်တို့ဟာ သူတို့ကျတဲ့ ထောင်ဒဏ်ရဲ့ တစ်ဝက်တောင် မခံရသေးဘဲနဲ့ သူတို့နှစ်ယောက်စလုံးကို ကိုယ်တိုင်ဝန်ခံချက်နဲ့ လွှတ်ပစ်တော့မယ်လို့ သိရပါတယ်။ အဲဒီတော့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် ထင်ပါတယ်၊ သူတို့နှစ်ယောက်လည်း နောက် တစ်လနှစ်လလောက် နေရင် ထောင်က လွတ်တော့မှာပါပဲ။ အဲဒီလို လွတ်လာပြီး တပ်ထဲကို ပြန်ဝင်ခွင့်တောင် ရချင် ရကြပါလိမ့်ဦးမယ်။

ဒါကိုတော့ ကျွန်တော် လုံးဝ ဘဝင်မကျပါဘူး။ ဒီအတိုင်းသာဆိုရင် ကျွန်တော်လုပ်ခဲ့တာတွေဟာ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ ကျွန်တော်ပြောတာ မဟုတ်ဘူးလား။

ဒါပေမဲ့ တစ်ခုတော့ စဉ်းစားမိတာ ရှိပါတယ်။ တကယ်လို့ သူတို့ လွတ်လာပြီး အပြင်လောကရောက်ရင်၊ သူတို့ရဲ့ အတွေးအခေါ် အယူအဆ တွေလည်း အထိုက်အလျောက် ပြောင်းလဲတန်သရွေ့ ပြောင်းလဲကောင်း ရဲ့လို့တော့ အောက်မေ့မိပါတယ်။ ဘယ်လောက်အထိ ပြောင်းလဲလာမယ်၊ ဘယ်အတိုင်းအတာအထိ ပြောင်းလဲလာမယ်ဆိုတာတော့ မပြောနိုင်ဘူး ပေါ့ဗျာ။

ဒီလိုမှမဟုတ်ရင်လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ သဘောထားရမှာပါပဲ။

သူတို့လွတ်လာရင် ဘယ်လိုနေမလဲဆိုတာ ကျွန်တော်နဲ့ ကျွန်တော့် ဇနီးနဲ့ နှစ်ယောက်သား စကားစပ်မိကြပါတယ်။ ကျွန်တော်တို့ရဲ့ တကယ့် မျှော်လင့်ချက်ကတော့ တိုနီနဲ့ ကလပ်တို့ဟာ သူတို့ ဘာတွေလုပ်ခဲ့တယ် ဆိုတာကို ပြန်စဉ်းစားမိပြီး နောင်တရစေချင်တာပါပဲ။

ကျွန်တော်တို့အနေနဲ့ကတော့ ဒီ့ထက်ပိုပြီး ဘာမှ မျှော်လင့်ချက် မထားနိုင်ပါဘူး။ ထားလို့လည်း မရဘူး မဟုတ်လား။ ဒါပေမဲ့ တစ်ခုတော့ ရှိတာပေါ့၊ သူတို့နှစ်ယောက်ဟာ နောက်ထပ် ဒီလိုအမှုမျိုးတွေ မကျူးလွန် တော့ဘူးလို့တော့ ကျွန်တော်တို့ တွက်လို့မရပါဘူး၊ ဒီလိုတွက်ရင် ကျွန်တော် တို့ဟာ ရူးနေလို့ပဲ ဖြစ်မှာပေါ့။

ဒီနေရာမှာ ကျွန်တော်ဟာ သူတို့လေးယောက်စလုံးနဲ့ ဒီအမှုနဲ့ ပတ်သက်လို့ အကြီးအကျယ် ရှုတ်ချခဲ့တာ မှန်ပါတယ်။ အပြစ်တင်လို့





မဆုံးနိုင်တာလည်း မှန်ပါတယ်။ ဒါပေမဲ့ သူတို့ကိုမှရွေးပြီး ရှုတ်ချ အပြစ် တင်တာ မဟုတ်ပါဘူး။ သူတို့မို့လို့ ဒီလို ယုတ်မာတယ် ရက်စက်တယ်လို့ တမင်သက်သက် ပုဂ္ဂိုလ်စွဲနဲ့ ပြောနေတာ မဟုတ်ပါဘူး။ တကယ်လို့ သူတို့ နေရာမှာ တခြားတပ်သားတွေ ဆိုရင်လည်း ဘောင်ကုန်းအမှတ် ၁၉၂ ပေါ် မှာ သူတို့လိုပဲ ပြစ်မှုကျူးလွန်မိကြမှာပါပဲ။ ဒါပေမဲ့ ဒီအမှုကို ကျူးလွန်ဖို့ အတွက် တိုနီ၊ ကလပ်၊ ရာဖီ၊ မင်နုယယ်ဆိုတဲ့ သူတို့လေးယောက်ကိုမှ သွားပြီး အခြေအနေက တွန်းပို့သလို ဖြစ်တာပါပဲ။ တခြားတပ်သားတွေ လည်း သူတို့လို အခြေအနေမျိုးဆိုရင် သူတို့လို ကျူးလွန်မိကြမှာ သေချာ ပါတယ်။

အဲ ... နောက်ဆုံး နိဂုံးချုပ်အနေနဲ့ ပြောရရင် ဒီအမှုမှာ ကျွန်တော် ကိုယ်တိုင်လည်း အပြစ်မကင်းပါဘူး၊ အပြစ်ရှိပါတယ်။ တာဝန်လည်း ရှိပါ တယ်။ ကျွန်တော်ဟာ မော်ရဲ့အသက်ကို မကယ်လိုက်နိုင်တဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်လို့ မဆုံးပါဘူး။ ဒီအတွက် ကိုယ့်ကိုယ် ကို ယူကြုံးမရအောင် ဖြစ်ခဲ့ရပါတယ်။ ဒီပြစ်ချက်ကြီးနဲ့ ကျွန်တော့်ကိုယ် ကျွန်တော် နေ့တိုင်း စွဲချက်တင်နေမိပါတယ်။ ဘယ်လောက်ကြာအောင် တင်နေမိမယ်တော့ မပြောတတ်ပါဘူး။ တကယ်လို့ စစ်ဖြစ်နေတဲ့အချိန်မျိုး မဟုတ်ဘဲ ငြိမ်းချမ်းနေတဲ့ အချိန်ကာလမျိုးသာဆိုရင် မော်ရဲ့ဘဝဟာ ဘယ် လောက် သာယာမလဲလို့ တစ်ခါတစ်ခါ တွေးမိပါတယ်။

ဒါ့ထက် ကျွန်တော့်စကားကို နိဂုံးမချုပ်ခင် နောက်ဆုံးအနေနဲ့ ပြောလိုက်ရဦးမယ်။

လွန်ခဲ့တဲ့ ခြောက်လလောက်က ကျွန်တော်ဟာ အလုပ်ကနေပြီး ဒီအိမ်ကို ဘတ်စ်ကားနဲ့ ပြန်လာခဲ့ပါတယ်။ အဲဒီနေ့က အလုပ်ထဲမှာ တော် တော်လေး ပင်ပန်းလာလို့ ကားစီးရင်းနဲ့ ကားပေါ်မှာ ငိုက်လာမိပါတယ်။

ဒါနဲ့ ခဏကြာတော့ ငိုက်ရာကနေ သတိရပြီး တဖြည်းဖြည်းနဲ့ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့၊ ကားပေါ်က ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ခုံပေါ်မှာ အမျိုးသမီးတစ်ယောက်ကို သွားတွေ့ပါတယ်။ အဲဒီ အမျိုးသမီးရဲ့ အသားအရေနဲ့ မျက်နှာပေါက်ကို မြင်လိုက်တာနဲ့၊ သူဟာ အမေရိကန်သူ မဟုတ်ဘဲ အာရှတိုက် အရှေ့ပိုင်းနိုင်ငံတစ်ခုက ဆိုတာ သိနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်က ကျွန်တော်ဟာ ငိုက်နေရာက အိပ်ချင်မူးတူးနဲ့ မျက်လုံးတွေကလည်း မှုန်တိမှုန်ဝါး ဖြစ်နေတော့ ကျွန်တော့်မျက်စိထဲမှာ သူ့ကို မြင်လိုက်ရတာဟာ ရုတ်တရက် ဗီယက်နမ်အမျိုးသမီးတစ်ယောက်ကို မြင်လိုက်ရသလိုပဲ ဖြစ်သွားပါတယ်။ ဘယ်လောက်အထိ ဖြစ်သွားသလဲဆိုတော့ ကျွန်တော့်မျက်စိအောက်မှာပဲ ကြည့်ရင်းကြည့်ရင်းနဲ့ ဒီအမျိုးသမီးရဲ့ ရုပ်ပုံဟာ ခမောက်ဆောင်းထားပြီး ဘောင်းဘီရှည်အနက်နဲ့ ကောက်လှိုင်းတွေထည့်ထားတဲ့ တောင်းနှစ်တောင်းကို ထမ်းပိုးနဲ့ ပခုံးပေါ်ထမ်းလာတဲ့ ဗီယက်နမ် လယ်သူမတစ်ယောက်လိုပဲ စိတ်ထဲက ထင်လာမိတယ်။

ဟုတ်ပါတယ်၊ ကျွန်တော် ဗီယက်နမ်မှာတုန်းက အဲဒီလို ထမ်းပိုးနဲ့ ကောက်လှိုင်းတွေ ထမ်းသွားကြတဲ့ ဗီယက်နမ် လယ်သူမတွေကို ခဏခဏ မြင်ခဲ့ရပါတယ်။ သူတို့ထမ်းလာတဲ့ ကောက်လှိုင်းတွေကလည်း တော်တော်ကို များလွန်းလို့ ပခုံးပေါ်က ထမ်းပိုးဟာ ကွေးညွှတ်နေတာပါပဲ။ တစ်ခါတစ်ခါ ကျွန်တော့်စိတ်ထဲမှာ ဒီလောက် ဝန်ထုပ်ဝန်ပိုး အလေးကြီးတွေ ထမ်းလာတာတောင် ဒီထမ်းပိုးဟာ ဘာ့ကြောင့် မကျိုးတာလဲလို့ စဉ်းစားမိခဲ့သေးပါတယ်။ ဗီယက်နမ် အမျိုးသမီးတွေဟာ အလုပ်တော်တော် လုပ်ကြပါတယ်။ ငှက်ပျောခိုင်တွေ ချိုင်တာကအစ အုန်းပင်ပေါ်တက်ပြီး အုန်းခူးတဲ့အထိ ပင်ပင်ပန်းပန်း လုပ်ကြပါတယ်။

ဒါနဲ့ ဆက်ပြောရဦးမယ်၊ ဘတ်စ်ကားပေါ်မှာ ကျွန်တော့်ရှေ့က အမျိုးသမီးကို စိုက်ကြည့်နေမိရင်းနဲ့ ကျွန်တော့်မျက်စိထဲမှာ သူ့ကို မော်တို့ရွာနားက လယ်ကွင်းထဲမှာ အလုပ်လုပ်နေတဲ့ ဗီယက်နမ် လယ်သူမတစ်ယောက်အနေနဲ့ မြင်လာပါတယ်။ ကျွန်တော့် စိတ်အာရုံထဲမှာ ကျွန်တော်တစ်ခါက ရောက်ခဲ့ဖူးတဲ့ မော်တို့ ရွာနားက ရှုခင်းတွေကို ပြန်ပြီး မြင်ယောင်





လာမိပါတယ်။ ရွာပတ်ပတ်လည်မှာရှိတဲ့ လယ်ကွင်းတွေနဲ့ အဲဒီလယ်တွေကြားထဲက ကွေ့ဝိုက်ပြီး စီးဆင်းနေတဲ့ စမ်းချောင်းကလေးဟာလည်း မျက်စိထဲ ပေါ်လာပါတယ်။ မနက်စောစော အဲဒီစမ်းချောင်းလေးဘေးက လယ်ကန်သင်းရိုးအတိုင်း ကျွန်တော်ရှေ့မှာရှိတဲ့ ကားပေါ်က အမျိုးသမီးဟာ အင်္ကျီနက် ဘောင်းဘီရှည်အနက်နဲ့ ကောက်လှိုင်းထမ်းပြီး စိုက်စိုက်,စိုက်စိုက်နဲ့ သွားနေတယ်လို့ စိတ်ထဲက မှန်းပြီး မြင်နေမိပါတယ်။

ဒါပေမဲ့ အဲဒီအချိန်ဟာ စစ်ဖြစ်နေတဲ့အချိန် မဟုတ်ပါဘူး။ ငြိမ်းချမ်းသာယာနေတဲ့ အချိန်ပါ။ ဒါ့ကြောင့် အဲဒီ ဗီယက်နမ် လယ်သူမဟာ သူ့အတွက်ရော၊ သူ့အပေါင်းအသင်း ရောင်းရင်းဖြစ်ကြတဲ့ တခြားလယ်သူမတွေ အတွက်ပါ ဘာမှ စိုးရိမ်ပူပန်စရာ မလိုပါဘူး၊ သူတို့တစ်တွေရဲ့ နားခေါင်းဝမှာလည်း အရင်တောင်ဗီယက်နမ် ဗဟိုကုန်းမြင့်ဒေသမှာ ကျွန်တော်တို့ ရှိတုန်းက ရှုရှိုက်ခဲ့ရတဲ့ လူသေကောင်အလောင်းတွေရဲ့ ပုပ်ပွနေတဲ့ အနံ့အသက်တွေလည်း မရှုမရှိုက်ရတော့ပါဘူး။ အဲဒီ စမ်းချောင်းကလေးနံဘေးက လမ်းလေးအတိုင်း တဖြည်းဖြည်း လျှောက်သွားကြရင်းနဲ့ သူတို့တစ်တွေဟာ အင်မတန် လတ်ဆတ်သန့်ရှင်းတဲ့ တောင်ပေါ်က လေနုအေးကလေးရဲ့ အနံ့အသက်ကိုပဲ အားရပါးရ ရှုရှိုက်ပြီး သွားနေကြတာကို ကျွန်တော့်စိတ်ကူးရုပ်ပုံလွှာထဲမှာ မြင်ယောင်နေမိပါတယ်။

ကျွန်တော် ဒီအဖြစ်အပျက်ကလေးကို ပြန်ပြောရတာက တခြားကြောင့် မဟုတ်ပါဘူး၊ အဲဒီနေ့က ဘတ်စ်ကားပေါ်မှာ အဲဒီလို အိပ်ချင်မူးတူးနဲ့ စိတ်ကူးလာခဲ့ပြီး အိမ်လည်းပြန်ရောက်ရော တိုက်တိုက်ဆိုင်ဆိုင် ခင်ဗျားဆီက ပထမဆုံးစာကို ရတာပါပဲ။

ကျွန်တော်ဟာ ခင်ဗျားဆီက ပထမစာ ရပြီးကတည်းက ခင်ဗျားလာမယ့်ရက်ကို စောင့်ခဲ့ရတာ အမောပါပဲ။ ခင်ဗျားစာအရ ဒီအဖြစ်အပျက်တွေကို အပြည့်အစုံ အသေးစိတ် သိချင်ပါတယ်ဆိုလို့ ခင်ဗျားလာရင် ဘယ်လိုပြောလိုက်မယ်၊ ဘယ်အဖြစ်အပျက်တွေက အရေးကြီးတယ်၊

www.burmeseclassic.com



ဘယ်အချက်အလက်တွေတော့ ကျန်နေလို့ မဖြစ်ဘူးဆိုပြီး စဉ်းစားလိုက်ရတာ ပြင်ဆင်လိုက်ရတာ နေ့တိုင်းလိုလိုပါပဲ။

ကဲ…အဲဒီတော့ ခင်ဗျားသိချင်တဲ့အတိုင်း ခင်ဗျားဆန္ဒအတိုင်း တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ ဖြစ်ခဲ့ ပျက်ခဲ့သမျှနဲ့ နောက်ဆက်တွဲ ဖြစ်ရပ်အားလုံး ကျွန်တော်တတ်နိုင်သလောက် အသေးစိတ် ပြောပြီးပါပြီ၊ အခုလို ပြည့်ပြည့်စုံစုံနဲ့ ရှည်ရှည်လျားလျား ပြောတာကို ဂရုတစိုက်နဲ့ စိတ်ရှည်လက်ရှည် သည်းခံပြီး နားထောင်တဲ့အတွက်လည်း ခင်ဗျားကို ကျေးဇူးတင်လို့ မဆုံးပါဘူး။

တစ်ခုပဲ ကျွန်တော် နောက်ဆုံးတောင်းပန်ချင်တာက ခင်ဗျား ရည်ရွယ်ထားတဲ့အတိုင်း ဒီအဖြစ်အပျက်တွေ ဒီအချက်အလက်တွေ အားလုံးကို တစ်ခုမကျန် ကျွန်တော်တို့ ပြည်သူပြည်သားတွေ သိအောင် တစ်နည်းနည်းနဲ့ ဆောင်ကြဉ်းပေးဖို့ပါပဲ။ ဖြစ်နိုင်ရင် တစ်ခါက တောင်ဗီယက်နမ်ဗဟိုကုန်းမြင့်ဒေသ၊ တောင်ကုန်းအမှတ် ၁၉၂ ပေါ်မှာ မော် ဆိုတဲ့ ဗီယက်နမ်မလေး တစ်ယောက်ဟာ ဒီလို ဒီလို ရင်နာစရာ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရပါတယ်ဆိုတာကို သတင်းစာဆရာတစ်ယောက် စာရေးဆရာတစ်ယောက် အနေနဲ့ တစ်ကမ္ဘာလုံးက သိအောင် တင်ပြပေးစေချင်ပါတယ်။

ကျေးဇူးပါပဲ …။

* * *

## မြန်မာပြန်သူ၏ အမှာ

ခါတိုင်းဆိုလျှင် ကျွန်တော်သည် ကျွန်တော်ရေးသားပြုစုသည့် စာအုပ်များတွင် “အမှာ” ကို၊ စာအုပ်၏ ရှေ့ဆုံးမှ ထည့်သွင်းဖော်ပြလေ့ ရှိပါသည်။ ကျွန်တော်တို့ကဲ့သို့ပင် အခြားအခြားသော စာရေးဆရာများသည်လည်း သူတို့ရေးသားသော စာအုပ်များတွင် “အမှာ” ကို ရှေ့ဆုံးမှ ဖော်ပြကြပါသည်။ ဤသည်မှာ အစဉ်အလာတစ်ခုပင် ဖြစ်ပါသည်။

သို့သော် ယခု “တောင်ကုန်းအမှတ် ၁၉၂” ဟူသော အမည်ဖြင့် ကျွန်တော် မြန်မာပြန်ဆိုခဲ့သည့် ဤစာအုပ်တွင်မူ ကျွန်တော်၏ “အမှာ”ကို အစဉ်အလာဖြင့် ဆန့်ကျင်၍ စာအုပ်၏နောက်ဆုံးတွင်မှ ဖော်ပြလိုက်ပါသည်။ ဤသည်မှာ အကြောင်းရှိပါသည်။

ယေဘုယျအားဖြင့် စာအုပ်တစ်အုပ်တွင် ဖော်ပြပါရှိသည့် “အမှာ” ဆိုသည်မှာ၊ ယင်းစာအုပ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော အချက်အလက်များကို စာဖတ်သူအား ကြိုတင်၍ အသိပေးထားခြင်း (ဝါ) “စကားဦး” သမ်းထားခြင်းပင် ဖြစ်ပါသည်။ အထူးသဖြင့် ယခုကဲ့သို့ နိုင်ငံခြားဘာသာတစ်ခုမှ မြန်မာပြန်ဆိုထားသည့် ဘာသာပြန်စာအုပ်မျိုးတွင် “အမှာ” ရေးသားကြရာ၌ မူရင်းစာအုပ်အမည်၊ မူရင်းစာရေးသူ၏ အမည်နှင့်တကွ ယင်းစာအုပ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သော အချက်အလက်များ၊ ထူးခြားသည်ဟု ယူဆရသော အချက်အလက်များကို စာဖတ်သူများအား ကြိုတင် ပြောပြထားလေ့ ရှိကြသည်မှာ အစဉ်အလာ ဓမ္မတာပင် ဖြစ်ပါသည်။

ဖူးပွင့်ဝေဝေစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် စာဖတ်သူသည် ယင်း "အမှာ" ၏ ဆွဲဆောင်မှုကြောင့် ယင်းစာအုပ်ကို ပိုမိုစိတ်ဝင်စားစွာ ဖတ်ရှုတတ်ကြပါသည်။ တစ်နည်းဆိုရလျှင် စာအုပ်ပါ အကြောင်းအရာများအပေါ် "အမှာ" ၏ ဩဇာသည် မသိမသာ "ညောင်း" ၍ "အမှာ" ၏ အရှိန်အဝါကြောင့် စာအုပ်ပါ အကြောင်းအရာများသည် ပို၍ "အသက်ဝင်" နေတတ်ပါသည်။

ဤသို့ နားလည် သဘောပေါက်ထားသော ကျွန်တော်သည် ဤအဖြစ်မျိုး မဖြစ်စေလိုသဖြင့် ဤ "အမှာ" ကို ခါတိုင်းကဲ့သို့ စာအုပ်၏ရှေ့ဆုံးမှ ထည့်သွင်းဖော်ပြခြင်း မပြုဘဲ နောက်ဆုံးတွင်မှ ဖော်ပြလိုက်ရခြင်း ဖြစ်ပါ သည်။

ပို၍ရှင်းအောင် ဆိုရပါမူ ဤစာအုပ်နှင့်ပတ်သက်၍ မူရင်းစာအုပ်အမည်၊ မူရင်းစာရေးသူအမည်နှင့်တကွ မူရင်းစာအုပ်ပါ အကြောင်းအရာအဖြစ်အပျက်များကိုပါ ကျွန်တော်က တစ်လုံးတစ်ပါဒမျှ "စကားဦး" သန်းမထားဘဲ စာဖတ်သူများအား "အမှာ"၏ ဩဇာနှင့် အရှိန်အဝါမှ လွတ်လွတ်ကင်းကင်း ဖတ်ရှုစေလိုသောဆန္ဒဖြင့် ဤ "အမှာ" ကို ယခုကဲ့သို့ နောက်ဆုံးတွင်မှ ဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ဤစာအုပ်ကို အစမှအဆုံး ဖတ်ရှုပြီးခဲ့ပြီ ဖြစ်သော စာဖတ်သူအား ဤစာအုပ်နှင့် စပ်လျဉ်း၍ သိသင့် သိထိုက်သော အချက်အလက်များကို နိဂုံးချုပ်အားဖြင့် ဤ "အမှာ" တွင် ဖော်ပြလိုက်ပါသည်။

ရှေးဦးစွာ ဖော်ပြရန်ရှိသည်မှာ ဤစာအုပ်၏ မူရင်းအမည်နှင့် မူရင်းစာရေးသူ၏ အမည်များပင် ဖြစ်ပါသည်။

ဤစာအုပ်၏ မူရင်းအမည်မှာ (Incident On Hill 192)ဖြစ်၍ မူရင်းစာရေးသူ၏ အမည်မှာ Daniel Langဆိုသူ ဖြစ်ပါသည်။ ဤစာအုပ်ကို ၁၉၇၀ ပြည့်နှစ်က ဗြိတိန်နိုင်ငံ Pan Books စာအုပ်တိုက်မှ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ရာ ယင်းသို့ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ အမေရိကန်ပြည်ထောင်စုတွင် ၁၉၆၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့





ထုတ် The New Yorker မဂ္ဂဇင်း၌ ယင်းစာမူကိုပင် Casualties of War ဟူသော ခေါင်းစဉ်ဖြင့် ရှေးဦးစွာ ပုံနှိပ် ဖော်ပြခဲ့ဖူးပါသည်။

မဂ္ဂဇင်းစာမူအဖြစ် ထည့်သွင်းဖော်ပြခဲ့စဉ်က လည်းကောင်း၊ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေစဉ်က လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့တွင် အပြင်းအထန် ဂယက်ရိုက်၍ စာဖတ်သူများအကြားတွင် အထူးပင် လှုပ်ရှားခဲ့သည်ဟု သိရပါသည်။

တစ်ခု သတိပြုရန်လိုသည်မှာ ဤစာအုပ်ပါ အကြောင်းအရာ အဖြစ်အပျက်အားလုံးသည် စိတ်ကူးယဉ်ဖြစ်ရပ်များ မဟုတ်ဘဲ၊ တောင်ဗီယက်နမ် ဗဟိုကုန်းမြင့်ဒေသရှိ တောင်ကုန်းအမှတ် ၁၉၂ ပေါ်တွင် တကယ်ဖြစ်ပွားခဲ့သည့် တကယ့်ဖြစ်ရပ်များပင် ဖြစ်ပါသည်။ သို့သော် မူရင်းစာရေးသူ၏ ဝန်ခံချက်အရ ဤဖြစ်ရပ်တွင် ပါဝင်သည့် အမေရိကန်စစ်သားငါးယောက်၏ အမည်များမှာမူ အကြောင်းအမျိုးမျိုးကြောင့် အမည်ရင်းများမဟုတ်ဘဲ လွှဲပြောင်း ဖော်ပြထားသည်ဟု သိရပါသည်။

မူရင်းစာရေးသူက ဤအချက်ကို ဝန်ခံထားသည့်နည်းတူ ဤစာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုသူအနေဖြင့် ဝန်ခံရမည့် အချက်တစ်ချက် ရှိနေပါသည်။ ဤသည်မှာ အခြားမဟုတ်ပါ၊ ဤစာအုပ်ကို ပြန်ဆိုရာ၌ တိုက်ရိုက်ပြန်ဆိုထားခြင်း မဟုတ်ဘဲ မြန်မာစာဖတ်ပရိသတ်အတွက် ဆီလျော်အောင် ပြန်ဆိုထားခြင်းပင် ဖြစ်ပါသည်။

"ဆီလျော်အောင် ဘာသာပြန်သည်" ဆိုရာ၌ တိုက်ရိုက်ဘာသာပြန်ခြင်း၊ လုံးစေ့ပတ်စေ့ ဘာသာပြန်ခြင်းမျိုး မဟုတ်သည်ကိုသာ ဆိုလိုပါသည်။ မူရင်းစာအုပ်ပါ အဖြစ်အပျက်များ အချက်အလက်များနှင့် အဖွဲ့အနွဲ့များကို အတတ်နိုင်ဆုံး အားလုံး ပါနိုင်သမျှ ပါအောင် ကြိုးစား၍ ပြန်ဆိုထားပါသည်။

အထူးသဖြင့် "ဆီလျော်အောင်" ဘာသာပြန်သည်ဟူ၍ သုံးနှုန်းလိုက်ရခြင်းမှာ ပဓာနအားဖြင့် မူရင်းစာအုပ်နှင့် ယခု ဘာသာပြန်စာအုပ်၏



www.burmeseclassic.com

www.burmeseclassic.com



"ရေးဟန်" ခြင်း လုံးဝမတူသောကြောင့်ပင် ဖြစ်ပါသည်။ မူရင်းစာအုပ်၏ ဗီယက်နမ်မလေး မော်အား မုဒိမ်းကျင့်၍ သတ်ပစ်ခဲ့ကြသည့် အမှုကို ဖော်ထုတ်ဖွင့်ချပြီး ခုံရုံးသို့ တိုင်တန်းခဲ့သည့် အမေရိကန်စစ်သား အဲရစ်ဆင်ဆိုသူအား စာရေးဆရာ ဒင်နီယယ်လန်းက သွားရောက် တွေ့ဆုံ မေးမြန်းကာ သူသိခဲ့ရသမျှ စာဖတ်သူများအား တစ်ဆင့် ပြန်လည် ဖောက်သည်ချသည့် ပုံစံမျိုးဖြင့် ရေးသားထားပါသည်။ ယခု ဤဘာသာပြန်စာအုပ်တွင်မူ စာဖတ်သူများ ဖတ်ရှုခဲ့ကြပြီး ဖြစ်သည့်အတိုင်း၊ မူလ ကာယကံရှင် ဇာတ်ဆောင်ဖြစ်သူ အဲရစ်ဆင်ကိုယ်တိုင်က စာရေးဆရာ ဒင်နီယယ်လန်းအား ပြန်ပြောပြနေသည့် ဟန်မျိုးဖြင့် ရေးသားထားပါသည်။

ယင်းသို့ မူရင်းစာအုပ်နှင့် လုံးဝမတူဘဲ ရေးဟန်ပုံစံပြောင်း၍ ပြန်ဆိုလိုက်ရခြင်းမှာ ဤစာအုပ်ပါ အဖြစ်အပျက် အကြောင်းအရာများကို စာရေးသူက စာဖတ်သူအား တစ်ဆင့် ပြန်၍ ဖောက်သည်ချသည့် ရေးဟန်မျိုးထက်၊ ကာယကံရှင်က စာရေးဆရာအား (တစ်ချိန်တည်းတွင် စာဖတ်သူအား) တိုက်ရိုက် ပြောပြသည့် ပုံစံမျိုးက ပို၍ "အသက်ပါ" မည်ဟု ယူဆမိသောကြောင့်ပင် ဖြစ်ပါသည်။

အကယ်၍ ကျွန်တော်ယူဆသည့်အတိုင်း မဖြစ်လာဘဲ၊ စာဖတ်သူအဖို့ ယခု ဤစာအုပ်ကို ဖတ်ရှုရာ၌ "အသက်"မပါ၊ ရသမမြောက်ဘဲ ရှိခဲ့ပါက ကျွန်တော်၏ အရေးအသား ညံ့ဖျင်းမှုကြောင့်ဟူ၍ မှတ်ယူစေပါသည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် ဖော်ပြလိုသော အချက်တစ်ချက်မှာ ဤစာအုပ်ကို မူရင်းရေးဟန်မျိုးအတိုင်း မဟုတ်ဘဲ၊ ကာယကံရှင် ကိုယ်တိုင်က တိုက်ရိုက်ပြောပြနေသည့် ပုံစံမျိုးဖြင့် ပြန်ဆိုရေးသားလိုက်ခြင်းကြောင့်၊ အစမှအဆုံး တစ်အုပ်လုံး "စကားပြောရေးဟန်" မျိုး ဖြစ်နေပါသည်။ ယခုကဲ့သို့ မြန်မာစာ အရေးအသားတွင် "စကားပြောရေးဟန်"နှင့် စပ်လျဉ်း၍ အယူအဆ ဝိဝါဒကွဲပြားနေချိန်၌၊ ကျွန်တော်က ဤစာအုပ်





ကို အစအဆုံး စကားပြောဟန်ဖြင့် ရေးသားခဲ့ခြင်းကြောင့် စာဖတ်သူများနှင့် ရေးဖော်ရေးဖက်များအတွင်း ဤကိစ္စကို ရေးကြီးခွင်ကျယ်လုပ်၍ သို့လော သို့လော တွေးတော မနေကြပါရန် မေတ္တာရပ်ခံလိုပါသည်။

ကျွန်တော်သည် မြန်မာစာ အရေးအသား၌ "စကားပြောရေးဟန်" သည် သူ့နေရာနှင့်သူ၊ အံဝင်ခွင်ကျ အသုံးပြုပါက "အလွန်ထိရောက်သော ရေးဟန် ရေးနည်းတစ်ခု" ဖြစ်သည်ကို လက်ခံသဘောပေါက်သော်လည်း၊ မြန်မာစာ အရေးအသား၌ ဤ"စကားပြောရေးဟန်" တစ်ခုတည်းဖြင့်သာ လျှင် ရေးကြရမည်ဟူသော အယူအဆကိုမူ လုံးဝ လက်မခံသူတစ်ဦး ဖြစ်ကြောင်း အခွင့်သင့်၍ ပွင့်လင်းစွာ ဖော်ပြလိုပါသည်။

ဤအမှာတွင် အခြားဖော်ပြလိုသော အချက်မှာ ဤစာအုပ်ကို ဘာသာပြန်ဆိုရခြင်း၏ ရည်ရွယ်ချက်ပင် ဖြစ်ပါသည်။ အမှန်စင်စစ် ဤစာအုပ်သည် တောင်ဗီယက်နမ်တွင် အမေရိကန်စစ်တပ်များ၏ လူမဆန်သော ရက်စက်မှုများကို တစ်စိတ်တစ်ဒေသ မီးမောင်းထိုးပြလိုက်သော စာအုပ်တစ်အုပ်ပင် ဖြစ်ပါသည်။ တောင်ဗီယက်နမ် ပြည်သူများအပေါ် အမေရိကန်တပ်များက ထင်သလို နှိပ်စက် စော်ကားနေကြပုံများကို နိုင်ငံရေးသဘော လုံးဝမပါဘဲ တကယ့်အဖြစ်မှန်အတိုင်း ရိုးရိုးကလေး တင်ပြထားပါသည်။ အထူးသဖြင့် ဤဖြစ်ရပ်မှန်များကို ပကတိ အရှိအတိုင်း ပွင့်ပွင့်လင်းလင်း တင်ပြသူမှာ ဗီယက်နမ် အမျိုးသားတစ်ယောက် မဟုတ်ဘဲ အမေရိကန်စစ်သား အမေရိကန်အမျိုးသားတစ်ဦး ဖြစ်နေခြင်းကြောင့် ပို၍ပင် တန်ဖိုးရှိသည်ဟု ဆိုရပါမည်။

သို့ဖြစ်ရာ အမေရိကန် အမျိုးသားတစ်ယောက်ကိုယ်တိုင်က မိမိက အမေရိကန်စစ်တပ်များ၏ လူမဆန်သော ရက်စက်မှုများကို ရိုးသားပွင့်လင်းစွာ ဖော်ထုတ်တင်ပြခဲ့ရာ၌ ကျွန်တော်တို့ မြန်မာပြည်သူများအနေဖြင့်လည်း သိသင့်သိထိုက်သည်ဟု ယူဆ၍ ဤစာအုပ်ကို ယခုကဲ့သို့ ပြန်ဆိုရေးသားလိုက်ရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စင်စစ်အားဖြင့် တောင်ဗီယက်နမ်စစ်ပွဲကို အကြောင်းပြု၍ အမေရိကန်များ ကမ္ဘာ့အလယ်တွင် ရှက်ဖွယ်ဖြစ်နေသည်မှာ လူတိုင်းအသိပင် ဖြစ်ပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ကိုယ်တိုင်က "လူ့သမိုင်းတွင် အရိုင်းစိုင်းဆုံး အရက်စက်ဆုံးစစ်ပွဲ" ဟူ၍ မိန့်ကြားခဲ့ရသော ဤဗီယက်နမ်စစ်ကို အကြောင်းပြု၍၊ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်လျက် ရှိပါသည်။

သို့သော် ကျွန်တော်တို့သည် အမေရိကန်လူမျိုးမှန်သမျှကို လူမျိုးနှင့်ချီ၍ ဆန့်ကျင်မုန်းတီးရန် မလိုပါ။ မုန်းတီးရန်လည်း မသင့်ပါ။ စင်စစ် အမေရိကန်များသည် လူမျိုးတစ်မျိုးအနေဖြင့် ချစ်ခင်လေးစားစရာ ကောင်းသည်ဟု ဆိုရပါမည်။ အထူးသဖြင့် အမေရိကန်လူမျိုးများ၏ ပွင့်လင်းမှုကို အထူး လေးစားသင့်ပါသည်။ ဗီယက်နမ်စစ်ပွဲကို သဲကြီးမဲကြီး တိုက်နေသော အမေရိကန်အစိုးရ၏ လုပ်ရပ်များကို အမေရိကန်လူမျိုးများ ကိုယ်တိုင်က အင်တိုက်အားတိုက် ကန့်ကွက်ရှုတ်ချ ဆန္ဒပြနေကြသည်မှာ အလွန်ပင် ချီးကျူးလေးစားစရာ ကောင်းလှပါသည်။

ယင်းသို့ ဗီယက်နမ်စစ်ကို ဆန့်ကျင်နေကြသည့် အမေရိကန်ပြည်သူများအား ဂုဏ်ပြုသောအားဖြင့် ဤစာအုပ်ကို ယခုကဲ့သို့ မြန်မာပြန်ဆိုလိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ဘာသာပြန်ဆိုရာ၌ မူရင်းစာအုပ်ကို ရှာဖွေပေးခဲ့သည့်ပြင်၊ ဘာသာပြန်ဆိုရန် တိုက်တွန်းအားပေးခဲ့သည့် ဦးသာဘန်း (ကြေးမုံ အယ်ဒီတာ) အား လည်းကောင်း၊ ဘာသာပြန်ရာ၌ ယခုကဲ့သို့ "စကားပြောရေးဟန်" ဖြင့် ရေးသားရန် အကြံပေးခဲ့သည့် ဆရာရန်အောင်အား လည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

လင်းယုန်မောင်မောင်





## စာဖတ်သူများ၏အမြင်

### ဝေသာလီကို ဘီလူးတွေမွှေသလို

'တောင်ကုန်းအမှတ်– ၁၉၂'သည်ကား လူ့စိတ်ကလေး ရှိနေသေး သူတစ်ယောက်ကြောင့် တရားရုံးရောက်ကာ လူသိ ရှင်သိ ကမ္ဘာသိဖြစ်ခဲ့သော ကိစ္စကြီး တစ်ရပ် ဖြစ်၏။

လူသိသည်ဆိုသော်လည်း မသိသေးသော ကျန်ရှိနေသေးသည်တို့ကို သတင်းစာဆရာ ဒယ်နီယယ်လန်းဆိုသူက ကာယကံရှင်အား ကိုယ်တိုင် တွေ့ဆုံ မေးမြန်း၍ အသေးစိတ် တင်ပြသော မှတ်တမ်းဖြစ်၍၊ ဒါမျိုးဆို လျှင် 'အသယ်' ကောင်းလှေရှိသော လင်းယုန်မောင်မောင်က ပြန်ဆို ပြုစုပို့ဆောင်ပေးခြင်း ဖြစ်သည်။

အမေရိကန်စစ်သားငါးယောက်သည် 'တောင်ကုန်းအမှတ်– ၁၉၂' သို့ တာဝန်ဖြင့် သွားကြရသည်။ လမ်းတွင် ရွာကလေးတစ်ရွာမှ အချောဆုံး အမျိုးသမီးလေး 'မော်'ကို ဝေသာလီကို ဘီလူးတွေ မွှေသလို မွှေ၍ ဆွဲ၏။ ထို့နောက် ထိုအမျိုးသမီးကလေးအပေါ်တွင် ရက်စက်ကြပုံများမှာ လူတွေ မဟုတ်ဟု ထင်ရလောက်အောင် အနုစိပ် ဖော်ပြထားသည်။

တကယ့်အဖြစ်သည် စိတ်ကူးထက် ဆန်းကြယ်ထွေပြားသည်ဟူသော စကားကို သာဓကပြသော အကြောင်းရပ် တစ်ခုဖြစ်၏။ စာဖတ်သူ ကိုယ်ချင်းစာစိတ်ကလေး အနည်းငယ်သာ ရှိပါစေ၊ ရင်နာမှု၊ မကျေ ချမ်းမှုစသော ရသမျိုးစုံတို့ကို ပေါ်ပေါက်လာစေသည့် မှတ်တမ်း ဖြစ်၏။

စာကြေးမုံ ကြီးမောင်



www.burmeseclassic.com

www.burmeseclassic.com



**အမှန်တရား ဖော်ထုတ်ရေးဝတ္ထု**

... အမေရိကန်ပြည် 'နယူးယောက်ကား' သတင်းစာမှ သတင်းထောက် 'ဒယ်နီယယ်လန်း' ၏ စာအုပ်ကို မြန်မာဘာသာဖြင့် ဆီလျော်အောင် ပြန်ဆိုထားသော ကျူးကျော်စစ် ဆန့်ကျင်ရေးဝတ္ထုဖြစ်သည်။

စာအုပ်ပါ အကြောင်းအရာများသည် စိတ်ကူးယဉ် ဖြစ်ရပ်များ မဟုတ်ဘဲ၊ တောင်ဗီယက်နမ် ဗဟိုကုန်းမြင့် ဒေသရှိ '**တောင်ကုန်းအမှတ်– ၁၉၂**' ပေါ်တွင် တကယ်ဖြစ်ပျက်ခဲ့သည့် တကယ့်ဖြစ်ရပ်များဖြစ်၍ အထူး လေးနက်မှု ရှိသည်။ စိတ်ဝင်စားဖွယ်၊ စက်ဆုပ် ရွံရှာဖွယ်၊ ဒေါသဖြစ်ဖွယ်၊ သနားဖွယ်၊ မချင့်မရဲဖြစ်ဖွယ် 'ရသမျိုးစုံ' ပေးနိုင်စွမ်း ရှိပေသည်။

ဤဝတ္ထုတွင် ဗီယက်နမ်၌ ကျူးကျော်နေသော နိုင်ငံခြားစစ်တပ်များ၏ ကြမ်းကြုတ်မှုများနှင့် ဗီယက်နမ်ပြည်သူတို့၏ စစ်၏သားကောင်ဘဝကို တွေ့ကြရမည် ဖြစ်သည်သာမက ...

'**တောင်ကုန်းအမှတ် –၁၉၂**' ဝတ္ထုသည် စစ်ဆန့်ကျင်ရေး ဝတ္ထုတစ်ပုဒ် ပီသလှပေသည်။ မူရင်း ရသ မပျက်စေဘဲ ဆီလျော်အောင် ပြန်ဆိုရေးသားသော လင်းယုန်မောင်မောင်၏ တင်ဆက်ပုံ ကောင်းသောကြောင့် ပို၍ သွက်လက်လာသည်ဟု ဆိုနိုင်ပေသည် ...။

မြန်မာ့အလင်း ဟာရီတာ





**လောကငရဲကျရောက်ခဲ့သူကလေး**

... **တောင်ကုန်းအမှတ်– ၁၉၂**သည် ဗီယက်နမ်စစ်၏ သားကောင်အဖြစ် တစ်ဦးချင်း လောကငရဲ ကျရောက်ခဲ့ရသူ ဗီယက်နမ်အမျိုးသမီး ကလေးတစ်ဦး၏ အဖြစ်ဆိုးကို ဖွင့်ဟထားသည့်စာအုပ် ဖြစ်သည်။

လောကငရဲသို့ ဆင်းသွားခဲ့ရသူကလေး၏ တစ်ဦးချင်း အဖြစ်ဆိုးမျှသာ ဖြစ်သော်လည်း 'မိုင်လေ' လူသတ်ပွဲကြီး၌ အစုလိုက် အပြုံလိုက် သေပွဲဝင်ခဲ့ရသူများ၏ အဖြစ်ဆိုးကဲ့သို့ပင်၊ ကမ္ဘာပြည်သူတို့အား တုန်လှုပ် ချောက်ချားစေနိုင်သည့် တကယ့်ဇာတ်လမ်းပင် ဖြစ်သည်။

အမေရိကန်စစ်သားငါးယောက် တိုက်ကင်းထွက်စဉ် ဗီယက်နမ် အမျိုးသမီးကလေးတစ်ဦးကို 'ကာမချော' ဆွဲသွားပြီး၊ လူ စိတ်ကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြပုံ တကယ်ဖြစ်ရပ်ကို ကြေကွဲဖွယ်၊ ဒေါသဖြစ်ဖွယ် ရေးသားထားသည်။

ဘာသာပြန်သူက စာအုပ်တစ်အုပ်လုံးကို စကားပြောဟန်ဖြင့် ရေးသားထားရာ၊ ကြေကွဲဖွယ်ဇာတ်လမ်းကို ကိုယ်တွေ့ တွေ့ခဲ့ရသူက အနားမှ ထိုင်ပြောနေသလို ခံစားရသည် ...။

ဟံသာဝတီ စာအုပ်မှတ်စု



www.burmeseclassic.com

www.burmeseclassic.com



**စာဖတ်သူ တစ်ဦးထံမှ**

မင်္ဂလာပါ ဆရာ ...

ဆရာရဲ့ 'တောင်ကုန်းအမှတ်–၁၉၂'ကို ဖတ်ပြီး ပါပြီ။

'တောင်ကုန်းအမှတ်– ၁၉၂'ကို ဝေဖန်ရမယ်ဆိုရင် 'မော်'ရဲ့ ဘဝကို ကိုယ်ချင်းစာမိပါတယ်။ သူ့အသတ်ခံရတဲ့ အခန်းရောက်တော့ ကျွန်မ မျက်ရည်ကျမိပါတယ်။ ကျွန်မ စာဖတ်တဲ့ သက်တမ်းတစ်လျှောက်မှာ စာဖတ်ရင်း မငိုခဲ့ဘူး သလောက်ပါပဲ။ စိတ်မကောင်းဖြစ်တာလောက်ပဲ ရှိတယ်။ အခုဆိုရင် ကျွန်မ စာဖတ်ရင်း ငိုမိခဲ့တဲ့ စာအုပ်နှစ်အုပ် ရှိပါတယ်။ 'တောင်ကုန်အမှတ် ၁၉၂'နဲ့ နောက်တစ်အုပ်က 'ဓိုယာနဲ့ ရှုရာ'ပါပဲ။

ဒါတောင် ဗီယက်နမ် စစ်မြေပြင် တစ်နေရာက အမှုလေး တစ်ခုတည်းပဲ ရှိသေးတယ်။ ဒီထက် ဆိုးဝါး တာတွေ အတိုင်းအဆမရှိ ရှိဦးမှာပဲဆိုတာ တွေးမိပါတယ်။ ဒီလို ယုတ်မာ ပက်စက်တဲ့ အမှုအခင်းကို ကလေးကစား သလို လုပ်ပစ်လိုက်တာဟာ အင်မတန်မှ အသည်းနာစရာ ကောင်းလှပါတယ်။ အမှန်ကို အမှန်အတိုင်း တင်ပြရဲတဲ့ အဲရစ်ဆင်လို သတ္တိမျိုးကိုလည်း သိပ်ပြီး ချီးကျူးထိုက် ပါတယ်။

ဒီဝတ္ထုမှာ ဒီလို ရေးဟန်မျိုးဟာ ပိုပြီး ထိရောက် ပါတယ်။ အသက်လည်း ဝင်ပါတယ်၊ ဆရာကိုယ်တိုင် အဲရစ်ဆင် ဖြစ်သွားတာပါပဲ။

မခင်စိုးစိုး

အထက– မြေပုံမြို့။

ဖူးပွင့်ဝေဝေစာအုပ်တိုက်



**စာဖတ်သူ တစ်ဦးထံမှ**

ဆရာခင်ဗျား

ဆရာရေးလိုက်တဲ့'တောင်ကုန်အမှတ် ၁၉၂'ဟာ အရေးအသား ကောင်းသလောက် ရည်ရွယ်ချက် လေးနက်တဲ့ ဝတ္ထုတစ်ပုဒ်လို့ ခံယူမိပါ တယ်။

အထူးသဖြင့် ဒီနေ့ တောင်ဗီယက်နမ်မှာ စစ်ရေး အရ ကျူးကျော် စော်ကားနေကြတဲ့ အမေရိကန် နယ်ချဲ့ သမားရဲ့ ဇာတိကို ကွင်းကွင်းကွက်ကွက် ဖော်ပြထားတာ တွေ့ရပါတယ်။ နယ်ချဲ့ ကျူးကျော်ရေးသမားတွေရဲ့ ယုတ်မာရက်စက်မှုအောက်မှာ ဗီယက်နမ်ပြည်သူတွေ ခံစား နေကြရတဲ့ ဆင်းရဲဒုက္ခ အဖုံဖုံကို ကိုယ်တိုင် တွေ့ကြုံ ခံစား ရသလို ဆရာ့ဝတ္ထုက ရသမြောက်လှပါတယ်။

ကျွန်တော်အနေနဲ့ ပြောရရင် ဆရာဟာ ဒီ 'တောင် ကုန်းအမှတ် ၁၉၂' လို့ ရေးလိုက်တဲ့အတွက် ဆရာရဲ့ စာပေတာဝန်ဟာ ကြေပွန်ပြီလို့ပဲ ဆိုချင်ပါတယ်။

မောင်ကံချွန် (ကာတွန်း)

www.burmeseclassic.com